www.burmeseclassic.com

အောင်မြင်
စာပေ

BURMESE CLASSIC .com



လုံးချင်းဝတ္ထုသစ်

# ပါးလ်ခင်ခင်

အချစ်ပြင်း တည်ဆောက်ချင်သော

မြပုလဲခင်
ကလောင်ခွဲ

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန် အရေးသုံးပါး**

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး။
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး။

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**


- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

**လူမှုရေးဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



# ပါးလ်ခင်ခင်

လူ့ခန္ဓာကိုယ်မှာ
လောင်ကျွမ်းမှုဒီဂရီ အမြင့်ဆုံးမီးက
လူသားတွေ မမြင်နိုင်တဲ့
အချစ်မီးပဲ ဖြစ်လိမ့်မည် ထင်ပါသည်။
ပါးလ်ခင်ခင်

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**
စာမူခွင့်ပြုချက်အမှတ်
၅၀၀၆၈၇၀၇၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၉၆၆၀၉၁၀

**ဖြန့်ချိရေး**
အောင်မြင်စာပေ၊ အမှတ်(၁)၊
အောင်ဘာလေးလမ်း၊
ကျောက်မြောင်း။

**ထုတ်ဝေသူ**
ဦးအောင်မြင့်၊ အမှတ်(၇)၊
သီတာလမ်း၊ ကျောက်မြောင်း။

**အတွင်းနှင့်**
**မျက်နှာဖုံးပုံနှိပ်**
ဦးအောင်မြင့်၊
အောင်မြင်ပုံနှိပ်တိုက်၊
သုဝဏ္ဏ၊ ရန်ကုန်မြို့။

ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်၊
ဇန်နဝါရီလ၊ အုပ်ရေ(၅၀၀)
တန်ဖိုး(၁၆၀၀)ကျပ်



၈၉၅.၈၃
ပါးလ်ခင်ခင်
အချစ်ဖြင့်တည်ဆောက်ချင်သော/ပါးလ်ခင်ခင်။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၀။
၂၆၀ - စာ၊ ၁၂.၅ × ၁၈.၂ စင်တီ။
(၁) ပါးလ်ခင်ခင်





## အပိုင်းခွဲ(၁)

BURMESE CLASSIC .com

ရိုးရာသစ် . . .။

နာမည်နဲ့ လိုက်အောင် သူမရဲ့အလှက ရိုးရာဆန်ပြီး ဘဝကတော့ နာမည်နဲ့လိုက်ဖက်အောင် နူးညံ့ပျော့ပျောင်းခြင်း အလျဉ်းမရှိ။

လှပသည်၊ သွက်လက်ဖျတ်လတ်သည်။ ရဲရင့်သည်၊ လက်ယဉ်သည်။ သူမှန်လျှင် ရပ်ကွက်ထဲကလူ ဘယ်သူ့ကိုမှ ဂရုမစိုက်၊ ရပ်ကွက်လူကြီးကိုတောင် သွားကြားထိုးတဲ့လို သဘောထားသည်။

လူချစ်လူခင် ပေါ်များသလို ထက်ဝက်နီးပါးက လူမုန်းခံရ



www.burmeseclassic.com

www.burmeseclassic.com

၏၊

ကဲ. . . ဘယ်မှာလဲ။ သူမအလှနဲ့ လိုက်ဖက်တဲ့ သိမ်မွေ့မှုတွေ၊ ညွတ်နူးသာယာဖွယ်ကောင်းသော ဘဝရဲ့အလှတရားနဲ့ ကဗျာတွေ။

ဒါတွေ သူမဆီမှာ မရှိ၊ သူ မသိ၊ အရုပ်ထဲက ကာလသားတွေ သူ့ကို မကြိုက်ဖူးသူ မရှိ၊ သို့သော် သူ့ချစ်သူတော့ တစ်ယောက်မှ မဖြစ်ဖူးကြချေ။

သူ့ရဲ့လက်သံကိုမြည်းစမ်းဖူးသူတွေကတော့ ရပ်ကွက်ထဲက ကာလသားတွေထဲ လက်ညှိုးထိုးမလွဲ၊ ဒါ့အပြင် တခြားရပ်ကွက်မှ ကာလသားတွေပင် အဆစ်ပါသေး။

သူမမှာ ညီအစ်ကို မောင်နှမ မရှိ။

ဦးရှိန်းနဲ့ ဒေါ်ယိမ်းရဲ့ တစ်ဦးတည်းသောသမီး စွာတေးလန်ရိုးရာသစ်ဆိုလျှင် ရပ်ကွက်ထဲ မသိသူ မရှိ၊ သူမရဲ့အဖေဖြစ်သူ ဦးရှိန်းဆိုတာကလည်း ဂုဏ်ပုဒ်က မသေး၊ အရက်(ရှကီ)ကို အရမ်း Crazy ဖြစ်လွန်း၍ အနီးအနားမှ အရက်ဆိုင်တွေနှင့် ဆွေမျိုးတွေလိုပင် ရင်းနှီးနေပြီ။

ဦးရှိန်းဆိုတာက သူတို့ဆိုင်ရဲ့ပင်တိုင် Customer လေ၊ သူမူးလာပြီဆို အရက်ဆိုင်ကနေ အိမ်အရောက် မည်သူ့ကိုမျှ မော်တောင်မကြည့်။ ငိုက်စိုက်ငိုက်စိုက်နဲ့ မြေကြီးထဲ ရတနာ ရှာပုံတော်ဖွင့်သလိုပင်။ အဲ. . . အိမ်များ ရောက်ပြီလားဟေ့ ဆိုရင်တော့ ဦးရှိန်းတို့ အရက်သမား ကိုလူအေးဆိုတဲ့ ဝတ်ရုံကို တစ်လွှာချင်း ခွာတော့တာပဲ၊ အဲ. . . အရင်ညတွေနဲ့ တစ်ထပ်တည်းနီးပါး တူတဲ့ ယနေ့ညမှာလည်းပဲ။

အင်း. . . ကြယ်တွေ စုံကာစ ညရဲ့လေရူးနဲ့အတူ ခပ်ယိုင်





ယိုင် အသံတစ်ခုက အချိန်မှန် နာရီသံကြီးလို မမောတမ်း ထွက်ပေါ်လို့ လာပြန်ပါ၏။ ကဲ. . . နားသောတ ဆင်မယ်ဆိုရင် နားထောင်ကြရအောင်၊ ဦးရှိန်းရဲ့ သံစုံကြူးတဲ့ ညလေးတစ်ညပေါ့။

ဃ ဃ ဃ ဃ

"မယ်ယိမ်း. . . ငါ့ကို လာတွဲစမ်း၊ ငါ့ခြေထောက်တွေ မြေကြီးတွေ နင်းလာရလို့ သွေးခြည်တွေ ဥကုန်ပြီ၊ အမ်. . . ဟေ့. . . မယ်ယိမ်း. . . အေ့၊ ငါပြောတာ မကြားဘူးလား၊ ငါ ဘူးလာတယ်၊ အဲလေ. . . မဟုတ်ပါဘူး၊ ငါ မူးလာတာအေ့. . ."

အသံနှင့်အတူ ခန္ဓာကိုယ်တစ်ခုလုံး ယိမ်းထိုးလာမယ်ဆိုတာ ကြိုပြီးသိနေသူတွေကတော့ ရိုးရာသစ်တို့ သားအမိရယ်လေ။

အဖေရဲ့ ယိုင်နဲ့နဲ့ အိပြဲပြဲ အသံကို ကြားလိုက်တာနဲ့ ထမင်းလုပ်ကို ပါးစပ်ထဲ ထည့်အံ့ဆဲဆဲ ဖြစ်နေသော ရိုးရာသစ်ရဲ့လက်ချောင်းလေးတွေ လေထဲမှာ တိုးလိုးတန်းလန်း။

ခက်တော့ ခက်ရချေသေးရဲ့။


www.burmeseclassic.com

www.burmeseclassic.com

“ကျွတ်. . . သွားပါပြီ၊ ထမင်းတော့ ပြီးဆုံးအောင် မစားရတော့ပါဘူး အမေရာ၊ အဖေတော့ စောစောစီးစီး မူးလာပြန်ပြီ”

အမေက ဆေးပြင်းလိပ်ကြီးကို အားရပါးရ ဖွာရှိုက်လိုက်ပြီး ရှိုးရာကို အပြစ်ဖို့စကား ပြော၏။

“အဲဒါကြောင့် ပြောတာပေါ့၊ ထမင်းကို မမှောင်ခင် စောစောစီးစီး မစားဘဲ လယ်ယာပြန်စားရေး လုပ်နေတာကိုး၊ ခုတော့ ကိုယ့်ထိုက်နဲ့ ကိုယ့်ကံ ခံပဲ”

အမေ့ရဲ့ကရုဏာဒေါသော အပြစ်ဖို့စကားကို ဆင်ခြေထပ်မပေးတော့ဘဲ စားလက်စ ထမင်းပန်းကန်ကို ကိုင်ပြီး နောက်ဖေး ရေကပြင်ဘက် ထွက်လာလိုက်သည်။

ပန်းကန်ထဲမှာ ကျန်သော နှစ်လုတ်သုံးလုတ်စာ ထမင်းကို ရေကပြင်ပေါ်မှာ ဆောင့်ကြောင့်ကလေး ထိုင်ပြီး ပါးစပ်ထဲကို အလျင်အမြန် သွတ်သွင်းလိုက်ရသည်။

အွတ်. . . အမလေး၊ နင်တော့မှာပဲ၊ အဖြစ်ရယ် မနေ့ရဲ့ မနေ့တွေကလိုပါပဲလား၊ အင်း. . . ဆိုးလိုက်တဲ့ ငါ့အဖြစ်၊ ထမင်းတောင် ဇိမ်လေးနဲ့ မစားရတော့ဘူး။

“ဟော့. . . မယ်ယိမ်း ငါခေါ်နေတယ်နော်၊ ငါ့ဒေါသတွေ ဘယ်လောက် လက်တံရှည်တယ်ဆိုတာ ငါ့မိန်းမ နင်သာ အသိဆုံး နော်. . . အေ့”

အဖေ့အသံက ခြံဝကနေ အိမ်ပေါက်ဝအထိသာ ရောက်လာတယ်၊ အမေကတော့ ထိုင်ရာမှ ကြမ်းပြင်နဲ့တင်ပါး တစ်လက်မတောင် မခွာ၊ မခွာဘူးဆို မခွာဘူးပဲ။

ရှိုးရာတို့ကလည်း နပ်ပြီးသား၊ ထမင်းပန်းကန်ကို အမြန်ဆုံးဆေး၊ ပန်းကန်စင်မှာ အမြန်မှောက်ပြီးတာနဲ့ အဖေ့ကို သွားတွဲဖို့





နေနေသာသာ နောက်ဖေးပေါက်ကနေ လစ်ပြီလို့သာမှတ်၊ အဲဒီလောက်ထိ အဖေ့ကို ချစ်တာ၊ မလစ်ဘဲ ခံနိုင်ရိုးလား၊ အဖေက မမူးရင်သာ ပါးစပ်ထဲ ဘာထည့်ထည့် လုံးဝမကိုက်တာ၊ အဲ. . . မူးပြီဆိုရင်တော့ အိမ်မှာ ရှိတဲ့ ကြောင်မလေး ချိုဝမ်နဲ့ ကြောင်ထီး ငတိုးတို့ လင်မယားတောင် အဖေနဲ့ လွတ်တဲ့ နားအေးပါးအေး ရှိတဲ့နေရာမှာ ညားနေလောက်ပြီ၊ အဖေက အဲ့ဒီလောက်ထိ အော့ကြောလန်၊ အိမ်နီးနားချင်းတွေဆို အဖေ့ရဲ့ ဝေဖန်ခံရလို့ ဘတ်လပိုင်ကို လိုက်လို့၊ မယုံမရှိနဲ့ တကယ်ပြောတာနော်။

“အေ့. . . မယ်ယိမ်း ငါခေါ်နေတယ်လေ၊ ငါ့ကို လာတွဲစမ်းလို့”

ပါးစပ်ကသာ တတွတ်တွတ် ပြောနေတာ၊ အဖေ့ရဲ့ ခြေလှမ်းတွေက အိမ်ပေါ်ကို ရောက်လို့ ကုလားထိုင်မှာ ဝင်ထိုင်ပြီး ဝေဖန်ရေး အစီအစဉ်ကို စဖို့ Intro ဝင်နေပြီ။

အမေကတော့ အိမ်တွင်းခန်းထဲမှာ ဆေးလိပ်ကြီး ဖွာပြီး တုတ်တုတ်တောင် မလှုပ်၊ ဒါဟာ အမေ နေ့စဉ် ရင်ဆိုင်ကြုံတွေ့နေရတဲ့ ငြီးငွေ့စရာကောင်းတဲ့ ဇာတ်ဝင်ခန်းတွေပေ့ါ။

“ဟယ်. . . ဒီခြင် အလိုက်ကန်းဆိုးမသိ ငါ့အနီးမှာ တဝီဝီနဲ့ သီချင်းကြီးတွေ လာညည်းနေတယ်၊ အတောင်က ဆွဲပြီး ပါးနှစ်ခြမ်းကို ဖြန်းဖြန်းကွဲအောင်ကို ရိုက်မိတော့မယ်၊ အဟင်း. . . ဒီနေ့တော့ လေးပါးသီလ ခံထားလို့ နင်တို့ သက်သာတယ်မှတ်”

အံ့မယ်. . . မူးသာမူးတယ် အမူးပါးရယ်။

ငါးပါးသီလထဲမှာ သုရာမေရိယကံ ကျူးလွန်ထားတယ်ဆိုတာ သိလို့ လေးပါးသီလ ခံတယ်လို့ ပြောတာ။

အမေကတော့ အခန်းထဲမှကို ထွက်မလာတော့၊ အမေ့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စား ဆေးပြင်းလိပ် မီးခိုးငွေ့တွေကိုသာ အဖေနေထိုင်ရာ အပြင်ခန်းသို့ အဖော်အဖြစ် လွှတ်ပေးနေတော့တာပေါ့။

အဖေ့ခမျာလည်း မူးသာမူးတယ်၊ သူ့မိန်းမ ဘာလုပ်နေတယ်ဆိုတာ ပြေးကြည့်တာကမှ လွဲအုန်းမယ်၊ အဖေထင်ရင် မလွဲ။

"မယ်ယိမ်း. . . မင်း ဒီဆေးလိပ်တွေကို မကောင်းမှန်းသိသိကြီးနဲ့ ဘာဖြစ်လို့ သောက်နေရတာလဲဟမ်၊ ကြာရင် နင့်အဆုတ်တွေ ကျောက်မီးသွေးခဲဘဝကို ရောက်လိမ့်မယ် သိရဲ့လား"

တလူလူ လွင့်ဝဲနေသော ဆေးလိပ်ငွေ့တွေကို ကြည့်ပြီး ပြောနေခြင်းပါ။

အဲဒီကစလို့ အဖေ့ရဲ့ ဝေဖန်ရေး အစီအစဉ်တစ် အနေနဲ့ အခမ်းအနား စတင်ဖွင့်လှစ်ပေတော့၏။

"အမ်. . . အဟွန်း၊ ငါက အရက်သမား၊ အေး. . . နင်က ဆေးလိပ်သမား၊ နင် ရှူသွင်းလိုက်တဲ့ ဆေးလိပ်ငွေ့တွေက နင့်ရဲ့ အဆုတ်ထဲကိုရောက်၊ ငါ သောက်လိုက်တဲ့ အရက်တွေက ငါ့ရဲ့လည်ချောင်းပြွန်ထဲကနေ တစ်ဆင့်ပြီးတစ်ဆင့် ဖြတ်ကျော်ပြီး ငါ့ရဲ့ရှူးရှူးထဲကိုရောက်၊ အေ့. . . ဒါနဲ့များ ငါ့ကို အရက်သမား ဦးရှိန်းတဲ့၊ ငါက. . ငါက. . အရက်ကို ကြိုက်လို့သောက်တဲ့ကောင် မဟုတ်ဘူး၊ နားလည်လား၊ အရက်ကသာ ငါ့ကို ကြိုက်သွားလို့ ငါက သူ့ကို သနားပြီး သောက်ပေးနေရတာ၊ ဟား. . . သူတပါးအကြိုက်ကို လိုက်ပေးရတာ ဘယ်လောက်ကုသိုလ်ရလဲ၊ အမ်. . . မင်း စဉ်းစားကြည့်. . . အေ့. . . အပေါး. . . ပေါး"

"ငါ့ဘဝကို အနာခံ စတေးခံပြီး ဒီအရက်ကို ငါသောက်နေ၊ အဟား. . . အနာခံချင်တဲ့ငါ့စိတ်၊ ဒါဟာ ဗုဒ္ဓရဲ့စိတ်၊ အသာစံချင်တဲ့ စိတ်မျိုးနဲ့ မသောက်ဘဲ နေကြည့်၊ အဲဒါ ဒေဝဒတ်စိတ်လို့ ယိုးစွပ်ကြ





ကုန်အုံးမှာ၊ ဟုတ်ဘူးလား. . . အဟား. . ဟား. . ဟား"

ဦးရှိန်းတို့ ကိုယ့်ဘာက်ကိုယ်ယက်ပြီး ပြောနေပေ၏။

သူ့အရှိန်နဲ့သူတော့ ဟုတ်နေ၏။ ဘေးနားမှာ သူပြန်လာရင် စားဖို့ အဆင်သင့် ပြင်ပေးထားတဲ့ ထမင်းဝိုင်းလေးကတော့ ဦးရှိန်းရဲ့လေကြောမှာ မော့မော့လေးနဲ့ မျောနေရှာပေါ့။

"ဒီတော့ ငါ့ပိုက်ဆံနဲ့ငါ အရက်သောက်တယ် ဘာဖြစ်တုန်း. . . အဟွန့်၊ မိန်းမထမီနား ခိုစားတဲ့ကောင် မဟုတ်ဘူး၊ ရုပ်ကိုကြည့်ထား၊ ခေတ်မကောင်းလို့ အရက်သမား ဦးရှိန်းဘဝနဲ့ နေပျော်နေတာ၊ အေ့. . . အခု ကြီးပွားနေတယ်ဆိုတဲ့ကောင်တွေကို ဦးရှိန်းဆိုတဲ့ငါက ဖင်ဖျားတောင် မတုန်ဘူး၊ ဟိုကောင် တင့်လွင်ဦး မိန်းမထမီနား ခိုစားပြီး ရပ်ကွက်ထဲမှာ မြောက်ကြွမြောက်ကြွနဲ့၊ သူ့ကိုယ်သူ ငွေတိုးပေးစားတဲ့ ငွေရှင်ကြေးရှင်ဆိုပြီး ဘဝင်က အိမ်ခေါင်မိုးနဲ့ တစ်နေ့ အကြိမ်တစ်ရာလောက် ပြေးတိုက်နေတာ၊ ခေါင်မိုးတောင် ကျွံတော့မယ်၊ အဟယ့်. . . ဟဲ. . ဟဲ. . မနက် မိုးလင်းလို့ သူ့မိန်းမ ရုံးသွားတဲ့အချိန် လာကြည့်လှည့်စမ်းပါ၊ အိမ်နောက်ဖက်ရေစည်နားမှာ သူ့မိန်းမ ထဘီတွေကို တစ်ဇလုံကြီး ထိုင်လျှော်နေတဲ့ကောင်၊ အဲ့ဒီလောက်ထိ သူ့မိန်းမ ထဘီတွေကို မြတ်နိုးတာ၊ လူဆိုရင်တော့ စဉ်းစားသာ ကြည့်တော့၊ အဟား. . ဟား. . ဟား၊ သူတင် ဘယ်ဟုတ်ဦးမလဲ၊ ခြေရင်းအိမ်က ဦးကိုကြီးဆိုတဲ့လူကရော ဘာထူးတုန်း၊ အပင်စောင့်တဲ့ နာနာဘာဝတွေရဲ့ကျိန်စာတိုက်ခြင်းကို တစ်နေ့ အကြိမ်တစ်သောင်းလောက် ခံနေရတဲ့လူကြီး၊ ကျိန်စာတိုက်မခံရရိုးလား၊ ဘယ့်နှယ်ဗျာ. . . သူ့သဘာဝအလျောက် ပေါက်နေတဲ့အပင်ပဲဗျာ၊ ထွက်လာတဲ့ အကိုင်းအခက်တွေ အရွက်တွေ သူ့ခြံဘက် နည်းနည်းအစွန်းမထွက်သွားနဲ့ ခုတ်တော့တာပါပဲ၊



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ကျုပ်အိမ်ဘက်က အပင်မှန်သမျှ တစ်ခြမ်းယိုင်ပြီး ရှုနာ ရှိုက်တုန်းလေးတွေကို ဖြစ်လို့"

"ဒီလူကြီးက သဘာ၀တရားကို ဘက်တိုက်နေတဲ့လူ၊ အလကား အတ္တမီးတွေ ကိုယ်ခန္ဓာမှာ လောင်မြိုက်နေတဲ့သူ၊ အဲ့ဒီတော့ အပင်မှာနေတဲ့ သရဲသဘက် မိသားစုတွေက သူတို့ နေစရာ ဘုံပျောက်တော့ ကျိန်ဆဲပြီပေါ့၊ ဒါကြောင့် ရောဂါတွေက သူ့ခန္ဓာကိုယ်မှာပါ တစ္ဆာတကျီ ဆောက်လို့တောင် နေကြပြီ၊ ဒင်း သေလို့ အပင်မှာ စောင့်တဲ့ နာနာဘာ၀ ဘ၀ကို ရောက်မှ သူ ကိုယ်ချင်းစာတတ်မှာ၊ ခုတော့ သူ့ခေတ်ပေါ့နော်"

ပါးစပ်က တတွတ်တွတ်။

မျက်လုံးက မှေးလျက်။ ဒါဟာ ညတိုင်း ဦးရှိန်း၏ပေါ့ခ်ဂီတရဲ့လှုပ်ရှားသက်ဝင်မှု။

ပတ်ဝန်းကျင်လည်း နားထောင်ချင်ချင် မချင်ချင်၊ သူတို့ကို စောင်းချိတ်ပြီး ပြောနေတာကို သိနေပေမယ့်လည်း ဘယ်သူကမှ သူ့ကို ဖက်ပြိုင်ပြီး ရန်မမူကြ။

"ဗျို့. . . ဦးရှိန်း"

သူ့အမည်ခေါ်သံကြောင့် ကုလားထိုင်မှာ နောက်ကျောမှီနေရာမှ ကိုယ်ကို ရှေ့သို့ ကိုင်းလိုက်ပြီး အိမ်ရှေ့အမှောင်ထဲကို ပြူးပြဲကြည့်လိုက်ပြီးနောက် အာလေးလျှာလေးနှင့် ပြန်ပြီး ထူးလိုက်သည်။

"ဟေ့. . . ဘယ်က ကောင်လဲကွ၊ ငါ့အိမ်ရှေ့မှာ အော်ကြီးကုလားပု၊ ငါ့ဂုဏ်သိက္ခာ ရှိတဲ့နာမည်ကို လာခေါ်နေတာ"

ခေါ်လေသူက ရာအိမ်မှူး မောင်ကြမ်း။

"ဦးရှိန်း. . . ကျွန်တော်ပါဗျ၊ ရာအိမ်မှူး မောင်ဂျမ်း"





"သြော်. . . မောင်ဂျမ်းလား၊ ပြော ဘာကိစ္စတုန်း"

"မီးကင်းကြေး လာကောက်တာပါ"

"ဘယ်လောက်လဲ"

"နှစ်ရာလေဗျာ"

ဦးရှိန်း အိတ်ကပ်ထဲက နှစ်ရာတန် အနွမ်းလေးတစ်ရွက်ထုတ်ပြီး ကုလားထိုင်ပေါ်မှ ဒယီးဒယိုင်ဖြင့် ထကာ အိမ်ပေါက်ဝသို့ ခပ်လေးလေး လျှောက်သွားလိုက်သည်။

"အေး. . . ရော့၊ မင်းတို့ရဲ့ မီးကင်းစောင့်တဲ့ကောင်တွေကို ပြောလိုက်၊ ည. . ည. . မီးကင်းသံချောင်းကို ခေါက်တာ ခပ်တိုးတိုး ခေါက်ပါလို့၊ အဲဒီသံချောင်းခေါက်သံ ကြားရင် ငါ အိပ်ရေးပျက်တယ်"

ဦးရှိန်းစကားကြောင့် မောင်ဂျမ်း ခေါင်းတွေကို တဗျင်းဗျင်းနဲ့ ကုတ်တော့တာပါပဲ၊ ဦးရှိန်း မူးပြီး လေရမ်းနေတဲ့အချိန်မှာ လာပြီး မီးကင်းကြေး ကောက်မိတာကိုက သူ့ရဲ့အမှား။

"ကောင်းပါပြီ ဦးရှိန်း၊ ကျွန်တော် သူတို့ကို ပြောလိုက်ပါ့မယ်"

အမူးသမားကို ဒီလို အလိုက်အထိုက် ပြောလိုက်တော့ ပြီးရောပေါ့။

"အေး. . . ကောင်းပြီ၊ မင်းသွားနိုင်ပြီ"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

မောင်ဂျမ်းအား အထက်လူကြီးလေသံနှင့် ပြောလိုက်ပြီး သူ့ရဲ့စကားပြောခန်းကို ပြန်ဆက်ရန် အရှိန်ယူရင်း စောစောကဆလာသော ကုလားထိုင်မှာ ပြန်ထိုင်လိုက်သည်။

သတင်းအပြီးမှာ လာသော ကိုးရီးယား ဇာတ်လမ်းတွဲ



www.burmeseclassic.com

www.burmeseclassic.com



လည်း ပြီးပြီမို့ ရိုးရာတောင် ပြန်လာပြီ၊ အဖေ့ရဲ့အသံက ခြံဝကနေ ကြားနေရဆဲ၊ အိမ်ဘေးမှ ပတ်၍ သူမတံခါးကို အသံမမြည်အောင် တွန်းဖွင့်ဝင်လိုက်ပြီး ခြေသံ ခပ်ဖွဖွ နင်းကာ အိမ်ထဲသို့ လှမ်းဝင်လိုက်သည်။

အမေတောင် ခြင်ထောင်ချပြီး အိပ်ပျော်နေပြီ ထင်သည်။

ဟောက်သံ သဲ့သဲ့ပင် ကြားနေရ၏။

သူမလဲ နားထဲကို ဂွမ်းဆို့ကာ အိပ်ပျော်ဖို့အတွက် မျက်လုံးကို စုံမှိတ်လိုက်သည်။

အဖေ့ခါတ်ပြားဟောင်းကြီးက သူမအတွက် ရိုးအီလွန်းနေပြီလေ၊ ဒါကြောင့် ဂွမ်းဆို့ပြီး အိပ်ရုံပေါ့။

အဖေကတော့ အရှိန်ကောင်းဆဲ၊ နောက်ထပ် အနည်းဆုံး (၂)နာရီလောက်တော့ အဖေပြောအုံးမှာ။

မနက်မိုးလင်းရင်တော့ အဖေဟာ ညက သူ ဘယ်သူ့ကိုမှ ဘာမှ မပြောခဲ့သလိုပဲ မျက်လုံးလေး ပေကလပ် ပေကလပ်နဲ့ အမေများ သူ့ကို ဘာပြောမလဲဟဲ့ဆိုပြီး မလှမ်းမကမ်းကနေ ကွက်ကြည့် ကွက်ကြည့်နဲ့ ယောင်ခြောက်ဆယ် လုပ်ပြတော့မယ်၊ ဗိုက်ကလဲ ဆာလာပြီကိုး၊ ဒီတော့ အမေ့ကို မျက်နှာချိုသွေးဖို့ အရှိန်ယူရတော့မှာပေါ့။

အခု အဖေ့ပုံစံကို ကြည့်ပြီးရင် ညက အရက်မူးပြီး ရစ်နေတဲ့ဦးရှိန်း ဟုတ်နိုင်ပါ့မလားလို့တောင် ချင့်ချိန်တွေးတောယူရမယ့် အဖြစ်။

"မယ်ယိမ်းရေ. . . ငါ ဗိုက်ဆာပြီကွာ"

ပြောလိုက်တဲ့ စကားသံလေးက ညက်လို့။

ဒီအထာတွေကို ရိုးရာတို့ကလည်း နပ်ပြီးသားမို့ အဖေ





မနိုးခင်ကတည်းက မုန့်ဟင်းခါးကို ဘူးသီးကြော်နဲ့ သွားဝယ်ပြီး မီးဖိုချောင်က အိမ်တိုင်မှာ အဆင်သင့် ချိတ်ထားပြီးသား၊ အဖေ့ အကြိုက်ကို သိတဲ့သမီးပေါ့။

အဖေက အမေထည့်ပေးတဲ့ မုန့်ဟင်းခါးလေးကို ရေနွေး ကြမ်းလေး သောက်လိုက်၊ မုန့်ဟင်းခါးလေး စားလိုက်နဲ့။ အဖေ့ပုံစံ က တကယ့်ကို လူရိုးလူအေး စတိုင်အပြည့်။

ပြီးရင် ရေမိုးချိုး၊ အမေ အဆင်သင့် ထုတ်ပေးထားတဲ့ အဝတ်အစားကို အဆင်သင့်လေး ကောက်ဝတ်ပြီးရင် ညက မူးပြီး မပေးဖြစ်သော အိမ်စရိတ်ကို ပေးဖို့ မရဲတရဲ တိုးလာပြီး. . .

"ရော့. . . မယ်ယိမ်း၊ ဒါ ကိုယ့်ရဲ့ မနေ့က ဝင်ငွေ"

ဟု ဆိုကာ အမေ့ပေါင်ပေါ်ကို ပိုက်ဆံခေါက်ကလေး တင် ပြီး အိမ်ပေါ်က ခပ်သုတ်သုတ် ဆင်းသွားတော့တာပဲ။

အိမ်ရဲ့ခြံပေါက်ဝ ရောက်တာနဲ့. . .

"ဟော့. . . မောင်တင့်လွင်ဦးရေ လုပ်ငန်းစပြီလားကွ၊ ဟော့. . ဟော့. . ဒါ ငါတို့ရဲ့တာဝန်ဝတ္တရားတွေပေါ့ကွယ်၊ လုပ်ထား လုပ်ထား၊ ကုသိုလ်ရတယ်ကွ. . . ဟား. . ဟား. . ဟား. . ဟား"

ခြံထဲမှာ အဝတ်လှန်းနေတဲ့ တင့်လွင်ဦးဆိုတဲ့လူခများ လည်း ညက သူ့ကို စောင်းမြောင်းပြောထားတာ သိပေမယ့်လည်း အဖေ့ရဲ့နှုတ်ချိုဖော်ရွေမှုကြောင့် ဘယ်လိုအပြစ်တင်ရက်တော့မလဲ၊ အင်း. . . သူ မူးနေလို့ပဲလေလို့ပဲ နားလည်ပေးရတော့မှာပေါ့။

"ဗျို့. . . ဦးကိုကြီး နေကောင်းရဲ့နော်၊ ဦးကိုကြီးတို့များ ဒိမ်ပဲဗျာ၊ နိုင်ငံခြားမှ ရှိတဲ့ သားတွေ ပို့တဲ့ ဝင်ငွေနဲ့တင် အိမ်မှာ မပူမပင်နဲ့ နေနိုင်တယ်. . . အားကျရဲ့ဗျာ"

အိမ်မှ လုပ်ငန်းခွင်အထိ တွေ့သမျှလူကို မြူးချိုတဲ့ အမူ



www.burmeseclassic.com

www.burmeseclassic.com



အယာနဲ့ နှုတ်ဆက်နေလိုက်တာ တကယ့်ကို အပြစ်ကင်းစင်တဲ့ လူရိုးကြီးပေါ့။

တကယ်တော့ ဒါဟာ အဖေ့ရဲ့ ဘာအရောင်မှ ရောမထားတဲ့ ပင်ကိုယ်စိတ်နဲ့ စတိုင်ပါပဲ။

ရိုးရာတို့ရဲ့ မိသားစုဘဝ နေထိုင်မှုပုံစံကတော့ ဤသို့ ဤနှယ်ဖြင့် သိပ်ပြီးတော့ မထူးဆန်းပါလေ။





## အပိုင်းခွဲ(၂)

"ဟယ်. . . မိဆွေ. . . ဒီစကတ်ကို နင်က (၇၅၀၀)ပေးပြီး ဝယ်လာတယ် ဟုတ်လား"

ဂျင်းစကတ်ကို ဖင်တပြန် ခေါင်းတပြန် သေချာကြည့်နေပြီး ပြောနေသော ရိုးရာရဲ့တအံ့တဩဟန်ကြောင့် ဆွေဆွေက မတန်ဘူးလား ဟူသောအကြည့်ဖြင့်. . .

"ဟုတ်တယ်လေ. . . ဘာဖြစ်လို့လဲ၊ မတန်ဘူးလား"

ရိုးရာက နှုတ်ခမ်းပါးလေးတွေကို မဲ့ရွဲ့ပစ်လိုက်ပြီး ကိုင်



www.burmeseclassic.com

www.burmeseclassic.com



ထားသော စကာတ်ကို ဆွေဆွေ့လက်ထဲ ပြန်ထည့်ပေးလိုက်ရင်း. .

"မတန်ဘူး. . . နင်တော့ အချဉ်ဖမ်းခံလိုက်ရတာ၊ ချင်းထည့်ခံရတာ"

ဆွေဆွေက မျက်လုံးလေး ပေကလပ် ပေကလပ်နှင့်. . .

"ဘာချင်းထည့်ခံရတာလဲ နင်ကလည်း"

"ဟဲ့. . . အဲဒါ နန္ဒဝန်ဈေးထဲက ဘောထုပ်ဆိုင်ကနေဝယ်ပြီး သူ့ဆိုင်မှာ တံဆပ်အသစ်တပ်ပြီး ဈေးတင်ရောင်းတာ"

ဆွေဆွေက မယုံသလိုဖြင့်. . .

"ဟာ. . . နင်ကလည်း ဟုတ်ပါ့မလားဟာ"

"ရော်. . . ခက်တော့နေပြီ၊ ငါ ပြီးခဲ့တဲ့ စနေနေ့က နန္ဒဝန်ဈေးကို သွားတာ နင်သိတယ်နော်၊ ငါ့အဒေါ်ရဲ့ အလှကုန်ဆိုင် ခဏသွားမလို့ဆိုပြီး နင့်ကိုတောင် ခေါ်သေးတယ်လေ"

"အေးလေ. . . ငါသိသားပဲ၊ ငါတောင် မအားလို့ မလိုက်တာပဲ"

"အေး. . . အဲဒီနေ့က တင်တင်အောင်ကို ငါ အဲဒီ ဘောထုပ်တိုင်မှာ ဂျင်းဘောင်းဘီတွေ ရွေးနေတာ တွေ့လိုက်တယ်၊ ငါကလည်း သူ့အနားက ဖြတ်လျှောက်ရင်း အခု နင်ဝယ်ထားတဲ့ စကာတ်ကို သူ ဈေးဆစ်နေတာ ငါတောင် ကြားလိုက်သေး၊ နို့မို့ဆို ငါလည်း မှတ်မိမှာ မဟုတ်ဘူး၊ စကာတ်ရဲ့အောက်အနားက အမွှာလေးတွေ ပါလို့ မှတ်မိတာ၊ ပြီးတော့ သူ ဈေးဆစ်နေတာလဲ ကြားလိုက်တယ်၊ ကျွန်မက ပြန်ရောင်းမှာမို့ (၁၅၀၀)ပဲ ထားပါလို့တောင် ဈေးဆစ်နေသေးတာ၊ ဟောဒီ ငါ့နားနဲ့ ဆတ်ဆတ်ကြားခဲ့တာ"

ဆွေဆွေ ခုမှပဲ ယုံတော့သည်။

"ဟယ်. . . တကယ်"





"ဩော်. . . နင်ကလည်း၊ ငါ ဘယ်တုန်းက ညာပြောဖူးလို့ လဲဟဲ့. . . တကယ်ပါပဲဟယ်"

ဆွေဆွေ့မျက်နှာ မအီမလည်ကြီးနှင့် ရှုံ့မဲ့နေသည်။

"အဲ့ဒါဆိုရင်တော့ ဒီမိန်းမ သက်သက်မဲ့ ဖျံကျတာ၊ တွေ့မယ်. . . ငါ သွားပြောမယ်၊ ငါက ဘောထုပ်အထည်ဆိုရင် လုံးဝ ဝတ်တာ မဟုတ်ဘူး"

ဂျင်းစကာတ် ထည့်ထားသောအိတ်ကို ကိုင်ပြီး ရိုးရာရှေ့မှနေ၍ ဘောက်ဆတ်ဘောက်ဆတ်ဖြင့် ထွက်သွား၏။

စိတ်ဆိုးသွားသော ဆွေဆွေ့ကို ကြည့်ပြီး သူမ ပခုံးလေးကို ဟန်ပါပါလေး တွန့်လိုက်သည်။

မတတ်နိုင်ဘူးလေ၊ ကိုယ်က အမြင်အတိုင်း ပြောလိုက်တာပဲ၊ ကိုယ့်သူငယ်ချင်းကိုတော့ ဘယ်နည်းနဲ့မှ အနစ်နာ အဆုံးရှုံး မခံနိုင်ပါဘူး။

ဆွေဆွေ ထွက်သွားပြီး တစ်နာရီကျော်လောက်ကြာတော့ တင်တင်အောင် အော်ကြီးဟစ်ကျယ်နဲ့ အိမ်ကို ရောက်လာတယ်။

"ဟဲ့. . . ရိုးရာ ညည်းပါးစပ်တွေ အဲဒီလောက် အားယားနေသလား၊ ဒီလောက် အားယားနေရင်လည်း ကိုယ့်ခြေမကိုယ် ပြန်ငုံထား"

"ငါက ငါ့ခြေမ ဘာလို့ ပြန်ငုံရမှာလဲ၊ နင်ငုံချင်ရင်တော့ လာငုံလေ၊ ငါတို့က တစ်ရပ်ကွက်သားအချင်းချင်း ဖျံကျတာကို လက်ပိုက်ကြည့်မနေနိုင်ဘူး"

"ငါ့ဖာသာငါ ဖျံကျတာလေ၊ နင်နဲ့ ဘာဆိုင်လဲ၊ ဖလမ်း ဖလမ်း ထနေတဲ့ ဂျစ်ပစီမရဲ့"

မိန်းကလေးနှစ်ယောက်ရဲ့ ရန်ပွဲက ငယ်ကျိုးငယ်နာတွေ



www.burmeseclassic.com

www.burmeseclassic.com



ဖော်ကုန်ပြီ၊

ရှိုးရာတို့က ခပ်ရှင်းရှင်းပဲ၊ ကိုယ်မှန်လျှင် ဘယ်သူ့မှ ကိုယ့်လာဖြဲလို့မရ၊ ကိုယ်က ပြန်ဖြဲလိုက်လို့ အဲ့ဒီလူက ဖြိုကနဲ ပြိုရုံပဲ၊ အရှုတ်တရားကို ပြောပါတယ်။

"ဂျစ်ပစီမက ဘာဖြစ်လဲ၊ သူများ မယားငယ် မခံဖို့ပဲ အရေးကြီးတာ ကီပင်မရဲ့"

"ဟင်. . . ကောင်မ လူပါးဝလို့ ငါ့ကိုများ ကီပင်လေး ဘာလေးနဲ့၊ အင်းဟာ. . ."

"ဖြန်း"

အရှောင်မြန်လိုက်၍ အဖျားခတ်ပြီး ထိသွားခြင်းဖြစ်သည်။

"ဩော်. . . နင်က ငါ့ကို လက်စပါပြီပေါ့"

"ငါက နင့်ကို ဟောဒီလို နင့်ပါးကို"

"ဖြန်း. . ဖြန်း"

ရှိုးရာက ပြန်ပြီး နှစ်ချက်ဆင့်ပြီး တီးလိုက်လေ၏။

"ဘယ်ပြန်ညာပြန် ရိုက်ရုံတင် မဟုတ်ဘူး၊ ခြေထောက်နဲ့လဲ ဟောသလို ကန်တယ်ဟာ. . . မှတ်ထား"

မိန်းမနှစ်ယောက် ပါးစပ်သေနတ်နဲ့ ဒက်ဒက်,ဒက်ဒက် ပစ်တဲ့ပွဲက အင်အားချင်း ဖလှယ်တဲ့ ဖိုက်တင်ပွဲအထိ ရောက်ကုန်၏။ နောက်ဆုံးတော့ ရပ်ကွက်ရုံး ရောက်တော့တာပေါ့။

ရပ်ကွက်ရုံးရောက်တော့လည်း ဘာထူးလဲ၊ ရပ်ကွက်လူကြီးရဲ့ကီပင်ဆိုတာက တင်တင်အောင် ဖြစ်နေလေတော့ ရပ်ကွက်လူကြီးခမျာ သူ့ရဲ့ဖုံးဖိထားတဲ့ မဟာအရှုပ်တော်ပုံတွေကို ရှိုးရာတို့က အစဖော်မှာစိုးလို့ ဘာမှတောင် သိပ်ပြီးပါဝါမပြရဲရှာပါ





ဘူး၊ သိတယ်မို့လား၊ ရှိုးရာတို့က ခေသူ မဟုတ်ဘူးလေ၊ ကိုယ့်ကို ပြဿနာ မရှာသရွေ့ သူတို့ဟာသူတို့ ဘာလုပ်လုပ် ကိုယ့်မျက်မြင် တပ်အပ်မြင်လည်း အရေးကို မစိုက်၊ သူတို့သမိုင်းနဲ့သူတို့။ အမိက, က ရှိုးရာတို့လို ပစ္စည်းမဲ့ လူတန်းစားရဲ့ သမီးပျိုတွေ အပြစ်ကင်းကင်းနဲ့ ဂုဏ်သိက္ခာရှိရှိ ရပ်ကွက်ထဲမှာ ရပ်တည်နိုင်ဖို့ပဲ မဟုတ်လား။

ဒီလိုနဲ့ ရပ်ကွက်ရုံးက ဘေထုပ်ပြဿနာကို ရှိုးရာဘက်က မထိခိုက် မနစ်နာအောင် ဖြေရှင်းပေးလိုက်ပါ၏။

တင်တင်အောင်ခမျာ ကြက်မကို လည်မျိုလှီးခံထားရတဲ့ ရုပ်နဲ့ ရုံးထဲကနေ လိမ်ဖယ်လိမ်ဖယ်နဲ့ ထွက်သွားရတော့၏။

ရှိုးရာကလည်း စစ်ပွဲက ပြန်လာတဲ့ အောင်နိုင်သူ စစ်သူကြီးရဲ့ပြုံးခြင်းမျိုးနဲ့ ရုံးထဲက မော့တော့မော့တော့နဲ့ ထွက်လာရုံလေး။

ဆွေဆွေတို့ မိုးအေးတို့က ရုံးအပေါက်ဝကနေ စောင့်ပြီး သူမရဲ့အောင်မြင်မှုကို တခဲနက် အားပေးကြတာပေါ့။

ဒီကိစ္စ အဖေ ဘယ်ကနေ ဘယ်လို ကြားလာလဲ မသိဘူး၊ အပျိုလေးတန်မဲ့နဲ့ ရပ်ကွက်ရုံး ရောက်ရတယ်လို့ ဆိုတဲ့အကြောင်း အရာကို ခေါင်းစဉ်အကြီးကြီး တပ်ပြီး အဲ့ဒီညက ဋီကာတွေ ချဲ့နေလိုက်တာ ဘယ်နှစ်နာရီမှ ပြီးသလဲတော့ မသိဘူး။

ရှိုးရာအတွက်တော့ ညချမ်းချိန်ခါ တေးသံသာ တစ်ပုဒ်လိုပဲ အဖေ့ရဲ့နေ့စဉ်ကြားနေကျ တော်ကီတွေကို မျက်လုံးလေး မှိတ်ကာ ကြားရင် ကြားတယ်လို့ မှတ်ပြီး အိပ်လိုက်တာ အိပ်ဆေးသောက်ပြီး အိပ်လိုက်ရသလို တုတ်တုတ်တောင် မလှုပ်တော့၊ အိပ်မက်ထဲမှာ F4 မင်းသား လေးယောက်နဲ့ ကယ်လီဖိုးနီးယားပြည်နယ်က မေဓာရီ ဘွန်းကို သွားပြီးတော့တောင် အပန်းဖြေလိုက်သေးတယ်၊ အဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီအိပ်မက် တကယ့်ကို မက်တာ၊ အဟင်း. . . ခစ်. . ခစ်. . ခစ်။ ရင်တွေ ခုန်လိုက်တာ ခုချိန်ထိပါပဲ။

ဿ ဿ ႏ ႏ

"ဦးလေး. . . ရိုးရာရော"

"ညည်းတို့ သူငယ်ချင်း ရိုးရာလား၊ တွေ့ချင်ရင် ခဏ စောင့်၊ ကားတစ်စီး ကိုင်ပြီးတာနဲ့ စက်စမ်းမလို့ဆိုပြီး မောင်းထွက် သွားလေရဲ့၊ တော်ကြာဆို ပြန်လာတော့မယ်"

ဆွေဆွေနှင့်မိုးအေး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ မဲ့လိုက်ကြသည်။ ပြီးတော့ ဆွေဆွေက ရိုးရာအတွက် ဦးရှိန်းထံမှာ စစ်ကူတောင်းကြည့်၏။ သူမနဲ့ မအပ်စပ်တဲ့အလုပ် တွေ လုပ်နေတာကိုး။

"ဦးလေးရှိန်း. . . ရိုးရာကို မဆုံးမတော့ဘူးလားဟင်"

ဦးရှိန်းက ရေနွေးကြမ်း ငုံ့ထားသော ပန်းကန်လုံးကို လှမ်း





ယူရင်း ဘာကိုလဲဟူသော အူကြောင်ကြောင် အကြည့်ဖြင့် မေးငေါ့ ပြရင်း. . .

"ဦးလေးက သူ့ကို ဘာအတွက် ဆုံးမရမှာလဲ. . . ရှင်း စမ်းပါအုံး၊ ဦးလေး မသိအောင် သူ ဘာတွေ အမှားလုပ်ထားပြန်ပြီ လဲ"

ဆွေဆွေက နှုတ်ခမ်းကို စူမဲ့ရင်း. . .

"သူနဲ့ မဆိုင်တဲ့အလုပ်ကို လုပ်နေတာလေ"

ဦးရှိန်းက သူ့သမီးအတွက် စိုးရိမ်သောဖော်ဖြင့်. . .

"ဟေ. . . ဟုတ်လား၊ ဒီကလေးမ ဘာတွေ လုပ်နေပြန်ပြီ လဲ"

"ကားပြင်တဲ့အလုပ်ပေါ့"

"ဩော်. . ."

ဦးရှိန်း သဘောတကျဖြင့် ရယ်ရင်း. . .

"ဟား. . ဟား. . ဟား. . ဟား. . ညည်းတို့က ဒါကို ပြော တာကိုး၊ အေး. . . အဲ့ဒီကိစ္စကိုတော့ ဦးလေးလဲ သဘောမကျတာ အမှန်ပဲကွ၊ ဆုံးလဲ ဆုံးမနေတာပဲ၊ ဒီအလုပ်က သူ့ဝါသနာကို ဖြစ်နေ ပြီ"

မိုးအေးက ထပ်ပြီး အထွန့်တက်ကြည့်ပြန်၏။

"သမီးတို့နဲ့ အလှပြင်သင်တန်း လိုက်တက်ဖို့ ပြောပေးပါ ဦးလေးရှိန်းရယ်၊ ဦးလေးရှိန်း ပြောရင် ရမှာပါ၊ ပြောမရလဲ ကိုယ်က ဖအေပဲ၊ နာနာလေး ရိုက်ပြီး ဆုံးမပေါ့၊ ဒါမှ ဦးလေးရှိန်းကို ကြောက် ပြီး သူ စိတ်ပြောင်းသွားမှာ"

ဦးရှိန်းက ခေါင်းကို တွင်တွင်ခါရင်း စိတ်ပျက်အားငယ်ဟန် သောအသံဖြင့်. . .



www.burmeseclassic.com

www.burmeseclassic.com



"ညည်းတို့ သူငယ်ချင်းကို ညည်းတို့ပဲ ရအောင် ပြောကြတော့ အဲ့ဒီကိစ္စနဲ့ ပတ်သက်ပြီး ရိုက်ရလွန်းလို့လဲ ကိုယ်ကတောင် သနားပြီး အားနာနေရတယ်၊ သူ့အကြောက အတော့်ကို တင်းတာ"

သူမအကြောင်း ဆွေးနွေးနေရုံ ရှိသေး၊ စက်စမ်းမောင်းရာမှ လာသောရိုးရာက ဆွေဆွေနဲ့ မိုးအေးကို တွေ့သွားသည်။

ကားပေါ်မှ ဆင်းပြီး သူမတို့ ရှိရာသို့ ပြုံးဖြီးဖြီးနဲ့ လျှောက်လာသည်။ ဦးရှိန်းက လက်ကျန်ရေနွေးကြမ်းလေးကို ကောက်မော့လိုက်ပြီး အနားမှ ထွက်သွား၏။

"ဟဲ့ . . . မိန်းမတွေ၊ နင်တို့ ငါ့ဆီကို ဘာလာလုပ်ကြတာလဲ၊ လာလည်တာလား"

"ဟုတ်တယ်ဟေ့ . . . ငါတို့ရဲ့စုတ်တီးစုတ်ပွဲ သူငယ်ချင်းကို လာကြည့်တာ"

ဆွေဆွေက တစ်ကိုယ်လုံး စက်ဆီတွေ ပေကျံနေသော ရိုးရာကို မသတီသလို ရှုံ့မဲ့ကြည့်ရင်း ပြောလိုက်သည်။

မိုးအေးက ထပ်ပြီး စည်းရုံးရေး ဆင်းပြန်၏။

"နင့်ဘဝကို ဒီလို စုတ်တီးစုတ်ပွဲနဲ့ ကုန်ဆုံးတော့မှာလား ရိုးရာ၊ ငါတို့နဲ့ အလှပြင်သင်တန်း လိုက်မတက်ဘူးလို့ ယတိပြတ်ဆုံးဖြတ်လိုက်ပြီလား"

မိုးအေးအမေးကို ရိုးရာက မချိုမချဉ် ပြုံးရင်း . . .

"အင်း . . . ယတိပြတ်ပဲ၊ လုံးဝ စိတ်မဝင်စားဘူး"

"ဟင် . . . နင်ဟာလေ၊ အရင်ဘဝက ဝပ်ရှော့ဆရာ သေလို့ ဝင်စားလာတာလား မသိဘူး၊ ကားမြင်ရင် ရှူပိုးကို ထိုးနေတာပဲ၊ သူ့ရည်းစားကို အီစီကလီ လုပ်ရတဲ့အတိုင်းပဲ"

မိုးအေးစကားကို ဆွေဆွေက ထပ်ပင့်ပေး၏။





"အင်းလေ . . . အဲဒီဝပ်ရှော့ဆရာက အရင်ဘဝက ယုတ်မာခဲ့လို့ ဒီဘဝမှာ မိန်းမလာဖြစ်တာ နေမှာပေါ့ . . . ဟင်း၊ ကားကို ယောက်ျားတော်မယ့်ရုပ်နဲ့"

ရိုးရာက ဘာမှ ပြန်မပြောဘဲ လက်မှာ ပေနေသော စက်ဆီတွေကို ဆပ်ပြာနှင့် အသေအချာ ဆေးနေ၏။

သူတို့ ပြောလည်း ပြောချင်စရာပါ၊ သူမကလည်း အံ့သြစရာ ကောင်းလောက်အောင်ပင် စက်ပစ္စည်းတွေကို ပြင်ရဆင်ရတာ အလွန်ဝါသနာ ထုံသူကိုး၊ အိမ်မှာ လျှပ်စစ်ပစ္စည်း မပျက်နှင့်၊ ပျက်တာနှင့် ရိုးရာတို့က ပြင်ပြီးသား၊ ဒါ မပြောနှင့်၊ အိမ်က ဆိုက်ကားပျက်ရင်တောင် သူမက သူ့ဘာသာသူ ပြင်တာ၊ သူပြင်လိုက်တော့လည်း အဆင်ကို ချောလို့။

အဖေနဲ့အမေကျတော့ ကိုယ်က ဘွဲ့ရပြီးသားပဲ၊ ကုမ္ပဏီမှာ အလုပ်ဝင်၊ သူများတွေလို ကြော့ကြော့ကော့ကော့လေးနဲ့ လန်းလန်းလေး ပြင်ဆင်ပြီး အလုပ်ကို သွားစေချင်တာ၊ သူမကကျတော့ အဲဒီလို ပြင်ရဆင်ရမှာကို စိတ်အပျက်ဆုံး၊ တွေးကြည့်တာနဲ့တင် စိတ်အိုက်လွန်းလို့ ဆံပင်တောင် အရှည်ကြီး မထား၊ သရီးစတက် အတိုနဲ့ပဲ ဖရိုဖရဲ ဖြစ်နေသည်။

ကိုယ် ဘယ်လိုနေနေ လှပြီးသား ဆိုတာကိုတော့ ကိုယ်, ကိုယ်တိုင်လည်း သိပြီးသားပါ၊ အဟင်း . . . ကိုယ်က စွာတေးလန်သာ ဆိုတယ်၊ ခုခေတ် ကောင်မလေးတွေလိုသာ ပြင်ဆင်လိုက်ကြည့်ပါလား၊ အရမ်းကို လန်းသွားမှာ။

"ဟင် . . . တွေ့လား၊ ရုပ်ကိုက ရည်းစားဆိုတဲ့အကြောင်းလည်း ပြောလိုက်ရော၊ စိတ်ကူးတွေ ယဉ်ပြီး နာနတ်သီး အရှည့်အပုတ်ကို ယင်ကောင် ဝိုင်းတုတ်ခံထားရတဲ့ရုပ်နဲ့ . . . ဟင်း . . ."



www.burmeseclassic.com

www.burmeseclassic.com



ဆွေဆွေက မကျေမနပ်နဲ့ စူပွပွ ပြော၏။

"ဟယ်. . . ကြည့်စမ်း ခွေးစုတ်မတွေ၊ ငါ့ကို ပြောနေကြတာ ရစရာကို မရှိတော့ဘူး"

သူတို့ ပြောတာကို စိတ်ဆိုးသွားသော ရှီးရာကို ကြည့်ပြီး နှစ်ယောက်သား တခွီးခွီးနဲ့ ရယ်နေကြ၏။

ရှီးရာပါ လိုက်ရယ်ရင်း. . .

"နင်တို့ ဒီည ရုပ်ရှင်ကြည့်ကြမလို့ဆို၊ ဘယ်ရုံမှာ ကြည့်မှာလဲ"

"ဟဲ့. . . ဘယ်ရုံမှာ ကြည့်ရမှာလဲ၊ ရွှေဘိုရုံမှာပဲပေါ့၊ လက်မှတ်တောင် ကြိုတင်ဝယ်ပြီးသွားပြီ"

"အလို. . . တယ်ဟုတ်ပါလား၊ ဘယ်နှစ်နာရီပွဲ ဝယ်ထားတာလဲ"

"ခုနစ်နာရီခွဲပွဲ ဝယ်ထားတာလေ"

"ဟင်. . . နောက်ဆုံးပွဲကြီး၊ အပြန်နောက်ကျမှာပေါ့"

"အမယ်. . . နင်ကပဲ နွဲ့နေရသေးတယ်၊ နောက်ကျမှာ စိုးရင်လဲ မလိုက်နဲ့"

ရှီးရာ ပျာပျာသလဲ ငြင်းသည်။

"ဟယ်. . . အဲဒီလိုတော့လည်း မဟုတ်ဘူးလေ၊ ဒီမင်းသားက ငါ အရမ်းကြိုက်တဲ့ မင်းသားဟဲ့၊ ပြီးတော့ ငါ အရမ်းလေးစားရတဲ့ ဆရာအကြည်တော်ရဲ့ဇာတ်လမ်း၊ နောက်ကျရုံမကလို့ တစ်ညလုံး မပြန်ရလဲ ကိစ္စမရှိဘူး၊ ငါတို့ ဆိုက္ကားနဲ့ သွားကြရုံပေါ့"

ဆွေဆွေက မဲ့ကာ ရွဲ့ကာဖြင့်. . .

"ထုံးစံအတိုင်း ငါတို့နှစ်ယောက်ကို တင်ပြီး နင်က ဆိုက္ကားဆရာမ လုပ်ဦးမယ်ပေါ့၊ ဟုတ်လား"





"ဘာလဲ. . . မစီးချင်ဘူးလား၊ ဒါဆိုလည်း ရတယ်လေ၊ ဆိုက္ကားနဲ့ မသွားတော့ဘူး၊ လမ်းလျှောက်သွားကြမယ်၊ ငါက နင်တို့ သက်သာအောင်လို့ အပင်ပန်းခံပြီး ရုပ်ရှင်ရုံအထိ နင်းပို့ရမယ့်သူ"

ဆွေဆွေက လမ်းလျှောက်မယ်ဆို၍ လျှာကလေး တစ်လစ်လုပ်ပြီး ဇက်ကလေး ပုဝင်သွားကာ. . .

"အဟီ. . . ငါတို့ကလည်း နင့်အကြံကို သိလို့ နင်တို့အိမ်က ဆိုက်ကားသိမ်းမယ့်အချိန်နဲ့ အံကိုက်ဖြစ်မယ့်ပွဲကို ရွေးပြီး လက်မှတ်ဝယ်လာတာပေါ့"

ရှီးရာ ဆွေဆွေနှင့် မိုးအေးကို မျက်စောင်းလှမ်းထိုးလိုက်ပြီး. . .

"ဟင်း. . . ဒါနဲ့များ လာပြီး အီကြာကွေး ဆွဲနေတယ်၊ ရုပ်တွေကိုက သရော်ထဲကို ဆားခပ်ထည့်ထားတဲ့ရုပ်နဲ့၊ ဒါမျိုးကျရင်တော့ အကွက်ကို စေ့လို့"

ဟု ပြောရင်း အဖေရှိရာသို့ လှမ်းအော်ရင်း. . .

"အဖေ. . . သမီး ပြန်တော့မယ်၊ ကားပိုင်ရှင် လာရင် သူ့ကား အားလုံး အိုကေသွားပြီလို့၊ ဆီစားသက်သာအောင်လဲ မိန်းဂျက် တစ်ခါတည်း လဲပေးလိုက်တယ်လို့လဲ ပြောလိုက်အုံးနော်"

အဖေက ဂွင်းတွေ ဂွတွေကို သံချိတ်တွေမှာ ချိတ်ရင်း. . .

"အေးပါ. . . ပြောလိုက်မယ်"

"ဒါဆို သမီး သွားတော့မယ်"

"အေး. . . အေး"

အဖေ့ကို နှုတ်ဆက်ပြီး အလုပ်သမား ပြောင်ကြီးနှင့် ကလေးပုတို့ အဖွဲ့ဘက်ကို လက်လှမ်းပြပြီး. . .

"ကဲ. . . ဘော်ဒါတို့ရေ ငါလစ်ပြီ၊ မနက်ဖြန်မှ [illegible]ထပ်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



မယ်"

"အေး . . အေး . . ဆီးယူ တူမောရီး"

ကလေးပုက ပါးစပ်ထဲမှာ ကွမ်းဝါးနေရင်းမှ ကွမ်းတံတွေးတို ပစ်ကနဲ ထွေးလိုက်ပြီး ငပိသံဖြင့် ဘိုလို လှမ်းမှုတ်လိုက်သေး၏။

သူတို့အားလုံးက ရိုးရာကို ခင်ကြသည်။ ရိုးရာရဲ့ပညာကိုလည်း သူတို့ လက်ဖျားခါရလောက်အောင် အထင်ကြီး၏။

ဒီလောက် ဖအေလုပ်တဲ့သူက ဝပ်ရှော့ကို လာတာမကြိုက်ရင်လဲ ထမင်းချိုင့် ပို့တယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ လာပြီးရင် ယောင်ပေယောင်ပေနဲ့ မပြန်တော့ဘူး၊ ကလေးပုတို့နားကို ဟိုလိုလို ဒီလိုလိုနဲ့ ကပ်လာပြီး ကလေးပုတို့ ကားပြင်တာကို ဟိုဟာလုပ်လိုက် ဒီဟာလုပ်လိုက်နဲ့ သူ့အဖေ မကြားအောင် ခပ်တိုးတိုးညွှန်ကြားပြီးရင် သူ့လက်တွေကပါ မနေနိုင် မထိုင်နိုင်ဖြစ်ကာ ကားစက်ဖုံးထဲကို နှိုက်တော့တာပါပဲ၊ ဘယ်လောက်များ ဝါသနာထုံလိုက်သလဲလို့ တစ်ခါတလေ ဖအေလုပ်သူက စက်ဆီတွေ တစ်ကိုယ်လုံး ပေလူးနေသော သမီးဖြစ်သူကို မျက်စိထဲ သိပ်မတွေ့တော့တဲ့အခါမျိုးကျရင် အိမ်ကို အတင်းပြန်ခိုင်း၏။

"အင်းပါ . . . အဖေကလည်း ပြန်မှာပေါ့၊ ဒီမှာ ကလေးပု တစ်ယောက်ထဲနဲ့ ဒီကား ညနေ ဘယ်ပြီးမလဲ၊ သမီးပါ ဝင်ကူရမှာပေါ့"

ဆိုတဲ့ အကြောင်းပြချက်နဲ့ ဝပ်ရှော့မှာ အချိန်ကုန်တတ်သည်။ ဝပ်ရှော့ပိုင်ရှင် သူ့ရဲ့အစ်ကိုဝမ်းကွဲ လုပ်သူကလည်း တားသည်။

"ရိုးရာရယ် . . နင့်ကို ငါကြည့်ရတာ မျက်စိထဲမှာ အဆင်မချောဘူး ဖြစ်နေတယ်၊ အားရင် ဒေါ်လေးကို အိမ်အလုပ်တွေ





ဝိုင်းကူပါလား၊ ဒါမှမဟုတ် မိဆွေတို့လို အလှပြင်သင်တန်းလေးဘာလေး တက်ပြီး ဆိုင်ဖွင့်ပါလား၊ လိုတဲ့အရင်းအနှီး ငါ ထုတ်ပေးမှာပေါ့"

"နေပါ ကိုလေးရာ၊ ညီမလေးက ကိုယ်ဝါသနာမပါတဲ့အလုပ်ကို စိန်တွေ တင်းနဲ့ချီပြီး လာပေးတာတောင် မလုပ်သေးဘူး၊ အဟင်း . . ကိုလေး တကယ် အရင်းအနှီး ထုတ်ပေးမယ်ဆိုရင် နောက်ထပ် ဝပ်ရှော့တစ်ခု ထောင်လိုက်လေ၊ ညီမလေး ဦးစီးမယ်"

ရိုးရာနဲ့ အားတက်သရော ပြောနေသော တောင်းဆိုမှုတွေကြောင့် ခေါင်းတခါခါ စုတ်တသတ်သတ်နဲ့ ညီမလုပ်သူရဲ့ဝါသနာနဲ့ ပုံစံကို ကြည့်ပြီး အံ့သြနေသည်။

ဝါသနာကြောင့် တတ်မြောက်လာသော ပညာရပ်ကိုလည်း မအံ့သြဘဲ မနေနိုင်။ မချီးကျူးဘဲ မနေနိုင်။

ရိုးရာ ဝပ်ရှော့လာတဲ့နေ့ဆိုရင် ကားက ကျသလား မမေးနဲ့၊ ပြောင်ကြီးတို့ ကလေးပုတို့ လက်မလည်တော့။ အဲဒီအခါကျရင် ရိုးရာတို့အကြိုက်ပေါ့၊ သူကိုယ်တိုင် ဝင်ပြင်တော့တာပဲ၊ သူ့ပညာကလည်း မသေးဘူး၊ ကားစက်သံကို နားထောင်လိုက်တာနဲ့ ဒီကားမှာ ဘာတွေ ချို့ယွင်းနေသလဲဆိုတာ တန်းသိတယ်။

ပြောင်ကြီးတို့ ကလေးပုတို့ ဆရာတင်ရလောက်အောင်ပင် ပါရမီထူးသူ။

ဒီတော့ သူ့အဖေကလည်း မနှစ်မြို့ပေမယ့် တစ်ခါတလေ ကြည့်နေလိုက်ရတော့တာပေါ့၊ ကြည့်နေတာ အကောင်းမဟုတ်ဘူး၊ ဘ သမီးကို ပြောရတာ မောလွန်းလို့၊ ဒါတောင် စိတ်မထင်ရင် ဆင်သလို လိုက်ရိုက်လို့ ရိုးရာခမျာ အလုပ်ရုံကို ပတ်ပြေးနေရတာ၊ ဒီတော့ အားလုံးက သူ့ဝါသနာကိုးဆိုပြီး ဝါသနာကိုသာ အပြစ်ပုံချ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့သည်။ မပုံချလို့လည်း မရဘူးလေ၊ သူက ခေါင်းမာတာကိုး၊ သူလုပ်ချင်တာကို လုပ်ရမှ ကျေနပ်တဲ့မိန်းကလေး၊ ဒါဟာ သူ့ရဲ့စရိုက်ပဲလေ။







# အပိုဒ်ခွဲ(၃)

ကားသံ လူသံတွေဖြင့် တစိုးတစိမျှ တိတ်ဆိတ်မှု မရှိသေးသော လမ်းမကြီးထက်မှာ ရှီးရာသည် မိုးအေးနှင့် ဆွေ့ဆွေကို ဆိုက္ကားပေါ် တင်ပြီး ရွှေဘိုရုပ်ရှင်ရုံ ရှိရာဘက်သို့ နင်းလာလိုက်သည်။

ရှီးရာ ဆိုက္ကားနင်းတယ ဆိုလို့ မိန်းကလေးက ဆိုက္ကားနင်းရတယ်လို့၊ အဓိပ္ပါယ် မရှိဘူးဟု မထင်ကြလေနှင့်၊ ရှီးရာကလည်း နပ်ပြီးသား၊ သူ့ကိုယ်သူ ရုပ်အကျီပွပွကြီးနဲ့ ဘောင်းဘီနဲ့ ဦးထုပ်က



www.burmeseclassic.com

www.burmeseclassic.com



ခပ်ငိုက်ငိုက် ဆောင်းထားပုံနဲ့ ကိုယ့်ကို မိန်းကလေးလို့ ဘယ်သူမှ မထင်တော့၊ သူ့ရဲ့ပုံစံက ယောက်ျားပုံစံ ပေါက်နေ၏။

ဖြုန်းကနဲကြည့်. . . ယောက်ျားတစ်ယောက် ဆိုက်ကား နင်းတယ်လို့ပဲ ထင်ကြမှာ။

ရုံရှေ့ရောက်တော့ ဆိုက်ကားကို ကုလားပဲသုတ်ရောင်းတဲ့ ကုလားမနဲ့ အပ်ခဲ့ပြီး ရုံထဲကို ဝင်လာကြ၏။

"ဟဲ့. . . မုန့်လေးဘာလေး ဝယ်ကြလေဟာ၊ နေကြာစေ့လေး ကွာစေ့လေး ပါမှ ကြည့်ရတာ ဇိမ်ရှိမှာပေါ့"

ရိုးရာ သတိပေးမှ ဆွေဆွေက သူ့ရဲ့ပိုက်ဆံအိတ် အလုံးကလေးကို လှမ်းပုတ်ပြသည်။

"ဘာမှ မပူနဲ့၊ အီဖေကို အစောကြီးကတည်းက စီစဉ်ခဲ့ပြီးသား၊ ဝယ်ရင် ဈေးကြီးတယ်ဟ"

မိုးအေးက အလိုက်သိစွာဖြင့်. . .

"ဒါဆို ငါ ရေသန့်ဘူး ဝယ်လိုက်မယ်လေ"

ဟု ဆိုပြီး ရေသန့်ဘူးတစ်ဘူး ဝယ်လိုက်သည်။ ပြီးတာနဲ့ ရုံအတွင်းသို့ ဝင်လာကြ၏။ ညပွဲမို့လို့ လူက ရှင်းနေသည်။

ရိုးရာ အကြံတစ်ခု ရသွားပြီ။

"ဟဲ့. . . လူရှင်းနေတာပဲ၊ ငါတို့ အပေါ်ထပ်ကနေ သွားကြည့်ကြမယ်"

"ဟာ. . . နင်ကလည်း၊ တော်ကြာ လက်မှတ်စစ်တွေ လာလို့ ကွိုင်တက်နေအုံးမယ်"

"မလာပါဘူး. . . လာစမ်းပါ"

ရိုးရာက ဆွေဆွေ့လက်ကို ဆွဲပြီး အပေါ်ထပ်ကို တက်လာလိုက်သည်။ မိုးအေးက အူကြောင်ကြောင်ဖြင့် သူတို့နှစ်ယောက်





နောက်က လိုက်တက်လာသည်။ စိတ်ထဲမှာတော့ ခပ်ကြောက်ကြောက်ရယ်၊ ဒါပေမယ့် သိပ်တော့ မစိုးရိမ်တော့ပါဘူး၊ ရိုးရာတစ်ယောက်လုံး ရှိနေတာပဲ၊ သူက မိုးအေးတို့ သူငယ်ချင်းအဖွဲ့ထဲမှာ ဗိုက်တာလေ၊ ဘာကိစ္စဖြစ်ဖြစ် သူက အမြဲခေါင်းခံပြီး ဖြေရှင်းပေးတတ်တာ သူ့ရဲ့တစ်ကိုယ်ကောင်း မဆန်တဲ့အကျင့်။

အပေါ်ထပ် ရောက်တော့ လွတ်တဲ့ခုံမှာ သုံးယောက်သား ဝင်ထိုင်လိုက်ကြသည်။

ရုပ်ရှင်ပြချိန် ရောက်တော့ သူတို့ ကြိုက်တဲ့မင်းသားမို့ သုံးယောက်သား စကားတွတ်ထိုးဖို့တောင် မေ့နေကြ၏။

ရယ်လိုက်ရတာလဲ မပြောပါနှင့်၊ အူတက်မတတ်ပါပဲ၊ အပေါ်ထပ်မှာ အတွဲတွေချည်းပဲကြားထဲမှာမှ သူမတို့သုံးယောက်က အရယ်အသန်ဆုံး၊ ဘေးတွင် ကြည့်နေသော အတွဲများပင် သူတို့ကို လှမ်းကြည့်ကြ၏။

ဒါကို သူမတို့ နည်းနည်းလေးမှ ဂရုမစိုက်၊ ဘာဖြစ်သေးတုန်း။ ကိုယ့်ပိုက်ဆံနဲ့ကိုယ် ရယ်တာလေ၊ ဝါသနာပါရင် သူတို့တောင် လိုက်ရယ်လို့ရသေးတယ်၊ အဟင်း. . . ဟင်း။

"ရိုးရာ. . ."

မိုးအေးက အားရပါးရ ရယ်နေသော ရိုးရာကို အသာ လက်ကုတ်လိုက်သည်။

"ဘာလဲဟ. . . ဘာဖြစ်လို့လဲ"

"ငါ. . . ငါ လက်ထရိန် သွားချင်တယ်"

အရေးကောင်းရင် ဒိန်းဒေါင်းက ဖျက်ဆိုသလို မိုးအေးတို့က လုပ်ငန်းစလေပြီ။

"နင်ကလည်းဟာ. . . ကောင်းခန်းရောက်မှ၊ ဆွေဆွေကို



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သွား"

မိုးအေးက မျက်နှာငယ်လေးနဲ့ . . .

"သူကလည်း နင့်ကို ခေါ်သွားတဲ့"

မိုးအေးရဲ့ အောင့်အည်းမျိုသိပ်ထားပုံရသောမျက်နှာလေးက အလင်းရောင် မှိန်မှိန်အောက်မှာ တကယ့်ကို သနားစရာပါ။ နောက်ဆုံး ရိုးရာပဲ လိုက်ပေးရတော့တာပေါ့။

ရုပ်ရှင်ပြီးတော့ ပဲသုတ်ကုလားမဆီမှာ အပ်ထားသော ဆိုက်ကားကို ယူပြီး နင်းအလာ စောစောက မိုးအေး အလုပ်ရှုပ်ပုံကို ပြန်ပြီးအစဖော်လိုက်သည်။

"မိုးအေး . . . နင် နောက်တစ်ခါ ရုပ်ရှင်ကြည့်မယ်ဆိုရင် ကိုယ့်ကိစ္စကို ကိုယ့်အိမ်မှာကတည်းက အပြီးလုပ်လာခဲ့နော်၊ ငါ့မှာ အမြဲတမ်း နင့်ကို အိမ်သာလိုက်ပို့ရတာ အလုပ်တစ်ခုလို ဖြစ်နေပြီ၊ ဘယ်တော့မှ ရုပ်ရှင်တစ်ကားကို အစအဆုံး မကြည့်ရဘူး"

"အေးပါဟာ . . . ငါကလည်း ငါပဲ၊ အိမ်က ထွက်လာကာနီး ရေတွေ သောက်လာမိတယ်၊ ဒီရောက်တော့လည်း ကွာစေ့စားပြီး ရေငတ်တာနဲ့ ထပ်ပြီး သောက်မိပြန်ရော"

ရိုးရာနှင့်မိုးအေး ပြောနေသော အကြောင်းအရာကို ဆွေဆွေက သူနှင့် မဆိုင်သလို သီချင်းလေးပင် ညည်းနေလိုက်သေး၏။

ရိုးရာက ဆွေဆွေ့ကို ဆိုက်ကားနင်းနေရင်းမှ မျက်စောင်းလှမ်းထိုးလိုက်သည်။

ဗိုလ်စိန်မှန်ထိပ် ရောက်တော့ ကားတစ်စီးနှင့် လူတစ်ယောက် ယောင်ပေယောင်ပေဖြစ်နေသဖြင့် ဆိုက္ကားကို အရှိန်လျှော့လိုက်သည်။

ဆွေဆွေက ရိုးရာကို မော့ကြည့်ပြီး . . .





"ရိုးရာ . . . ဆိုက္ကားကို ဘာလို့ အရှိန်လျှော့လိုက်တာလဲ"

ဟု နားမလည်ဟန်ဖြင့် မေးလိုက်သည်။

"နေအုံး . . . ဟိုမှာ လူတစ်ယောက် ကားပဲ မောင်းတတ်ပြီး ကားပြင်တတ်တဲ့ပုံ မပေါ်ဘူး"

ရိုးရာက ပြောပြောဆိုဆိုဖြင့် ထိုကားနားသို့ ဘီးကို ဖြည်းဖြည်းချင်း လှိမ့်လိုက်ပြီး ဆိုက်ကားဘဲလ်သံ ပေးလိုက်သည်။

ထိုလူခများလည်း သူ့ကားရော လူပါ လမ်းဘေး ချရပ်ထားရက်သားနဲ့ ဘာလို့ ဘဲလ်သံပေးရသလဲဟူသော အူကြောင်ကြောင်အကြည့်ဖြင့် ရိုးရာတို့ထံသို့ ကြည့်လိုက်သည်။

ကြည့်သာ ကြည့်တာပါ၊ မှောင်နေတော့ တစ်ယောက်မျက်နှာတစ်ယောက် မမြင်ရပါဘူး။

ရိုးရာက လှမ်းပြီးစပ်စုလိုက်သည်။

"ကားဘာဖြစ်လို့လဲ"

ရိုးရာထံမှ မေးလာသောအမေးကြောင့် စောစောက ကြောင်စီစီ မျက်နှာမှာ အားကိုးရသွားသောသူတစ်ယောက်ပမာ

"ကားဘီးပေါက်လို့"

"ကားဘီးပေါက်တာ အလွယ်လေးပဲ၊ ဘာခက်တာမှတ်လို့"

လူရွယ်က ခေါင်းက ဆံပင်တွေကို စိတ်ပျက်စွာ ထိုးဖွလိုက်ပြီး . . .

"ဟုတ်ပါတယ် . . . ဒါပေမယ့် ကားချိုင့် ပါမလာဘူး ဖြစ်နေတယ်၊ ဖြစ်နိုင်မယ်ဆိုရင် ကားချိုင့်လေး ခဏငှားပေးနိုင်မလား"

ဆွေဆွေဖြင့် မိုးအေးက ရိုးရာကို ပြူးကြောင်ကြောင်ဖြင့် ကြည့်နေကြပြီး ရောဂါကတော့ စပြီဆိုသော အဓိပ္ပါယ်ဖြင့် တစ်ယောက်ကိုတစ်ယောက် ကုတ်လိုက်ကြ၏။ ပြီးတော့ ဆွေဆွေက . .



www.burmeseclassic.com

www.burmeseclassic.com



"ရိုးရာ. . . ငါတို့ အပြန်နောက်ကျမယ်လေ"

ဟု သတိလှမ်းပေး၏။ ရိုးရာက. . .

"အေးပါ. . ."

ဟု ပြောပြီး တစ်ဆက်တည်းမှာပင်. . .

"ဒါဆိုလည်း ခဏစောင့်လေ၊ ကားဂျိုက်ယူပြီး ချက်ချင်း ပြန်ထွက်လာလိုက်မယ်"

ထိုလူရွှယ်မှာ ရိုးရာစကားကြောင့် အားတက်သွားကာ. .

"ဟာ. . . ကျေးဇူးပဲ၊ ကြာချင်သလောက်ကြာ. . . စောင့်ပါ့မယ်"

ဆိုကာ့ကားကို ဆက်နင်းလာပြီး ဆွေဆွေတို့ လမ်းဘက်ကို ဦးတည်လိုက်သည်။

မိုးအေးက စိုးရိမ်ပူပန်သော မျက်နှာဖြင့်. . .

"ရိုးရာ. . . နင် တစ်ခေါက် ပြန်ထွက်လာအုံးမလို့လား၊ မိုးအရမ်းချုပ်နေပြီလေဟာ"

ဆွေဆွေကပါ မျက်စောင်းချီရင်း. . .

"အေးလေ. . . နင့်ကိုယ်နင် ယောကျ်ားလေးများ မှတ်နေလား"

ရိုးရာက ချိုင့်ခွက်ကို ရှောင်လိုက်ရင်း. . .

"ကျွတ်. . . ဒီနေရာ ဒီပတ်ဝန်းကျင်က ငါ့နယ်မြေပါဟာ၊ ငါ့ကို ဘယ်သူက ဘာလုပ်ရဲမှာလဲ"

"နင့်အဖေသိရင် နင့်ကို ဆူမှာပေါ့"

မိုးအေးက ဖအေနှင့် လှမ်းခြောက်၏။

"အဟတ်. . ဟား. . ဟား. . ငါ့အဖေက ဒီအချိန်ဆို သူ့ရဲ့လေကြောမှာ သူကိုယ်တိုင်တောင် လက်ပစ်ကူးနေလောက်ပြီ၊





အခု နင်တို့ကို ပို့ပြီးတာနဲ့ ကိုကိုလေးဝပ်ရှော့မှာ ကားဂျိုက်ခဏသွားယူပြီး အကူအညီပေးလိုက်ရင် ခဏလေး"

ပြောရင်းဆိုရင်းနဲ့ ဆွေဆွေတို့အိမ်ရှေ့ ရောက်လာသည်။

ဆွေဆွေရော မိုးအေးပါ ဆိုက္ကားပေါ်မှ ဆင်းလိုက်ကြသည်။ မိုးအေးက ဆွေဆွေတို့အိမ်နှင့် တစ်အိမ်ကျော်မှာ နေတာဆိုတော့ တစ်ယောက်တစ်နေရာစီ လိုက်ပို့စရာ မလို။

"ဟဲ့. . . မိန်းမ အချိန်တွေ အကြာကြီး ဆွဲလုပ်မနေနဲ့အုံး၊ ညက အရမ်းမှောင်နေပြီ၊ ခွေးက တစီစီနဲ့၊ ဟင်း. . . တော်ကြာ ကျော်မကောင်း ကြားမကောင်းတွေ ဖြစ်ကုန်မယ်"

"အယ်. . . မိဆွေရယ်၊ စကားကို ဘောင်ခတ်ပြောစမ်းပါဟယ်၊ ခွေးတစီစီ ဖြစ်ရအောင် ငါက ဘာလုပ်မှာမို့လို့လဲ ငါးမြွေခြောက်မရဲ့"

"အဟီး. . . ခစ်. . ခစ်. . ခစ်၊ ပြောရမလား၊ ကားဘီးလဲပေးရင်းနဲ့ လူပါ လဲပေးဆိုရင် ဘယ်လိုလုပ်မလဲ"

ဆွေဆွေ့စကားကြောင့် မိုးအေးပါ မနေနိုင်တော့။ ပါးစပ်ကလေးကို လက်ဝါးနှင့် အုပ်ပြီး တခွီးခွီးနဲ့ ရယ်ပါရောလား။

ညအမှောင်မှာ သူမတို့ သုံးယောက်ရဲ့ရယ်သံက ခပ်အုပ်အုပ် ထွက်ပေါ်လာ၏။

ပြီးတော့ ရိုးရာက သူ့ကို မချိမဆန့် နောက်လိုက်သော သူငယ်ချင်းနှစ်ယောက်ကို ခပ်ပြစ်ပြစ် ကျိန်ဆဲလိုက်ပြီး သူမတို့နှစ်ယောက်ရှေ့မှ ထွက်လာလိုက်သည်။

ဟင်း. . . ငါးမြွေခြောက်မတွေ၊ လူကိုများ ဘုန်းပေါ်လသအော အစားထဲက မှတ်နေသလားမသိ။

ဒီကဖြင့် အဖိုဆို ယင်ဖိုမပြောနဲ့ ခြင်ဖိုတို့ ဖြတ်ကိုအောင်



www.burmeseclassic.com

www.burmeseclassic.com



ဝဲဖူးတာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အိမ်မှာ အမေက ညနေဆို ခြင်လာမှာစိုးလို့ နနွင်းမှုံင်း တိုက်နေတာကိုး၊ ဘယ်က အဖိုးတွေက လာရမှာလဲ။

ဟယ်. . . အတွေးတွေ ငိုကာချဲ့နေလို့ မဖြစ်သေးပါဘူး၊ ဝပ်ရှော့ကို အမြန်နင်းမှ။ တော်ကြာ ကလေးပု အိပ်ပျော်နေရင်ခက်မယ်၊ အဲဒီအကောင်က သူ အိပ်ပျော်နေလို့ကတော့ ဒိုင်နိုဆောလာပြီး သူ့ကိုယ်ပေါ်မှာ Dancer ကသွားရင်တောင် သိမှာ မဟုတ်ဘူး၊ သူက မရဏနုဿတိနဲ့ အိပ်တာ။

ဝပ်ရှော့ရှေ့ ရောက်တော့ ကလေးပု မအိပ်သေး။

သူမအား ညကြီးမိုးချုပ် မလာစဖူးသဖြင့် အံ့ဩကာပြူးတူးပြဲတဲနှင့် အငမ်းမရ မေးတော့၏။

"ရိုးရာ နင် ဘာလာလုပ်တာလဲ"

"ကားဂျိုက် လာယူတာ"

"ဘယ်သူ့ကားကို လုပ်ပေးမလို့လဲ"

ကလေးပုက စပ်စုနေသဖြင့် မျက်စောင်းတစ်ချက်ကို ပေကပ်ကပ်ဖြင့် ထောင့်ကပ်ထိုးလိုက်ရင်း. . .

"မစပ်စုပါနဲ့. . . တကတည်း၊ နေရာတကာ သိချင်တယ်၊ နင့်ကြီးဒေါ်ကို သွားထောက်မလို့ဟ"

ဟု ပေါက်ကရတွေ ပြောပြီး ချိုင့်ကို ဆိုက္ကားပေါ် တင်ကာ အမြန်ဆုံး နင်းထွက်လာခဲ့လိုက်၏။

ကားဆီ ရောက်တော့ ကိုယ်တော်ချောက ကားထဲမှာ နောက်ကျောမှီပြီး သီချင်းနားထောင်နေသေး၏။

ဘဲလ်သံပေးလိုက်မှပဲ ဆတ်ခနဲ ကိုယ်ကို မတ်လိုက်ပြီး ကားပေါ်မှ ကပျာကယာ ဆင်းလာသည်။





အံမယ်. . . ခုမှ သေချာကြည့်မိတယ်၊ လူပုံက အမိုက်စားပဲ၊ Gentle man စတိုင်လ်ပဲ၊ ဖြတ်သွားသော ကားမီးရောင်ကြောင့်လား မသိဘူး၊ ပုံစံက ရှင်းသန့်နေ၏။

"အဆင်ပြေခဲ့လား ငါ့ညီ"

သူမအား ငါ့ညီဟု ခေါ်လိုက်သဖြင့် ရိုးရာ ရယ်ချင်သွားသည်။ ဒီလိုအချိန်မျိုးမှာ ငြင်းချက်မထုတ်ချင်တော့၊ သူ့ရဲ့ ထင်ယောင်ထင်မှားဖြစ်ခြင်းက လုံခြုံမှုတောင် ရှိသေး၊ ဒီတော့ ချော်လဲရောထိုင်လိုက်ရုံပေါ့။

"အင်း. . . ပြေတယ်"

ဆိုက်ကားပေါ်မှ ဆင်းပြီး ကားချိုင့်ကို ယူပြီး ထိုသူကို လှမ်းပေးလိုက်သည်။

ရိုးရာပေးလိုက်သော ချိုင့်ကို ယူပြီး ထိုလူ ယောင်နနဖြင့် ကားဘီးနား ငုတ်တုတ်ထိုင်ချလိုက်သည်။ ကားဘီးကို ဘယ်က စဖြုတ်ရမှန်းမသိ ဖြစ်နေသောပုံစံက တကယ့်နားဝေတိမ်တောင်။

ဒီတော့ ဒီကလည်း အစွမ်းပြချင်နေတဲ့သူဆိုတော့ သိပ်ပြီး စိတ်မရှည်ချင်တော့။

"ကားဘီး မလဲတတ်ဘူးလား"

"အဟဲ. . . လဲတော့ လဲတတ်ပါတယ်၊ ဟိုလေ. . . ဘယ်က စဖြုတ်ရ ကောင်းမလဲ စဉ်းစားနေတာ"

မရေမရာ စကားကြောင့် သူမ အချိန်တွေ ထပ်အဖြုန်းမခံနိုင်တော့။

"ကဲ. . . ပေး. . ပေး. . မထူးတော့ပါဘူး၊ ကူညီလက်စနဲ့ အဆုံးထိပဲ ကူညီပါတော့မယ်"

ဟု ကိုယ့်ဘာသာကိုယ် ခပ်ညည်းညည်းလေး ပြောလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ထိုလူ့လက်ထဲမှ ကားချိုင့်ကို လှမ်းယူလိုက်သည်။

စိတ်ထဲမှာလည်း ကားသာ မောင်းတတ်ပြီး ကားဘီးကျတော့ အဖြစ်ရှိအောင် မလဲတတ်ဘူးဆိုသည့် အထင်အမြင်သေးစိတ်က ရင်ထဲကို တပ်ချီပြီး ဝင်လာကြ၏။

တကယ့် လူ့ဘော်ကြောပဲ။

ကားဘီးနတ်တွေကို ဘီးဂေါက်ဖြင့် ကျွမ်းကျင်စွာ လှည့်ဖြုတ်လိုက်ပြီး ကားဂျိုက်ဖြင့် ကားကို မြှင့်တင်လိုက်သည်။

ပေါက်နေသော ကားဘီးကို အလွယ်တကူ ဖြုတ်ယူလိုက်၏။

ထိုလူကတော့ သူမ လုပ်နေပုံကို သူ့ကိုယ်သူ မင်းသားအက်ရှင်ဖမ်းပြီး စတိုင်ဖြင့် လက်ပိုက်ရပ်ကြည့်နေလျက်။

ဩော်. . . ဒီလူ့နှယ် တော်တော်လေးကို ဘူမမြင် ကိုးမမြင်ပါလား။

ကားဘီးဖြုတ်တဲ့သူက ဖြုတ်နေမှတော့ စပယ်ယာဘီးကို အဆင်သင့် ယူထားမှပေါ့။

"ဘယ်မှာလဲ စပယ်ယာဘီး"

ဒီတော့မှ ပျာပျာသလဲဖြင့်. . .

"ဩော်. . . ဟုတ်သားပဲ မေ့နေလိုက်တာ"

ဟု ဆိုပြီး ကားနောက်ဖုံးကို သွားဖွင့်ပြီး စပယ်ယာဘီးကို ယူနေ၏။

သူမ အမြင်ကတ်ကတ်နှင့်. . .

"ကားဘီးကိုတော့ မ,နိုင်ပါတယ်နော်"

ဟု အငေါ်တူးလိုက်သည်။

ရိုးရာရဲ့စကားကြောင့် သူ ရယ်လိုက်သည်ဟု ထင်လိုက်ပါ





သည်။ ဘာဖြစ်လို့လဲဆိုတော့ လမ်းမီးရောင် မရှိတဲ့ လရောင်အောက်မှာ သူ့ထံမှ ရယ်သံ ခပ်တိုးတိုး ကြားလိုက်ရလို့ပါ။

"အဟဲ. . . ကားဘီးတော့ မ,နိုင်ပါတယ် ညီရာ"

"တော်သေးတာပေါ့"

အနားကို လာချပေးသော ကားဘီးကို အသာမ,တင်လိုက်ပြီး ပြန်တပ်လိုက်သည်။ နပ်တွေကိုလည်း သေချာပြန်ကြပ်ပြီး လုပ်နေစဉ်. . .

ကားတစ်စီးက အရှိန်ဖြင့် တရကြမ်း မောင်းလာသည်။

ဒါကို ရိုးရာ သတိမထားမိ၊ ကားသံကြားပေမယ့်လည်း ကားဂျိုက်ဖြုတ်နေရာသို့ အာရုံက စုပြုံရောက်နေ၏။

"တီ. . တီ. . တီ. . တီ. . ဝေါ. . ဝေါ"

"ဘေးကပ်. . . ဘေးကပ်"

ရုတ်တရက် ရိုးရာရဲ့ခန္ဓာကိုယ်လေးကို ဆတ်ခနဲ လှမ်းဆွဲခြင်း ခံလိုက်ရသည်။

ခန္ဓာကိုယ်က လွင့်ခနဲ ပလက်ဖောင်းပေါ်သို့ ရောက်သွား၏။ ရောက်သွားတယ်သာ ဆိုတယ်၊ ဟန်ချက်ယိုင်နေသော ခန္ဓာကိုယ်က အရှိန်မထိန်းနိုင်တော့ဘဲ သူ့ရင်ဘတ်ဆီသို့ ပြိုလဲသွားလေသည်။

ဒီတော့မှ ရိုးရာ လန့်ဖျပ်ပြီး အော်လိုက်မိပါ၏။

"အမလေး. . . ဘယ်လိုလုပ်လိုက်တာလဲ အရမ်းကြီးပဲ"

နှုတ်မှ လွှတ်ခနဲ ထွက်သွားသော အမလေးဟူသော အသံကြောင့်. . .

ထိုလူသည် ရင်ခွင်ထဲ ရောက်နေသော ရိုးရာရဲ့ခန္ဓာကိုယ်ကို ဖက်တွယ်ထားရာမှ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . မင်း. . . မင်းက မိန်းကလေးလား"

ဟု အလောသုံးဆယ်ထက် မကသော လေသံဖြင့် လှျာခလုတ်တိုက်မတတ် မေးလေ၏။

ရိုးရာလည်း သုံ့ရင်ဘတ်ထဲမှ အတင်းရုန်းထွက်ရပြီး လူကတော့ ရှက်ကိုးရှက်ကန်းပေါ့။ ပြီးမှ အသံကို မတုန်အောင် မနည်းသတိထားပြီး. . .

"အို. . . မိန်းကလေးဖြစ်ဖြစ် ယောကျ်ားလေးဖြစ်ဖြစ် ရှင့်အပူလား"

တဲ့. . . အခုမှ အဖြေက ကွက်တိ။ ကျွန်မ မိန်းကလေးပါလို့ပင် ပြောစရာ မလိုအောင် ရိုးရာရဲ့စကားက ထိုသူသိချင်သောအဖြေကို တိုက်ရိုက်ဖြေကြားလိုက်ပါပြီ။

ထိုသူသည် ညရဲ့လရောင်နှင့် တစ်ချက်တစ်ချက် ဖြတ်သွားသော ကားမီးရောင်တွေရဲ့ အလင်းအောက်မှာ အံ့ဩခြင်းထူးဆန်းခြင်းတွေ ပြည့်နှက်နေသော သူ့ရဲ့မျက်ခွက်ချောချောဖြင့် ခပ်တွေတွေလေး ရပ်နေပြီး စလိုးမိုးရှင်း လေသံမျိုးဖြင့်. . .

"ဟား. . . ကိုယ့်ဘဝမှာ ဒီလိုအတွေ့အကြုံမျိုး ဒီလို မိန်းကလေးမျိုးကို မြင်ဖူးတာ ဒါဟာ ပထမဆုံးပဲ၊ ဆိုက္ကားဆရာမလဲလုပ်တယ်၊ ကားဘီးလည်း လဲတတ်တယ်၊ တကယ့် ဟီးရိုးပဲ၊ မင်းလေယာဉ်ရော မောင်းတတ်သေးလား"

"လေယာဉ်ပဲမောင်းမောင်း အာကာသယာဉ်ပဲ မောင်းမောင်း ရှင်နဲ့ မဆိုင်ဘူး"

ဟု ဘုဆတ်ဆတ်နှင့် ပြန်ပြောလိုက်ပြီး ကားချိုင့်ကို ဆိုက္ကားပေါ် ပြန်တင်လိုက်သည်။

"တဲ. . . ပြီးပြီ"





"မင်းက ဘယ်မှာ နေတာလဲ၊ နာမည် ဘယ်လိုခေါ်လဲ"

ခက်ပြီ။ ဇာတ်လမ်းကတော့ စပြီ၊ ဆွေဆွေတို့ မိုးအေးတို့သာ အနားမှာ ရှိရင် ကဲ ငါတို့ မပြောဘူးလား၊ အခုတော့ နင့်ကိုဇာတ်လမ်းစပြီ မဟုတ်လားဟု ပြောပေရော့မည်။ ညအမှောင်ဟာ ယောကျ်ားတွေရဲ့တဏှာရေယာဉ်ကြောကို နှိုးဆွပေးတဲ့ တွန်းအားတစ်ခုပဲ၊ အမိက တရားခံကတော့ ကိုယ်ပါပဲ။ ရှည်ကို ရှည်တယ်လေ၊ အရစ်ကို ပြောပါတယ်၊ ခုတော့ သူများကို ကူညီချင်တဲ့စိတ်ကကိုယ့်ကို ပြန်ပြီး ရစ်နေချေပြီ။

ကြောက်စိတ်ကို ချွေးသိပ်ပြီး နည်းနည်းမာန်တင်းလိုက်သည်။

"ရှင်နော်. . . ကားဘီးလဲ လဲပေးရသေးတယ်၊ မိန်းကလေးတစ်ယောက်ရဲ့နာမည်ကိုလည်း အငမ်းမရ မေးသေးတယ်၊ ဟင်း. . ကျွန်မနာမည် ဘယ်သူဖြစ်ဖြစ် ရှင်သိစရာ မလိုပါဘူး၊ ရိသဲ့သဲ့လုပ်မယ် မကြံနဲ့နော်၊ ဒီရပ်ကွက်မှာ နာမည်တစ်လုံးနဲ့ နေတာ၊ ရိုးရာအစွမ်းကို သိချင်ရင် ရပ်ကွက်ထဲမှာ ကျွန်မ ဘေပစ်လိုက်တဲ့လူတွေကို လိုက်မေးကြည့်လိုက်၊ သတ္တိရှိလို့ ညဘက် တစ်ယောက်တည်း သွားရဲတာ၊ ရိုးရာတဲ့. . . တစ်ရာထဲ ရှိတယ်၊ နှစ်ရာရှိရင် ဆွဲဖြုပစ်လိုက်မယ်၊ နားလည်လား. . . ဟင်း"

ပြောလည်းပြော ဆိုက္ကားပေါ် ကိုလည်း ခွတက်ပြီးတော့သူ့ရှေ့မှ သုတ်ခြေတင်ပြီး နင်းခဲ့တော့၏။ ထိုလူကတော့ ဟပ်ကော့ဖြစ်ကျန်ခဲ့၏။

"ဟင်း. . . လူပါးဝလိုက်တာ၊ ကျေးဇူးရှင်ကို ကျေးဇူးဆပ်တယ်ဆိုတာ ဒါမျိုးပေါ့၊ ရိုးရာတို့က နပ်ပြီးသား၊ ဘယ်တော့မှ သူတို့ရဲ့တဏှာဂွင်ထဲ မဝင်ဘူး၊ နာမည်မေးပြီး ဇာတ်လမ်းဆင်ဆင်၊



www.burmeseclassic.com

www.burmeseclassic.com



ဟင်. . . ငါ. . ငါ့နာမည်ကို ပြောမှား ပြောခဲ့မိလား မသိဘူး၊ အယ်. . . အဲဒါမှ ခက်ပြီ၊ အဟိ. . . ငါက ပြောတော့ နာမည် သိစရာ မလိုဘူးဆိုပြီး ငါ့စကားထဲမှာ ငါ့နာမည်ကို ပြောခဲ့မိပြီ၊ အဟား. . . ငါ တော်တော်တုံးတာပဲ၊ ခစ်. . ခစ်. . ခစ်"

ထိုလူရွှယ်မှာလည်း သူမရဲ့ ဒေါန့်မောန့် ပြောကာ ဆိုက္ကားနင်းထွက်သွားသော သူမရဲ့လိမ်ဖယ်လိမ်ဖယ် ပုံစံလေးကို ကြည့်ရင်း ရိုးရာဆိုတဲ့ ကောင်မလေးရယ်၊ ဘာကြောင့်များ အဲဒီလောက် တုံးရတာလဲပေါ့။

သူ့စကားထဲမှာ သူ့နာမည် ပါသွားတယ်ဆိုတာ တွေးမိပုံ ရမသွားဘူး၊ ထင်တော့ ထင်သား။ အသံက မိန်းကလေးသံ ပေါက်နေပါလားပေါ့။

ရိုးရာခမျာမှာလည်း နမော်နမဲ့နိုင်မှုကြောင့် ရင်ခုန်ချင်သလိုလို မခုန်ချင်သလိုလို ရှက်သလိုလို မရှက်သလိုလို ကြည်နူးသလိုလို စိတ်ရှုပ်သလိုလိုဆိုသော သလိုလိုပေါင်းများစွာကို အာရုံထဲ ထိုးသိပ်ထည့်ပြီး ဆိုက္ကားကို ဗိုလ်စိန်မှန်လမ်းဘက်သို့ တွေ့လိုက်သည်။

ရုတ်တရက် အမှောင်ထဲမှ ထွက်လာသော မည်းမည်းအရိပ်တစ်ခုကြောင့် ရင်ထဲ ဒိန်းခနဲ ခုန်သွား၏။

ခုမှ တကယ့်ကို ဗိုအားပြင်းပြင်း ရင်ခုန်လိုက်ခြင်းပါ။

ပရမ်းပတာ ခုန်ချလိုက်သော တဒိန်းဒိန်းဆိုသော ရင်ခုန်သံကြီးကို အားပြု မျက်လုံးကို စုံမှိတ်ကာ ပါးစပ်က အော်ချင်ရာတွေ အော်ပစ်လိုက်သည်။ မတိုးမကျယ်သောအသံဖြင့်ပေါ့။

"သရဲ. . . သရဲ"

သရဲဟု အော်လိုက်သော ကိုယ့်ရဲ့ အထိတ်တလန့်အသံနှင့်





အတူ. . .

"ဘယ်မှာလဲ. . . ဘယ်မှာလဲ. . . သရဲ"

ဆိုသည့်အသံတစ်ခုပါ နောက်ဆက်တွဲ ထွက်ပေါ်လာပြီး ဆိုက်ကားပေါ် ဆွေ့ခနဲ ခုန်တက်၍ ထိုင်လိုက်သော အရိပ်မည်းကြီးကြောင့် ဆိုက္ကားက သိမ့်ခနဲ တုန်သွား၏။

ရိုးရာမှာ ဆိုက္ကားကို ဆက်မနင်းတော့ပဲ ကြောင်စီစီဖြင့် ကိုယ့်ဆိုက္ကားပေါ် ခုန်တက်လာသော သရဲဟု ထင်ထားသော မဲမဲသဏ္ဌာန်ကြီးကို အသေအချာ ကြည့်လိုက်သည်။

အမှောင်ထဲလည်းဖြစ် လရောင်ကလည်း သိပ်မလင်းဆိုတော့ လူလား သရဲလားဆိုပြီး ဝေခွဲရခက်နေ၏။

ထို့နောက် ဆောင်းထားသော ဦးထုပ်ကို ချွတ်ပြီး အသေအချာ ကိုယ်ကို ငုံ့ကိုင်းကြည့်လိုက်သည်။

မဲမဲသဏ္ဌာန်ကြီးထံမှ အသံထွက်လာသည်။

"သရဲဆို နင်းလေ၊ ဘာဖြစ်လို့ ရပ်ထားရတာလဲ၊ မြန်မြန်နင်းပါ"

ဟူသောအသံကြောင့် သူမ ဇာတ်ရည်လည်သွားလေဟန်ဖြင့်. . .

"သရဲဆိုတာ ရှင့်ကို ပြောတာပေါ့၊ ရှင်ဘာဖြစ်လို့ သူများ စီးတော်ယာဉ်ပေါ်ကို တက်လာရတာလဲ"

တစ်ကိုယ်လုံး အမဲရောင်ဝတ်စုံကို ဝတ်ထားသော ထိုလူကို တမင် ဤသို့ ပြောလိုက်ခြင်းဖြစ်သည်။

ထိုသူခမျာလည်း ဆိုက္ကားနင်းလာသူထံမှ မိန်းမတစ်ယောက်ရဲ့အသံသြရှရှ ချိုကြည်ကြည်လေး ထွက်ပေါ်လာသဖြင့် ပို၍ပင် စွတ်၍အော်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . သရဲ. . . သရဲမ"

"အောင်မယ်. . . သူများဆိုက္ကားပေါ်ကိုလည်း ပိုင်စိုးပိုင်နင်း တက်လာသေးတယ်၊ သူများကိုလည်း သရဲမလေးဘာလေးနဲ့"

"အယ်. . . ဒါဆို ခင်ဗျား. . ခင်ဗျားက သရဲမဟုတ်ဘူးလား၊ မှန်းစမ်း. . . ခင်ဗျားအသားတွေ ပူသလား အေးသလားလို့ ကိုင်ကြည့်ရအောင်"

ဟု ဆိုကာ ရိုးရာရဲ့လက်ကို ဖျတ်ကနဲ လှမ်းကိုင်လိုက်သည်။ ရုတ်တရက်မို့ ကြောင်နန ဖြစ်နေ၏။ ပြီးမှ သတိရသွားသဖြင့် ထိုလူရဲ့လက်ကို ကျန်လက်တစ်ဖက်ဖြင့် ခပ်ဆတ်ဆတ် လှမ်းရိုက်လိုက်ရင်း. . .

"ရှင်. . . ရှင် ဒါ. . . ဘာလုပ်တာလဲ"

ဟု ဆိုကာ သူ့လက်ကို အတင်းပြန်ရုပ်လိုက်၏။

ထိုလူကလည်း မလွှတ်ဘဲ ကိုင်ထားမြဲ ကိုင်ထားဆဲ။

ထိတွေ့မှု အသစ်အဆန်းလေးတွေက ထိုလူ့ကို ရင်ခုန်မိန်းမောသွားစေမလားပင်။

ထိုသူ့ထံမှ ဝမ်းသာအားရ အသံတစ်သံ ထွက်ပေါ်လာသည်။

"သ. . သရဲ မဟုတ်ဘူး. . လူ. . လူ. . အိစက်နွေးထွေးနေတာပဲ"

"ရှင် တော်တော် လူပါးဝတာပဲ၊ ဆင်း. . . ဆိုက္ကားပေါ်က ခု ဆင်းစမ်း၊ ပြောမရရင် သံတုတ်စာ ကျွေးမှာနော်"

ဟု ဆိုကာ ရိုးရာသည် ထိုလူရှယ် ထိုင်နေသော ရှေ့ခုံထဲသို့ လက်ကို အသာလျှိုသွင်းလိုက်လေသည်။





သံတုတ်က သူထိုင်နေတဲ့ခုံထဲက ကူရှင်ဘေးမှာ ထားတာကိုး။

"အောင်မလေးဗျ. . . ယားတယ် ဟား. . ဟား. . ဟား. . ယားတယ်၊ ကျွန်တော့်ဟာကို မကိုင်နဲ့၊ ယားတယ်ဗျ၊ ဟား. . ဟား. ဟား"

ထွန့်ထွန့်လူးကာ ရယ်နေသော အသံကြောင့် ရိုးရာ စမ်းနေသောလက်ကို အမြန်ပြန်ရုပ်လိုက်ရ၏။

"ရှင် ဘာတွေ ပေါက်ကရ အော်နေတာလဲ၊ ကျွန်မက ရှင့်ဟာကို ဘာကိုင်လို့လဲ၊ ရှင့်ခေါင်းကို ခွဲဖို့ သံတုတ်လှမ်းနှိုက်တာ"

"ဆော. . . ဆောရီးပဲဗျာ၊ အဟဲ. . . ကျွန်တော့်ဟာဆိုတာ ကျွန်တော့်ရဲ့ပေါင်ကို ပြောတာပါ။ ရုတ်. . ရုတ်တရက်ဆိုတော့ ကျွန်တော့်ပေါင်ကို ခင်. . . ခင်ဗျား လှမ်းကိုင်တာ ထင်လို့ ကျွန်တော်က ကိုယ့်ပေါင်ကို သူများလာကိုင်ရင် စိတ်တွေ မရိုးမရွဖြစ်ပြီး ဟို. . . ဟိုဒင်းက ယားတယ်ဗျ"

"ဘာ. . ."

"ဟို. . . ဟိုဒင်းဆိုတာ အသဲ. . အသဲယားတာကို ပြောတာပါ၊ ခင်ဗျားကလည်း အထအနက ကောက်ပြန်ပြီ၊ နေပါအုံး. . ခင်ဗျားက မိန်းကလေးဖြစ်ပြီး ဘာလို့ ဆိုက္ကားနင်းရတာလဲ၊ ညကြီးအချိန်မတော် ကျွန်တော်ကလည်း အတ္တအရမ်းပြုချင်နေတာနဲ့ ဆိုက္ကားကို တားလိုက်တာ၊ အား. . ကျွတ်. . ကျွတ်. . ပြောရင်း အတ္တက ပြုချင်လာပြီ၊ အား. . . အစ်. . အစ်"

ရိုးရာ အူကြောင်ကြောင် ထိုလူကို ကြည့်ပြီး မအီမလည်အသံဖြင့်. . .

"ရှင် ဘာဖြစ်နေတာလဲ. . . ဆင်းစမ်း၊ ကျွန်မ ဆိုက္ကား



www.burmeseclassic.com

www.burmeseclassic.com



ဆရာ မဟုတ်ဘူး"

"တက်. . တက်လက်စနဲ့ မထူးပါဘူးဗျာ၊ ကျွန်တော့်ကို ဗိုလ်လရောင်လမ်းကို လိုက်ပို့ပေးပါလား၊ အား. . ကျွတ်. . ကျွတ်. . လုပ်. . . လုပ်ပါဗျာ၊ ကူညီပါ"

"ဒီမှာ. . . ရှင် ဘာဖြစ်နေတာလဲ၊ ကလေးမွေးချင်နေတာလား၊ ဒါမှမဟုတ် အူအတက် ပေါက်နေတာလား"

သူ့ရဲ့ မရှုနိုင် မကယ်နိုင် ညည်းတွားနေတဲ့ ပုံစံကြီးကို ကြည့်ပြီး ထင်ရာစိုင်းပြီး မေးလိုက်ပါ၏။

တစ်နေ့က ဟိုဘက်လမ်းက မဂျာရစ် ကလေးမွေးခါနီး ဗိုက်နာလို့ အော်တာနဲ့ ဒီလူအော်တာနဲ့ ခပ်ဆင်ဆင် တူနေလို့ပါ။ ဒါပေမယ့် သူက ယောက်ျားကြီးပဲ။ မဂျာရစ်လို ကလေးမွေးနိုင်ပါ့မလား။

"လုပ်ပါ. . . အမြန်. . အမြန်နင်းပါ၊ ထွက်ကျကုန်တော့မယ်"

ထွက်ကျကုန်တော့မယ်ဆို၍ ရိုးရာ လန့်သွား၏။

ဘာထွက်ကျမှာလဲ အရင်းမရှိ အဖျားမရှိ။

"ကျွန်တော် အိမ်သာတက်ချင်လို့ တော်တော့်ကို အောင့်ထားရတာပါဗျာ၊ ဆိုက္ကားကို တွေ့လို့ ဆိုက္ကားနဲ့ ပြန်မှ ဖြစ်မယ်ဆိုပြီး လှမ်းတားမိတာပါ။ အိမ်ကို လမ်းလျှောက်ပြန်မယ်ဆိုရင် လမ်း. . လမ်းမှာတင် ထွက်ကျကုန်မှာစိုးလို့ပါ"

ထိုစဉ် ရှေ့ဘက်မှ ကားတစ်စီး မောင်းထွက်လာသဖြင့် ထိုကားမီးရောင်ကြောင့် ထိုကိုယ်တော်ကို ဖျတ်ခနဲ သေသေချာချာ မြင်တွေ့လိုက်ရသည်။

အရွယ်က ရိုးရာတို့နှင့် ရွယ်တူလောက် ရှိမည်ထင်သည်။





ပုံစံက နင်ဂျာလိုလို တောက်ပြားလိုလို တစ်ကိုယ်လုံး အမည်းရောင်တွေ ဝတ်ထား၏။

သူ့မျက်နှာက မီးရောင်အောက်မှာ အန္တရာယ်ကို လွယ်ထား၍ ဖောချွေးပြန်နေ၏။

ရိုးရာ သူ့ကို ကြည့်ပြီး သနားလည်း သနားသွားရ၏။ ရယ်လည်း ရယ်ချင်သွားရ၏။

ထို့အတူ ကူညီရန်လည်း ဆုံးဖြတ်လိုက်သည်။

"ကဲ. . ပြီးရော. . ပြီးရော၊ စိတ်ကို တင်းထား၊ ကျွန်မ လိုက်ပို့မယ်၊ အင်္ဂလိမာလသုတ်လေး ဘာလေးလဲ ရွတ်ထားအုံး"

အယ်. . . ဟုတ်ပါဘူး၊ သူ. . . သူက ကလေးမွေးမယ့်သူမှ မဟုတ်တာ၊ ပါးစပ်ကလည်း ဘာတွေ လျှောက်ပြောနေမှန်းမသိ။

သူမစကားကြောင့် ထိုလူ နာကျင်ထွက်ကျချင်နေသော ဝေဒနာတွေကြားထဲမှ ရယ်သံ တစ်ဝက်တစ်ပျက်က ထွက်ပေါ်လာသေး၏။

"အဟင်း. . . ခင်ဗျား နောက်တတ်သားပဲ၊ အား. . . ကျွတ်. . ကျွတ်. . မြန်မြန်လေး မောင်းလို့ရအောင် မောင်းပေးပါဗျာ"

ဟုလည်း တောင်းပန်တိုးလျှိုးသေး၏။ သနားစရာကွယ်။

"နင်း. . နင်းနေတာပဲ၊ ရှင် အောင့်နိုင်သလောက် ထပ်ပြီး အချိန်မြှင့်ပြီး အောင့်လိုက်ပါအုံးနော်၊ ထွက်. . ထွက်ကျကုန်ရင် ဘတ်ဝန်းကျင်လေထု ညစ်ညမ်းသွားနိုင်သလို မနက်မိုးလင်းရင် ရှင့်ရဲ့ဟိုဒင်းအပုံကြီးကြောင့် ရပ်ကွက်ထဲက ခွေးတွေ အဝေမတည့်လို့ ခက်ဆင်ရေးတွေ ဖြစ်သွားနိုင်တယ်၊ အနီးအနားက လူတွေလည်း အားညည်းသွားနိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြီး ဆိုက္ကားကို အမြန်ဆုံးနှုန်းနဲ့ နင်းလိုက်သည်။ ချိုင့်ခွက်တွေကိုလည်း မရှောင်နိုင်တော့၊ အဟီး. . . မနက်မိုးလင်းရင် ဆိုက်ကားစပုတ်တံ အနည်းလေး ဆယ်ချောင်းလောက်တော့ ကျိုးရချေရဲ့။

ထိုလူ့ခမျာမှာလည်း ရှုံ့မဲ့နေရာမှ ရယ်ချင်ဘက်ကို ခဏကူးလာလိုက်ပြီး တခွီးခွီးနဲ့ ရယ်နေရှာပါ၏။

"ခင်ဗျား တော်တော်နောက်တာပဲ၊ နောက်ထပ် ရယ်စရာ ထပ်မပြောပါနဲ့တော့၊ ကျွန်တော်. . ကျွန်တော် ထွက်ကျကုန်မှာစိုးလို့ပါ"

"ကဲပါ. . . ရှင့်အိမ် ရောက်အောင်သာ ညွှန်ပါ၊ အိမ်မရောက်ခင်အထိတော့ အသိကို သတိလေးနဲ့ ယှဉ်ပြီး စားခဲ့သမျှတွေ အကုန်လုံး အပြင်မထွက်နဲ့အုံး ဆိုပြီးတော့သာ တရားသဘောလေးနဲ့ ယှဉ်ပြီး မှတ်ခဲ့တော့"

ရိုးရာစကားကြောင့် ထိုလူမှာ မအောင့်နိုင် မအည်းနိုင်ဖြင့် တဟားဟားဖြင့် ရယ်ရင်း. . .

"ဟား. . ဟား. . ဟား. . ဟား. . ထွက်. . ထွက်ကုန်ပြီဟာ. . . လုပ်ပါအုံး၊ ထွက်ကုန်ပြီ"

ထွက်ကုန်ပြီဆို၍ ရိုးရာလည်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကုန်၏။ ကိုယ်က သူထွက်ပြီဆိုတိုင်း ဘာလုပ်ပေးနိုင်မှာမို့လို့လဲ။ ပုဆိုးလှန်ပြီး ကျန်နေသေးတာကို အီး. . အီး ဆိုပြီး ဆက်ပြီး တယ်ရမှာလား၊ ဒါမှမဟုတ် ကိုယ့်ရဲ့ဆိုက္ကားကူရှင်တွေ ပေမှာစိုးလို့ သူ့ဖင်အောက်က သနားစရာ ကူရှင်တွေကိုပဲ ဆွဲထုတ်ရမှာလား၊ ပေတာတော့ အကုန်ပေကုန်ပါပြီ။

"နင်း. . နင်းလေ"





ဟု မချိမဆန့်သံ ကြားမှ အရှိန်လျှော့လိုက်သောနှုန်းကို ပြန်မြှင့်လိုက်သည်။ ဒီကြားထဲ သူ့အီးနံ့သူ မခံနိုင်သဖြင့် နှာခေါင်းကို လက်နဲ့ ညှစ်ပိတ်ရင်း(နှာခေါင်းသံဖြင့်). . .

"နှာခေါင်းပိတ်ထားနော်. . . ကျွန်တော် နည်းနည်းထွက်သွားပြီ၊ အဲဒါကြောင့် ခင်ဗျားကို ရယ်စရာ မပြောပါနဲ့လို့ ပြောတာပေါ့"

ရိုးရာလည်း ယောင်နနဖြင့် လက်တစ်ဖက်က ဆိုက္ကားဟန်ဒယ်ကို ကိုင်ရင်း ကျန်တစ်ဖက်က နှာခေါင်းကိုပိတ် အသက်ရှူအောင့်ထားရသည်။

"ကျွတ်. . . ရှင်ဟာလေ၊ တော်တော် ညစ်ပတ်တာပဲ၊ သူများဆိုက္ကားတော့ ညစ်ပတ်ပါပြီ"

ဟု နှာခေါင်းပိတ်ထားသော နှာခေါင်းသံဖြင့် ပြန်ပြောလေ၏။

လူရွှယ်ကလည်း အားကျမခံ နှာခေါင်းသံဖြင့်ပင်. . .

"အဟဲ. . . ဆောရီးပဲဗျာ၊ ကျွန်တော် အိမ်ရောက်ရင် ခင်ဗျားကူရှင်ကို ပြန်ဆေးပေးပါ့မယ်"

သူ့ပုံစံကြည့်ရတာ အောင့်ထားတာတွေကို တစ်ဝက်နီးနီးလောက် အပြင်ကို စွန့်ထုတ်လိုက်ရလို့ ထင်သည်။ လေသံက မချိသောအသံ မဟုတ်တော့၊ နည်းနည်း ပုံမှန်အသံလေး ပြန်ဖြစ်သွား၏။

ရိုးရာမှာသာ စိတ်ထဲ မအီမသာကြီး ဖြစ်၍နေလေတော့၏။

သူ့ကို စိတ်လည်း ဆိုးချင်သည်။ စိတ်ဆိုးလို့က မရ။ အန္တရာယ်ဆိုတာ ဘယ်လွယ်ထားလို့ ရမှာလဲ။ ဘယ်သူက



www.burmeseclassic.com

www.burmeseclassic.com



ရော ကိုယ့်ကိုယ်ကို အရှက်ကွဲခံချင်ပါ့မလဲ၊ ဒီဒုက္ခက ဘယ်ဒုက္ခနဲ့မှ မတူ၊ ဒီခံစားမှု အရသာဆိုးကို သူမကိုယ်တိုင်လည်း ခံစားဖူး၍ သိသည်။

ပြောမပြတော့ပါဘူး၊ အတိတ်ကို ပြန်ဆွဲပြီး ပြောနေရင် ရှက်စရာတွေက အသစ်ပြန်ဖြစ်လာအုံးမယ်။

"ဟိုး. . ဟိုး. . ရှေ့နားက ခရေပင် အုပ်အုပ်နဲ့ အိမ်ရှေ့မှာ ရပ်"

သူကသာ ခရေပင်လို့ ပြောနေတာ၊ ရိုးရာကတော့ ဒီလောက် ညကြီးမိုးချုပ် ဘယ်ဟာက ခရေပင် ဘယ်ဟာက ကံ့ကော်ပင်ဆိုပြီး ခွဲခြားနေနိုင်မှာလဲ။

"ဒီလောက်မှောင်နေတာ ခရေပင်ဆိုတာ ဘယ်လိုလုပ်သိမှာလဲ၊ ရှင် တော်တော်ထူတာပဲ"

"လိုမ့်. . လိုမ့်. . ရှေ့နှစ်ကိုက်စာလောက်ဆို ရပြီ၊ ရပ်. . . ရပ်တော့"

သူက ရပ်ဆို၍ ဆိုက္ကားကို အရှိန်လျှော့၍ ရပ်လိုက်သည်။

ဆိုက္ကားရပ်လိုက်သည်နှင့် လူရွယ်က ဆိုက္ကားပေါ်မှ ကုန်းကုန်းကွကွဖြင့် ပုံသဏ္ဍာန် မမှန်သော စတိုင်လ်ဖြင့် ကသုတ်ကယက် ဆင်းသွားပြီး. . .

အိမ်တံခါးသော့ကို အမြန်ဖွင့်လိုက်ပြီး အိမ်ထဲသို့ အမြန်ပြေးဝင်သွားလေသည်။ အိမ်ရှေ့မီးက ဖျတ်ခနဲ လင်းလာသည်။

ရိုးရာခမျာမှာတော့ အိပ်ပေနေသော ကူရှင်တွေကို ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဘဲ ယောင်နနဖြင့် အိမ်ရှေ့လမ်းမမှာ ကျန်ခဲ့၏။

"ဟော့လူ. . . ဒီမှာ သူများကူရှင်တွေကို ဆေးပေးအုံးလေ"





ဟု အိမ်ပေါက်ဝကို ကဲကြည့်ရင်း လှမ်းပြောလိုက်သည်။

ခဏကြာတော့ သူ ပြန်ထွက်လာသည်။

"စိတ်မရှိပါနဲ့ဗျာ. . . ဒီမှာ အရင်ဆုံး သန့်ရှင်းရေး လုပ်နေလို့ပါ"

ဟု တောင်းတောင်းပန်ပန်နှင့် ပြောကာ ကူရှင်နှစ်ခုကို ယူပြီး အိမ်ထဲ ပြန်ဝင်သွား၏။

သိပ်မကြာလိုက်သော (၁၅)မိနစ်ခန့်မှာပင် ရှက်နေသော မျက်နှာကို သူမ မရိပ်မိစေရန် ဟန်ဆောင်အပြုံး ရယ်ကျဲကျဲလေး တစ်ခုအား သူမ မြင်သာအောင် ပြုံးပြပြီး. . .

"အရမ်းကို အားနာပါတယ်၊ အနူးအညွတ်လည်း တောင်းပန်ပါတယ်၊ ကျွန်တော့်ဘဝမှာ ဒါဟာ ပထမဦးဆုံးအကြိမ် အရှက်ကွဲခြင်းပါ၊ ကံဆိုးချင်တော့ ခင်ဗျားလို မိန်းမချောလေးရှေ့မှာမှ တစ်ခါမှ မကွဲဖူးတဲ့အရှက်တွေ ဖြန်းကနဲ ကွဲတော့တာပဲ"

ရှက်ခြင်းနှင့် အားနာခြင်းတွေ ရောသမမွှေထားသော ထုံအမ်းအမ်း မျက်နှာဖြင့် ပြောလာသော သူ့ရဲ့စကားတွေကြောင့် ရိုးရာ ထပ်နောက်ချင်သွားပြန်ပါသည်။

"အဟင်း. . . ရှင်ကလဲ၊ ဖြန်းကနဲ မမြည်ပါဘူး၊ ဗျစ်ကနဲ မြည်တာပါ၊ ကျွန်မတောင် သဲ့သဲ့ကြားလိုက်သေးတယ်၊ ဟုတ်တယ် မဟုတ်လား ကိုအက်ထွီးရဲ့"

ကိုအက်ထွီးဟု ဆိုလိုက်သဖြင့်. . .

"ဟို. . ဟို. . နာမည်မှားနေပြီ ကျွန်တော့်နာမည် အက်ထွီး မဟုတ်ပါဘူး. . . ရှင်းသန့်ပါ"

သူမက ခနော်ခနဲ့ ရယ်လိုက်ပြီး သူ့လက်ထဲမှ ရွေးထားသော ကူရှင်ကို လှမ်းယူလိုက်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com

"နာမည်မမှားပါဘူး. . . ရှင်က ကျွန်မရှေ့မှာ အီးထွက်သွားလို့ အက်ထွီးလို့ ခေါ်လိုက်တာ၊ မှားစရာအကြောင်းကို မရှိဘူး"

သူမ စကားကြောင့် ရှင်းသန့် ရှက်ကျဲကျဲလေးဖြင့် ရယ်လိုက်ပြီး. . .

"ဟာ. . . မ. . . မနောက်ပါနဲ့ဗျာ"

ရှင်းသန့်အသံမှာ မသိမသာ တုန်ယင်နေပါ၏။ ဩော်. . . သူ တကယ်ရှက်နေတာပဲ၊ ဆက်ပြီးမနောက်တော့ပါဘူးလေဟု တွေးပြီး. . .

"ကဲ. . . ကဲ. . . ကျွန်မပြန်ပြီ ကိုအက်ထွီး၊ အဲလေ. . . ကိုရှင်းသန့်"

သူ့ရှေ့မှ ဆိုက္ကားကို ဆက်ပြီး နင်းလာခဲ့လိုက်၏။ အပြန်လမ်းတစ်လျှောက်ရဲ့အတွေးထဲမှာတော့ ထိုညအတွက် အံ့သြခဲ့ရပါသည်။ သိပ်ကို ချောလွန်းတဲ့ ယောက်ျားပျိုနှစ်ယောက်နှင့် ရှေ့ဆင့်နောက်ဆင့် ဆုံမိခြင်းဟာ တိုက်ဆိုင်မှုတစ်ခု ဆိုပေမယ့် ကံဇာတ်ဆရာက သူမရဲ့အနာဂတ်အတွက် ဘယ်လိုထူဆစ်ပုံဖော် မွမ်းမံထားအုံးမလဲဆိုတာ တွေးရင်း ရင်ထဲမှာ ခိုးလိုးခုလု ဖြစ်လို့နေပါ၏။

လေပြေနွေ့နွေ့လေးတွေက ညဘက်မှာ လမ်းသလားနေသော သူမကို တို့ထိဆော့ကစားနေကြ၏။

အိမ်ရောက်တော့ အဖေ့ရဲ့ တော်ကီမျောပွဲတောင် ပြီးလို့အဖေပင် အိပ်မောကျနေရှာ၏။ ဆိုက္ကားကို အသေအချာ သိမ်းပြီး အိမ်ဘေးမှ ပတ်၍ အိမ်နောက်ဘေး တံခါးချပ်ကို အသာတွန်းဖွင့်လိုက်သည်။ အကျင့်ပါနေသော ခြေလှမ်းတွေက တောက်ပြားခြေလှမ်းမျိုးဖြင့် ခပ်ဖွဖွရယ်။ ကြောင်မလေး ချိုဝမ်က သူ့ခြေထောက်ကို လျှာလေးဖြင့် အသာလျက်ရင်း ခုမှ ပြန်လာရသလား





ဆိုသော အပြစ်တင်သည့်အကြည့်ဖြင့် ကြည့်နေရှာ၏။

အချိန်က ည(၁၁)နာရီပင် ထိုးလို့နေပေသည်။


www.burmeseclassic.com

www.burmeseclassic.com



## အပိုင်းခွဲ(၄)

အိမ်ပေါ်ကို တက်လာကြသော သူငယ်ချင်းနှစ်ယောက်ရဲ့ လှတပတ ပြင်ဆင်လာမှုကြောင့် ရိုးရာက မီးပူတိုက်နေရင်းမှ လှမ်းကြည့်ကာ ပြုံးစိစိဖြင့်. . .

"ဟယ်. . . ဒါက ဘယ်လိုဖြစ်လာကြတာလဲ၊ ဝါးလုံးပေါက်ထဲ လသာနေကြပါလား၊ ပြင်ထားဆင်ထားလိုက်ကြတာ ပြာဟောက်နေတာပဲ"

ရိုးရာရဲ့ မထိတထိ ကလိအိအိ စကားကြောင့် ဆွေဆွေရော မိုးအေးပါ မျက်စိမျက်နှာပျက်ပြီး တစ်ယောက်မျက်နှာတစ်





ယောက် ပြိုင်တူကြည့်မိကြ၏။

"ဟယ်. . . သူပြောသလိုမျိုး ငါ့မျက်နှာ တကယ်ပဲ ပြာဟောက်နေလားဟင်"

မိုးအေးက ဆွေဆွေ့ကို မျက်နှာငယ်လေးဖြင့် မေးရှာ၏။

ဆွေဆွေကလဲ မလုံမလဲ မျက်နှာဖြင့်. . .

"ငါရောပဲလားဟင်"

မိုးအေးက ဆွေဆွေ့မျက်နှာကို အသေအချာကြည့်ပြီး. .

"ဟင့်အင်း. . . မပြာဘူး ထင်တာပဲ"

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အဖြေရှာပေးရင်း ရိုးရာဆီသို့ မျက်စောင်းတွေ အလုံးလိုက် ပစ်သွင်းကြတော့၏။ နဂါးသာဆို ရိုးရာ ပြာဖြစ်လောက်၏။

"ရိုးရာနော်. . . နင် တော်တော် စိတ်ပုတ်တယ် သိလား၊ ငါတို့က အပြတ်ရှိုင်းလာတာဟဲ့"

ရိုးရာက ခနော်နီ ခနော်နဲ့ ရယ်ခြင်းမျိုးဖြင့် ရယ်လိုက်ပြီး

"ဒါက ဘယ်ကို ကြွကြွမလို့လဲ"

ရိုးရာက မီးပူတိုက်ပြီးသား အင်္ကျီကို စီထားသော အဝတ်ထပ်ပေါ်သို့ လှမ်းတင်ရင်း ရွဲ့ပြီးမေးလိုက်သည်။

ဆွေဆွေကလည်း သူ့လိုပင် ရွဲ့ပြီး ပြန်ဖြေ၏။

"အဝီစိ သွားမလို့ နင့်ကို လာခေါ်တာ"

"ဟယ်. . . အဝီစိဆိုရင်တော့ ငါ မလိုက်သေးပါဘူး သူငယ်ချင်းတို့ရယ်၊ နင်တို့ပဲ လိုက်သွားကြတော့၊ ငါက နတ်ပြည်မှာ Shopping ထွက်ဖို့ Sponsor စောင့်နေတာ ဆိုတော့ ငါ လိုက်လို့ မဖြစ်သေးဘူး"

ရိုးရာရဲ့ မထိတထိ ပြန်ရွဲ့ခြင်းကြောင့် ဆွေဆွေက သုံး



www.burmeseclassic.com

www.burmeseclassic.com



ယောက်သား ကြားသာရုံ အသံလေးဖြင့် ခပ်ပျစ်ပျစ် ကျိန်ဆဲလိုက်ရင်း. . .

"ဟိုက ငရဲမင်းက နင့်ကို ကီပင်အဖြစ် အသုံးတော်ခံခိုင်းမလို့တဲ့၊ အဲဒါဆို နင်လိုချင်တဲ့ စပွန်ဆာ ရမယ်"

"ကဲ. . . တော်ကြပါတော့ဟယ် တကယ်ပါပဲ၊ လိုရင်းကို မရောက်တော့ဘူး၊ ရိုးရာ. . . နင်ကလည်း ဘယ်အရာမှ လေးလေးနက်နက် မရှိဘူး၊ ဒီနေ့ ဇင်ကိုကို မွေးနေ့လေဟာ၊ ဟိုအပတ်ထဲက ကြိုပြီးဖိတ်ထားတဲ့ဟာ"

မိုးအေးပြောမှ ရိုးရာက သတိရသွားဟန်ဖြင့်. . .

"ဩော်. . အေး. . ဟုတ်သားပဲ၊ ငါ မေ့နေတာ၊ အဲ. . . ဒါပေမယ့် ငါ မလိုက်ဖြစ်တော့ဘူး၊ နင်တို့ဘာသာပဲ သွားလိုက်ကြတော့"

ဆွေဆွေရော မိုးအေးရော ဒါမျိုးကျတော့ ရိုးရာမပါဘဲ မသွားချင်ကြပြန်။ သူတို့အဖွဲ့ထဲမှာ ရိုးရာက ဆရာကြီးပဲ။

"ဟယ်. . . အဲဒီလိုတော့ မလုပ်နဲ့လေဟာ၊ ရှိတာဖြင့် သူငယ်ချင်းဆိုလို့ တရေးနိုး ထကြည့်လဲ ဒီသုံးယောက်ပဲဟာ၊ ဒီနေ့ မိုးအေးအတွက် ငါတို့ ပါရမီ ဝိုင်းဖြည့်ပေးရမှာလေ"

ဆွေဆွေက မိုးအေးအစား မျက်နှာငယ်လေးဖြင့် ပြောပေးရှာ၏။

မိုးအေးက. . .

"အံမယ်. . . ငါ့ကို ပါရမီ ဖြည့်မယ်လို့ချည်း မပြောနဲ့၊ နင့်အတွက်လည်း ထည့်ပြောလေ"

ရိုးရာက အဝေမှတည့်နေသော သူတို့နှစ်ယောက်ကို ကြည့်ပြီး ဆရာကြီးလေသံနဲ့. . .





"ဘာလဲ. . . ဘာတွေ ရှုပ်ထားကြပြန်ပြီလဲ၊ ငါ့ကို သံတော်ဦး တင်စမ်း"

မိုးအေးက ဆွေဆွေ့ကို ကြည့်ပြီး ရိုးရာဘက်သို့ မေးဆတ်ပြရင်း. . .

"ပြလိုက်လေ. . . နင်ပဲ ရိုးရာကို ပြမယ်ဆိုပြီး ယူလာပြီးတော့"

ဆွေဆွေက သူ့လက်ကိုင်အိတ်ကလေးထဲမှ ပန်းရောင်စပ်ဖြဖြ စာအိတ်ကလေးကို ထုတ်လိုက်ပြီး မချိုမချဉ်သော ချိုချဉ်ဖျော့ မျက်နှာလေးဖြင့်. . .

"ရော့. . . ဂြိုဟ်သားတစ်ယောက် ရေးလိုက်တဲ့စာလို့ စိတ်ထဲမှာ မှတ်ပြီးဖတ်၊ ငါတို့ လူ့ကမ္ဘာမှာ ဒီလိုရေးနည်း ဘယ်သူမှ မရေးကြဘူး၊ ဟီး. . ဟီး. . ဟီး"

"ဟုတ်တယ်. . . နင် စိတ်ကြိုက်ဝေဖန်လို့ရတယ်၊ နင့်ဖက်က ငါ အပြည့်အဝ စပွန်ဆာ ပေးမယ်"

မိုးအေးနှင့် ဆွေဆွေတို့အပြောကြောင့် သိချင်စိတ်တွေ ပြင်းပြစွာဖြင့် စာအိတ်ထဲမှ စာခေါက်ကလေးကို အမြန်ပြန်ပြီး ဖတ်လိုက်သည်။

အယ်. . . စာကြောင်းရဲ့အစက ဆန်းတော့ ဆန်းသား။

အိုတယ်. . .

ချစ်ရပါသော ခင်တညာတွေ ပျိုမဒီလေးရေ။

တိုယ်ရဲ့အချစ်ဓါတ်နဲ့ တိုယ်စားပြုထားတဲ့ ခံစားမှု နုနုလေးတွေကို ဆွေလေး ထိအောင် ညွှန်းဆိုအပ်ပါ၏။

တိုယ့်နှလုံးခုန်သံတွေဟာ ဒီစာကို ရေးနေတဲ့အချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



တဒုတ်ဒုတ်နဲ့ မြည်ဟည်းနေလိုက်တာ မိုးအားပြင်းတဲ့ ဂျင်နဲရေတာ မီးစက်ကြီး ခုတ်မောင်းနေသလိုပါပဲ၊

ဒီတို့ ဆွေလေးက ထယ်ယာမီးတောက်တယ်လို့ ဝရမ်းပတာ မဝေဖန်စေချင်ပါဘူးကွယ်။

တကယ်တော့ ထယ်ယာမီးဆိုတာ လူတားတိုင်းမှာ ထိန်းအောင်းနေတဲ့ ကိလေသာ မီးလေးတစ်ပွင့်ပါ၊ အဟင်း...ဆွေလည်းကြားဖူးမှာပါ၊ ယောက်ျားမှာ နှစ်မျိုးရှိတယ်တဲ့၊ အဲဒါက ဘာလဲ ဆိုတော့ နွားဘူးမဟုတ်ရင် ဂန်ဒူးပါပဲ။

ကိုယ်ကတော့ ဂန်ဒူးမလုပ်ချင်ပါဘူး ဆွေ၊ နွားဘူးပဲ လုပ်ချင်ပါတယ်၊ အဲဒါက ဘာဖြစ်လို့လဲဆိုတော့ ဖတ်(ခြင်ရိုက်သံ) အရေးထဲ ဒီခြင်ကလည်း လာကိုက်နေပြန်ပြီ ဆွေရယ်၊ ညနေက ကိုယ် ခြင်ဆေးခွေ ဝယ်မထားမိလိုက်လို့လေ၊ ဒီပေမယ့် ထိစွမရှိပါဘူး ဆွေ၊ ဆွေ့အတွက်ဆိုရင် ကိုယ့်ရဲ့အတွေးအတားတွေကို ဘယ်လို သတ္တဝါမျိုးကပဲဖြစ်ဖြစ် လာပြီးဝါးမျိုပါစေ၊ ကိုယ် ကြည်ဖြူစွာ ပေးဆပ်ပြီးတားပါ။ အို...အရေးထဲ အတွေးတွေက ချော်တွားပြန်ပါပြီ။ ဆောရီးနော် ဆွေ၊ အင်း...စောစောက ရင်ခုန်သံတွေကို ပြန်ပြီးညှိတွဲရအောင်နော်၊ အဟင်း...ကိုယ် ဘာဖြစ်လို့ နွားဘူး လုပ်ချင်လဲဆိုတော့...

ဆွေက ကိုယ့်နှလုံးသားရဲ့ အနက်ရှိုင်းဆုံးနေရာမှာ ဝင်ရောက်ခိုလှုံတောင်းကျန်းနေလို့ပါ ဆွေရယ်...

ဆွေ့ဆီက ကိုယ် အမိက တောင်းဆိုချင်တာက အချစ်ဝတ်နေတဲ့ကိုယ့်ကို ထနားတောအားဖြင့် အချစ်ပေးဖို့ပါ။

ဆွေဟာ ကိုယ့်ကို သိမ်မွေ့နူးညံ့တဲ့အချစ်တွေ ပေးမယ်ဆိုရင် ရေမရှိတဲ့ချောင်းမှာ နွားခေါင်းဖော်ပြီး တေဆိုရင်လည်း တေရဲပါတယ်။

တုန်တွေ အပြည့်တင်လာတဲ့ ဆယ်ဘီးတား ထက်အကြိတ်





ခံပါနဲ့၊ မကြည့်ရက်လို့ပါ ဆိုရင်လည်း ကိုယ်တကက်အကြိတ်မခံပါဘူး၊ ခပ်ဝေးဝေးကနေ ရှောင်နေမှာပါ။

အဆိပ်တောက်ပြီး မတေပါနဲ့ဆိုရင်လည်း ကိုယ် အဲဒီ အဆိပ်ကိုလုံးဝ မတောက်ပါဘူး ဆွေရယ်၊ အဟင်း..ဟီး..ဟီး.. အဲ့လောက်ထိ ဆွေ့ကို ကိုယ်ချစ်ပါတယ်။

ဒါကြောင့် အချစ်ကြီးလွန်းတဲ့ကိုယ်ဟာ ဆွေ့ရဲ့အချစ်ကို ဆည်ဝတ ဗျိုင်းလို အချိန်အခါမလပ် စောင့်မျှော်နေပါရစေ၊

နှလုံးသားနဲ့ရင်းပြီး ချစ်ရပါတော...

ဆွေ့ရဲ့
ထွန်းတက်

"ခိ . . ခိ . . ခစ် . . ခစ် . . ခစ် . . ခစ် . . ရယ် . . ရယ်ရတယ်ဟာ၊ ဒါ နင့်ကို ထွန်းသက် ပေးတာပဲ မဟုတ်လား"

ဆွေဆွေက မိတ်ကပ်ခြယ်ထားသောမျက်နှာကို အစွမ်းကုန် ရှုံ့မဲ့ပြလိုက်ပြီး . . .

"အေးလေဟယ် . . ကြည့်ပါအုံး ရေးထားတဲ့ပုံစံကို၊ ဒီကောင် စိတ်ရော မှန်ရဲ့လား မသိပါဘူးဟယ်၊ ဒီရည်းစားစာ ရေးနည်းက ဘယ်ဂြိုဟ်ကမ္ဘာက ရေးနည်းလဲ မသိပါဘူး၊ သူ စကားမပီတဲ့အတိုင်း "တ" နဲ့ "သ" အလွဲကိုပါ ထည့်ရေးရတယ်လို့၊ ဟင်း . . စိတ်ပျက်စရာ၊ သူ့စာကို ဖတ်ပြီး အော်ဂလီကို ဆန်ချင်ရောပဲ"

ဆွေဆွေက စူပွစူပွဖြင့် ပြော၏။

မိုးအေးနှင့် ရိုးရာတို့က ရယ်ရလွန်း၍ ဗိုက်ကြောတွေကို နာလို့ ရိုးရာက ရယ်နေရင်းမှ ရယ်သံနှောသောအသံဖြင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်မှဖြစ်ရလေ ထွန်းသက်ရယ်၊ ကိုယ့်နာမည်ကိုတောင် ထွန်းတက်ဖြစ်အောင် ရေးရသလား၊ ရှပ်ကလေးကတော့ မဆိုးပါဘူး၊ ငါးရှဥ့်နဲ့ ကင်းလိပ်ချော စပ်မွေးထားတဲ့ရုပ်ကလေး။ တုံးလိုက်တာကတော့ ချီးလို့ထို့လို့ သေမပြတ်တဲ့ ခါးမကာ အနက်ကယ်လ်ကြီးလို့ ခေါ်ရမယ်၊ အဟင်း. . ဟင်းဟင်း. . ဟင်း"

ရိုးရာက ရယ်မောရင်းမှ စာရွက်ကို ဆွေဆွေ့ထံ လှမ်းပေးလိုက်ပြီး. . .

"မွေးနေ့ပွဲကို သူရော လာမှာလား"

"လာမှာပေါ့. . . ဆွေဆွေလာမယ်ဆိုတာ သိကတည်းက သူ့အမြီးကို သိပ်မရမ်းမှာစိုးလို့ မော်တာတပ်ထားပြီးသား၊ သူသာ မလာရင် ငါ့ရဲ့ဟိုဟာ အဖြတ်ခံမယ်"

မိုးအေးစကားကြောင့် ရိုးရာက ရင်ဘတ်ဖိ ဆွေဆွေက မျက်လုံးလေး ပေကလပ် ပေကလပ်နှင့်. . .

"ဘယ်ဟာလဲဟယ်. . . နင်ကလည်း ရယ်ရပါတယ်ဆိုမှ ပေါက်ကရက ပြောပြန်ပြီ"

မိုးအေးက စားပွဲပုလေးပေါ်မှာ တင်ထားသော ဦးမြားကြီး အသက်(၅၆)နှစ်ဆိုတဲ့ နာရေးယပ်တောင်လေးကို ယူပြီး တဖျတ်ဖျတ် ခတ်ရင်း. . .

"ဟယ်. . . နင်တို့ကလည်း အထအနက ကောက်ပြန်ပြီ၊ ဟိုဟာဆိုတာ လည်ပင်းကို ပြောတာဟဲ့. . . ရှင်းပြီလား၊ တော်ပြီ ရယ်စရာတွေ မပြောနဲ့တော့၊ ရိုးရာ. . . ထ၊ နင် ရေအမြန်သွားချိုးတော့. . . အချိန်မရှိဘူး"

ဆွေဆွေကပါ ရိုးရာ မီးပူတိုက်ထားသော အဝတ်ထပ်တွေကို ခြင်းပက်လက်ထဲ ရေထည့်ပေးရင်း. . .





"အေး. . . ဟုတ်တယ်၊ တော်ကြာ ငါတို့ကို မလာတော့ဘူး ထင်နေအုံးမယ်"

ရိုးရာတို့ မူလက်စနဲ့ ဆက်ပြီးမူနေအုံးမှ။

"ငါ တကယ်မလိုက်တော့ပါဘူးဟယ်၊ ငါ မအားဘူးဟ့၊ အိမ်မှာ အမေ့ကို ဝိုင်းကူလုပ်ပေးရအုံးမှာ"

ဆွေဆွေက ချွေးသီးနေသော သူ့ရဲ့မျက်နှာကို တစ်ရှူးလေးနဲ့ မခို့တရို့သုတ်၊ မိုးအေးလက်ထဲက ယပ်တောင်ကို ဆတ်ခနဲ ဆွဲယူကာ တဖျတ်ဖျတ် ခတ်ရင်း. . .

"နင် ဆင်ခြေမပေးနဲ့ ရိုးရာ၊ နင် မလိုက်ဘူးဆိုရင် ဟိုနေ့ညက သန်းခေါင်ကျော်မှာ ယောက်ျားနှစ်ယောက်ရဲ့ အဖက်နဲ့ အကိုင်ခံရတယ်ဆိုတဲ့အကြောင်းကို ရုပ်ကွက်ထဲက ဒေါ်ပေစိကို တစ်လုံးမကျန် ဇာတ်ထပ်ခင်းပြလိုက်မယ်"

ရိုးရာတို့ ဒါကိုတော့ လန့်သည်။

ဒေါ်ပေစိဆိုတာ ရပ်ကွက်ထဲမှာ RFA လေ။ သူ့ပါးစပ်ထဲ အကြောင်းအရာ တစ်ခုခု ရသွားရင် နောက်ထပ် အကြောင်းအရာ အသစ် မပေါ်ခင်အထိ ရစရာမရှိအောင်ကို အရပ်ထဲ လှည့်ပြောတော့မည်။

ဒီတော့ မျက်ကလူးဆန်ပျာဟန်နှင့် အမူပိုတာကို ခဏ ချထားပြီး. . .

"နင်တို့နော်. . . အဲဒီလို မယုတ်မာနဲ့၊ အဲဒီအဖွားကြီး ပါးစပ်ထဲ ရောက်ရင် ငါ့အကြောင်းကို ပါးစပ်ထဲမှာ ရစရာ မရှိအောင်ကို လိုက်ဖွတော့မှာဟဲ့"

ဆွေဆွေက ခပ်တဲတဲလေး ရယ်လိုက်ပြီး. . .

"အေး. . . နင်သိရင် ပြီးတာပဲ၊ မြန်မြန်လုပ်. . . အချိန်မရှိ



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ပြင်ဆင်ချိန်ကို နာရီဝက် ပေးမယ်”

သွားပြီ။ ရိုးရာ နိုင်ကွက်ကို သူတို့ သိသွားပြီ၊ ရှိစေတော့. . ရှိစေတော့။ ဒီတစ်ခါတော့ ကြည်ကြည်ဖြူဖြူနဲ့ အလျှော့ပေးလိုက်မယ်ဟု ဖော့ဖော့လေး တွေးပြီး ရေချိုးရန် ပြင်ဆင်လိုက်သည်။

အမေကတော့ အိမ်မှာ မရှိ၊ မနက်ကတည်းက ထီးတစ်ချောင်း ချိုင်းကြားညှပ်ပြီး ထွက်သွားတာ ခုချိန်ထိကို ပြန်မလာသေး၊ ဘယ်သွားမှန်းလည်း မသိ၊

ဆွေဆွေနှင့် မိုးအေးကလည်း အမေ မရှိလို့သာ စကားကို အထိန်းအကွပ်မရှိ ပြောနေကြခြင်းဖြစ်သည်။

ရေမိုးချိုး ပြင်ဆင်လိုက်တော့ ရိုးရာတို့က အလန်းပဲ။

အိမ်မှာ နေရင်သာ ပုံစံက စုတ်တီးစုတ်ပဲ့ နေတာ၊ အပြင်ထွက်ရင်တော့ ရိုးရာသစ်မှ ဟုတ်ရဲ့လားလို့ပင်၊ ခါတ်မသိသူတွေက မေးကြမှာ အဟုတ်။

အလှူအိမ် ရောက်တော့ ဇင်ကိုက ပျာပျာသလဲ ဆင်းကြိုရှာ၏။ ကြိုမှာပေါ့၊ သူချိန်နေတဲ့ ပစ်မှတ်ကြီးက လှတပတလေး ပါနေတာကိုး။

သူ့မှာ မိုးအေး လာသည်ကို ဘုရင့်သမီးတော် လာသလား မှတ်တယ်၊ ပျာယာကို ခတ်လို့။

ဇင်ကိုရဲ့ဆွေမျိုးတွေလား သေချာမသိသော မိန်းကလေး တစ်သိုက်ကလည်း အိမ်ထဲမှ နေရာ ရိုးရာတို့သုံးယောက်ကို ခေါ်တောမျက်လုံးနဲ့ ကြည့်နေရှာသလေ။

ပြီးတော့ မိန်းမတို့ သဘာဝအတိုင်း တီးတိုးတီးတိုးနဲ့ သဖန်းပိုး ထိုးနေကြ၏။

ရိုးရာတို့ သုံးယောက်စလုံးကလည်း သူတို့ထက်ပိုပြီး တစ်





ယောက်တစ်မျိုးစီ လှနေကြတာဆိုတော့ အားကျတဲ့စိတ်ကလေးနဲ့ နဲနဲတော့ ဝန်တိုကြမှာပေါ့လေ။

မိုးအေးက နာမည်နှင့် လိုက်အောင်ကို အေးချမ်းသော အလှတစ်ခုကို ပိုင်ဆိုင်ထားသူ ဖြစ်သည်။

ခါးလယ်အောက်အထိ ဖြောင့်စင်းကျနေသော ဆံပင်ပျော့အိအိလေးကို ဝဲခါနေအောင် လမ်းလျှောက်တဲ့ပုံစံလေးက နွဲ့ယိမ်း နွဲ့ယိမ်းနဲ့ နွဲ့လွန်းလို့ ယိမ်းကို ထိုးရော။

ဒီလို ယိမ်းထိုးပုံလေးကိုပဲ ဇင်ကိုတို့ ဟတ်ဒ်ကို ထိသွားတာ ဒါကြောင့်လည်း သုံးနှစ်သုံးမိုး ဖွဲမလျှော့ပဲ ကျားကုတ်ကျားခဲ လိုက်နေခြင်းဖြစ်၏။

ဆွေဆွေကရော မလှဘူးလားဆိုတော့ လှမှလှ။ အသားရောင် ညိုဖျော့ဖျော့လေးနှင့် တွန့်ခွေနေသော ဆံပင်ကို ဆေးဆိုးထားတဲ့အရောင်က ကော်ဖီရောင်ဖျော့ဖျော့။

ကိုယ်လုံးကိုယ်ပေါက်က လုံးကြီးတော့ ပေါက်လှ၊ အဲ. . . လုံးကြီးပေါက်လှပေါ့။

ဒါကြောင့်လည်း ထွန်းတက်က. . အဲ. . ထွန်းသက်က ဆွေဆွေ့ကိုဆိုရင် အသေရရ အရှင်ရရတဲ့၊ အသေဆိုရင် ရေခဲရိုက်ပေါင်းမယ် ထင်ပါရဲ့။

အဲဒီလောက်ထိ ဒီငနဲက ဆွေဆွေ့အပေါ် Over ဖြစ်လွန်းတာ။

အဲ. . . ရိုးရာကျတော့ သုံးယောက်ထဲမှာ တစ်မျိုးထူးခြားသည်။ Body Decoration ကတော့ သိပ်ပြီးတောင့်တောင့်တင်းတင်း ပြင်ပြင်ဆင်ဆင် မရှိ၊ အခြယ်အသ မှုယာမာယာ ကလူကြီးသို့မျှ၏သို့ မရှိ၊ လေကြီးထိုးရိုးရိုး၊ အဲ. . . သူ့မှာ အထူးခြားဆုံးအလှ



www.burmeseclassic.com

www.burmeseclassic.com



က ပြာလဲ့လဲ့ မျက်ဝန်းမျက်အိမ်ကျယ်ပေါ်ကို ကော့ရွှန်းသော မျက်တောင်ကော့ကော့တွေက မျက်လုံးသား ပေါ်လွင်အောင် ပါဝင်ကူညီအားဖြည့်ပေးထားကြ၏။

ဘာမှ ခြယ်သထားခြင်း မရှိတဲ့ မျက်နှာဖူးဖူးလေးက အာစပြုနေတဲ့ နှင်းဆီငုံလေးလိုပဲ။

အသားရောင်ကလား. . . အင်း. . . အသားရောင်ကတော့ အဝါရောင်ကို စက်နဲ့ ကြိတ်ထားသလိုပေါ့၊ ဝါညက်ညက်ကလေး။

ကဲ. . . သူတို့သုံးယောက်ရဲ့ မိမွေးတိုင်း ဖမွေးတိုင်း အလှတရားတွေကို တင်ပြပြီးပြီဆိုတော့ အလှူအိမ်ကို တက်ဖို့ သင့်နေပြီ နော်။

မတက်လို့လည်း မရတော့ဘူး၊ ဟန်ရေးပြနေတဲ့ ကိုယ်တွေ သုံးယောက်ကို ဇင်ကိုတို့ ထွန်းသက်တို့က ချိုပိုးပြီး မတင်ရုံတမယ် ဖြစ်ပျက်နေကြပြီ၊ အိမ်ပေါ်ကို ပြောပါတယ်။

ဒါကြောင့် သူမတို့ သုံးယောက်ကလည်း ဗျာလောင်ခတ်နေတဲ့ ဇင်ကိုနဲ့ ထွန်းသက်တို့ နှစ်ယောက်ကြားမှာ ယက်ကန်ယက်ကန်နဲ့ တက်ခဲ့ရတော့တာပေါ့။ ဘာကြောင့် ယက်ကန်ယက်ကန်နဲ့ တက်ခဲ့ရတာလဲလို့ မေးရင် သူတို့နှစ်ယောက်က ဘေးကနေပြီး အိမ်ပေါ်ကို အရောက်ချီမပြီး တင်တော့မယ့် ရေသန့်ဗူး ပို့တဲ့လူတွေလို ဟန်ရေးတွေက တပြင်ပြင်ဆိုတော့ သူတို့နှစ်ယောက်ကို ရှောင်ကွင်းပြီး အိမ်ပေါ်ကို မနည်းတက်ခဲ့ရတာကိုး၊ ဒီတော့ ဘယ်လိုလုပ် ပဲတွေ မလိုင်တွေ အိုဗာတင်းတွေနဲ့ တက်လို့ရမလဲ၊ ဒီတော့ ယက်ကန်ယက်ကန်နဲ့ပဲ တက်ခဲ့ရတာပေါ့၊ ဘယ်လိုပဲ တက်တက်ပါလေ၊ အဓိက,က အိမ်ပေါ်ကို ရောက်ပြီး ဝါးဒီးဆွဲဖို့ပါပဲ။





အဲ့ဒီအချိန်မှာပဲ မုန့်ပွဲပြင်ထားတဲ့ မုန့်ပန်းကန်တွေ ကိုင်ပြီး ကျော်တကီး မြတ်ကိုက ချွဲချွဲပြစ်ပြစ် ခြောက်ကပ်ကပ် အသံပြာပြာကြီးနဲ့ ကျူးအော်ပါတော့တယ်။

"ဟိုင်း. . . ဟဲလို မိုင်ဖရန့်တို့ လာကြပြီလားကွယ်၊ ဒီက မျှော်နေကြတာ၊ အတော်ကိုတောင် ရှည်ထွက်နေပြီဟယ်"

ကျော်တကီး မြတ်ကိုစကားကြောင့် တခြားဧည့်သည်တွေပါ ဝါးခနဲ ထရယ်ကြတော့တာပေါ့၊ ဒီတော့မှ သူ့ရဲ့ ပြာနှမ်းနှမ်း မျက်နှာလေး အနည်းငယ် ရှက်ရိပ်သန်းသွားပြီး. . .

"ဟယ်. . . ဒီက လည်ပင်းကို ပြောတာပါဟယ်၊ တကယ်ပါပဲ အဟုတ်၊ ရယ်လိုက်ကြတာ ရင်ဘတ်တောင် အတ္တာပြုသွားတယ်"

ရိုးရာက ဒါကို နောက်ဖြစ်အောင် လှမ်းနောက်လိုက်သေး၏။

"အတ္တာပြုသွားရင် ဆရာခို လိမ်းလေ၊ တော်ကြာ ရင်သားတင်ဆာ ဖြစ်သွားအုံးမယ်"

ရိုးရာရဲ့ အရွှန်းအဖောက် စကားကြောင့် လည်လိမ်ထားသော ကြက်မအား နန္ဒင်းလိမ်းထားသလို ရုပ်ကြီးနှင့် အင်မတန်မှဝင် ရယ်စရာ ကောင်းနေ၏။

ဇင်ကိုက လွတ်နေသော စားပွဲဝိုင်းမှာ မုန့်ပန်းကန်တွေချပြီး. . .

"မိုးလေးတို့ ဒီဝိုင်းမှာ လာထိုင်ကြနော်"

ဟု ခေါ်သဖြင့် ရိုးရာတို့ သုံးယောက်လဲ လူတစ်ယောက်မှ မရှိသော ထိုဝိုင်းသို့ တခြားဧည့်သည်တွေကို ကွေ့ရှောင်ပြီး ဝင်ထိုင်လိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"အင့်. . ."

ဆိုသောအသံရဲ့နောက်ဆက်တွဲမှာတော့ ရိုးရာရဲ့ခန္ဓာကိုယ်ဟာ ရှေ့ကို မညာမတာဖြင့် ဟပ်ထိုးလဲသွားတော့၏။ တော်သေးတာပေ့ါ။ လက်နှစ်ဖက်က စားပွဲဝိုင်းကို အချိန်မှီ လှမ်းထောက်လိုက်လို့။ နို့မို့ဆို မြင်မကောင်း ဖြစ်အုံးမယ်။

"ဟာ. . . ဆော. . . ဆောရီးနော်၊ ကျွန်တော်ကလည်း ဒီဝိုင်းက လူရှင်းတယ်ဆိုပြီး ဟိုဘက်ဝိုင်းကအထ ခင်ဗျားလေးကို မမြင်လိုက်ဘူး"

တောင်းပန်သံနှင့် တဆက်တည်း ရှင်းပြနေသော ခပ်ဖြူဖြူငနဲကို ဘုကြည့်ကြည့်လိုက်သည်။ ထိုအကြည့်နောက်သို့ အံ့သြမှုက တစ်ချိန်ထိုး ပြေးကပ်၏။ နှုတ်ဖျားက အသံက သရုပ်ဖော်ပေး၏။

"ဟင်. . . ကိုအက်ထွီး"

"ဟင်. . . ခင်. . . ခင်ဗျား. . ဆိုက်. . . ဆိုက်လေဒီ"

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အံ့သြနေကြတာမို့ ရုတ်တရက် ပါးစပ်ထဲ တွေ့ကရာ နာမည်တွေ ခေါ်လိုက်မိကြ၏။

သူငယ်ချင်းအားလုံးရဲ့အကြည့်တွေက သူနှင့်သူမအပေါ်သို့ စုပြုကြည့်နေကြ၏။ ဇင်ကိုက ရှင်းသန့်ကို စပ်ဖြဲဖြဲ မျက်နှာပေးနှင့်. . .

"ရှင်း. . မင်းတို့က သိနေပြီးသားလား"

ရှင်းသန့်က ဇင်ကို့ကို မလုံမလဲသော အမူအယာဖြင့်. . .

"အင်း. . . သိ. . . သိပါတယ်"

"ဒါဆိုရင်တော့ ငါ မိတ်ဆက်ပေးစရာ မလိုတော့ဘူးပေ့ါ။ ဟိုနှစ်ယောက်နဲ့ပဲ မိတ်ဆက်ပေးရတော့မယ်"





ဟု ဆိုပြီး ဆွေဆွေနှင့်မိုးအေးဘက် လှည့်ကာ. . .

"သူက ဆွေဆွေကျော်တဲ့၊ ဗိုလ်ဥာဏလမ်းထဲမှာ နေတယ်၊ သူလေးကတော့ ငါ့ရဲ့အသည်းလေးလေ. . . မလှဘူးလား၊ ဟဲ. . ဟဲ. . သူကတော့ ရှင်းသန့်တဲ့၊ ငါတို့လမ်းထဲက ဦးမြတ်ကျော်ရဲ့တူ၊ နယ်ကနေ ဒီမှာ အလုပ်လာလုပ်တာ၊ လမ်းမှာ တွေ့ရင် မျက်နှာလွှဲသွားကြနော်"

ဇင်ကိုက အတည်ပေါက်နှင့် နောက်လိုက်၏။

ရှင်းသန့်က ရှုံ့တို့ရှန်းတန့် ပြုံးလိုက်ပြီး မိုးအေးအား ကြည့်၍. . .

"နာမည်က ဆန်းတယ်နော်၊ မလှဘူးလားတဲ့၊ ဘာ. . ဘာလူမျိုးပါလိမ့်"

ရှင်းသန့်စကားကြောင့် မိုးအေးခမျာ ကြောင်တက်တက်တလေးဖြင့် မျက်လုံးလေး ဝိုင်းကာ. . .

"ရှင်. . ."

ဟူသော တအံ့တသြဟန်လေးဖြင့် မျက်နှာလေး မဲ့သွားရှင်း. . .

ရှင်းသန့်က သဘောမပေါက်စွာဖြင့် ဆက်မေး၏။

"မလှဘူးလားဆိုတဲ့နာမည်က နည်းနည်းဆန်းလို့ ဘာလူမျိုးတွေလဲလို့"

ဒီတော့မှ မိုးအေးမျက်နှာ ရဲတွတ်ကာ ရှက်ကျဲကျဲလေးဖြင့်

"ဟောတော့. . . လွဲတော့ လွဲကုန်ပြီ၊ ကျွန်မနာမည်က မိုးအေးရှင့်၊ ဘယ်က မလှဘူးလားရမှာလဲ. . . ဒုက္ခပါပဲ၊ ဇင်ကိုကလည်းဟယ်၊ ငါ့နာမည်ကို မပြောဘဲ ဘာတွေ လျှောက်ပြောနေမှန်းမသိဘူး. . . တကယ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဇင်ကို့ကို အပြစ်တင်စကား ဆိုလိုက်ပါ၏။

ဒီတော့မှ ရှင်းသန့် အားနာလွန်းသော မျက်နှာက ထူပူသွားကာ. . .

"ဆောရီး. . ဆောရီး မမိုးအေး၊ ကျွန်တော့်အတွေးအာရုံနဲ့ အကြားအာရုံ အံ့ဝင်ခွင်ကျ ဖြစ်မသွားလို့ပါ"

တဖန် ရှိးရာဘက်ကို လှည့်ပြီး ကြိုက်မရှက် ငိုက်မရှက် နည်းကို သုံးပြီး မေးလိုက်ပါ၏။

ဇင်ကိုက. . .

"မင်းတို့က သိပြီးသားဆို"

"လူချင်းပဲ သိတာ၊ နာမည်မှ မသိရသေးတဲ့ဟာကို"

ဒါကို ထွန်းသက်က သူတို့ဝိုင်းထဲရှိ ဆွေဆွေ့နားတွင် ပြိတီတီမျက်နှာပေးဖြင့် ကပ်ထိုင်လိုက်ပြီး ပါးစပ်ထဲမှာတလည်း ကွမ်းအပြည့်။

"တူ. . . တူ့နာမည်က ပဲကတ္တီပါလို့ ခေါ်တယ်"

ဟု ကွမ်းဝါးသံကြီးနှင့် ပလုံးပထွေး ပြောလိုက်သည်။

ရှင်းသန့်က ရှိးရာကို ခပ်စိုက်စိုက် ကြည့်လိုက်ပြီး စကားစ ရှာ၏။

"ဩော်. . . ပဲကတ္တီပါတဲ့လား၊ နာမည်က ဆန်းတယ်နော်၊ သူ့အမေက သူ့ကိုယ်ဝန်မှာ ပဲကတ္တီပါပြုတ် အတော်ကြိုက်တယ် ထင်တယ်နော်"

ရှင်းသန့်စကားကြောင့် အားလုံး မျက်လုံးပြူးသွားကြ သည်။

ရှင်းသန့်ကတော့ မသိ၊ ဖောကောင်းကောင်းနဲ့ ဆက်ဖော နေ၏။





"ကျွန်တော့်အမေလဲ ကျွန်တော့်ကိုယ်ဝန်တုံးက မတ်ပဲ အရမ်းစားတယ်လို့ ပြောဖူးတယ်၊ ဒါကြောင့် ကျွန်တော်က ပဲဆိုရင် အရမ်းကြိုက်တာ၊ ဒါကြောင့် နေ့တိုင်းစားဖြစ်တယ်"

အို. . . ခက်ရချည်ရဲ့။ သူကပဲ ပဲကို ကြိုက်ရပြန်ပြီ။

"ရှင် အဲဒီလို ပဲကို နေ့တိုင်းချည်း စားနေလို့ ဟိုနေ့ညကလို မရှုနိုင် မကယ်နိုင်ဖြစ်ပြီး ထွက်ကုန်တာပေ့ါ။ ခစ်. . ခစ်. . ခစ်. . ရှင်က နားလည်း လေးပုံရတယ်နော်၊ ကျွန်မနာမည်ကို အများခေါ် သလို ရှိုးရာလို့ပဲ ခေါ်နိုင်တယ်၊ ပန်းကတ္တီပါဆိုတာ ကျောင်းနာမည် ကို ပြောတာ၊ ထွန်းတက်တို့ကလေ နည်းနည်းလေး အရစ်ရှည်လိုက် ရမှ၊ ငါ့နာမည်ကို ရှိုးရာလို့ ပြောလိုက်ရင် နင့်ကို ငရဲခန်း ဗီဇာမပါပဲ ပို့လိုက်မှာစိုးလို့လား"

ထွန်းသက်ကိုပါ တစ်ဆက်တည်း အပြစ်တင်လိုက်၏။ ထွန်းသက်ခမျာ မျက်လုံးလေး ပေစိပေစိနဲ့ ဘာမှ ပြန်မပြောရဲရှာပါ ဘူး။ ဒီအဖွဲ့ထဲမှာ ရှိုးရာက ဆရာကြီးလေ။

"ဗျာရယ်. . . ပန်းကတ္တီပါ ဟုတ်လား၊ ဟား. . ဟား. . ဆောရီးပြန်ပါပြီဗျာ၊ အဟဲ. . . ကျွန်တော် ဒီနေ့ အမှားတွေ များနေ ပြီ၊ အဲဒါ ခင်ဗျားတို့သုံးယောက်စလုံး သိပ်လှလို့ ဖြစ်မယ်ထင်တယ်"

ဘာမှမဆိုင်သော ရှင်းသန့်ရဲ့အူကြောင်ကြောင်စကား ကြောင့် အားလုံး ဝိုင်းရယ်ကြလေသည်။

အဲဒီနောက်မှ ရွှေတောင်ခေါက်ဆွဲကို အရယ်အမောကင်း တင်းနဲ့ စားရတော့တယ်။

ဒါတောင် ဇင်ကိုက ထပ်ဖောက်သေးတယ်၊ မိုးအေးနားကို အသာကပ်ပြီး. . .

"မိုးလေး စားနော် အဝသာတီး၊ မိုးလေးက ရွှေတောင်



www.burmeseclassic.com

www.burmeseclassic.com



ခေါက်ဆွဲ ကြိုက်မှန်းသိလို့ ကိုယ့်မွေးနေ့မှာ တမင်တကာ ရွှေတောင်ခေါက်ဆွဲ ရွေးပြီး ကျွေးတာ. . . အဟဲ၊ ဟို. . ဉ. . ဉလေး စားမလားဟင်၊ ကိုယ်ထည့်ပေးမယ်"

မိုးအေးမှာ စားနေရင်းမှ လည်ချောင်းဝမှာ အထွေးလိုက် အပြုံလိုက်ကို တစ်နေတော့တာပဲ၊ ဒုက္ခ၊ ဒီနေ့တော့ အလှူက စားဖွယ်တွေကို ဖြောင့်ဖြောင့်စားနိုင်တော့မယ် မထင်။

ဒါကို ဂျော်တကီး မြတ်ကိုက ရင်ဘတ်လေး ဖိကာဖိကာဖြင့်. . .

"ဟယ်. . . ဇေင်ရယ်၊ နင်ကလဲ လူကြားသူကြားထဲ ဉကျွေးစရာလားလို့ စိတ်ကို နည်းနည်းထိန်းဦးမှပေါ့၊ တကတည်း. . . ရှက်စရာ"

ဇင်ကိုက မြတ်ကိုအား အံကြိုးကြိတ် မျက်လုံးကြီး ပြူးပြီး ကြည့် အားလုံးကလည်း ဇင်ကို့ကို မျက်လုံးအပြူးသားနှင့်ကြည့်၊ ဇင်ကို ဘာများ ပြောမလဲလို့ပေါ့၊ မိုးအေးမျက်နှာတော့ နီရဲလို့နေ၏။ ရှက်တာကိုး၊ သူပြောတဲ့ပုံက အရင်းမရှိ ဖျားမရှိ။

"ဟဲ့. . . အခြောက်မ၊ ရာဂတွေ နည်းနည်းလျှော့စမ်း၊ ငါပြောတာ ပါးပါးလှီးထားတဲ့ ဘဲဉကို ပြောတာ"

ဒီတော့မှ မြတ်ကိုအပါအဝင် ကျန်သူအားလုံး ဟင်းခနဲ ဆိုပြီး သက်ပြင်းချနိုင်တော့၏။

သူငယ်ချင်းအားလုံး စားသောက်ပြီးတော့ ဇင်ကိုက ရှိုးရာတို့ သုံးယောက်နဲ့ တခြားသူငယ်ချင်းတွေကို အပေါ်ထပ်ရှိ အချိုပွဲ ပြင်ထားရာဝိုင်းကို ခေါ်သွားသည်။

အပေါ်ထပ် ရောက်တော့ အချိုပွဲ ပြင်ထားသောဝိုင်းက အဆင်သင့်။





"ထိုင်ကြ. . . ဒါ သူငယ်ချင်းတွေ လွတ်လွတ်လပ်လပ် စားရအောင် တမင်တကာ စီစဉ်ထားတာ"

ကိတ်မုန့်မျိုးစုံ အသီးအနှံမျိုးစုံတို့ကို ပြင်ဆင်ထားသော အချိုပွဲဝိုင်းကို ကြည့်ပြီး ရှိုးရာနှင့် မိုးအေးက မစားနိုင်တော့သည့်ပုံဖြင့် မျက်နှာလေးတွေ ရှုံ့မဲ့ပြ၏။ မိုးအေးက. . .

"ဇင်ကို. . . ငါတို့ စားနိုင်မယ် မထင်တော့ဘူး၊ အောက်ထပ်မှာ ရွှေတောင်ခေါက်ဆွဲတွေ စားသွားတာ များသွားလို့ ဗိုက်ကတင်းနေပြီ"

ဇင်ကိုက မိုးအေးကို အကြင်နာ အကြည့်နွေးနွေးလေးနှင့် မှေးကျဉ်းကြည့်လိုက်ပြီး. . .

"နား. . . နားပြီး စားပေါ့ မိုးရယ်၊ ကိုယ်က မိုးကို စားစေချင်လို့ပါ မိုးရယ်"

မြတ်ကိုက ဇင်ကို အဖြစ်သည်းပြီး အီစီကလီနေပုံကို ကြည့်ပြီး မိတ်ကပ်နှင့် သနပ်ခါး ရောလိမ်းထားသော ပြာနှမ်းနှမ်းမျက်နှာကို အစွမ်းကုန် မဲ့ပစ်လိုက်ပြီး. . .

"ဟယ်. . . အဖြစ်သည်းနေလိုက်တာဟယ်၊ တကယ်ပါပဲ၊ မျက်စိကို နောက်ရော၊ တစ်မိုးတည်းကို မိုးနေတော့တာပဲ၊ မိုးအေးတစ်ယောက်တည်း ပါးစပ်ပါတာ မဟုတ်ဘူးဟဲ့ ငနာရဲ့၊ ငါတို့မှာလည်း ပါးစပ်ပါတယ်"

ဟု ဆိုပြီး ဂျေဗိုးနတ်တစ်ခွေကို ယူပြီး စားလိုက်သည်။

မြတ်ကိုကြောင့် ဖီလင်တွေ တန့်သွားသော ဇင်ကိုက မြတ်ကိုအား ဘုကြည့်ကြည့်လိုက်ပြီး. . .

"ဒီဂျော်တကီးကတော့ နေရာတိုင်း ပါတယ်၊ ငါ ဘုကြည့်လိုက်ရင် မိမွေးတိုင်း ဖမွေးတိုင်း မဟုတ်ဘဲ လုံးရာကနေ တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



တည်း ခွာမရအောင် ပြားချပ်သွားတော့မှာပဲ၊ ခေါင်းကို ပြောပါတယ်၊ အဲဒီမှာ မျိုးဆို့ မတရား စားလို့ ဗိုက်ကြီး ကွဲထွက်သွားလည်း အေးတာပဲ၊ နေ့ခင်း ဘုရားသွားရင် နှင့်လို ဟိုမရောက် ဒီမရောက် အကောင်မပါလဲ အေးတာပဲ၊ မျက်စိနောက်တောင် သက်သာတယ်၊ ဟုတ်တယ်နော် မိုးလေး. . . အဟဲ. . ဟဲ. . ငဲ့"

ဇင်ကိုတို့က ရုပ်ပြောင်းရုပ်လွှဲလည်း တတ်ပါ့။

ထွန်းသက်က နာရီကို လှမ်းကြည့်လိုက်ပြီး. . .

"ဇင်ကို ငါတို့ ဘယ်အချိန် သွားဖြစ်မှာလဲ"

ဇင်ကိုက. . .

"ဆယ့်တစ်နာရီလောက် အိမ်က ထွက်မယ်လေ"

ရှင်းသန့်က သူ မလိုက်ကြောင်း ပြော၏။

"ငါတော့ မလိုက်တော့ပါဘူးကွာ၊ မင်းတို့ပဲ သွားကြတော့"

"မင်း မလိုက်လို့မရဘူး ရှင်း၊ တို့သူငယ်ချင်းတွေ ဆုံတုန်း ဆုံခိုက် စိတ်လွတ်ကိုယ်လွတ် လျှောက်လည်ကြတာ၊ ဒီနေ့က အရင် ရက်တွေထက် ထူးခြားတယ်လေ"

ဆွေဆွေက ထွန်းသက်ကို ကြည့်ကာ မေးဆတ်ပြရင်း. . .

"ဘာထူးခြားလို့လဲ"

ထွန်းသက်ခမျာ ဆွေဆွေက သူ့ကို အရေးတယူ မေးလာသဖြင့်. . .

"ဆွေကလည်းလေ. . . မတိရန်ကော၊ ဒီနေ့ ဇင်ကိုနဲ့ မိုးအေးတို့ရဲ့တောင်းခံပွဲလေ၊ ပြီးရင် အတူဖြစ်ရအောင်လို့၊ အဲ. . . အဲဒါဆို ဆွေ သဘောပေါက်တော့"

"ဟယ်. . . ကောင်စုတ်"

မိုးအေးက ရှက်ရဲရဲ ဖြစ်နေသော မျက်နှာဖြင့် အရှက်ပြေ





ရယ်လိုက်ပြီး ထွန်းသက်ရဲ့ကျောကို ဘုန်းခနဲ ထုလိုက်သဖြင့် ထွန်းသက်မှာ ကျောကော့သွားပြီး မျက်နှာကြီး ရှုံ့မဲ့ကာ ဇင်ကို့ဘက်ကို လှည့်၍. . .

"အ. . . တကယ်ဆော်တယ်ဟ၊ ဟေ့ကောင်. . . မင်းအတွက် ငါ ရင်လေးတေးတယ် တိလား"

ဇင်ကိုက ထွန်းသက်စကားကို ဂရုမစိုက်အားဘဲ မိုးအေးကိုသာ ပျာပျာသလဲဖြင့်. . .

"မိုး နာသွားလားဟင်၊ ဒီကောင့်ကျောက ကတ္တရာလမ်းနဲ့ အချက်တစ်ရာ လွှဲရိုက်တာတောင် ဘာမှမဖြစ်မယ့် ကျောပြင်ကြမ်းကြီး၊ မိုးလေးလက်တွေ နာကုန်တော့မှာပဲ၊ ဒဏ်ကြေလိမ်းဆေး လိမ်းထားလိုက်ပါလားဟင်"

ဟု ဆိုပြီး ဆေးထည့်ထားသော ပလတ်စတစ် ဘောက်စ်ကလေးကို စာအုပ်ဘီဒိုပေါ်မှ သွားယူလိုက်သည်။

"အို. . . မလိမ်းပါဘူး"

မိုးအေးက ငြင်းသည်။

ဆွေဆွေကတော့ ဆေးဘောက်စ်ထဲမှ ဇီဇဝါ ဆင်တုံးမန္တယ် အစာကြေဆေးပူးကို တွေ့၍ လှမ်းနှိုက်လိုက်ရင်း. . .

"အတော်ပဲ. . . အစားတွေ စားထားတာ များနေလို့ ဗိုက်ကြီး ကယ်နေတာ"

ဟု ဆိုပြီး ဆင်တုံးမန္တယ် အစာကြေဆေး သုံးလေးတောင့်ကို ယူပြီးစားလိုက်သည်။

"ရော့. . . ရှိုးရာ၊ နင်လဲ စားထား၊ ဒါမှ အစာအမြန်ကြေမှာ၊ ဇင်ကိုက အပြင်ရောက်ရင်လည်း အထိမ်းအမှတ်ပွဲလေးကို ဆိုင်တစ်ဆိုင်မှာ ထပ်လုပ်ပေးအုံးမှာ"



www.burmeseclassic.com

www.burmeseclassic.com



ရိုးရာက ဆွေဆွေ လှမ်းပေးသော ဆေးတောင့်လေးတွေကို လှမ်းယူပြီး စားလိုက်သည်။

ရှင်းက ရေနွေးကြမ်း ငှဲ့ထားပေးသော ရေနွေးပန်းကန်လုံးလေးကို ရိုးရာထံ လှမ်းပေးလိုက်သည်။

"ရော့. . . မရိုးရာ၊ ဒီရေနွေးလေးနဲ့ သောက်လိုက်လေ"

ရိုးရာလဲ မငြင်းချင်တာနဲ့ အားတုံ့အားနာ ပြုံးပြပြီး ရေနွေးပန်းကန်လုံးလေးကို လှမ်းယူလိုက်ပြီး ဆေးတောင့်လေးတွေကို ငုံကာ ရေနွေးလေးနဲ့ မြို့နေလိုက်၏။

ပြီးတော့ တစ်ယောက်ကိုတစ်ယောက် မသိမသာ ခိုးကြည့်ပြီး ပြုံးလိုက်ကြ၏။

ပြုံးလိုက်သဖြင့် ပါးချိုင့်လေးများ ခွက်ဝင်သွားသော ရိုးရာရဲ့ပါးပြင်ကို ရှင်းက မသိမသာ ခိုးကြည့်မိလိုက်ပါသေး၏။

နှလုံးခုန်သံတွေကတော့ နှလုံးသားနံရံတွေကို တဒုတ်ဒုတ်နဲ့ ထုပြီး သူတို့ အချစ်တွေကို ဆာလောင်မွတ်သိပ်နေကြသည်ဟု အသိပေး နှိုးဆော်နေကြကုန်လေပြီ။







## အပိုဒ်ခွဲ (၅)

ပါပလေကာ ကားလေးက လေထုကို ထိုးခွဲ၍ ရွှေတိဂုံဘုရားဆီသို့ ဦးတည်နေ၏။

ပြင်းလွန်းတဲ့ လေအရှိန်ကြောင့် ရိုးရာရဲ့ပခုံးသားပေါ်မှာ ဝဲကျနေသော ဆံစပျော့အိအိလေးတွေက ယိမ်းထိုးကခုန်နေကြ၏။

တစ်ခါတစ်ခါ ရှင်းရဲ့မျက်နှာဆီသို့ပင် သွားရောက် မိတ်ဖွဲ့ကာ ကလူကျီစယ်နေကြသေး၏။

ဤသို့ ရှင်းရဲ့မျက်နှာနှင့် ကိုယ့်ရဲ့ဆံစတွေ အီစီကလီ ဖြစ်နေကြတာကို ရိုးရာကတော့ လုံးဝ သတိမထားမိ၊ သူကော ရှင်းကို



www.burmeseclassic.com

www.burmeseclassic.com



ကျောပေးထိုင်နေတာကိုး။

သူမရဲ့ လွင့်ဝဲလာသော ဆံစလေးတွေဆီမှ ခပ်ပေါ်ပေါ် Shampoo ရှန်ပူနံ့နှင့်အတူ နေအနံ့ ရောထားသော အနံ့ခပ်သင်းသင်းလေးကို ရှင်းက မသိမသာ ခိုးပြီး ရှူရှိုက်လိုက်တာ လမ်းတလျှောက်ပါပဲ။

ရွှေဂုံတိုင်မီးပွိုင့် ရောက်တော့ မီးပွိုင့်မိသွားသဖြင့် ဆယ်မိနစ်လောက် စောင့်လိုက်ရသည်။

အားလုံးက မီးပွိုင့်မိနေသဖြင့် မီးပွိုင့်ကို အပြစ်ဝိုင်းဖို့နေကြ၏။ တော်တော်ကြာတဲ့ မီးပွိုင့်ပေါ့။

ရှင်းက ရိုးရာကို မငဲ့မရဲ စကားစလေ၏။

"ကျွန်တော်တောင် ရွှေတိဂုံ မရောက်တာ တော်တော်ကြာပြီ၊ ခုမှပဲ ရောက်ဖြစ်တော့တယ်၊ မရိုးရာရော ရောက်ဖြစ်လား"

ရိုးရာက ဝေ့နေသော ဆံစတွေကို သပ်ပြီး နားရွက်ကြားထဲ ထိုးထည့်ကာ ခပ်စစလေး ပြုံးလိုက်ပြီး. . .

"ရွှေတိဂုံဘုရားက ကျွန်မတို့ရဲ့ဆွေဘုရား မျိုးဘုရားပဲ၊ ရောက်ဖြစ်တာပေါ့"

"ပူ. . ."

ရိုးရာရဲ့စကားသံနှင့်အတူ ရိုးရာရဲ့ခါးအောက်ပိုင်း နယ်နိမိတ် တစ်နေရာက အသံခပ်တိုးတိုးတစ်သံကို ရှင်းသန့် ကြားလိုက်သည်။

ထို့အတူပင် ရိုးရာမှာလည်း ထိုအသံကြောင့် သူများတွေများ ကြားသွားမလားဟဲ့ဆိုတဲ့ စိုးရိမ်စိတ်နှင့် ရှက်စိတ်တွေက ကုလားအော်သီး အတောင့်နှစ်ဆယ်ကို တစ်ပြိုင်နက်တည်း စားလိုက်ရသလို ထူပူကျိန်းစက်သွား၏။ အမှန်တော့ စားထားတဲ့ အစာကြေခြေး တန်ခိုးပြတာပင်။ ပြီးတော့ ရှင်းသန့်ထံသို့ မလုံမလဲမျက်နှာပေးလေးဖြင့် သမင်လည်ပြန် ကြည့်ရှာသေး၏။

ရှင်းက သူ ဘာမှ မကြားလိုက်ရသလို ဟန်မျိုးဖြင့် ကိုယ်လေးကို ခပ်မတ်မတ် ထိုင်ရင်း ဘေးဘီဝဲယာရှိ ဆိုင်းဘုတ်တွေကို လှမ်းကြည့်နေ၏။

ထွန်းသက် မြတ်ကိုနှင့် ဆွေဆွေတို့က ထိုအသံ ခပ်တိုးတိုး "ပူ" ဆိုသောအသံမှာ လေလည်သောအသံ ဧကန်ဖြစ်ပြီး ရိုးရာဆီကလား ရှင်းဆီကလားဆိုသည့် ဝေခွဲ၍မရသောအကြည့်ဖြင့် ကြည့်ကုန်ကြ၏။ မျက်နှာတွေကလည်း ပြုံးစိစိနဲ့ရယ်ပေါ့။

အခြေအနေကို ရိပ်စားမိသော ရှင်းက ရိုးရာရဲ့အရှက်တွေကို ကာကွယ်လိုသော ဆန္ဒတွေကို ရင်ဝယ်ပိုက်ပြီး. . .

"အဟဲ. . . သည်းခံကြပါ၊ အန္တရာယ်ဆိုတာ ကြိုတင်ပြင်ဆင်မှု မရှိဘဲ ရုတ်တရက် ဝင်လာနိုင်တယ်လေ၊ နံမယ်ထင်ရင် နှာခေါင်းလေးတွေ ပိတ်ထားကြနော်၊ ငါလည်း ထိန်းထားရင်းနဲ့ ထွက်သွားတာ. . . မတတ်နိုင်ဘူး"

ရှင်းရဲ့စကားမှာ အားလုံးအတွက် တရားခံကို အဖြေရှာပေးလိုက်သလိုဖြစ်ကာ. . .

"မင်းကတော့ ငါတို့ကို အနံ့နဲ့ နှိပ်စက်ပြန်ပြီ ရှင်းရာ၊ ကြိုပြောဖို့တော့ ကောင်းတာပေါ့"

ထွန်းသက်က ရယ်ကျဲကျဲနှင့် စူပွစူပွဖြင့် ပြောပြီး ဆွေဆွေ့ဆီက တစ်ရှူးတစ်ရွက် လှမ်းတောင်းပြီး နှာခေါင်းပိတ်ထားသည်။ ဆွေဆွေကလည်း သူမ နှာခေါင်းရှေ့မှ လက်ကလေး တရမ်းရမ်းဖြင့် အနံ့မလာအောင် တားဆီးနေ၏။

"ဒီလိုပေါ့ဟယ်. . . အပုတ်ကောင်ကို ရုပ်ဆောင်မြဲပါပဲ၊







www.burmeseclassic.com

www.burmeseclassic.com



နင်တို့ကလည်း ဒါလေးကို ရေးကြီးခွင်ကျယ် လုပ်နေကြထယ်၊ ရှင်းလေး ရှက်နေပါ့မယ်"

မြတ်ကိုက ပနာဝင်ယူသည်။ သူက ရှင်းကို အီစီကလီ လုပ်ချင်နေတာကိုး၊ ဒါကြောင့် ရှင်းများ သူ့ကို ခိုက်မလားဆိုပြီး ပြင်ဆင်လာလိုက်တာ မျက်နှာတပြင်လုံး မိတ်ကပ်နဲ့ခြေး ရောသမ မွှေထားတာ မြင်ရက်စရာကို မရှိ။

ရှိုးရာမှာတော့ ကိုယ့်ရဲ့အရှက်ကို ရှင်းက ဝင်ပြီးကာကွယ် လိုက်မှန်း သိပေမယ့်လည်း ကားပေါ်မှ ခုန်ချဆင်းပြေးချင်ရ လောက်အောင်ကို ရှက်စိတ်တွေက ရင်ထဲမှာ ပလုံစီနေကြ၏။

သူငယ်ချင်းတွေ သိသွားတာကမှ ကိုယ့်မှာ ဖြေသာအုံး မယ်၊ ခုတော့ ကိုယ်နဲ့ သိပ်ပြီးရင်းနှီးကျွမ်းဝင်ခြင်း မရှိတဲ့ ခပ်ချော ချော ယောကျ်ားတစ်ယောက်ရှေ့မှာမှ ကိုယ့်အရှက်တွေ ဖြန်းကန ကွဲရတယ်လို့။

နောက်ခန်းမှ ဖြစ်ပျက်နေကြတာတွေကို မိုးအေးနှင့် ဇင်ကို တို့အတွဲကတော့ မသိရှာ၊ သိလဲ သူမ အခုလောက် အရှက်သည်းမိ မှာ မဟုတ်၊ ရှင်းကလွဲပြီး ကျန်သူငယ်ချင်းတွေက အတွင်းသိ အစင်း သိ၊ ငယ်ငယ်ကတည်းက လည်ပင်းဖက် ပေါင်းလာခဲ့ကြတဲ့ ငယ် ပေါင်းကြီးဖော်တွေလေ။

အခုကစပြီး ရှင်းရဲ့မျက်နှာကို ရဲရဲပင် မကြည့်ရဲတော့။

ရွှေတိဂုံ မြောက်ဘက်မုခ် ရောက်တော့ အရိပ်ကောင်း သော သစ်ပင်အောက်တွင် ကားကို ပါကင်ယူလိုက်ပြီး ဇင်ကိုနှင့် မိုးအေးတို့အတွဲ ဆင်းလာကြသည်။

မိုးအေးမျက်နှာက ရှက်ကိုးရှက်ကန်းအမူအယာနှင့်။ ဇင်ကိုကတော့ မှူရသော အပြုံးဖြီးဖြီးနှင့် ရှိုးရာတို့အဖွဲ့ဆီသို့ လှမ်း





မေး၏။

"ငါတို့ ဓါတ်လှေကားနဲ့ တက်ကြမှာလား"

ရှင်းက ဇင်ကို့အမေးကို အရင်ဆုံး ဦးအောင် ဖြေလိုက် သည်။

"ဓါတ်လှေကားနဲ့ မတက်ဘူး၊ စောင်းတန်းလှေကားကပဲ တက်မယ်လေ၊ ခြေထောက်ညောင်းတတ်တဲ့သူက ဓါတ်လှေကားနဲ့ တက်ကြပေါ့"

ရှင်းရဲ့အစီအစဉ်ကို ဇင်ကိုက ထောက်ခံ၏။

"အေး. . . ကောင်းတယ်၊ ဒါမှ ငါနဲ့မိုးလေး လှေကားတက် ရင်း အေးအေးဆေးဆေး စကားပြောလို့ရမှာ၊ မင်းတို့အဖွဲ့ ငါတို့နဲ့ ခပ်ခွာခွာလေး လျှောက်ပေးနော်၊ အနားကို တစ်ယောက်မှ ကပ် လိုက်မလာနဲ့. . . ဖီးလ်ပျက်တယ်"

မိုးအေး လှမ်းဟန့်လိုက်သည်။

"ဇင်ကို ဘာတွေ လျှောက်ပြောနေတာလဲ"

မြတ်ကိုက မနေနိုင် မထိုင်နိုင် ဝင်ဖွပြန်၏။

"နင်ကလည်းဟယ်. . . ဒါ ရှက်စရာလားလို့၊ ဇကန္တ နင် ဇင်ကို့ကို အဖြေပြန်ပေးလိုက်ပြီ မဟုတ်လား၊ ဒါကြောင့် ရှက်နေ တယ်ဆိုတာ ငါတို့ သိတယ်ဟဲ့၊ ခုနေတော့ ရှက်ပေါ့၊ နောက်မှ တလေး တစ်ဒါဇင်လောက်လဲ ထွက်ရော ဒါတွေက ပုံပြင်အဖြစ်နဲ့ အငွေ့ပျံသွားရော"

"ဟာ. . . ဒီကျော်တကီးတော့၊ မင်း အတည်ပေါက်နဲ့ နောက်မနေနဲ့၊ ဒီမှာ ရှက်ပြီး ဘုရားပေါ် မလိုက်တော့ပါဘူးဆိုရင် ငါ ငုတ်တုတ်မေ့နေမယ်ကွ"

ရှိုးရာအဖို့တော့ ဘာကိုမှ နားမဝင်တော့၊ ခပ်လှမ်းလှမ်း



www.burmeseclassic.com

www.burmeseclassic.com



အုတ်ခုံလေးပေါ်မှာ တစ်ယောက်တည်း သွားထိုင်နေလိုက်သည်။

ရှက်စိတ်ကြောင့် အာရုံတွေပင် လန်းဆန်းတက်ကြွစိတ် မရှိတော့။ ရှင်းကို ဘယ်လို မျက်နှာချင်း ဆိုင်ရမှန်းပင် မသိတော့။

"မရိုးရာ"

ဘယ်အချိန်ကတည်းက ကိုယ့်အနား ရောက်နေမှန်းပင် မသိသော ရှင်းရဲ့ခေါ်သံကြောင့် မဝံ့မရဲ ခေါင်းမော့ကြည့်လိုက်သည်။

နားလည်မှုအကြည့်တွေနဲ့ နွေးထွေးနေတဲ့ ရှင်းရဲ့မျက်နှာကို ရှက်ဇောဖြင့် ရင်ဆိုင်လိုက်ရသည်။

"တစ်ယောက်တည်း ဘာထိုင်လုပ်နေတာလဲ၊ သွားကြမယ်လေ၊ ဟိုအဖွဲ့တွေတောင် ရှေ့က သွားနှင့်နေပြီ"

ဒီတော့မှ သူမ စိတ်နှင့်ကိုယ်နှင့် ကပ်တော့၏။ ရှက်တာတော့ ရှက်နေသေးတာပါပဲ။

"ဟင်. . . ဟုတ်လား၊ ကျွန်မ သတိမထားမိလိုက်ဘူး၊ အတွေးနည်းနည်းလွန်သွားလို့"

ရှင်းက သူ့ကို စောင့်ပြီးခေါ်သည် ထင်ပါရဲ့။

"ကဲ. . ထ. . သွားကြရအောင်"

ရိုးရာ ရှင်းရဲ့အရှေ့မှ ခပ်သွက်သွက် လျှောက်လာလိုက်သည်။ ကိုယ့်မျက်ဝန်းမှာ ရှက်ရိပ်တွေ ဖိတ်ဖိတ်လဲ့နေတာကို ရှင်းကို မမြင်စေချင်ပါ။ ဒါကို ရှင်းကလည်း ရိပ်မိ၍ ထင်သည်။ အတူယှဉ် မလျှောက်ဘဲ အနောက်မှ ခပ်ခွာခွာ လျှောက်လာသည်။

ဝဋ်လည်တယ်ဆိုတာ ဒါကိုပြောတာ ထင်ပါရဲ့၊ သူ့တုန်းက သူမလှောင်ပြုံးတွေ၊ ထေ့လုံးငေါ့လုံးတွေနဲ့ ဟာသတစ်ခုအဖြစ် အသွင်ပြောင်းခဲ့ပြီး သူငယ်ချင်းတွေကိုပင် ပြောပြခဲ့သည်။





သူ့ကြောင့် တစ်ဖက်သား အရှက်ကွဲသွားမလားဆိုတာ ယောင်လို့တောင် မတွေးမိခဲ့။

ခုတော့ ရှင်းက သူ့ရဲ့အရှက်ကို ကာကွယ်ခဲ့သည်။ ဒီအတွက် သူ့ကို အနည်းဆုံး ကျေးဇူးတင်စကားလေးတော့ ပြောသင့်သည်ထင်၏။

အတွေးနဲ့အတူ အရှေ့မှ လျှောက်နေရာမှ ချက်ချင်းရပ်လိုက်ပြီး နောက်ကို လှည့်လိုက်သည်။

"အင့်. . ."

"အို. . . ဘယ်လိုဖြစ်ရတာလဲ"

သူမကပင် အူကြောင်ကြောင်နိုင်သော မေးခွန်းတစ်ခုကို ကောက်ကာငင်ကာ မေးလိုက်သည်။

ရှင်းက ရှေ့ကို အလျှောက် သူမက ရပ်ပြီး နောက်ပြန်အလှည့်ဆိုတော့ တစ်ဦးနဲ့တစ်ဦး မျက်နှာချင်းဆိုင် ဝင်တိုက်မိခြင်းဖြစ်သည်။

"မသိဘူးလေ. . . လျှောက်နေရင်းနဲ့ ဘာဖြစ်လို့ ရပ်ပြီး နောက်ပြန်လှည့်လိုက်ရတာလဲ၊ ကားပေါ်မှာ ဘာမေ့ကျန်ခဲ့လို့လဲ"

"ဟင့်အင်း. . . မကျန်ပါဘူး၊ ကျေးဇူးတင်ကြောင်း ပြောမလို့ လှည့်လိုက်တာ"

"ဘယ်သူ့ကိုလဲ"

"ရှင့်ကိုလေ. . . စောစောက ကားပေါ်က ကိစ္စကို ရှင်ဝင်ပြီးခေါင်းခံပေး. . အဲလေ. . ဟုတ်ပါဘူး၊ ဖြေရှင်းပေးတဲ့ကိစ္စအတွက်"

"ဩော်. . . ဒါလား ကိစ္စမရှိပါဘူး၊ မရိုးရာတုန်းကလည်း ကျွန်တော့်ကို ကူညီခဲ့တာပဲ. . . ကျေပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . ."

ဟု ဆိုပြီး ခေါင်းကလေးကို ဆတ်ခနဲ ညိတ်လိုက်သည်။ ပြီးတော့ ဘာဆက်ပြောရမှန်း မသိတော့၍ ယောင်နနဖြင့် သူ့ရှေ့ မျက်နှာချင်းဆိုင် ရပ်နေရာမှ လှည့်ထွက်မည်အပြု. . .

"မရိုးရာ"

ရှင်းထံမှ ခေါ်သံတိုးတိုးကြောင့် ဘာလဲဟူသောအကြည့်ဖြင့် မျက်ဝန်းချင်း ပြန်ဆုံလိုက်သည်။

"ကျွန်တော့်ကို အက်ထွေးလို့ ခေါ်အုံးမှာလား"

ရိုးရာ ရယ်ချင်စိတ်ကို ထိန်းတဲ့အနေနဲ့ အောက်နှုတ်ခမ်းလေးကို အပေါ်သွားလေးနှင့် ဖိကိုက်လိုက်ပြီး. . .

"ဟင့်အင်း. . . ရှင် မခေါ်စေချင်ရင် ကျွန်မ မခေါ်တော့ပါဘူး၊ ကျွန်မကိုလည်း ရိုးရာရဲ့အရှေ့မှာ "မ" တပ်မခေါ်ပါနဲ့၊ ရိုးရာလို့ပဲ ခေါ်ပါ"

"ကျွန်တော်က ရိုသေသမှုနဲ့ ခေါ်တာပါ၊ ကျွန်တော့်ကိုလည်း နှစ်ယောက်တည်း တွေ့တဲ့အချိန်ကျရင် ရိုးရာ ခေါ်ချင်သလို ခေါ်နိုင်ပါတယ်၊ အဲ. . . စောစောက အက်ထွေးဆိုတဲ့ နာမည်မျိုးကိုပေါ့၊ ဒီနာမည်လေးက ကျွန်တော်တို့နှစ်ယောက်ရဲ့ တွေ့ဆုံခြင်းအစပဲလေ"

အံမယ်. . . သူ့စကားအနက်အဓိပ္ပါယ်က သူနဲ့ ရိုးရာနဲ့ကို နှစ်ယောက်တည်း ဆုံချင်သေးတယ်ဆိုတဲ့သဘောပေါ့၊ ဟင်း. . . ဂွင်ကတော့ စပြီးဆင်နေပြီ။

ဒါပေမယ့် သူ့ကို မပွင့်တပွင့် ပြုံးပြလိုက်ပါတယ်၊ ပြီးတော့ ပဲသံလေးနဲ့ သူ့ကို ပြန်ပြောလိုက်သေးတယ်။

"ဆုံစရာအကြောင်း ရှိသေးလို့လား"





"ဩော်. . . ရိုးရာရယ်၊ တစ်ရပ်ကွက်သားချင်းတွေပဲ၊ တစ်နေ့မဟုတ်တစ်နေ့ ဆုံဦးမှာလေ၊ အဲဒီအခါကျရင်တော့ မမြင်ချင်ဟန် မဆောင်နဲ့ပေါ့"

"အင်းပါ. . . အဲတော့. . . ဟိုအဖွဲ့တွေကို မတွေ့တော့ဘူး၊ ရင်ပြင်တော်ပေါ် ရောက်သွားပြီ ထင်တယ်၊ လာ. . လာ. . မြန်မြန်တက်လိုက်ကြရအောင်"

ဟု ဆိုကာ သူမက ခပ်သွက်သွက် တက်လာခဲ့လိုက်သည်။ ရင်ပြင်တော်ပေါ်ကို ရောက်တော့ ဖင်ကိုနဲ့ မိုးအေးက အင်္ဂါထောင့်တွင် ဘုရားရှေသပ္ပါယ်နေတာကို တွေ့ရ၏။

ဆွေဆွေနဲ့ ထွန်းသက်တို့ကတော့ ခေါင်းလောင်းကြီးနားတွင် ထိုင်နေကြသည်။

မြတ်ကိုက သူ့ရှေ့မှ ဖြတ်သွားသော ကောင်လေးချောချောတိုင်းကို ခေါ်တောမျက်လုံးဖြင့် ကြည့်ရင်း အိုဗာတင်းတွေ ပေးနေ၏။ သူ့ကိုယ်သူ ချော်တကီးဆိုတာကို နည်းနည်းမှ တွေးမိပုံမပေါ်ပေ။

ဆွေဆွေက ရိုးရာကို မြင်တော့ လက်လှမ်းပြပြီး ဒီကိုလာဟု လှမ်းခေါ်၏။

ရိုးရာ သူ့အနား ရောက်သွားတော့ ဆွေဆွေ့မျက်နှာမှာ စစ်ကူရသော တိုက်စစ်မှူးတစ်ယောက်လို ပျော်သွား၏။

ထွန်းသက်ကတော့ ရိုးရာ အနားရောက်လာ၍ ကိုယ့်ကို အဖျက်မဟုပင် ထင်ကောင်းထင်နေပေလိမ့်မည်။

ပြီးတော့ သူ့ခေါင်းတွေ တဗျင်းဗျင်း ကုတ်ကာ မအီမလည် ရှုပ်မျိုး ပေါက်ကာ ချော်တကီး မြတ်ကို့ကို စကားတွေ လှမ်းပြောနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ကလည်း မြန်လိုက်ကြတာ၊ ငါ့ကိုတောင် မစောင့်ဘူး"

ဟု ဆွေဆွေ့ကို အပြစ်တင်လိုက်သည်။

"ငါနဲ့မိုးအေးက စောင့်မလို့ပဲ၊ ဒီကောင်တွေက နင့်ကို ရှင်းစောင့်ခေါ်လိုက်မယ်ဆိုပြီး ငါတို့ကို ဇွတ်ခေါ်လာလို့"

ဇင်ကိုနှင့် မိုးအေး အနားရောက်လာသည်။ ဇင်ကိုက မျှော်စင်ကျွန်းဖက် ဆင်းသွားဖို့ အဖော်ညှိ၏။

"ငါတို့ ဘုရားပေါ်မှာပဲ အေးအေးဆေးဆေး နားမလား၊ ဒါမှမဟုတ် မျှော်စင်ကျွန်း ရောက်မှ နားမလား"

ရုံးပိတ်ရက်မို့ ဘုရားပေါ်မှာ လူများနေ၍ အားလုံး၏ သဘောတူညီချက်ကို စိတ်ထဲက ပြုံင်တူညှိလိုက်သလို. . .

မြတ်ကိုထံမှ ပွေဦးဆုံး အဖြေထွက်လာ၏။

"ဘုရားပေါ်မှာ လူရှုပ်တယ်ဟယ်၊ မျှော်စင်ကျွန်းရောက်မှ နားကြ၊ ဒါမှ နင်တို့ လွတ်လွတ်လပ်လပ် အီစီကလီ လုပ်လို့ရမှာပေါ့"

မြတ်ကိုစကားကို ထွန်းသက်က ထောက်ခံ၏။ ထွန်းသက်တင် မဟုတ်ပါဘူး၊ ရှင်းသန့်လည်း စိတ်ထဲမှ ကြိတ်ပြီး ထောက်ခံလိုက်သည်။ ဒါမှ ကန်ရေပြင်နားက ခုံတန်းလေးမှာ ရှီးရာရယ် သူရယ် နှစ်ယောက်အတူ ထိုင်ခွင့်ရမှာလေ၊ ဖြစ်နိုင်ရင် ထီးကလေးပါ ဆောင်းထားချင်သေးတာ၊ ဘေးလူတွေ မမြင်အောင်လို့လေ။





# အပိုင်းခွဲ(၆)

"ဒေါ်ယိမ်း. . ."

အိမ်ရှေ့မှ အော်ကြီးဟစ်ကျယ် အော်ခေါ်သံကြောင့် ဒေါ်ယိမ်းတစ်ယောက် မီးဖိုခန်းထဲမှာ ဟင်းချက်နေရာမှ ဟင်းအိုးမွှေနေသော ဇွန်းခွက်ကို အိုးဖုံးပေါ် တင်ပြီး မီးဖိုအောက်ပေါက်ကို ပိတ်ကာ အိမ်ရှေ့ကို ကပျာကယာ ထလာလိုက်၏။

ထိုသို့ ထလာခြင်းနှင့်အတူ. . .

"ဟော့. . . ဘယ်သူလဲ"

ဆိုသောအသံကိုပါ တပြိုင်တည်း လူထက်အရင် ဖိုလွှတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

"တူးမာ. . . တူးမာ"

တူးမာဆိုတာက လမ်းထဲမှာ အများခေါ်သလို လမ်းကြောင်းပေါ့၊ ညဘက် KTV မှာ သီချင်းဆိုတဲ့ ကောင်မလေး။ ဈေးကောင်း အချိုကြီး ပေးရင် ငရဲပြည်အထိ လိုက်ပြီး အကျိုးဆောင်ပေးမယ့် မိန်းမမျိုး။

"ပြော. . . ဘာကိစ္စလဲ"

ဟု ဒေါ်ယိမ်းက ဘောက်ဆတ်ဆတ်ဖြင့် ပြန်မေးလိုက်သည်။

"ဒေါ်ယိမ်းသမီးလုပ်ပုံ ကောင်းရဲ့လား"

မေးပုံကိုက ကောင်းရဲ့လားတဲ့၊ ကိုယ့်သမီးက ဘာဘွဲ့လုပ်ပြီး ဘာတွေ ကောင်းရမှာလဲ၊ အရင်းမရှိ အဖျားမရှိနဲ့။

"ငါ့သမီးက ဘာတွေလုပ်လို့ ကောင်းရမှာလဲအေ"

"မနေ့က ကျွန်မအိမ်ကို လာလည်တဲ့ ဧည့်သည်ကို ပေါက်ကရတွေ ပြောလွှတ်လို့"

အမလေးတော်. . . ကိုယ့်သမီးကပဲ သူ့ဧည့်သည်ကို ပေါက်ကရတွေ ပြောလွှတ်ရတယ် ရှိသေး၊ မဖြစ်နိုင်ရေးချ မဖြစ်နိုင်ဘဲ။

"ကျုပ်သမီးက ပေါက်ကရတွေ ပြောလွှတ်ရအောင် ညည်းဧည့်သည်က အတ္တာပြုသွားလို့လားမှ မသိတာ"

"ဘာအတ္တာမှ မပြုဘူး၊ ကျွန်မအိမ်လိပ်စာကို မေးတဲ့ ဧည့်သည်ကို ပေါက်ကရတွေ ပြောလွှတ်လို့၊ ကျွန်မတို့ကိုများ ငပုတောက တက်လာတဲ့ သားအမိတဲ့၊ ကျွန်မ KTV မှာ သီချင်းဆိုတာလဲ မဆီမဆိုင် သွားဖွတယ်၊ သူ ကျွန်မကို ၂ ဝင်နေတာ သိသာတယ်"





"အိုအေ. . . ညည်းတို့ဟာကလည်း ရှုပ်နေတာပဲ၊ ညည်းဧည့်သည်ကို ငါ့သမီးက ဘာကိစ္စ ညည်းအကြောင်း ပြောရမှာလဲ အမိပွါယ်မရှိ၊ ပြီးတော့ ကျုပ်သမီးက ညည်းကို ဘာကိစ္စ ၂ တွေ K တွေ ဝင်ရမှာတုန်း"

"အို. . . ဒေါ်ယိမ်းကို ပြောရတာ တကယ့်အူကြောင်ကျားပဲ၊ ဒေါ်ယိမ်း သမီးကိုသာ ခေါ်လိုက်စမ်းပါ"

ရိုးရာ ဆီဘူးလေး ကိုင်ပြီး ပြန်လာတော့ အိမ်ရှေ့မှာ မြင်ရသောမြင်ကွင်း၊ အောင်မာ. . . ကောင်မက ငါ့အမေကို အူကြောင်ကျားလေးဘာလေးနဲ့။ ဟင်း. . . တွေ့ကြသေးတာပေ့ါ။

"ဟေ့. . . ငါမရှိဘူးဆိုပြီး ငါ့အမေလို အိုကြီးအိုမကို လာဖြဲမနေနဲ့၊ ခု. . . နင့်အနောက်မှာ ငါရောက်နေပြီ၊ ပြောစရာရှိရင် ငါ့ကိုပြော"

တူးမာ အသံကြား၍ ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။ ရိုးရာကို မြင်တော့ စားတော့ဝါးတော့မတတ်၊ ဒေါသအခိုးတွေ လျှံတက်လာပြီး ဖန်ခွက်ထဲကို စည်ဘီယာ လောင်းထည့်လိုက်သလို ဒေါသတွေက အမြှုပ်တစီစီနဲ့။

"ဩော်. . . ကျုပ်ကလည်း ညည်းကို တွေ့ချင်နေတာပါ၊ ညည်းအမေကို ပြောရတာ ကျုပ်ရဲ့တန်ဖိုးရှိတဲ့ အောက်ဆီဂျင်တွေကို ဖြုန်းတီးရာ ရောက်တယ်"

ရိုးရာက ဂျစ်တစ်တစ်ပုံစံဖြင့် မထီမဲ့မြင် ပြုံးလိုက်ပြီး. . .

"အဟား. . . ဒီမှာ အမိပွါယ်တွေ တိမ်ကောနေတဲ့ နင့်ရဲ့ အောက်သိုးသိုးစကားတွေကို အလကား ဆွဲဆန့်မနေနဲ့၊ ပြောစရာရှိတာ အမြန်ပြော၊ ပြီးရင် လစ်လိုက်တော့"

လက်ထဲမှာ ကိုင်ထားသော ရေသန့်ဗူးနှင့် ထည့်ထားသော



www.burmeseclassic.com

www.burmeseclassic.com



ဆီပုလင်းကို အမေ့ထံ လှမ်းပေးလိုက်ပြီး အမေ့အား အိမ်ပေါ် တက်ရန် သားအမိချင်းသာ နားလည်သော အချက်ပေးစံနစ်ကို သုံးလိုက်သည်။

အမေကလည်း သမီးလုပ်သူရဲ့အထာကို နပ်ပြီးသား။ သုတ်ခနဲ အိမ်ပေါ်ကို တက်သွားလိုက်တာ ခြေဖျားတောင် မမြင်ရတော့ဘူး။

ဒီလိုရန်ပွဲမျိုးတွေက ရိုးအီနေတဲ့အတွက် ဒေါ်ယိမ်းတို့က သမီးလုပ်သူအတွက် မပူတော့။

ကိုယ့်သမီး အပျိုလေး ရန်ဖြစ်နေပါလားဟဲ့လို့လည်း အရှက်တရားကို ခေါင်းပေါ် ရွက်ပြီး မထိန်းသိမ်း၊ ရန်ပွဲဖြစ်ရခြင်းရဲ့ အခြေအမြစ်တိုင်းက ကိုယ့်သမီး မှန်နေတာကိုး၊ ဒီအတွက် ဘာကို ထိန်းရမှာလဲ။

အဓိက,က ကိုယ်ကျင့်သိက္ခာ၊ ပျက်ပြားတဲ့ရန်ပွဲမျိုး မဖြစ်ဖို့ ပဲ။ ကိုယ်မှန်လို့ကတော့ သမီးဘက်ကတောင် သူက ဝင်ပြီး တိုက်စစ် မှူး ဝင်လုပ်လိုက်ဦးမယ်၊ ဒီလို ပြဿနာ အသေးအမွှားလေး လောက်တော့ ဒေါ်ယိမ်းတို့က ဝင်မပါ။ ကိုယ့်သမီးက အသာလေး ဖြေရှင်းနိုင်တယ်ဆိုတာ သူသိပြီးသား၊

"မနေ့က ငါ့ဆီလာတဲ့ဧည့်သည်ကို နင်ဘာလို့ ငပုတောက တက်လာတဲ့သားအမိလို့ ပြောလွှတ်လိုက်ရတာလဲ"

"နင့်ဧည့်သည်ဆိုတဲ့အကောင်က စိန်ပွဲစား တူးမာရဲ့အိမ် ဘယ်အိမ်လဲလို့ လာမေးတာကိုးဟဲ့၊ ဒီရပ်ကွက်ထဲမှာ စိန်ပွဲစား တူးမာတော့ မရှိဘူး၊ ဘဏ်မှာ အလုပ်လုပ်နေတဲ့ တူးမာရယ်၊ နတ်ကတော်တူးမာရယ်၊ KTV မှာ သီချင်းဆိုတဲ့ တူးမာရယ်ပဲ ရှိတယ်လို့ ပြောလိုက်တာလေ၊ နင်ကလွဲပြီး ကျန်တဲ့တူးမာ နှစ်





ယောက်က ကလေးအမေတွေ၊ ပြီးတော့ ဒီရပ်ကွက်မှာ ငယ်မွေး ခြံပေါက်တွေ၊ နင့်ဧည့်သည်က မိုးကုတ်က ပြောင်းလာတာလို့ ဘာလို့ ပြောလဲ၊ ဒီမှာ ငပုတောက တက်လာတဲ့ တူးမာပဲ ရှိတယ်လို့ ငါပြော လိုက်တာ မှားသလား၊ နင့်ကိုယ်နင် မိုးကုတ်က ပြောင်းလာတဲ့ စိန်ပွဲစား တူးမာလို့ လိမ်ထားတာ မှန်သလား၊ ဟင်း. . . ငါညွှန်ပေး လိုက်လို့လည်း နင့်ဧည့်သည်က နင့်ဆီ တန်းတန်းမတ်မတ် ရောက် လာတာကို နင်က ကျေးဇူးမတင်တဲ့အပြင် ငါ့ကို ဟိုဟာ လာလုပ်ပြ နေတယ်ပေါ့"

"နင် မိုက်မရိုင်းနဲ့နော် ကောင်မ"

ပွဲကတော့ စကြမ်းပြီ၊ ရိုးရာတို့ကလည်း မမှုပါဘူး၊ သူလဲ မိန်းကလေးပဲ။ ပျောက်ကြားတိုက်ကွက်နည်းတွေ သုံးပြီး တစ်ဖက်က အားနည်းချက်ကို ခပ်သာသာလေး ဖိလိုက်ရင် ကိုယ်က တစ်ပန်း သာပြီးသား။

"ငါက မိုက်ရိုင်းရအောင် နင့်ကို ဆဲရေးတိုင်းထွာနေလို့ လား၊ ငါ့ဒေါသတွေ ချုံခိုမတိုက်ခင် နင် ငါ့အိမ်ရှေ့က ထွက်သွား လိုက်နော် ငပုတောမ"

"အောင်မာ. . . ထွက်မသွားတော့ နင်က ဘာလုပ်ချင်လဲ၊ ကောင်မ လူပါးဝလို့၊ အမူးသမားရဲ့သမီး ဂျစ်ပစီမကမျာ"

ရိုးရာရဲ့ဒေါသတွေ ငယ်ထိပ်ရောက်လုနေပြီ။

"နင့်ရဲ့အရပ်ထဲက စကားတွေကို ချေတာသုံးလိုက်ရင် ကောင်းမယ်၊ နင်နဲ့ငါနဲ့ဖြစ်တဲ့ပြဿနာမှာ ငါ့အဖေ အရက်သောက် တာနဲ့ ဘာဆိုင်လဲ၊ နင့်ရဲ့အတ္တခန့် ငါ့အဖေအရက်ဖိုးကို ထောက်ပံ့ နေရလို့လား. . . တောက်"

တောက်ခေါက်သံ ခပ်ပြင်းပြင်းနှင့် စကားလုံး အစပျိုးခြင်း



www.burmeseclassic.com

www.burmeseclassic.com



တွေက ရန်ပွဲကို အရှိန်မြှင့်ဖို့ တာစူနေကြလေ၏။

"နှင် ငါ့ရှေ့က ချက်ချင်းထွက်သွားလိုက်တော့နော်၊ ထွက်မသွားဘူးဆိုရင်တော့ ငါ့လက်ဝါးက နှင့်ပါးပေါ်ကို အကြိမ်တစ်ရာလောက် ကျသွားမယ်၊ အဆစ်အနေနဲ့ လက်သည်ဒေါ်ပုဆီက နှင့်ရဲ့ဒသမမြောက် ကိုယ်ဝန်ဖျက်ချခြင်း စာမျက်နှာတွေထဲက ပုတ်သိုးနံစော်နေတဲ့ အတိတ်သမိုင်းကြောင်းကို ငါကလည်း အားမနာတမ်းလှန်ပစ်ရလိမ့်မယ်"

ရိုးရာရဲ့စကားလုံးတွေကြောင့် တူးမာတစ်ယောက်ရင်ဆိုင်ဖြေရှင်းရန် စကားအစ ရှာမရသူနှယ် ပါးစပ်ကလေးဟောက်ပက်ဖြင့် ရိုးရာကို နတ်ပူးသလို တုန်ခါနေသော ခန္ဓာကိုယ်နှင့် ပြူးပြဲကြည့်ကာ. . .

"နှင့်ကို ကြောက်လို့ ငါထွက်သွားတယ်လို့တော့ မထင်လိုက်နဲ့၊ အရေးကြီးတဲ့ အလုပ်တစ်ခု စဉ်းစားမိသွားလို့ နှင်နဲ့ ဖက်မကိုက်တော့. . အဲလေ. . ဖက်မဖြစ်တော့တာ၊ နားလည်လား"

ဟူသော အနိုင်ပိုင်း စကားသုံးပြီး ရိုးရာရဲ့အရှေ့မှ ကော့တော့ကော့တော့နှင့် ထွက်သွားလေသည်။

မထွက်လို့လည်း ရမှ မရတော့တာ၊ ရိုးရာဆိုတဲ့ဟာလေးနဲ့ တွေ့ရင် အရှက်မှန်သမျှ ပြန်းပြန်းကွဲတဲ့သူချည်းပဲ၊ ဒါကို သူ ကြားဖူးနားဝ ရှိထားသည်လေ။

ရိုးရာက သူမရှေ့မှ ထွက်သွားသော တူးမာကို ကြည့်ပြီး ပခုံးလေးတွန့် ဟက်ခနဲ တစ်ချက်ရယ်ပြီး အိမ်ပေါ်ကို တက်လာခဲ့လိုက်သည်။

"သမီး အိုကေသွားပြီလား"

အမေက အေးဆေးသောအမေးဖြင့် အိမ်ပေါ် တက်လာ





သော ရိုးရာကို ဆီးမေးလိုက်သည်။

"ကျွတ်. . . အလကား ငပွေးမ၊ သူ့ကြွားလုံးတွေ သမီးကြောင့် ပေါ်ကုန်လို့ လာပြီးရမ်းတာ. . . ရမလားလို့"

"သမီးကလည်း တမင်ရည်ရွယ်ပြီး ပြောလိုက်တာ မဟုတ်ပါဘူး၊ အင်းပေါ့လေ. . . သမီးရဲ့အမှန်ပြောခြင်းက သူ့အတွက်အမှားပြောခြင်း ဖြစ်သွားတာတော့ သမီးလဲ ဘယ်တတ်နိုင်မလဲ"

"ကဲ. . . ကဲ. . . ညည်းအဖေကို ထမင်းချိုင့် သွားပို့ဖို့ လုပ်တော့၊ ထမင်းပါ တစ်ခါတည်း စားသွား"

"စားသွားတာ ကောင်းပါတယ် အမေရာ၊ ဟိုရောက်ရင်ထုံးစံအတိုင်း ကားကျပြီဆို ကလေးပုတို့ ပြောင်ကြီးတို့က သမီးကိုစစ်ကူတောင်းကြရော၊ သမီးကလည်း ဝါသနာအရ ဝင်ပြီး ကလိလိုက်ရမှ အမေရ"

အမေက ရိုးရာကို ချစ်စနိုး မျက်စောင်းလေး ထိုးရင်း. .

"ဟင်း. . . ညည်းဝါသနာကလည်း လွန်ပါတယ်အေ၊ ငါစိတ်ထင် ညည်းကို ငါ့ဘကြီး ဦးထီးများ ဝင်စားသလိုလို့တောင် သံသယ ဝင်မိတယ်၊ သူက ကားပြင်တဲ့ပညာကို တစ်ဖက်ကမ်းခတ်အောင် တော်တာအေ့"

"ဟင်. . . တကယ်"

"တကယ်တင် မကဘူး၊ ဒီ့ထက် အံ့သြစရာကောင်းတာက ဘာလဲဆိုတော့ သူသေပြီး မကြာဘူး၊ ငါ သူ့ကို အိပ်မက်,မက်ပါရောလား၊ အိပ်မက်ထဲမှာ သူက ဘီဒိုကြီးတစ်လုံး ထမ်းလာပြီး ငါ့ဆီကိုရောက်လာတယ်၊ ငါက ဦးထီး မသေသေးဘူးလားလို့ မေးတော့ငါ့ကို ဘာမှ ပြန်မပြောဘဲ ငါ့အိပ်ယာဘေးမှာ ခွေခွေလေး ဝင်အိပ်ပါရောလား"



www.burmeseclassic.com

www.burmeseclassic.com



ရိုးရာက သဘောတကျဖြင့် ရယ်ရင်း. . .

"အမေ့အိပ်မက်ကလည်း ကြံကြံဖန်ဖန်၊ အဝတ်ထုပ် ထမ်းမလာဘဲ ဘီရိုကြီး ထမ်းလာရတယ်လို့"

အမေ့ရဲ့အိပ်မက်ကို ဝေဖန်ရင်း ထမင်းပန်းကန်ထဲကို ဟင်းခပ်ထည့်လိုက်သည်။

"အိုအေ. . . သူ့အိပ်မက်ထဲကအတိုင်း ပြောတာကို"

"ဟုတ်ပါတယ်. . . သမီးကရော ဘာပြောလို့လဲ၊ အမေ့အိပ်မက် ထူးဆန်းတာကို ပြောတာပါ။ ဆက်ပြောပါအုံး အမေရဲ့၊ အဲဒါနဲ့ မကြာခင် ဘာဖြစ်လဲ အမေ"

"သိပ်မကြာဘူး. . . ညည်းကို ကိုယ်ဝန်ရှိတော့တာပဲ၊ မွေးပြီးပြန်တော့လည်း မိန်းကလေး ဗီဇအတိုင်း ဘိုမအရုပ်ကလေးတွေ အလှအပတွေကိုပဲ မက်ရမှာကို ညည်းက အဲဒါတွေ တစ်ခုမှ စိတ်မဝင်စားဘူး၊ မိဘကို ကစားစရာ ပူဆာရင်လည်း ကားတို့ ဆိုင်ကယ်တို့ကိုပဲ ဝယ်ခိုင်းတယ်၊ ပြီးရင် အဲဒါတွေ တစ်စစီ ဖြုတ်ပြီး ပြန်တပ်ရတဲ့ ကစားနည်းကိုပဲ ကစားတယ်"

ထမင်းကို ခပ်သွက်သွက် စားပြီး အမေ ပြောပြနေသော သူမရဲ့ငယ်စဉ်က အကျင့်စရိုက်လေးကို နားထောင်ရင်း သူမ မေးခွန်းတစ်ခု မေးလိုက်သည်။

"အမေ. . . အမေ့ရဲ့ဦးလေး ဦးထီးရဲ့ဘီဒိုထဲမှာ ဘာတွေ ထည့်ထားလဲဟင်"

"ဟဲ့. . . ဘယ်သိမှာလဲ၊ အိပ်မက်ပါဆိုမှ ဘီဒိုထဲမှာ ဘာတွေ ထည့်ထားသလဲ ဘယ်လိုသိမှာလဲ"

ရိုးရာက ဇက်ကလေး ပုကာ ရယ်လိုက်ရင်း နောက်ဆုံး ထမင်းလုတ်ကို လက်စသတ်အပြီး ပါးစပ်ထဲသို့ ထည့်လိုက်ပြီး. . .





"အမေတို့က သမီးကို ရိုးရာသစ်လို့ ခေါ်ရမှာ မဟုတ်ဘူး၊ အမေ့ဦးလေး နာမည်ပါအောင် ထီးရိုးသစ်လို့ ခေါ်ရမှာနော် အမေ"

"တယ်. . . ဒီငနာမလေးတော့ ပြောင်ပြောင်ပြက်ပြက် စကားတွေ ပြောနေပြန်ပြီ၊ သွား. . . နင့်အဖေ ပိုက်ဆာနေတော့မယ်"

သူမ ရေကပြင်နားသို့ ထသွားပြီး. . .

"နေအုံးလေ. . . ပန်းကန်လေးတော့ ဆေးပါရစေအုံး"

"ဆေးမနေနဲ့တော့ ထားခဲ့"

"သိုင်းကျူး. . . ဒါဆို သမီး လစ်ပြီ"

အမေ့ရဲ့အိတ်တွဲကျနေသော ပါးပြင်ကို မနာအောင် လိမ်ဆွဲပြီး အဖေ့အတွက် ပြင်ဆင်ထားသော သုံးဆင့်ချိုင့်ကို ဆွဲပြီး အိမ်က ထွက်လာခဲ့လိုက်သည်။

သူမကတော့ ဘဝကို ဤသို့ဤနှယ်ဖြင့် အချိန်တွေကို သူ့စိတ်ကြိုက် ကုန်ဆုံးနေပါ၏။

သူမလား. . . အင်း ခုချိန်ထိတော့ ကိုယ့်ရဲ့ဘဝကို ဘယ်လို Type မျိုးနဲ့ နေထိုင်ကျင်လည်သွားမယ်ဆိုတာကို တံဆိပ်တောင် မကပ်ရသေးဘူး။



www.burmeseclassic.com

www.burmeseclassic.com





## အပိုင်းခွဲ(၇)

"ဦးလေး. . . ကျွန်တော် ဒီနေ့ ဘုရင့်နောင် သွားပြီး ကားပစ္စည်း လိုတာလေးတွေ သွားကြည့်လိုက်ဦးမယ်"

"အေး. . . သွားစရာရှိတာ စိတ်ချသွား"

တူဖြစ်သူက နည်းနည်းလေး အထွန့်ထပ်တက်လိုက်သည်။

"ဟိုကောင်တွေနဲ့လဲ ခွက်ပုန်းခုတ်မနေနဲ့နော်"

"ခွီးထဲမှပဲ. . . ငါ့အချိန်မကျဘဲ မိုးပေါ်က သိကြားမင်းဆင်းပြီးတိုက်တောင် ငါ မသောက်ဘူးမှတ်၊ မင်းက ငါ့ကို ဉာဏ်တိမ်တယ် ထင်နေလို့လား"





"မထင်ပါဘူး. . . ကျွန်တော်က ပြောင်ကြီးတို့ ကလေးပုတို့ ထင်တိုင်းကြဲနေရင် ဦးလေး ကြည့်မနေဖို့ကို အမိက မှာချင်တာ"

ထိုအခိုက် အလုပ်ရုံထဲသို့ ရိုးရာ ထမင်းချိုင့်လေး ဆွဲပြီး သိမ်ကျစ်လိမ်ကျစ်နဲ့ ဝင်လာသည်။

"ကိုလေး ဘယ်သွားမလို့လဲ"

"ဘုရင့်နောင် သွားမလို့၊ နင် ချက်ချင်းပြန်မှာလား"

ကိုလေး မေးတာကို မဖြေသေးပဲ သူက အရင် မေးခွန်းပြန်ထုတ်လိုက်သည်။

"ကိုလေး. . ."

"ကိစ္စတော့ ထွေထွေထူးထူး မရှိပါဘူး၊ နင် ဒီနေ့ခင်းနေမယ်ဆိုရင် ဟိုကောင်တွေကို နည်းနည်းကြည့်ထိန်းထားလိုက်အုံး၊ ဟိုနေ့က ငါမရှိတုန်း ပြောင်ကြီးတစ်ယောက် အရက်တွေ ခိုးသောက်ပြီး ကားလာပြင်တဲ့လူတွေကို မူးပြီးရမ်းလို့၊ ဦးလေးကိုဆို သူတို့က အရုပ်ပဲ"

"အယ်. . . ဒါဆို ကိုယ်က ဆရာကြီးပေါ့. . . အဟိ"

"စိတ်ချသွား ကိုလေး၊ ညီမလေး ကိုလေးပြန်လာမှ ပြန်မယ်၊ ညီမလေး မျက်စိရှေ့မှာ ကိုယ့်ကားယား နေလို့ကတော့ ဘုပြိုသာမှတ်၊ ခစ်. . ခစ်. . ခစ်"

ကိုလေးက တာဝန်ပေးသွားသဖြင့် ရိုးရာအကြိုက်တွေ့သွားရ၏။

ကိုယ်က ဝပ်ရှော့ကို အမြဲလာပြီး ကားတွေကို ကလိချင်နေတဲ့သူ။ အဖေက သိပ်မကြိုက်လို့သာ ဒီကို နေ့တိုင်းမလာရဲတာ။

ကိုလေး ထွက်သွားတော့မှ အဖေ့ကို ထမင်းချိုင့် ဖွင့်ပြီးဒန်းကန်ပြားထဲ ပြင်ဆင်ထည့်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဖေ ထမင်းစားနေတော့ ကလေးပုတို့ ကားပြင်သော နေရာသို့ ယောင်လည်လည် ရောက်သွားသည်။

"ဟင်. . . ကလေးပု ဒီကားက ဘာဖြစ်တာလဲ"

ကလေးပုက ကွမ်းတံတွေးကို မြေကြီးပေါ်သို့ ပစ်ခနဲ ထွေး လိုက်ပြီး ရိုးရာကို မော့ကြည့်ကာ. . .

"ကားက သိပ်မဆွဲဘူး. . . လေးနေလို့တဲ့"

"ရှုံးရှည်နေတာလားမှ မသိတာ၊ ဒါမှမဟုတ် ဂီယာ ဘောက်စ်ကြောင့်လဲ ဖြစ်နိုင်တယ်၊ ဂီယာထိုးကြည့်သေးလား"

"မထိုးကြည့်ရသေးဘူး"

"ကလပ်ဘာရိတ်ကိုလည်း စမ်းကြည့်လိုက်အုံး"

"အေးပါ ဆရာမကြီးရဲ့"

ရိုးရာက လက်ကလေး ပိုက်ပြီး ပြောင်ကြီးနားသို့ လျှောက် သွားပြီး. . .

"ပြောင်ကြီး. . . ပလပ်တွေ ဆေးပြီးရင် စက်ကို ပြန်နှိုး ကြည့်အုံးနော်"

ပြောင်ကြီးက အရက်နာကျသံဖြင့်. . .

"အင်း. . ."

ဟု ဆိုကာ စိတ်မပါ့တပါဖြင့် လုပ်နေသော ပြောင်ကြီး လက်ထဲမှ ပလပ်စပန်နာကို လှမ်းတောင်းပြီး. . .

"ပေး. . ပေး. . ငါ လုပ်လိုက်မယ်"

"နေပါဟာ. . . တော်ကြာ ဦးလေးက ပွမ်နေပါအုံးမယ်"

"နင်မရှည်ပါနဲ့. . . ပေးမှာသာ ပေးစမ်းပါ"

ဟု ဆိုကာ ပြောင်ကြီးကို တွန်းလွှတ်လိုက်သည်။

ပြီးတော့ ပလပ်တွေကို အသေအချာ ဆေးပြီး ပြန်တပ်





လိုက်သည်။

"ပြောင်ကြီး စက်နှိုးကြည့်လိုက်"

ပြောင်ကြီးက ကားထဲ ဝင်ပြီး စက်ကို နှိုးကြည့်လိုက်သည်။ ရိုးရာက စက်သံကို နားထောင်ပြီး. . .

"မီးနဲနဲမြင့်နေတယ်. . . တိုင်ပင်နဲနဲချမှရမယ်၊ ၁၂ ဝှနဲ့ ဝက်အူလှည့် အပြားယူခဲ့"

ထိုအချိန်မှာ. . .

ကားဝင်းထဲသို့ ကားတစ်စီး ဝင်လာသည်။ ထိုကားနောက် တွင်တော့ ကြိုးဖြင့် ဆွဲလာသော ကားတစ်စီး ကပ်ပါလာသည်။

ကလေးပုနဲ့ ပြောင်ကြီးတို့ရဲ့မျက်နှာတွေ ရှုံ့မဲ့သွားကြသည်။ ဒီနေ့အဖို့ သူတို့ တစ်ချက်ကလေးမှ အနားမရပါလားဟူသော ညည်းချင်းကိုယ်စီဖြင့်။ ဒါပေမယ့် ကိစ္စမရှိ။ ရိုးရာတစ်ယောက်လုံး ရှိတာပဲ။

"ရိုးရာ. . . ဟိုကားက ဘာဖြစ်လာပြန်ပြီလဲ မသိဘူး၊ ငါတို့ ဒီကားကို လက်စသတ်လိုက်အုံးမယ်၊ ဝင်လာတဲ့ကားကို နင်ပဲ သက်ခံလိုက်တော့"

ကြိုးဖြင့် ဆွဲခြင်း ခံလာရသော ကားပေါ်မှ ခပ်ဖြောင့် ဖြောင့် လူငယ်တစ်ယောက် ဆင်းလာပြီး ပြောင်ကြီးတို့အနားကို လျှောက်လာ၏။ ရိုးရာကို မြင်တော့ ထိုလူရွယ်မျက်နှာမှာ အံ့ဩရိပ်တွေ ထင်ဟပ်သွား၏။ ပြီးတော့ သူက စတင်ပြီး ရိုးရာအား နှုတ်ဆက်၏။

"နေကောင်းတယ်နော် ရိုးရာ"

"နေကောင်းလို့ မတ်တတ်ရပ်နေတာပေါ့"

ဘယ့်နှယ်. . . ရပ်နေတာ မြင်ရက်သားနဲ့ နေကောင်းလား



www.burmeseclassic.com

www.burmeseclassic.com



တဲ့၊ ကိုယ့်ရုပ်က ဂီလာနရုပ် ပေါက်နေလို့လား၊ ဟွန်း. . . သူကသာ သွေးမရှိတဲ့ ဖြူဖတ်ဖြူလျော်ရုပ်နဲ့။

"အင်း. . . ဟုတ်သားပဲ၊ မင်း ကိုယ့်ကို မမှတ်မိဘူး ထင်တယ်၊ ပြီးခဲ့တဲ့ လလောက်က ကိုယ့်ကားဘီးကို မင်းကိုယ်တိုင် လဲပေးခဲ့တာလေ. . . မှတ်မိလား"

ရိုးရာ အခုမှ အသေအချာ မှတ်မိသွားရသည်။

ထိုညက မှောင်နေတာကြောင့် ထိုလူချောမှန်း သိလိုက်တာကလွဲပြီး အာရုံထဲမှာ အသေအချာ မှတ်မထားမိခဲ့။

အခုမှ ကားကို အသေအချာ ပြန်ကြည့်မိတော့မှ ထိုညက သူမကားဘီးလဲပေးခဲ့သော ကားဆိုတာ သတိရသွားသည်။

"ကြာပြီဆိုတော့ ကျွန်မလဲ ဘယ်မှတ်မိတော့မလဲ၊ ခုရော ဘာဖြစ်လာတာလဲ၊ ဘရိတ်ပေါက်လာတာ"

သူမကိုယ်တိုင် မေးပြီး သူမကိုယ်တိုင် အဖြေထုတ်လိုက်သောဟန်က တကယ့်ကားပြင်ဆရာတစ်ယောက်ရဲ့ဟန်မျိုး။

"ဟုတ်တယ်. . . ဘရိတ်ပေါက်လာလို့၊ အဲဒါ ကုမ္ပဏီကို ဖုန်းဆက်ပြီး ကားတစ်စီး လှမ်းတောင်းရတယ်"

သူ့စကားမဆုံးခင် ရိုးရာသည် ဝေါက်တံသွားယူလာပြီး ကားဘီးကို ဖြုတ်လိုက်ပြီး ဝါလျှာကို လဲလိုက်၏။

တကယ့်ယောကျ်ားရင့်မကြီးလို ကားကို ကျွမ်းကျင်စွာ ကိုင်တွယ်နေသဖြင့် သူမရဲ့လှုပ်ရှားမှုတိုင်းကို စိတ်ဝင်တစား စောင့်ကြည့်လိုက်သည်။ အက်ရှင်ကားတစ်ကား ကြည့်ရသလိုပါပဲ။

"မင်းက ကားလဲ ပြင်တတ်သားပဲ"

ရိုးရာက ဘာမှ မထောက်ခံဘဲ လေချွန်၍ ဘရိတ်ကို စစ်လိုက်သည်။





"ဒီမှာ. . . ကားပေါ် ခဏတက်လိုက်ပြီး ဘရိတ်ကို နင်းပေးပါ၊ အဲ. . . ကျွန်မက နင်းဆိုရင် နင်းလိုက်၊ လွှတ်ဆိုရင် လွှတ်လိုက်. . . ဟုတ်ပြီလား OK"

ဟု ဆိုပြီး ကားပေါ် တက်ထိုင်လိုက်သည်။

"နင်း. . ."

သူမရဲ့ နင်းဆိုသော အသံလေး ထွက်လာ၍ ဘရိတ်ကို နင်းလိုက်သည်။

"လွှတ်"

တစ်ခါ ဘရိတ်ကို လွှတ်လိုက်ပြန်သည်။

ထိုနည်းအတိုင်း သုံးလေးခါလောက် နင်းခိုင်းလိုက် လွှတ်ခိုင်းလိုက် လုပ်ပြီး လေချွန်လိုက်သည်။ သူ့ဟာနှင့်သူကတော့ ဟုတ်နေ၏။

ခနောင်းမင်းမှာသာ အူကြောင်ကြောင်ဖြင့် သူ့ကို အမိန့်ပေး ခိုင်းစေနေသော ဂွတ်ဆတ်ဆတ် ကောင်မလေးအကြောင်းကို ပြုံးပျစွာ စိတ်ဝင်စားနေမိသည်။

"ကလေးပု. . . ဘရိတ်ဆီ ယူလာခဲ့"

ကလေးပု ဘရိတ်ဆီ ယူလာတော့ ဘရိတ်ဆီ ထည့်ပေးလိုက်သည်။

"ကျွန်မ ကားစမ်းလိုက်အုံးမယ်"

ဟု ဆိုကာ ရိုးရာ ကားပေါ် တက်ကာ စက်နှိုးလိုက်သည်။ ခနောင်းမင်းကလည်း တစ်ဖက်တံခါးကို ဖွင့်ပြီး ဝင်ထိုင်လိုက်သည်။

"ကိုယ်လဲ လိုက်မယ်လေ"

"ဘာလဲ. . . ရှင့်ကားကို ကျွန်မ ယူပြီး လစ်သွားမှာ စိုးလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အဟား. . . မဟုတ်ပါဘူး၊ မင်းပျင်းမှာစိုးလို့ အဖော်လိုက်ပေးတာပါ၊ ကိုယ်လည်း ဟိုမတ်တတ် ဒီမတ်တတ်နဲ့ မနေခဲ့ချင်ဘူး၊ မင်းနဲ့ စကားပြောရတာမှ ကိုယ့်အတွက် အဓိပ္ပါယ်ရှိအုံးမှာ"

ရှိုးရာ ပခုံးလေး တွန့်ကာ မဲ့လိုက်ပြီး. . .

"ကျွန်မကတော့ ရှင့်ကို ပြောစရာစကား မရှိဘူး"

"ရတယ်. . . ကိုယ်ပြောတာကိုပဲ မင်းနားထောင်ပေါ့"

သူမ ဘာစကားမှ ပြန်ပြီး မပြောတော့ပဲ ကားကိုသာ အာရုံစိုက်မောင်းပြီး ဘရိတ်ကို စမ်းနေ၏။ ကားက တုံ့ခနဲ တုံ့ခနဲနဲ့ပေါ့။

"မင်းက ဒီဝပ်ရှော့မှာ လုပ်တာဆိုတော့ မင်းရဲ့ဝပ်ရှော့လား"

"မဟုတ်ဘူး. . . အစ်ကိုဝမ်းကွဲရဲ့ဝပ်ရှော့၊ ကျွန်မက အဖေ့ကို ထမင်းချိုင့် လာပို့ရင်းနဲ့ အလုပ်သမားတွေ မအားလို့ ဝင်ကူတာ"

"နေတော့ရော ဘယ်မှာနေတာလဲ"

"ဒီရပ်ကွက်ထဲမှာပဲ"

"ကိုယ် မင်းအိမ်ကို လာလည်လို့ရမလား"

"မရဘူး"

"ဘာဖြစ်လို့လဲ"

သူမ မျက်စောင်းလှည့်ထိုးရင်း. . .

"ရှင့်ကို အိမ်လည်ခေါ်ရလောက်အောင် ကျွန်မနဲ့ ရှင်နဲ့ကြားမှာ ဘာအကန့်မှ မရှိဘူး၊ ကျွန်မလည်း ရှင့်ကို ဘာအထာမှ ပေးမထားဘူး၊ ကျွန်မကို လာမငြိနဲ့၊ ကျွန်မက အူကြောင်ကြားတွေဆို သိပ်မုန်းတာ"





ခနောင်းမင်းက သူ့ကိုယ်သူ အသေအချာ ပြန်ငုံ့ကြည့်ပြီး ဆံပင်တွေကို အသေအချာ သပ်တင်လိုက်ပြီး ဟက်ခနဲ ရယ်လိုက်သည်။

"အဟက်. . . ကိုယ့်ရုပ်က မင်းအမြင်မှာ အူကြောင်ကြားရုပ် ပေါက်နေလို့လား"

"အဲ့ဒါ ကျွန်မ ဖြေစရာ မလိုပါဘူး၊ မိန်းကလေးတစ်ယောက်ကို တွေ့တွေ့ချင်း လိုက်မိတ်ဖွဲ့တာ အူကြောင်ကြားတွေရဲ့ အလုပ်"

ကားကို ဝပ်ရှော့ရှေ့တွင် ရပ်လိုက်ပြီး ကားစက်မသတ်ဘဲ ဘားပေါ်မှ ဆင်းလိုက်သည်။

"ရှင် စမ်းမောင်းကြည့်ရင် မောင်းလိုက်လေ"

ခနောင်းမင်း ခေါင်းခါလိုက်သည်။

"မလိုဘူးလေ. . . မင်းတစ်ယောက်လုံး စမ်းထားတာပဲ၊ ဒီထက် သေချာတာ ဘာရှိသေးလို့လဲ၊ ကားပြင်ခ ဘယ်လောက်ကျတာသာ ပြောပါ"

"အဲ့ဒါ ကျွန်မနဲ့ မဆိုင်ဘူး၊ ကျွန်မအဖေဆီမှာ သွားရှင်းလိုက်"

ခနောင်းမင်းရှေ့မှ လှည့်ထွက်ခဲ့၏။

"ရှိုးရာ. . ."

သူမ လှည့်ကြည့်လိုက်သည်။

"ကိုယ် ရင်တွေ ခုန်နေတယ်"

"ဟုတ်လား. . . အဲ့ဒါကို အသက်ဝင်တယ်လို့ ခေါ်တယ်၊ ဘုရားတရားကိုသာ အာရုံပြုထား"

"အမ်း. . . မင်း အတော်နောက်တာပဲ၊ ကိုယ့်နာမည်လည်း



www.burmeseclassic.com

www.burmeseclassic.com



မှတ်ထားအုံး၊ ခနောင်းမင်းတဲ့၊ မင်းဆီကို ကိုယ်ထပ်လာခဲ့အုံးမယ်"

နှိုးရာ သူပြောတာတွေကို မကြားချင်ဟန်ဆောင်ပြီး ထွက်လာခဲ့လိုက်၏။

အဖေ့ကိုလည်း နှုတ်မဆက်ခဲ့တော့။ အိမ်ကိုပဲ ပြန်ခဲ့လိုက်၏။ အိမ်ရောက်တော့ ဆွေဆွေနဲ့ မိုးအေးတို့ ရောက်နေကြသည်။

အိမ်ပေါ်ကို လှမ်းတက်လိုက်တယ်ဆိုရင်ပဲ ဆွေဆွေ့အသံကို စပြီးကြားရသည်။

"ကြာလိုက်တာ ရှိုးရာရယ်၊ ငါ့ကို စောင့်နေတာ ကြာလှပြီ"

"ရုံမှာ ကားကျနေလို့ ဝိုင်းကူပေးနေရသေးတယ်ဟ၊ ခုတောင် ငါထွက်လာတာ အဖေ့ကို မပြောခဲ့ရဘူး၊ ဆက်နေရင် ငါ့ပုံစံ မှုမမှန်တာတွေ ပေါ်ကုန်မှာစိုးလို့"

"နင်က ဘာတွေ မှုမမှန်နေတာတုံး၊ ဝေါက်မယ်ဆိုလည်း ကြိုပြောထားအုံး၊ စိတ်ကျန်းမာရေးဆေးရုံလေးဘာလေး လိုက်ပို့ရအောင်"

"တော်ပါဟာ. . . နင်တို့ပြောတာနဲ့ ငါ့ရင်တွေ ခုန်တာတောင် ပုံမှန်ပြန်ဖြစ်သွားပြီ"

မိုးအေးက. . .

"အလဲ့. . . တယ်ဟုတ်ပါလား၊ နင်က စောစောတုန်းက ရင်တွေ အရမ်းခုန်နေတယ်ဆိုတဲ့ သဘောလား"

"အင်း. . ."

"ဘယ်သူ့ကြောင့်လဲ. . . ရှင်းကြောင့်လား"

"ရှင်း ဟုတ်လား"

"အေးလေ. . . ငါတို့က ဟိုတစ်ခါ ဘုရားသွားကြကတည်းက ရှင်း နင့်ကို ကြွေနေတယ်ဆိုတာ ရိပ်မိတယ်"





"မဆိုးပါဘူးဟ. . . ငါတို့တော့ နင့်ကို သူနဲ့ဆို သဘောတူတယ်"

ရှိုးရာဟာ ဆွေဆွေနှင့် မိုးအေးစကားကြောင့် သက်ပြင်းမောကို ပျှင်းရိနေးကွေးစွာ ချလိုက်ပြီး. . .

"ငါ့ဘဝထဲကို တိုက်တိုက်ဆိုင်ဆိုင် ယောကျ်ားနှစ်ယောက်တစ်ပြိုင်တည်း ရောက်လာကြတော့တာပဲ၊ အဲ့ဒီနှစ်ယောက်စလုံးပဲ ငါ့ကို အီစီကလီ ဖြစ်ကြတယ်၊ ပြီးတော့ သူတို့နှစ်ယောက်စလုံး အပေါ်မှာ ငါ့အာရုံတွေနဲ့ ရင်ခုန်သံတွေ ယောက်ယက်ခတ်အောင် မှုမမှန်တော့ဘူး၊ အဟိ. . . ဒါ မဖြစ်သင့်ဘူးဆိုတာတောင် မတွေးချင်တော့ဘူး၊ နှစ်ယောက်စလုံးက အပြင်းစားတွေဟ၊ ရုပ်တွေကတော့ အပီဖြောင့်တာ"

ဆွေဆွေက နားမလည်ဟန်ဖြင့် မျက်လုံးလေး ပေကလပ်ပေကလပ် လုပ်ပြီး. . .

"နင်ကလည်းဟာ. . . နားရှုပ်အောင် လုပ်နေပြန်ပြီ၊ နောက်တစ်ယောက်က ဘယ်သူလဲ"

"ငါတို့ ရုပ်ရှင်သွားကြည့်တဲ့ညက ငါ ကားဘီးလဲပေးခဲ့တဲ့တစ်ယောက်လေ၊ သူ့နာမည်က ခနောင်းမင်းတဲ့၊ ဒီနေ့ ငါ့အစ်ကိုဝပ်ရှော့မှာ သူ့ကားလာပြင်တယ်၊ ငါ့ကို မြင်တော့ သူ့မျက်နှာမှာ မျှော်လင့်ချက်အရောင်တွေ ဖိတ်ဖိတ်တောက်ပြီး လင်းသွားသလိုပဲ"

မိုးအေးက ခပ်ပြေပြေလေး ဝင်နောက်သည်။

"သြော်. . . အရင်တုန်းကတော့ သူ့မျက်နှာ မှောင်နေတယ်ပေါ့၊ ဒါဆို နင့်မှာ ပို့အားပြင်းတဲ့ မီးသီးရှိလို့ သူလင်းသွားအောင်ပေါ့"

"မနောက်နဲ့နော်. . . ငါ သူ့အကြောင်းကို ရေလည်ခဲ့လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



တာ"

ရိုးရာက မကျေမနပ်နှင့် မျက်လုံးလေး ဘေးကပ်ကာ ခပ်စူစူလေး ပြော၏။ ဒီက အမှန်တကယ် ခံစားနေရတာကို သူတို့မှ အားမနာ လျှာမကျိုး နောက်ရက်ပဲ။

"အဟစ်. . . ခစ်ခစ်ခစ်. . . နင် အတော့်ကို လောဘကြီး မှန်း ငါတို့ ခုမှပဲ သိတော့တယ်၊ နင်က မိန်းကလေးလေ၊ ဘယ်လိုလုပ် ပြီး ယောက်ျားနှစ်ယောက်ကို တစ်ပြိုင်နက်တည်း နှစ်ယောက်ပူး ရင်ခုန်လို့ သင့်တော်မှာလဲ၊ အဝေမတည့်တွေ ဖြစ်ကုန်မှာပေါ့"

မိုးအေးစကားအဆုံးတွင် ဝေခွဲမရသော စိတ်တို့ဖြင့် ကြမ်း ပြင်ပေါ်ရှိ ဖယောင်းစက်ကလေးတွေကို လက်သည်းလေးတွေဖြင့် တဂျစ်ဂျစ်ဖြင့် လိုက်ခြစ်နေတော့၏။

လက်များ အငြိမ်မနေနိုင်ပုံ ပြောပါတယ်၊ ခြစ်စရာ ရှားလို့ ကြမ်းပြင်ပေါ်က ဖယောင်းစက်ကိုများ ဖြစ်နေရတယ်လို့။ ပြီးတော့ မျက်ဝန်းလေး ပုတ်ခတ်ပုတ်ခတ် လုပ်ပြီး. . .

"ငါလဲ သိပါတယ်ဟာ၊ ငါ့ရဲ့ရွေးချယ်မှုကို ကံကြမ္မာကပဲ အဆုံးအဖြတ် ပေးမှာပါ"

ဆွေဆွေက ရိုးရာအဖြစ်ကို ကြည့်ပြီး ရယ်ချင်နေသည်။ တစ်ခါမှ အချစ်အကြောင်း မပြောဖူးတဲ့ သူငယ်ချင်းမလေးက အချစ်အကြောင်းတွေ ပြောနေပါရောလားဆိုပြီး သနားချင်ချင် ဖြစ်သွားရ၏။

"အဟင်း. . . ဘယ်တော့မှ ရင်မခုန်တတ်တော့ဘူးလို့ ထင်ထားတဲ့ ဒို့သူငယ်ချင်း အော်ကြော့လန် တွေ့မရှောင်က ခုန်မယ့် ခုန်တော့လည်း နှစ်ယောက်ပူးပြီးတော့ကို ခုန်တော့တာပဲ"

"နင်တို့လည်း ငါ့ကို အားကျရင် ငါ့ထက်ပိုပြီး သုံးယောက်





ပူးပြီး ခုန်လိုက်ပေါ့"

ရိုးရာ စကားကြောင့် ဆွေဆွေမှာ အမောတကောဖြင့် ရင်ဘတ်ဖိလိုက်ပြီး. . .

"အမလေး. . . သုံးယောက်တော့ မပူးပါရစေနဲ့၊ ငါ အဲဒီ လောက် ခံနိုင်ရည် မရှိဘူး၊ ကြာရင် အဝေမတည့်ဖြစ်ပြီး ငါလည်း ဖတ်ဖတ်ကို မောပြီး တစ်ခါတည်း မျိုးပါ ကန်းသွားလိမ့်မယ်. . . အဟီးဟိ"

ဆွေဆွေစကားကြောင့် သုံးယောက်စလုံး ပြိုင်တူရယ်မော မိလိုက်ကြလေသည်။

ဪ. . . လောက,က ပြဋ္ဌာန်းထားတဲ့ ကိုယ့်ရဲ့အနာဂတ် စာမျက်နှာတွေကို ဘယ်လိုပုံစံနဲ့ ရေးဆွဲထားလဲဆိုတာ သိချင်စမ်းပါ ပေ့။

ကမ္ဘာဦး အစကတည်းက အချစ်ကို မဲခွဲစနစ်နဲ့ ဝေဖန်ပေး လို့ ရခဲ့တယ်ဆိုရင်တောင် သူ အဲဒီလောက် ဗျာများမှာ မဟုတ်၊ အဲ. . အဲဒီလို ခွဲတမ်းစနစ်နဲ့ ပေးပြန်ရင်လည်း ကိုယ့်ရှေ့မှာ ဆီတိုး ဆန်တိုးသလို တိုးတိုးကြိတ်နေကြတဲ့ ယောက်ျားတွေကို ကြည့်ပြီး ခုနက ဆွေဆွေပြောသလို လူက ဖတ်ဖတ်ကို မောအုံးမယ်၊ မဖြစ် သေးပါဘူး၊ ဒီစနစ်ကြီးက မနိပ်ပါဘူး၊ အဟိ. . . ရှက်စရာကြီး။



www.burmeseclassic.com

www.burmeseclassic.com



# အပိုဒ်ခွဲ(၈)

"မင်း. . တူ့ကို တကယ်ကြွေနေတာလား ရှင်း"

ထွန်းသက်ရဲ့အမေးကို ရင်ထဲက အမှန်ကန်ဆုံးစနစ်နဲ့ အဖြေတစ်ခု ပေးလိုက်သည်။

"ဟုတ်တယ်. . . ငါ ရိုးရာကို ချစ်နေမိပြီ"

အားလုံးက ရှင်းကို စဉ်းစားစေချင်သည့် မျက်လုံးတွေနဲ့ ဝိုင်းကြည့်ကြ၏။ ထိုသို့ ဝိုင်းကြည့်ကြခြင်းမှာ ရိုးရာနှင့် မငြိစေချင်၍ မဟုတ်။

ရှင်းက ရိုးအေးပြီး မထုံတက်တေးနိုင်သည်။





ရိုးရာက ပွင့်လင်းသွက်လက်လွန်းသည်။ စိတ်ဆတ်လွန်းသည့်အတွက် ရန်ပွဲတွေကို အမြဲဖန်တီးတင်ဆက်နေသူ။ စရိုက်ချင်းက ကွာလွန်းနေ၍ ဖြစ်သည်။

"ငါတို့ကတော့ မင်းစိတ် မင်းနှလုံးသားကို အကြိမ်ကြိမ် ပြန်ဆန်းစစ်စေချင်တယ်"

"မင်းက မင်းရင်ထဲက ခံစားချက်တွေကို အချစ်အဖြစ် အသွင်ပြောင်းပြီး အနုစိတ် ပုံဖော်ချင်တဲ့သူ"

"ရိုးရာမှာကျတော့ မင်းလို ခံစားချက် မသိမ်မွေ့ဘူး၊ သူ့မှာ ပျော့ပျောင်းနူးညံ့တာတွေ မရှိဘူး၊ သူသာ မင်းချစ်သူဖြစ်ရင် မင်းကို ကဗျာတွေ လင်္ကာတွေနဲ့ အထာတွေ ပေးမှာ မဟုတ်ဘူး"

"ဒါပေမယ့် အမှန်လေးတော့ အမှန်လေးပဲ"

ဇင်ကိုက ဖြစ်နိုင်ချေ ရှိတာလေးတွေကို အဆိုပြု၏။

"ရိုးရာရဲ့ မဟုတ်မခံ ဇတ်ဇတ်ကြဲစိတ်တွေကို ချစ်သူတွေ ဖြစ်ပြီးကာမှ မင်းစိတ်ကုန်သွားရင် ငါတို့သူငယ်ချင်း ရိုးရာပဲ နစ်နာရမှာ"

ဟင့်အင်း. . . ဒါတွေ ရှင်း မသိ၊ သိလို့လည်း ရင်ထဲက အချစ်တွေက ကြွက်ပျောက်ငှက်ပျောက် ပျောက်ကုန်မှာမဟုတ်၊ ဒီတော့ နောက်မဆုတ်ရေးချ မဆုတ်ဘဲ။

"အဲဒီအတွက်တော့ စိတ်သာချ၊ ဘာဖြစ်လို့လဲဆိုတော့ ငါတို့က အဲဒီမဟုတ်မခံတဲ့ တွေ့မရှောင် စိတ်ကလေးကို ချစ်မိသွားတာ၊ ပွင့်လင်းရိုးသားတဲ့ သူ့ရဲ့ဟန်လေးက ငါ့အသည်းကို ပိုးစိုးပက်စက် ကိုင်လှုပ်သွားတာ"

"မိန်းမ အရမ်းဆန်လွန်းပြီး ရင်ထဲက စိတ်ဆန္ဒတွေကို ဟန်လုပ်ထိန်းချုပ်ပြီး လူအထင်ကြီးအောင် ခိုးမွမ်းအောင် နေနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတွေကို ငါ စိတ်မဝင်စားဘူး၊ သူ့ဆီမှာ ငါတွေ့ရတဲ့ ရိုးသားသန့်စင်တဲ့ ယဉ်ကျေးမှုမျိုးသာလျှင် သူ့ရဲ့စစ်မှန်တဲ့ အလှတရားစစ်စစ်ပါ"

လေးလေးနက်နက် တည်တည်ငြိမ်ငြိမ် ပြောနေသောရှင်းရဲ့ရင်ထဲက စကားတွေကို အားလုံးက ထောက်ခံအားပေးကြဟန်ဖြင့် ခေါင်းလေးတွေက ပုတ်သင်ညိုလို တဆတ်ဆတ် ညိတ်လို့။ မြတ်ကိုက. . .

"ဟယ်. . . ဒါဆို ဘာလိုသေးလဲ ရှင်းရယ်၊ ရိုးရာနဲ့ တွေ့ရင် အပြတ်ကြွေပြလိုက်ပေါ့လို့၊ အဟင့်ဟင့်. . . ငါ့မှာသာ တစ်ယောက်တည်း ဟက်ကော့ကြီး ဖြစ်နေတာ၊ တစ်ခါတလေ ငါ့ကိုယ်ငါ ဘာကောင်လဲဆိုပြီး မှန်ကြည့်ပြီးတောင် ပြန်မေးယူရတဲ့အဖြစ်၊ ဘယ်လောက် ဆိုးဝါးလွန်းတဲ့ ကံကြမ္မာလဲ"

ထွန်းသက်က. . .

"မှန်ကြည့်ပြီး မေးတော့ မှန်က ဘာပြန်ပြောလဲ၊ နင် ကိုယ့်မြေကြီး ကိုယ်တူးပြီး စေလိုက်တော့ဟေ့လို့ ပြန်မပြောဘူးလား၊ ငါတာဆို အဲတလိုကို လွှတ်ပြောမှာ"

"ဟယ်. . . တေနာကျ၊ အဲ. . . အဲလေ သေနာကျရဲ့၊ နင်သေလိုက်ပါလား၊ ဖွဟဲ့ လွဲပါစေ ပယ်ပါစေ"

မြတ်ကိုက လက်ထဲမှ ကိုင်ထားသော စားလက်စ စမူဆာကို ပါးစပ်ထဲ အကုန်သွတ်သွင်းပြီး ထွန်းသက်ကို ရန်ပြန်ထောင်လိုက်သည်။ ပြီးတော့ ပူအံ့ရှိဆဲ ရေနွေးကို ဂွပ်ခနဲ မော့ချလိုက်သည်။

"အား. . . ဖရှူး. . . ပူ. . . ပူတယ်ဟဲ့"

အားလုံး မြတ်ကိုအဖြစ်ကို ဝိုင်းပြီးရယ်ကြလေ၏။

"ကောင်းတယ် တေနာမ၊ ပူပြီးတေလဲ အေးရော၊ ငါက





ပန်းခွေတောင် ထည့်ပေးလိုက်အုံးမှာ၊ တူ့ကိုယ်တူ တောင်ပြင်လွှတ်တဲ့ခွေး ဖြစ်မှန်းမတိ ဖြစ်နေလို့ တေတွင်းတူးခိုင်းတာကိုး"

ဇင်ကိုကပါ ဝင်၍နောက်နေသည်။

"သောင်ပြင်လွှတ်တဲ့ခွေးဆိုပေမယ့် ခွေးဝဲစား မဟုတ်ပါဘူး၊ အယ်လ်ဖေးရှင်းခွေး အခြောက်လေးပါကွာ"

"ကြည့်စမ်း. . . ကြည့်စမ်း ခွေးဝဲစား ငနာတွေကများ၊ ငါ့ကို အယ်ဖေးရှင်း ခွေးလေးဘာလေးနဲ့၊ အမဲတုံး အဆိပ်မိမယ့် အကောင်တွေ"

"အောင်မယ်. . . မင်းကို တန်ဖိုးရှိတဲ့ခွေးနဲ့ တင်စားထားတာတောင် နာအုံ့ရှိသေးလား အခြောက်မရဲ့၊ ဒါဆို အယ်လ်ဖေးရှင်းလို့ မနိူင်းတော့ဘူး၊ ဒေါ်ကလိမ်စေ့အိမ်က ခွေးဝဲစား ညိုကြီးနဲ့ပဲ နှိုင်းတော့မယ်"

အတိုက်အခံ ပြောနေကြတုန်း ရှင်းဆီမှ အသံထွက်လာသည်။

"ဇင်ကို. . . ဟိုမှာ မင်းရဲ့မိုးရာသီ"

ရှင်း ညွှန်ပြရာသို့ အားလုံး ဝိုင်းကြည့်လိုက်ကြသည်။

ဇင်ကို့မျက်နှာကြီး လျှပ်စီးလက်သလို လင်းထိန်သွား၏။

"ဟာ. . . မိုး၊ ခဏနေကြအုံး၊ ငါ လိုက်သွားလိုက်အုံးမယ်"

ဟု ဆိုကာ လက်ဖက်ရည်ဆိုင်ရှေ့မှ ဖြတ်သွားသော မိုးအေးနောက်ကို အူယားဖားယား ပြေးလိုက်သွားလေ၏။

မြတ်ကိုက အမြင်ကတ်စွာဖြင့် မျက်နှာကို အစွမ်းကုန်မဲ့ပစ်လိုက်ပြီး ထွန်းသက်ရှေ့မှ ရေနွေးခွက်ကို ယူပြီး သောက်လိုက်ရင်း. . .

"ဟင်း. . . ရုပ်ကိုက မှိုရတဲ့မျက်နှာနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ . . . မိန်းမလျှာကောင်၊ ရေနွေးပဲ လှိမ့်တောက်မနေနဲ့၊ အဲဒီရေနွေးခွက်ထဲမှာ စောစောက ငါ့တွားကြားထဲမှာ ကပ်နေတဲ့ ငရုတ်သီးဖတ် ဝင်သွားလို့ ငါတောင် မတောက်ဘဲ ဒီအတိုင်း ထား‌ထားတာ"

မြတ်ကိုက ရေနွေးတွေ သုံးလေးငုံလောက် သောက်ကာ မျိုချပြီးကာမှ ထွန်းသက်၏ အော့နှလုံး နာစရာ စကားကြောင့် ရင်ထဲမှ အော်ဂလီဆန်သွားသော မျက်နှာကြီးနှင့် . . .

"ဝေါ့ . . . ထွီ . . . ဘိုင်နာကောင်၊ အဲဒီလောက်ထိ ယုတ်မာနေသလားဟဲ့၊ ဆွေဆွေနဲ့ မညားဘဲ သိုလှောင်ရုံပိုင်တဲ့ မိန်းမနဲ့ ညားပါစေ၊ အဲဒီသိုလှောင်ရုံထဲက ထွက်လာတဲ့ လေးမြှောပူးကလေးတွေရဲ့ ပထွေးဖြစ်ပါစေ"

မြတ်ကို ဒေါသတကြီး ကျိန်ဆဲလိုက်သည်။ ထွန်းသက်က တဟဲဟဲ ရယ်လျက်။ ထိုစဉ် ဇင်ကိုနှင့်မိုးအေး ဆိုင်ထဲ ဝင်လာသည်။

တစ်ဖက်ဝိုင်းမှ ခုံလွတ်တစ်လုံး လှမ်းယူကာ သူ့ဘေးနားတွင် ချပေးလိုက်ပြီး . . .

"မိုး . . . ဒီမှာထိုင်"

မိုးအေးက ဇင်ကို ချပေးသော ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။

ရှင်းက မိုးအေးကို ပြုံးပြလိုက်ပြီး . . .

"ဘယ်သွားမလို့လဲ မမိုးအေး"

"ရိုးရာဆီကို ဆပ်ပြာသွားပေးမလို့"

ရှင်းက ထပ်မံစပ်စုလိုက်သည်။ တော်ရုံဆပ်ပြာဆို မိုးအေး တကူးတက သွားပို့မှာမှ မဟုတ်တာ။

"ဘာဆပ်ပြာလဲ"





"ကိုရိုးယား ဆေးဆပ်ပြာ Sky Gold လေ၊ ကျွန်မနဲ့ ဆွေဆွေက အဲဒါ သုံးတာ၊ သူ့ကို သုံးခိုင်းတာကြာပြီ၊ သူက ငွေကုန်မယ့် အလှပြင်ပစ္စည်း ဘာတစ်ခုမှ မဝယ်ဘူး၊ ခုတောင် ကျွန်မ မှန်းပွင့် သွားရင်းနဲ့ ကြုံလို့ ကိုယ့်ပိုက်ဆံနဲ့ကိုယ် စိုက်ဝယ်လာပေးရတာ"

ရှင်း ခေါင်းထဲ အကြံတစ်ခု လက်ခနဲ ရသွားသည်။

"အဲဒီဆပ်ပြာကို ကျွန်တော် သွားပေးလို့ ဖြစ်မလား၊ အဲ . . . ပြီးတော့ ကျွန်တော် အဲဒီဆပ်ပြာဖိုးကို ပေးပါ့မယ်၊ ဆပ်ပြာဖိုး ဘယ်လောက်ကျလဲ"

"သုံးထောင်ထဲပါ . . . ဒါပေမယ့် ပေးလို့တော့ ဖြစ်တယ်၊ ဆပ်ပြာဖိုးတော့ စိုက်ပေးဖို့ မဖြစ်နိုင်ဘူး၊ ရိုးရာသိရင် လက်ခံမှာ မဟုတ်ဘူး၊ ကျွန်မတို့ကို သူ့အထုပ် ဖြေပြရမလားဆိုပြီး စိတ်ဆိုးလိမ့်မယ်"

"လိုချင်တာက အခွင့်အရေးနှစ်ခု၊ ရတာက တစ်ခုထဲ ဘာတတ်နိုင်မှာလဲလေ၊ အမိက,က ရိုးရာအိမ်ကို အကြောင်းအမျိုးမျိုးနဲ့ ဝင်ခွင့်ရဖို့ပဲ"

"ကဲ . . . ဒါဆို ကျွန်တော့်ကိုပေး၊ မမိုးအေး ဒီမှာပဲ အေးအေးဆေးဆေး ထိုင်ကျန်ခဲ့တော့"

ဟု ဆိုကာ မိုးအေး ကမ်းပေးလာသော ခဲရောင် ဆပ်ပြာဗူးလေးကို လှမ်းယူပြီး လက်ဖက်ရည်ဆိုင်ထဲမှ ခပ်သုတ်သုတ် ထွက်လာခဲ့လိုက်သည်။

ချစ်ဖို့ ရည်ရွယ်ထားသူနှင့် တွေ့ရတော့မည်ဆိုသော အသိအာရုံစေ့ဆော်မှုတွေက စိတ်ကူးအာရုံကို ရှင်လန်းတက်ကြွနေစေ၏။

တကယ်တော့ အချစ်ဆိုတာ တန်ခိုးကြီးတဲ့အားတစ်ခုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်ခွင့်ရှိပေမယ့် ရွေးချယ်ခွင့်မရှိဘဲ နှလုံးသားရဲ့စည်းချက်အတိုင်း အာရုံစေတသိက်တွေက လှုပ်ရှားကခုန်ရတာ၊ ကံကောင်းရင်တော့ ငြိမ့်ညောင်းငြင်သာတဲ့ တေးသွားနဲ့ လှလှပပ ကခုန်ရမယ်၊ ကံဆိုးရင်တော့ အလွမ်းအဆွေးတီးလုံးနဲ့ ကခုန်ရမယ်။

ကိုယ်ကတော့ ငြိမ့်ညောင်းငြင်သာတဲ့ တေးသွားနဲ့ပဲ ချစ်သူနှင့် ရင်ချင်းအပ် ပါးချင်းကပ်ကာ ကခုန်ချင်၏။

ဒီထက် အခွင့်အရေး ပိုရရင်တော့ ဒီထက် ဒီထက်ပေါ့ အနမ်းချွေတာကို ပြောပါတယ်။

တစ်ခါတစ်ရံ ချစ်သူရဲ့နှုတ်ခမ်းဖူးဖူးလေးတွေက သူ့သခင် မသိဘဲ မျက်စလှမ်းပစ်ပြီး ကိုယ့်ကို ဖြားယောင်းနေတာ ကိုယ်သာလျှင် အသိဆုံးပဲ။

အဲဒီလို မိန်းမောမိတဲ့ညမျိုးတွေဆို သူမလေးရဲ့အိမ်ရှေ့ကို မယောင်မလည် ဖြတ်ခဲ့ရတဲ့ သူ့အဖြစ်။

တစ်ခါတစ်ရံမှသာ ချစ်သူလေးရဲ့အရိပ်အယောင်ကို တွေ့ရတာ။ မတွေ့ရဘဲ ပြန်လှည့်လာတဲ့အကြိမ်ကတော့ မနည်းမနောပေါ့။

ခုတော့ သူ့အိမ်ကို တိုက်ရိုက်ဝင်ထွက်ခွင့်ရဖို့ အကြောင်းကြုံလာပြီ။

ခုန်နေသောရင်ကို ချွေးသိပ်ရင်း ခြေလှမ်းတွေကို ခပ်သွက်သွက် လှမ်းခိုင်းလိုက်သည်။

သူမလေး အိမ်ရှေ့ရောက်တော့ အရိပ်အယောင် မတွေ့သေးခင် အထဲမှ ဆူဆူညံညံ အသံများကို အတိုင်းသား ကြားရ၏။

ထိုအသံများသည် ချစ်သူရဲ့ကဗျာတစ်ပုဒ် မဟုတ်။

"ဒုန်း"





"ခွလမ်း"

"ကိုရှိန်း . . . ရှင် လွန်လာပြီနော်၊ ရှင့်သမီးက အပျိုအရွယ်လေးဆိုတာလည်း ရှင်သတိထားအုံး၊ ပတ်ဝန်းကျင်နဲ့ နေတာ"

"လွှတ်ပေးလိုက်ပါ မေရယ်၊ အဖေ စိတ်ရှိသရွေ့ လုပ်ပါစေ၊ သမီးတို့ဘဝက ဒီလိုအရှက်ကွဲမှုတွေနဲ့ အဖော်လုပ်လာတာကြာခဲ့ပြီပဲ"

သူမလေးရဲ့ ကြေကွဲဆို့နစ်သောအသံလေး ထွက်လာသည်။ ကဗျာမဆန်ပေမယ့် စကားလုံးတိုင်းမှာ အက်ရှင်ပါတဲ့အတွက် နားထောင်လို့တော့ အကောင်းသား၊ အဲလေ . . . မဟုတ်သေးပါဘူး၊ သူမလေး ပြဿနာတစ်ခုနဲ့ ထိပ်တိုက်ရင်ဆိုင်နေရရှာပါသား။

သူ ဘာလုပ်ရမည်လဲ။ ခြံထဲ ဝင်သွားပြီး ဆပ်ပြာပူး ဝင်ပေးရင် ကောင်းမလား။ ဒါဆို ဧည့်သည် သူစိမ်းဆိုတဲ့အသိနဲ့ အဖိုးကြီး နည်းနည်းတော့ ကိုယ်ရှိန်သတ်သွားနိုင်သည်။ ဟင့်အင်း . . . ဖြစ်နိုင်ဘူး၊ အဲဒီလို ကိုယ်ရှိန်မသတ်ဘဲ ယောက်ျားလေးတစ်ယောက်နဲ့ ပတ်သက်ရမလားဟဲ့ဆိုပြီး ထပ်ပြီး ပြဿနာ ထပ်ရှာမှ သူမလေးလဲ အခက်တွေ့၊ သူလဲ ပြေးပေါက်မလွတ် ဖြစ်အုံးမယ်။

"သွား . . . နင့်မျက်နှာကို ငါ မကြည့်ချင်ဘူး၊ ဘွဲ့လက်မှတ်တွေကို မှီတက်ခံ ခြစားခံပြီး အကျိုးမရှိတဲ့အလုပ်ကို မတန်မရာလုပ်ချင်တာ၊ မိဘစကား နားမထောင်ရင် သားဆယ်ကောင်နဲ့ အိုးလို့တွဲလဲ ဖြစ်မယ့်ဟာမ၊ အဲဒီအလုပ် လုပ်ရင် ငါ့အိမ်မှာ မနေနဲ့"

ဒုက္ခ၊ ကိုယ့်ချစ်သူလေးက သူနဲ့ မတန်မရာ ဘာတွေလုပ်နေလို့လဲ၊ မာဆတ်မှာ အနှိပ်သည် လုပ်မလို့လား၊ ဒါမှမဟုတ် အသောက်ဆိုင် အဆိုတော်လား၊ ဒါမှမဟုတ် လမ်းထိပ်မှာ အကောင်



www.burmeseclassic.com

www.burmeseclassic.com



ရောင်းမလို့လား၊ ဒါမှမဟုတ် ပဲပြုတ်၊ ကွမ်းယာ၊ ဂျာနယ်။

"ဟင်. . . ရှင်"

အယ်. . . ရိုးရာ. . . ရိုးရာ ထွက်လာပြီ။ သူမပုံစံကတော့ တစ်ပတ်မညှိုးတဲ့ နတ်ဒိုးပဲ၊ ပုံစံက ဂျစ်တစ်တစ် ကန်တန်တန်လေး သူမလေးနဲ့ လက်ထပ်ပြီးသွားလို့များတော့ ကိုယ်က တစ်ခွန်းဆို သူက ဆယ်ခွန်း အခွန်းတစ်ရာကို လေမတိုးအောင် ပြန်ပြောမယ့် ရုပ်ကလေး၊ ဘယ်လောက်ချစ်ဖို့ ကောင်းလိုက်သလဲ။

"ရှင် ဘာလာလုပ်တာလဲ"

"သြော်. . . ဟို. . ဟို. . . ဆပ်ပြာတိုက်ဖို့"

ရိုးရာ နားမလည်ဟန်ဖြင့် ပြူးတူးကြောင်တောင်လေး ဖြစ်လို့သွားပြီ။

"ဘာရယ်. . . ဆပ်ပြာတိုက်ဖို့ ဟုတ်လား၊ အဟတ်. . . ဟတ်. . ခစ်. . ခစ်. . ဒီက ရေချိုးရင် ဆပ်ပြာသုံးကြိမ် တိုက်ရုံ မဟုတ်ဘူး၊ ကျီးပါ သုံးခါတွန်းတာ. . . တစ်ကိုယ်လုံးပဲ"

သူမက ခပ်ရွှတ်ရွှတ် ပြန်ပြောနေပြီ၊ ကိုယ့်မှာသာ ဘယ်က စပြောရမှန်းမသိ၊ အောက်ပိုင်းနယ်မြေက ဒူးနှစ်ချောင်းက မသိ မသာ ရိုက်နေပြီ။

"အဲ. . . မဟုတ်ဘူး၊ ဟိုလေ. . . မမိုးအေး ပေးခိုင်းတာ လာပေးတာ၊ ဒီ. . . ဒီရောက်တော့"

"ဘာလဲ. . . ဒီရောက်တော့ ကျွန်မတို့ မိသားစုရဲ့ ဟင်းပေါ့တွေကို တိတ်တဆိတ် နားသောတ ဆင်နေတယ်ပေါ့"

"ဟုတ်တယ်. . . ဟာ. . . မဟုတ်ဘူး မဟုတ်ဘူး"

"ကဲပါ. . . ဟုတ်တာတွေ မဟုတ်တာတွေကို ရှင့်ဘာသာ ရှင် ပြန်သိမ်းထားလိုက်တော့၊ ခု ကျွန်မ တစ်နေရာကို သွားမလို့





ဆန္ဒရှိရင် လိုက်ခဲ့၊ မရှိရင်တော့ ဒိုးတော့ အိမ်မှာကတော့ ရှင်ကြား တဲ့အတိုင်းပဲ နာဂစ်ထက် ဆိုးတဲ့မုန်တိုင်း ဝင်မွှေနေပြီ၊ ဒါကြောင့် ကျွန်မတောင် လွှင့်ထွက်လာတာပဲကြည့်"

သူမလေးက ပြောပြောဆိုဆိုနှင့် ရှင်းအရှေ့မှ ဘောက် ဆတ်ဘောက်ဆတ်နှင့် ထွက်သွား၏။ ဒီတော့ သူကလည်း နောက် ကပ်နောက်ကပ်နဲ့ (အနောက်က ကပ်လိုက်သွားခြင်းကို ဆို၏) လိုက်သွားရုံပေါ့။

"ရိုးရာ ဘယ်သွားမှာလဲဟင်"

"ခြေဦးတည့်ရာ"

"ကိုယ်လဲ လိုက်မယ်နော်"

"ခြေထောက်ခိုင်ရင် လိုက်ခဲ့"

အယ်. . . ကိုယ်ကပဲ ခြေထောက်မခိုင်သေးတဲ့ တစ်နှစ် သားအရွယ်လေး ကျနေတာပဲ။ ခြေထောက်ခိုင်ရင် လိုက်ခဲ့တဲ့။ ပြောပုံကိုက ခေါက်ရိုးကို မကျိုးဘူး။

လျှောက်ရင်းလျှောက်ရင်းနဲ့ ခြောက်ထပ်ကြီးဘုရားကုန်း ပေါ်ကို တက်လာတယ်။

ချီးကျူးစရာပဲ။ စိတ်ညစ်နေတဲ့သူက ဘုရားမှန်း တရား မှန်းတော့ သိသား။

"စောစောက ရှင်ပြောတာ ဆပ်ပြာတိုက်ဖို့ ဆိုတာက"

"မိုးအေးက ဂမုန်းပွင့်က ဝယ်လာတဲ့ဆပ်ပြာ ပေးခိုင်း လိုက်လို့ပါ"

မုသားမပါ လက်ာမချော ဆိုသလို စကားကို ပြေပြစ် အောင် မုသားနဲ့နဲ့တော့ ရောရတာပေါ့။

ရိုးရာက ရှင်း လက်ထဲမှာ ကိုင်ထားသော ဆပ်ပြာဘူးကို



www.burmeseclassic.com

www.burmeseclassic.com



လှမ်းယူလိုက်ပြီး စိတ်ပျက်သော အမူအယာနှင့်. . .

"ကျွတ်. . . ဈေးကြီးလို့ မဝယ်ပါဘူးလို့ ပြောထားရက်နဲ့ သူက ဘာကြောင့် ရှင်နဲ့ ပေးခိုင်းတာလဲ၊ သူကိုယ်တိုင်တော့ မလာဘဲနဲ့"

"အဲ. . . ပထမတော့ သူကိုယ်တိုင် လာပေးမလို့ပဲ၊ ဇော်ကိုက ကျွန်တော့်ကို အကူအညီတောင်းလို့၊ ဒါမှ သူတို့နှစ်ဦး လွတ်လွတ်လပ်လပ် စကားပြောချိန် ရှိမှာလေ"

သူမက ဆပ်ပြာဗူးလေးကို လေထဲမှာ မြှောက်၍ ကစားရင်း. . .

"အဟင်း. . ဟင်း. . အရင်ကတည်းက မလှတဲ့ ကျွန်မက ဒီဆပ်ပြာသုံးလဲ ပိုထူးပြီး လှလာမှာမှ မဟုတ်တာ"

ရှင်းအတွက် ဂွင်တော့ ကျပြီ။

"ကျွန်တော့်အမြင်မှာတော့ ရီးရာ အရမ်းလှပါတယ်"

သူမ ရှင်းစကားကြောင့် ခပ်လွင်လွင်လေး ရယ်လိုက်တယ်၊

"ရှင့်အမြင်တွေ စောက်ထိုးဖြစ်နေလို့ပဲ ဖြစ်ရမယ်"

သူမ ဘုရားရုပ်ပွားတော်ရဲ့နောက်ကျောဘက်မှာ ဖိနပ်ကလေး ဘေးချပြီး ထိုင်ချလိုက်သည်။

ရှင်းပါ ရောယောင်ပြီး ထိုင်လိုက်၏။

သူမ ဘုရားကို ဦးတိုက် ရှိခိုးလိုက်သည်။ ပါးစပ်ကလဲ တွတ်ပွတွတ်ပွနဲ့ ဘာတွေ ရွတ်ဆိုနေလဲမသိ။

နေဝင်ချိန် ဆည်းဆာရဲ့အောက်မှ လေနုအေးလေးက တဖြူးဖြူးနဲ့ တိုက်ခတ်နေသည်။ သူမရဲ့ ဖရိုဖရဲ ဆံစတွေ လေမှာ လွင့်နေ၏။

သူမ ဘုရားရှိခိုးပြီးတော့ သူနှင့် ဘေးချင်းယှဉ်ကာ သံတိုင်





လေးတွေကို မှီနွဲ့ပြီး ထိုင်လိုက်၏။

နှစ်ဦးသားရဲ့ရင်ထဲမှ ခံစားမှုအသစ်တွေကို ထွေးပိုက်ရင်း အသက်ရှူသံလေးတွေက ကဗျာဆန်နေကြ၏။ အကြည့်တွေက နုသစ်နေကြ၏။

စိတ်အစဉ်က ရင်ခုန်ခြင်း အလှတရားဆီသို့ ဖြားယောင်း သွေးဆောင်နေကြ၏။

တိုက်ခတ်နေသော လေနုအေးလေးက ချစ်သူရဲ့ ကိုယ်သင်းရနံ့တွေကို ပွတ်သပ်ထိတွေ့ ယူငင်နေကြသည်။

မနောလိုစရာ ကောင်းလွန်းပေစွ။

သူသည်ပင်လျှင် ခုချက်ချင်း လေနုအေးလေး ဖြစ်လိုက်ချင်စမ်းရဲ့။

ဒါမှ ချစ်သူရဲ့အလှတရား နုညက်လှပမှုတွေကို တွေ့ထိခွင့် ရပြီး ကိုယ့်ရဲ့ရင်တွင်းခံစားမှုတွေကို သူ့ရဲ့နှလုံးသွေးကြောထဲကို လေနုအေးအဖြစ် ပွတ်တိုက် တွန်းပို့လိုက်ရုံပဲ။ ဒါဟာ ကိုယ့်ရင်ထဲက ဆန္ဒအမှန်တစ်ခု။

"ရီးရာက စိတ်ညစ်ရင် ဒီလိုပဲ ဘုရားမှာ လာထိုင်နေကျလား"

"အင်း. . . ဟုတ်တယ်၊ ဒါ ကျွန်မရဲ့စိတ်ထွက်ပေါက်တစ်ခုပေါ့"

အခွင့်အရေးရှိတုန်း တစ်ခါတည်း ကိုယ့်ဆန္ဒတွေကို တင်ပြထားမှ။

"နောက်တစ်ခါ ရီးရာစိတ်ညစ်တိုင်း ကျွန်တော့်ကို အသိပေး၊ ကျွန်တော် အဖော်လိုက်လုပ်ပေးမယ်"

သူမရဲ့မျက်လုံးတွေထဲမှာ ခိုင်ခံ့မှုတွေနဲ့ လင်းလက်



www.burmeseclassic.com

www.burmeseclassic.com



တောက်ပခြင်း ရှိမနေသော အကြည့်ဖျော့ဖျော့ဖြင့် တုန့်ပြန် ခေါင်းညိတ်ပြသည်။ ပြီးတော့ ချက်ချင်းဆိုသလို သူမရဲ့အကြည့်တွေကို အဝေးသို့ ပို့လွှတ်လိုက်ရင်း. . .

"ကျွန်မတို့ အိမ်ရှေ့ကို ရောက်လာတဲ့အချိန်မှာ ကျွန်မတို့ မိသားစုရဲ့ဇာတ်ဝင်ခန်းကို အသေအချာ ကြားလိုက်မှာပေါ့"

သူမ အရှက်ပြေစေရန် အကောင်းဆုံးနှင့် အသင့်တော်ဆုံး အဖြေတစ်ခု ပေးလိုက်သည်။

"ဒီလိုအခြေအနေမျိုးဟာ မိသားစုတိုင်းမှာ ကြုံတွေ့နေကျ အခိုက်အတန့် ပြဿနာလေးတွေပါ၊ သိပ်တော့ မဆိုးပါဘူး၊ ဒါကို သမရိုးကျဆန်တဲ့ ဆွေးနွေးမှုတစ်ခုအဖြစ် လက်ခံနိုင်ရမှာပေါ့"

"ရှင် ကျွန်မကို ဖြေသိမ့်ပေးနေတာလား"

သူမဘက်ကို ခေါင်းလေး ငဲ့ကာ စိုက်ကြည့်ပြီး ပြုံးလိုက်ရင်း

"ဖြေသိမ့်တယ်ဆိုတာထက် ခံစားနားလည်ပေးတယ်ဆိုရင် ပိုမှန်မယ်ထင်တယ်"

"ကျွန်မအဖေနဲ့ ဘာကြောင့် ပြဿနာဖြစ်တယ်လို့ ရှင်ထင်လဲ"

သူ ခေါင်းခါပြလိုက်၏။

"ကျွန်တော် မတွေးတတ်ဘူး"

"အဟင်း. . . ရှင်သိရင်လဲ ကျွန်မကို ကျွန်မအဖေ မြင်သလိုပဲ ပေါကြောင်ကြောင်နိုင်တယ်လို့ ထင်မှာပဲ၊ ပါးစပ်က မပြောပေမယ့် အနည်းဆုံးတော့ စိတ်ထဲက အပြတ်ဝေဖန်နေမှာပေါ့"

"ဘာအကြောင်းအရာလဲ"

အမှန်တကယ်ပင် သူ စိတ်ဝင်စားပါသည်။ စောစောကတောင် ထင်ကြေးနဲ့ လျှောက်တွေးနေမိသေးတာပဲ၊ သူထင်ထားတဲ့





အလုပ်တွေ တစ်ခုမှ မဟုတ်ပါစေနဲ့။

"ကျွန်မ ဘွဲ့ရပြီးကတည်းက ဘာအလုပ်မှ မယ်မယ်ရရ မလုပ်ဖြစ်သေးဘူး၊ ဆွေဆွေတို့ကတော့ သူတို့နဲ့အတူ အလှပြင် သင်တန်း လိုက်တက်ဖို့ ခေါ်တယ်၊ ပြီးရင် သူငယ်ချင်းတွေ စုပြီး ဆိုင်ဖွင့်ကြမယ်ပေါ့"

"အဖေကကျတော့ ကုမ္ပဏီတစ်ခုခုမှာ ဝင်လုပ်စေချင်တယ်၊ အများနည်းတူ လုပ်တပတ ကျော့ကျော့ရှင်းရှင်းလေး နေစေချင်တယ်၊ ဒါပေမယ့် ကျွန်မက တစ်ခုမှ စိတ်မဝင်စားခဲ့ဘူး"

"ရိုးရာက ဘာကို စိတ်ဝင်စားလို့လဲ"

"ကားဝပ်ရှော့တစ်ခု ထောင်ဖို့"

"အယ်. . . ဗုဒ္ဓေါ"

ရိုးရာထံမှ မျှော်လင့်မထားသော ရည်ရွယ်ချက်နဲ့ ဝါသနာကို မိန်းမ,မဆန်စွာ ပြောလိုက်သဖြင့် ယောင်ယမ်းပြီး ဗုဒ္ဓေါ တ,လိုက်ခြင်းပါ။

သူ့ရဲ့အံ့ဩသွားသော ပြုံးကြောင်ကြောင် အမူအယာက ရိုးရာအတွက် ရယ်စရာ ကောင်းသွားပုံရသည်။

သူမထံမှ ရယ်သံတစ်ချက် ထွက်လာသည်။

"အဟင်း. . . ရှင် အံ့ဩသွားပြီ မဟုတ်လား၊ ကဲ. . . ရှင်း ကျွန်မကို ကြိုက်သလောက် ဝေဖန်နိုင်တယ်၊ အဲဒီအတွက် ကျွန်မ လုံးဝ စိတ်မဆိုးဘူး"

သူ ဘယ်က ဘယ်လိုစပြီး ဝေဖန်ရမှန်းတောင် မသိတော့၊ အံ့ဩဖို့ ကောင်းလေစွ၊ ဖြူသွယ်သွယ် လက်ချောင်းလေးတွေဟာ ဂွင်းတွေ ဂွတွေ ကိုင်ပြီး စက်ဆီပေကျံနေတဲ့ အပေအတေဘဝကိုမှ ခုံမင်သတဲ့၊ ကံဇာတ်ဆရာက အတ္တာများ မှားထည့်ပေးလိုက်လေ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သလား။

"ကျွန်. . ကျွန်တော် ဒီအရွယ်ရောက်တဲ့အထိ သိပ်ကို ချောတဲ့ မိန်းမတစ်ယောက်ရဲ့ ရည်ရွယ်ချက်နဲ့ စိတ်ကူးကို အဆန်းတကြယ် ကြားရတာ ဒါ ပထမဦးဆုံးပဲ၊ ဘာဖြစ်လို့လဲဆိုတော့ တလွဲဖြစ်နေလို့"

ရှိုးရာ ခပ်သဲ့သဲ့ ရယ်လိုက်သည်။ ပြီးတော့ ခြောက်ကပ်သောအသံဖြင့်. . .

"ရှင့်ဆီက ဒီလိုအဖြေမျိုးပဲ ထွက်လာမယ်ဆိုတာ ကြိုတွေးပြီးသားပဲလေ၊ အဟင်း. . ဟင်း. . ဟင်း"

"မ. . မသင့်တော်ဘူးထင်တယ်၊ ရှိုးရာရဲ့လက်ချောင်းသွယ်သွယ်လေးတွေမှာ အင်ဂျင်ဝိုင်တွေ စက်ဆီတွေ တစ်ချိန်လုံး ပေကျံနေမှာကို အဖေတစ်ယောက် မပြောနဲ့၊ ကျွန်တော်တောင် မကြည့်ရက်ဘူး"

"ကျွန်မလဲ ကျွန်မကိုယ်ကျွန်မ အဲ့ဒီလို စုတ်တီးစုတ်ပဲ့နဲ့ မရှင်သန်ချင်ပါဘူး၊ ဒါပေမယ့် ကျွန်မက ဒါကိုပဲ ဝါသနာပါနေတာ"

သူမစကားကြောင့် သက်ပြင်း ခပ်မျှော့မျှော့လေး ချပြီး အဝေးကို ငေးသွားသည်။ အတွေးထဲမှာ သူမရဲ့ဆန္ဒတွေကို သူ့အနေနဲ့ ဘယ်အပိုင်းကဏ္ဍက ပါဝင်ပတ်သက်ပေးနိုင်မလဲလို့ပေါ့၊ ခဏကြာတော့ စဉ်းစား၍ ရသွားသည်။

"ကျွန်တော် အကြံတစ်ခု ပေးချင်တယ်၊ ရှိုးရာ လက်ခံမယ်ဆိုရင်ပေါ့"

သူမမျက်နှာမှာ ဘာများလဲဆိုသော သိချင်စိတ်တွေ ထင်ဟပ်သွားကာ သူ့ဘက်ကို ပေစောင်းစောင်းလေး လှည့်ကြည့်ကာ

"ပြောကြည့်လေ"





"ကျွန်တော့်အသိတစ်ယောက် လှိုင်သာယာစက်မှုဇုန်မှာ ကားကုမ္ပဏီတစ်ခု ထောင်ထားတယ်၊ အဲဒီမှာ စာရေးမ ဝင်လုပ်မလား၊ ရှိုးရာ ဝါသနာပါတဲ့အလုပ်ကိုလည်း တစ်ဖက်က လေ့လာလို့ရတာပေါ့"

စကားဆုံးသည်နှင့် ရှိုးရာထံမှ ဆုံးဖြတ်ချက်ကို နားထောင်လိုဟန်ဖြင့် ငဲ့စောင်းကြည့်လိုက်သည်။

သူမက တွေးတွေးဆဆဖြင့် ခေါင်းလေး တညိတ်ညိတ် လုပ်ကာ. . .

"အင်း. . . ရှင့်အကြံ မဆိုးပါဘူး၊ ဒါပေမယ့် လွယ်ပါ့-မလား"

"အဲ့ဒီအပိုင်းက ကျွန်တော့်အပိုင်းပါ၊ ရှိုးရာသာ လုပ်မယ် မလုပ်ဘူး သေချာဆုံးဖြတ်"

"အဲ. . . လှိုင်ယာယာဆိုတော့ နည်းနည်းလှမ်းတယ်နော်"

"ဖယ်ရီရှိမှာပေါ့"

"ကောင်းပြီလေ. . . အဲဒီမှာ စာရေးမ လုပ်ရမယ်ဆို အဖေလဲ ကန့်ကွက်မှာ မဟုတ်ဘူး"

သူမထံမှ ငြင်းဆန်ခြင်း မရှိဘဲ လိုလိုချင်ချင်ဖြင့် သူပေးသောအကြံကို လက်ခံလိုက်သဖြင့် ပီတိသောမနသတွေ ဝေဖြာသွားရ၏။

"ဪ. . . ခဏနေအုံးနော်၊ ကျွန်မ ခုချက်ချင်း ပြန်လာခဲ့မယ်၊ ရှင်း ဘယ်မှ မသွားနဲ့နော်"

သူမ ဘယ်သွားမှန်းတော့ မသိ၊ သူ့အနားမှ လိမ်ကျစ်လိမ်ကျစ်ဖြင့် အပြေးတစ်ပိုင်းဖြင့် ထွက်သွား၏။

သူမ ထွက်သွားရာကို မျက်စိတဆုံး အရသာခံကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



သံတိုင်လေးကိုမှီ မျက်လုံးလေး စုံမှိတ်ပြီး ဩရသရဲ့သီချင်းတစ်ပုဒ်ကို ခပ်တိုးတိုး ညည်းနေလိုက်၏။ စောစောက ပြောသလို မျက်လုံးကလေး စုံမှိတ်ရင်းပေါ့။

တအောင့်ကြာတော့ သူ့မျက်ခွံတွေကို လေဖြင့် ဖူးခနဲလာမှုတ်သော အတွေ့အထိကို ခံစားလိုက်ရသဖြင့် မျက်လုံးကိုမဖွင့်သေးဘဲ အသာလေး ဆက်မှိန်းနေလိုက်တယ်၊ အံ့. . အံ့မယ်. . နောက်တစ်ဆင့် တက်လာပြန်ပါလား၊ ကိုယ့်ရဲ့ပါးလေးကို တို့ထိလာပြန်ပြီ၊ ရိုးရာ. . . ရိုးရာရယ်၊ ကိုယ့်အသည်းတွေကို ပရမ်းပတာ လှုပ်ခတ်သွားအောင် မင်းပြုနေတာလားကွယ်ဟု ညည်းရင်းရင်ထဲမှာ တလှိုက်ငင်ငင် ဖြစ်လို့နေပါ၏။

"ရိုးရာ. . . ကိုယ့်ရင်ထဲကို တစ်ချက်လောက် ဝင်ကြည့်ပေးပါလားဟင်၊ မင်းကို ချစ်တဲ့အချစ်တွေက ပြည့်ကျပ်ပြီး လျှံထွက်လုမတတ်ပဲ"

"အင်း"

အလို. . . အင်းလို့ ဆိုလိုက်ပါလား။ ဒါဆို ထပ်ပြီး တဆင့်တက်မှ။

"ကိုယ် မင်းကို ချစ်တယ်"

ပြောသာပြောလိုက်ရတယ်။ ရိုးရာများ စိတ်ဆိုးပြီး သူ့မျက်နှာကို ဖြတ်ရိုက်လိုက်ရင်တော့ ပွဲသိမ်းပဲ။

ဒါပေမယ့် အခွင့်အရေးက ပေးနေပြီလေ၊ သူ့ဘက်ကစပြီး ကလူ၏သို့ မြူ၏သို့ လုပ်လာမှတော့ အခြေအနေက ကိုးဆယ်ရာခိုင်နှုန်းလောက်က ကိုယ့်ဘက် ပါနေပြီးသား။

ကိုယ် မျက်စိကို မဖွင့်ပဲ ကိုယ့်ပါးကို တို့ထိပွတ်သပ်နေတဲ့ ရိုးရာရဲ့လက်ကလေးကို ဆွဲယူသိမ်းငင်လိုက်ပြီး ရင်ခွင်မှာ အပ်ထား





လိုက်သည်။

ရင်ထဲမှာ ယားကျိယားကျိနဲ့ ကိုယ့်ခံစားချက်ကို ကိုယ်ဘယ်လို စာပြန်ဖွဲ့ရမှန်းတောင် မသိတော့။

"အင်း. . . ကားတွေ ပြင်နေရလို့နဲ့တူတယ်၊ လက်ကလေးက နည်းနည်းတောင် ကြမ်းရှရှ ဖြစ်ချင်နေသလိုပဲ"

"ကိုယ့်ကို ချစ်လားဟင်"

"အဟာစ်. . . ခစ်. . ခစ်. . ခစ်. . ခွိ. . ခွိ. . ခွိ"

အဟား. . . ရယ်ပုံလေးက ကဗျာဆန်တယ်။ အဟာစ်. . ခစ်. . ခစ်. . ခစ်တဲ့။

"ဟယ်. . . ဘုရားရေ၊ ဒါ. . ဒါ ဘယ်လိုဖြစ်နေတာတုန်း၊ ရှင်း. . ရှင်. . ရှင်. . ဒါ ဘာလုပ်နေတာလဲ"

ရိုးရာရဲ့ စူးစူးဝါးဝါးနဲ့ အလန့်တကြား အော်သံကြောင့်သူ့ဖီလင်တွေ ဝုန်းခနဲ ထခုန်ပြီး မျက်လုံးတွေ ဖွင့်ကြည့်လိုက်တော့

"ဟာ. . ."

အံ့ဩမှုတွေက ခေါင်းက ဆံပင်မွေးတွေကိုပင် အရှိန်ပြင်းစွာ ထောင်ထသွားစေပါ၏။

လက်ထဲမှ ကိုင်ထားသော လက်အစုံကို ဝုန်းခနဲဆိုပြီးလွှတ်ချလိုက်ရင်း လူက မျက်နှာတပြင်လုံး သွေးမရှိတော့သလိုဖြူဆုတ်သွားသလားပင် ထင်ရ၏။

"ရိုးရာ. . လုပ်. . လုပ်ပါအုံး၊ သူကြီးက ဘယ်သူတုန်း"

အလန့်တကြားနှင့် ဗလုံးဗထွေးနှင့် မေးလိုက်၏။ သူကိုင်ထားတဲ့ လက်ပိုင်ရှင်က ရိုးရာမှ မဟုတ်ပဲ၊ အသားမဲမဲ သွားဖြဖြနဲ့ ပါးပေါ်မှာ သနပ်ခါးတွေ ဖုံနေအောင် လူးထားသော အရုပ်ကြီးတစ်ယောက်ပဲ။ ခေါင်းပေါ်မှာ ပန်ထားလိုက်တဲ့ ပန်းတွေကလည်း



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သတို့သမီး ရှုံးရောပဲ၊ ဒါဆို သူချစ်တယ်လို့ ပြောနေတာ ဒီအရူးမကြီးကိုပေါ့၊ ဘုရား. ဘုရား. . ကိုယ့်ပါးကိုသာ အချက်တစ်ရာလောက် မေး. . မေးပြီး ရိုက်ချင်စမ်းပါဘိ၊ အရူးမကိုမှ ချစ်တယ် ပြောရမလားလို့။

ကိုယ့်အဖြစ်ကို ငိုအားထက် ရယ်အားသန်ကာ ကြည့်ပြီး တခစ်ခစ် ရယ်နေတဲ့ ရိုးရာမှာတော့ ရယ်ရလွန်းလို့ မျက်ရည်တွေကို ထွက်ရောပဲ။

"ဟယ်. . . ခင်မေကြည်. . . သွား. . သွား၊ ဟိုမှာ နင့်ယောကျ်ား ခေါ်နေတယ်၊ IC ရှိုးပွဲ သွားကြည့်မလို့တဲ့"

"ဟင့်အင်း. . . တွားဘူး၊ ဒီက ဒါလင်လေး ပါမှ သွားမယ်၊ နော်. . . ဒါလင်နော်"

"ဟိုက်. . . ပုဒ္ဓေါ"

"လာ. . . ဒါလင်၊ မေတို့ သွားကြရအောင်"

အရူးမကြီးက သူ့ရဲ့ပိန်လှီမဲကြုတ်နေတဲ့ လက်အစုံနဲ့ သူ့လက်ကို အတင်းဆွဲထူတော့၏။

"ဟာ. . . ဘာ. . ဘာလဲ မလိုက်ဘူး၊ ရိုး. . ရိုးရာ လုပ်ပါအုံး၊ ဒီမှာ ဆွဲခေါ်နေပြီ"

ကြောက်ကြောက်လန့်လန့် အော်နေသော ရှင်းရဲ့ပုံစံက မူကြိုကျောင်းတက်ခါစ ဆရာမကို ကြောက်၍ မအေရဲ့ထမီစကို အတင်းဆွဲပြီး အိမ်ပြန်လိုက်ပါရစေလို့ ငိုယိုတောင်းပန် ကြောက်ချေးပါနေတဲ့ရုပ်မျိုး။

ရိုးရာပင် ဘာလုပ်၍ ဘာကိုင်ရမှန်း မသိတော့၊ ဟိုမှာက ဒရွတ်တိုက် ပါနေပြီ၊ ဆွဲတဲ့သူက အားကုန်ဆွဲနေမှတော့ ပါတဲ့သူက ပါနေပြီပေါ့၊ အရူးတွေက လူကောင်းတွေထက် ပိုပြီးအားသန်ကြ





တယ်လို့ ကြားဖူးထားတာ၊ ခုတော့ လက်တွေ့။

ရှင်းခမျာ အရူးမလက်ထဲ တွဲလောင်းတွဲလောင်းနဲ့ မြင်လို့ပင် မကောင်းတော့၊ သူလဲ ရုန်းတော့ ရုန်းနေတာပဲ။

"ဟယ်. . . ဟိုမှာ ရဲ. . . ရဲတွေ လာနေပြီ၊ ပြေး. . . ခင်မေကြည်၊ နင့်ကို လာဖမ်းနေပြီ"

ရိုးရာ အထိတ်တလန့် အော်လိုက်သည်။ ဆိုက်ကိုလေ။ အရူးမလက်က ရှင်း လွတ်ဖို့အရေး ဒီနည်းက နောက်ဆုံးနည်းပဲ။

"ဟင်. . . ရဲ. . ရဲတွေတဲ့၊ ပြေး. . . ပြေးမယ်၊ ဒါလင် နောက်မှပဲ ချိန်းတွေ့တော့မယ်နော်၊ ခုတော့ ဒီမှာ နေခဲ့အုံး၊ စီးယူ ဂွတ်နိုက် ဒါလင်၊ ဟား. . ဟား. . ဟီး. ဟီး. . ဟီး၊ ပြေး. . ပြေး၊ ရဲတွေ လာနေပြီတဲ့၊ အဟတ်. . ဟတ်. . ဟတ်"

ရင်ပြင်တော်ပေါ် တစ်လျှောက် ပြေးလည်းပြေး ပြောလည်းပြော ထွက်ပြေးသွားတဲ့ အရူးမကြီးကို ကြည့်ပြီး ရှင်းကတော့ မျော့မျော့ပဲ ကျန်ခဲ့တော့၏။

ကြောက်လွန်းလို့ မေး ပါးရိုက်နေပြီလေ။ အရူးဆို သူက ငယ်ငယ်လေးကတည်းက ကြောက်ခဲ့တာ၊ တစ်ခါမှလည်း ဒီလို အရူးနဲ့ တရင်းတနှီး မနေခဲ့ဘူး၊ ရိုးရာသာ အချိန်မီ ရောက်မလာရင် အရူးရဲ့ပါးကိုပင် ထပ်နမ်းမိလေမလားမသိ။

အောင်မယ်လေး. . . တွေးရင်းနဲ့ ရင်ထဲမှာ ယားကျလိ ယားကျလိနဲ့ အော်ဂလီပါ အပေါ်ကို ဆန်တက်လာနေပြီ၊

"ကဲ. . . ထလေ၊ ဘာတွေ Feeling ဝင်နေပြန်တာလဲ၊ ဟိုအရူးမ ထပ်လာအုံးမယ်"

ရိုးရာ သတိထပ်ပေးမှ ထိုင်ရာကနေ သုတ်ခနဲ ထလိုက်ပြီး ပုဆိုးမှာ ပေနေတဲ့ ဖုတ်ကလေးတွေကို တဖတ်ဖတ်နဲ့ ခါထုတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

ရှက်လိုက်တာ။ ဘယ်လိုမျက်နှာမျိုးနဲ့ ရိုးရာကို ရင်ဆိုင်ရပါ့မလဲ။ အဖြစ်မှန်ကိုလည်း ဖွင့်မပြောရဲ၊ တစ်ခါမှ မလွဲဖူးတဲ့ အလွဲတွေက ရိုးရာနဲ့ တွေ့ပြီးမှ ဆက်တိုက်ကို လွဲတော့တာပါပဲ။

"ရှင်း. . . အရှုံးမ ခင်မေကြည်ရဲ့လက်က ကိုင်လို့ကောင်းလားဟင်"

ရိုးရာရဲ့အမေးကို ပါးစပ်နဲ့မဖြေခင် အရင်ဆုံး လက်ကာပြလိုက်ပြီး. . .

"တော်. . . တော်ပါတော့ ရိုးရာရယ်၊ ကျွန်တော့်ရဲ့အလွဲတွေကို ပြန်မပြောပါရစေနဲ့၊ ကျွန်တော့်ရင်ထဲမှာ ဖုတ်လှိုက်ဖုတ်လှိုက်ဖြစ်လွန်းလို့ပါ၊ ဒါ. . ဒါနဲ့ ရိုးရာက ဘယ်ကို သွားတာလဲ"

သူမထံမှ ရှက်ရယ်သံလေး ခပ်တိုးတိုး ထွက်လာသည်။

"အဟင်း. . ခစ်. . ခစ်. . ခစ်. . ကျွန်မက. . ဟို. . ဟိုဒင်းလေ၊ အိမ်သာခဏသွားတာပါ"

"ဩော်. . . ဖြစ်မှဖြစ်ရလေ ရိုးရာရယ်၊ ကျွန်တော့်ကိုပါ တစ်ခါတည်း အဲ့ဒီအိမ်သာကို ခေါ်သွားပါတော့လား၊ ကျွန်တော် အပြင်က ရပ်စောင့်နေမှာပေါ့"

"ခေါ်စရာလားလို့. . . သူများ အိမ်သာသွားတဲ့ဟာကို၊ အ. . ဟင်း. . ဟင်း. . ရယ်ရတယ်ဟယ်၊ အဲဒီမြင်ကွင်းလေးက မျက်စိထဲမှာ စွဲနေတယ်"

"ဟာ. . . မနောက်ပါနဲ့ဗျာ၊ ကျွန်တော် ကြက်သီးထလွန်းလို့ပါ"

"အင်းပါ. . . မနောက်တော့ဘူး၊ ဒါပေမယ့် ရှင် ကျွန်မကို တစ်ခုခု လိုက်ကျွေးရမယ်၊ ကျွန်မ ဗိုက်ဆာနေတယ်"





"ရ. . ရတယ်လေ. . . ဝယ်ကျွေးမှာပေါ့"

အိတ်ကပ်ထဲ နှိုက်ကြည့်တော့ တစ်ထောင်တန်နှစ်ရွက်နဲ့ အကြွေတစ်ချို့ ရှိသေးသည်။

ဒါဆို ရိုးရာတစ်ယောက်စာ ဖူလုံပြီ။

"ရှင့်မှာ ပိုက်ဆံရော ပါရဲ့လား"

"ပါ,ပါတယ်. . . ရိုးရာ ဘာစားမလဲ"

"ဗိုက်ပြည့်တဲ့ဟာ တစ်ခုခုပေါ့"

နှစ်ယောက်သား တရုတ်စားသောက်ဆိုင်ကလေးထဲ ဝင်သာလိုက်ကြ၏။

စားပွဲထိုးလေးကို ရိုးရာက ထမင်းပေါင်း မှာလိုက်၏။

ရှင်းကတော့ အအေးပဲ မှာသည်။

စားပွဲထိုးကောင်လေး လာချပေးသော အအေးနှစ်ပုလင်းကို တစ်ယောက် တစ်ပုလင်းစီ ယူ၍ ပိုက်လေးနှင့် စုတ်သောက်လိုက်သည်။

ရင်ထဲမှာ အေးမြသွား၏။

ကိုယ်ချစ်တဲ့ ကောင်မလေးရဲ့အပြုံးကို အမြည်းလုပ်ပြီး အအေးပုလင်းထဲက အချိုရည်ကို ပိုက်ကလေးနဲ့ စုတ်သောက်ရတဲ့ အရသာဟာလည်း တကယ့်ကို ထိတာပဲ။

ဒီလိုနေ့မျိုးတွေ နေ့တိုင်းကြုံချင်ပါ၏။ ချစ်သူရဲ့မျက်နှာကို သာဝရ ငေးမောခွင့်ရမယ့် အခွင့်အရေးကို ရှူးသွပ်စွာ တောင့်တချင်တာဟာလည်း ရင်ထဲက ဆန္ဒအမှန်ပါပဲ။

စားပွဲထိုး လာချပေးသော ထမင်းပေါင်းကို အားရပါးရ ခပ်စားရင်း ပြုံးပြလာတဲ့ မင်းရဲ့အပြုံးဟာ ဆန္ဒနဲ့ဘဝကို တစ်ထပ်တည်း ကျဖို့ တွန်းအားတစ်ရပ် ဖြစ်မယ်ဆိုရင် မင်းအချစ်ကို ရဖို့



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားခွင့်ပြုပါ။ တဆိတ် ရှုးတယ်လို့တော့ မဝေဖန်လိုက်ပါနဲ့ ချစ်သူ။ အအေးပုလင်းထဲက ပိုက်တံလေးကို မင်းရဲ့နှုတ်ခမ်းဖူးဖူး လေးနဲ့ စုပ်ယူသောက်သုံးခံရတဲ့ ပိုက်တံလေးကိုလည်း တဒင်္ဂတော့ အားကျမိသွားပြန်တယ်။

ကိုယ် သိပ်ပြီးလောဘကြီးသွားမလား ကောင်မလေးရေ။





# အပိုဒ်ခွဲ (၉)

ရှင်းရဲ့အကူအညီဖြင့် အောင်ကမ္ဘာ ကားထုတ်လုပ်ရေး ကုမ္ပဏီတွင် လုပ်ရသွားသည်။

အဖေကတော့ စာရေးမ လုပ်ရမှာမို့ ဘာမှ ကန့်ကွက်ခြင်း မရှိ။

အမေက မနက်ကတည်းက အလုပ်အတွက် ထမင်းချိုင့် ခင် အဆင်သင့် ပြင်ထားပေးပြီးသား။

အဖေနဲ့အမေ သဘောကျ ရေမိုးချိုး လှတပတလေး ပြင်ပြီး လယ်သာ စလင်းဘက်အိတ်ကလေးလွယ်၊ ချိုင့်ကလေး



www.burmeseclassic.com

www.burmeseclassic.com



ဆွဲပြီး အိမ်က ထွက်မည်အပြု. . .

အိမ်ရှေ့သို့ ကားတစ်စီး ထိုးဆိုက်လာသည်။

တစ်ခါမှ အိမ်ရှေ့သို့ ကားအကောင်းစား မရပ်ဖူး၍ ဘယ်သူလဲဆိုသော သိချင်စိတ်ဖြင့် ခြံဝအထိ ကပျာကယာ ဆင်းပြီး စပ်စုလိုက်သေးသည်။

ကားပေါ်မှ ဆင်းလာသူကို ရုတ်တရက် မြင်လိုက်ရ၍ အံ့ဩကာ နှုတ်မှလည်း အလန့်တကြား ခေါ်လိုက်မိသည်။

"ခနောင်း. . ."

သူက ရိုးရာကို ပြုံးပြတယ်။

"ရိုးရာတို့ အိမ်ကို လာလည်တာပါ"

ရိုးရာ ချက်ချင်းနှုတ်ခမ်းစူလိုက်သည်။ ပြီးတော့ ရန်စွယ်နှင့်ငေါငေါ ဧည့်သည်ကို ဧည့်ဝတ်ကျေလိုက်သည်။

"အို. . . ကြောင်လိုက်တာ၊ ကျွန်မ ရှင့်ကို အိမ်လည်ခေါ်မိလို့လား"

"အဟဲ. . . ကိုယ်က အိမ်လည်မခေါ်လည်း ဖွတ်အတင်းလည်တတ်တဲ့အကျင့်ကို အခုကစပြီး ကျင့်သုံးတော့မှာလေ"

"ရှင် တော်တော်ရဲတင်းတယ်၊ ဆောရီးပဲ. . . ကျွန်မ ရှင့်ကို ဧည့်မခံနိုင်တာ စိတ်မကောင်းပါဘူး၊ ရှင် ဝင်လည်ချင်တယ်ဆိုရင်တော့ အိမ်ထဲမှာ ကျွန်မအမေ ရှိတယ်၊ ဝင်တွေ့လိုက်ပေါ့။ ကျွန်မကတော့ အလုပ်သွားရတော့မယ်"

ထိုသို့ ခပ်ရွဲ့ရွဲ့ ပြောခဲ့ပြီး ဖယ်ရီကား မှီစေရန် ထိပ်သို့ ခပ်သွက်သွက် လျှောက်လာခဲ့၏။

ဒီလူတော့ အမေ့ကိုပဲ ဝင်တွေ့မလား၊ အိမ်ပေါက်ဝကပဲ လှည့်ပြန်မလား၊ အဟင်း. . . တော်တော် အောင်ကြူကြူနိုင်တဲ့လူ။





"အန်တီ"

အိမ်ထဲကို လှမ်းကြည့်ပြီး အသံဖြင့် အရင်ဆုံး မက်ဆေ့ချ်ပို့လိုက်သည်။

"ဟေ. . . ဘယ်သူလဲ၊ တက်ခဲ့လေကွယ်"

အိမ်ထဲမှ လူမမြင်ရသေးခင် ပြန်ထူးသံနှင့် ဖိတ်ခေါ်သံပါ တစ်ဆက်တည်း ကြားလိုက်ရ၍ ခနောင်း နည်းနည်းတော့ အားတက်သွားသည်။

ဒေါ်ယိမ်းမှာလည်း နှုတ်ကျင့်ပါနေ၍သာ အိမ်ပေါ် တက်ဖို့ ဖိတ်ခေါ်လိုက်ပေမယ့် မည်သူမည်ဝါမှန်း မသိသေး။

ဒါကြောင့် အိမ်ရှေ့ကို ကပျာကယာ ထွက်လာလိုက်၏။

အိမ်ရှေ့မှာ ရပ်နေသူက တစ်ခါမှ မမြင်ဖူးသော လူရည်သန့်သန့် လူငယ်လေးတစ်ယောက်။

ကိုရှိန်းအသိလား၊ ဒါမှမဟုတ် သမီးရဲ့အသိလား။

"ဘယ်သူနဲ့ တွေ့ချင်လို့လဲ သားရယ်"

"ကျွန်တော် ရိုးရာရဲ့သူငယ်ချင်းပါ၊ သူ့ဆီ လာလည်တာ သူက အလုပ်သွားမယ့်ဆဲဆဲဆိုတော့ ကျွန်တော့်ကို သူ ဧည့်ဝတ်မကျေနိုင်တော့ဘူး၊ ကျွန်တော်လည်း ပြန်ပါအုံးမယ်ခင်ဗျာ၊ အန်တီကို ဝင်ပြီးနှုတ်ဆက်တာပါ"

ဒေါ်ယိမ်းမှာသာ သန့်ပြန့်ရည်မွန်သော လူငယ်လေးကို တစ်လှည့် အိမ်ရှေ့တွင် ရပ်ထားသော ဇိမ်ခံကားကြီးကိုတစ်လှည့် ကြည့်ရင်း သမီးလုပ်သူနှင့် ပတ်သက်သော မျှော်လင့်ချက် အတွေးအမျှင်တွေက အာရုံထဲသို့ တစ်ရစ်ပြီးတစ်ရစ် လုံးထွေးရစ်ပတ်၍ ဝင်လာတော့၏။

ဒါကြောင့် အနည်းဆုံးတော့ ဒီလူငယ်လေးကို ကော်ဖီတစ်



www.burmeseclassic.com

www.burmeseclassic.com



ခွက် ဒါမှမဟုတ် လက်ဖက်ရည် တစ်ပန်းကန်လောက်နဲ့တော့ ဧည့်ခံသင့်သည်ဟု တွေးမိရင်း ဖော်ရွေသော အပြုံးသစ်တစ်ခုကို အားချင်း ဖန်တီးလိုက်ပြီး . . .

"အားနာစရာတော့ ကောင်းနေပြီ သားရယ်၊ သမီးက ဒီနေ့မှ အလုပ်စဝင်တာလေ၊ ရောက်တုန်းရောက်ခိုက် ခဏတော့ ဝင်နားပါအုံးကွယ်၊ အန်တီ တစ်ခုခုနဲ့ ဧည့်ခံပါရစေ"

"နေပါစေ အန်တီ"

တစ်ဖက်က ငြင်းနေပြီ ဒေါ်ယိမ်းတို့ကလဲ ဘယ်လက်လွှတ်ခံမလဲ။

"အို . . . မဟုတ်တာကွယ်၊ လာ . . ထိုင်ပါအုံး"

အခန်းထောင့်တွင် ထောင်ထားသော ပလတ်စတစ်ဖျာကို ကပျာကယာ ယူခင်းလိုက်ပြီး ကောင်လေးကို ထိုင်ခိုင်းလိုက်သည်။

"သား ခဏလေး ထိုင်ပါအုံး"

ဟု ဆိုကာ နောက်ဖေးခန်းထဲကို အမြန်ပြေးဝင်၊ ကြောင်အိမ်ထဲမှ တစ်ထုပ်ထဲသာ ကျန်တော့သော ငါးဆယ်တန် King ကော်ဖီမစ်တစ်ထုပ်ကို သကြားနိုင်းချင်းနှင့်ဖျော်ပြီး ဇန်းကလေးထဲမှာ ဟန်ကျပန်ကျကလေး ပြင်ပြီး အိမ်ရှေ့ကို ယူလာပြီး ကောင်လေးရှေ့ ချပေးလိုက်၏။

"ကော်ဖီလေး သောက်လိုက်ပါအုံးကွယ်"

ဘာအဆောင်အယောင်မှ မရှိသော အိမ်ရှေ့ခန်းလေးကို ဝေ့ဝဲကြည့်နေရာမှ ဒေါ်ယိမ်းထွက်လာသဖြင့် အကြည့်တွေကို ရုပ်လိုက်ပြီး ဇန်းထဲမှ ကော်ဖီခွက်ကို အားနာစွာ လှမ်းယူလိုက်သည်။

မှဘောင်ဘင်ခတ်နေသော ကော်ဖီကျဲကျဲကို သောက်ရန် ဆန္ဒမရှိပေမယ့် ထိုအန်တီကြီးနှင့်တော့ ရင်းနှီးမှု ရယူထားသင့်သည်





မဟုတ်လား။

"သမီးရဲ့သူငယ်ချင်းဆိုတော့ အိမ်ကို မကြာမကြာ လာလည်ပေါ့ကွယ်"

ဒေါ်ယိမ်းတို့ လမ်းကြောင်းနေပြီ။

"သားရဲ့သူငယ်ချင်းကတော့ သိတဲ့အတိုင်းပဲ၊ သူ့ရဲ့စရိုက်က အခုထိ တဇွတ်ထိုး ကလေးဆန်တုန်းပဲကွယ်၊ အန်တီကလည်း တစ်ယောက်တည်း ကြီးပြင်းရတာဆိုပြီး သနားစိတ်နဲ့ အလိုလိုက်မိတာ၊ ငါးပါးကို မှောက်ရောပဲ"

"ခုလည်း လှိုင်သာယာစက်မှုဇုန်မှာ ကားထုတ် ကုမ္ပဏီဆိုလားဘာလား အဲဒီမှာ ဝင်လုပ်နေတယ်၊ ဒါကလည်း သူ့ဝါသနာလေ၊ ဒါနဲ့ သားကရော ဘာလုပ်ငန်း လုပ်သလဲကွယ်"

"Top Rose ဆောက်လုပ်ရေးကုမ္ပဏီက ဒါရိုက်တာပါ"

"ဩော် . . . သူဌေးလေးကိုး၊ အေးကွယ် . . . သားရဲ့သူငယ်ချင်းကို တွေ့ချင်ရင် သူ အလုပ်ပိတ်တဲ့ရက်တွေမှာ လာပေါ့"

"ဟုတ်ကဲ့ . . . လာခဲ့ပါ့မယ် အန်တီ၊ အခုတော့ ကျွန်တော့်ကို ပြန်ခွင့်ပြုပါအုံး"

ခနောင်းမင်းမှာ ချိုရဲကြဲတောက်နေသော ကော်ဖီကို စိတ်ကျေနပ်အောင် တစ်ငုံနှစ်ငုံ သောက်ခဲ့ပြီး ဒေါ်ယိမ်းအား နှုတ်ဆက်ကာ အိမ်ပေါ်မှ ဆင်းလာခဲ့လိုက်သည်။

ခနောင်းအတွက်တော့ ဒါဟာ သူမနှင့် ရင်းနှီးဖို့အတွက် လမ်းစအသစ် ဖောက်ထွင်းလိုက်ခြင်းပါ။

ရိုးရာရဲ့မိဘတွေနှင့် ရင်းနှီးခြင်းသည် သူမကို ပိုင်ဆိုင်နိုင်ဖို့အတွက် တစ်ဝက်သေချာနေပြီဟု အပိုင်တွေးထားလိုက်သည်။

မိန်းမပျိုတစ်ယောက်ရဲ့အချစ်တစ်ခုကို ပိုင်ဆိုင်ဖို့အတွက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ ဖြတ်လမ်းနည်းကို ထည့်သွင်းအသုံးပြုသင့်ပါ၏ဟု ကိုယ့်ကိုယ်ကို အဆိုပြုပါ၏။





# အပိုင်းခွဲ(၁၀)

"ရိုးရာ"

ဖယ်ရီကားဆီသို့ လှမ်းနေသော ခြေလှမ်းများ တုန့်ခနဲ ရပ်သွားပြီး နောက်ကို လှည့်ကြည့်လိုက်မိ၏။

"ဟင်. . . ခနောင်းမင်း"

သူမက တအံ့တသြဖြင့် နာမည်ကို ရေရွတ်လိုက်ပြီး မျက်ဝန်းများက ဘေးဘီကို ဝေ့ဝဲ၍ ကျိုးကြည့်ကြောင်ကြည့်နဲ့ မလုံမလဲဟန်က အထင်းသား။ ပြီးတော့ အသံခပ်အုပ်အုပ်နဲ့. . .

"ရှင် ဒီမှာ ဘာလာလုပ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရိုးရာကို လာစောင့်နေတာလေ"

ချွေးစို့နေသော သူမရဲ့မျက်နှာလေး နဲနဲတော့ . ရွဲ့ . . အဲ့ . မဟုတ်ပါဘူး၊ မဲ့သွားတယ်လို့ ပြောတာ၊ ပြီးတော့ သူမ ကြားတာ မကျိန်းသေမှာစိုးလို့ထင်သည်။ နောက်တစ်ကြိမ်ထောင် ထပ်မေးလိုက်သေးတယ်။

"ဘာရယ် . . . ကျွန်မကို လာစောင့်နေတာ ဟုတ်လား"

ခနောင်းက မျက်လုံးလေးကို စတိုင်လ်ပါပါနဲ့ မှေးကျဉ်းလိုက်ပြီး ခေါင်းကို အသာညိတ်ပြလိုက်သည်။

"အင်းလေ"

"ရှင့်အချိန်တွေ အရမ်းအားနေလား"

"ဒါပေါ့"

သူက မထိတထိ စလိုက်သည်။

"အယ် . . . တကယ်အားတယ်ပေါ့၊ အဲဒါဆိုလည်း ကိုယ့်ခြေမကိုယ် ကုန်းကိုက်နေပါလား"

အမ် . . . ပြောရက်လိုက်လေခြင်း။ ဒီမိန်းကလေး ပြောလိုက်ရင် ဘယ်တော့မှကို ကဗျာမဆန်။ ခုလဲ ကိုယ့်ခြေမကိုယ် ပြန်ကိုက်ခိုင်းနေပြန်ပါပြီ ဘယ်လိုငတိမလေးပါလိမ့်။

"ကိုယ်က ရိုးရာကိုတွေ့ချင်လွန်းလို့ လာစောင့်နေတာ၊ ကိုယ့်ခြေမ ကုန်းကိုက်လို့ ဘာအရသာမှ ရှိမှာမဟုတ်ဘူး၊ ရိုးရာ မျက်နှာလေးကို လာကြည့်တာကမှ ကိုယ့်အတွက် အရသာထူး တစ်ခုပဲ"

သူမ ခပ်လှောင်လှောင်လေး ရယ်လိုက်သည်။

"ရှင့်မျက်စိထဲမှာ ကျွန်မကို သွားရည်ယိုလောက်တဲ့ ကြက်ကင်တစ်ကောင်လို မြင်နေတယ်ပေါ့။ အဟက် . . ဟက် . . ဒီအထာ





တွေ ရိုးနေပါပြီ ခနောင်းရယ်၊ ကျွန်မက ရှင့်ကို ဘယ်လိုအရသာထူးမှ ပေးမှာမဟုတ်ဘူး၊ ရှင့်ကိုလည်း ကြွေလာလိမ့်မယ်လို့ မထင်လိုက်နဲ့ . . . ခေတ်ချွေးသွားမယ်"

"ကိုယ် မျှော်လင့်မထားပါဘူး၊ ဒါ ကိုယ့်ရဲ့ဆန္ဒတွေကို အလိုလိုက်တဲ့ သဘောသက်သက်ပါ။ ရိုးရာ စိတ်အနှောင့်အယှက် ဖြစ်စေမယ့် ဂုဏ်သိက္ခာ ထိခိုက်စေမယ့်ကိစ္စမျိုးကို ကိုယ် မဖန်တီးပါဘူး၊ ဥပမာ ကိုယ့်ကားနဲ့ လိုက်ခဲ့ဖို့ ခေါ်တာမျိုးပေါ့"

"မဆိုးပါဘူး . . . ရှင် အမြင်ကျယ်သားပဲ၊ ကဲ . . . ကျွန်မကို ရှင်တွေ့ပြီးပြီဆိုတော့ ရှင့်ဆန္ဒပြည့်ပြီပေါ့၊ ဟိုမှာ ပြန်ဖို့အတွက် ဖယ်ရီကား စောင့်နေပြီ"

သူမ နှုတ်ဆက်ပြီး ခနောင်းမင်းရှေ့မှ ခပ်သုတ်သုတ် ထွက်သွားကာ ဖယ်ရီကားပေါ် သုတ်ခနဲ တက်သွား၏။

လမ်းတစ်လျှောက်လုံး သူ့အကြောင်းတွေ စဉ်းစားလာတာနဲ့ ကိုယ့်ရပ်ကွက်ရှေ့သို့ ရောက်မှန်းမသိ ရောက်လာသည်။

အိမ်ပြန်ရောက်တော့ အမေ့မျက်နှာဟာ အရင်ရက်များထက် ပိုပြီးချို့နေသည်ကို သတိထားမိလိုက်သည်။

"သမီး ပြန်လာပြီပဲ၊ ငါ့သမီးလေး ပင်ပန်းလာပြီ၊ ခဏနားပြီး ရေချိုးလိုက်နော် သမီး"

နှုတ်သွက်နေသော အမေ့ကို တစ်ချက်ကြည့်ရင်း မသိမသာ ပခုံးလေး တွန့်လိုက်သည်။

အမေ ဘာတွေများ စိတ်ချမ်းသာစရာ ကြုံနေလို့လဲ။ အမေ အဖေမသိအောင် နှစ်လုံးသုံးလုံးတွေများ ခိုးထိုးထားလို့ ပေါက်များပေါက်နေလို့လား။ အရင်ရက်များကဆို ရိုးရာ ပြန်လာသည်း အမေ့အဖို့ အေးဆေးပဲ။



www.burmeseclassic.com

www.burmeseclassic.com



"အမေ . . . ဒီနေ့ အဖေ့ကို ထမင်းချိုင့် သွားပို့ဖြစ်သေးလား"

"မပို့ဘူး . . . ကလေးပု လာယူတယ်၊ ဒီနေ့ ညည်းအဖေနဲ့ ညည်းအစ်ကိုလေး စကားများကြတယ်တဲ့"

"ကလေးပု ပြောသွားတာလား"

အဝတ်လဲနေရင်းမှ လှမ်းမေးလိုက်ခြင်းဖြစ်သည်။

"ဟုတ်တယ် . . . အမေလဲ ဖြစ်နိုင်ရင် ညည်းအဖေကို ကိုလေးဆီမှာ မလုပ်စေချင်တော့ပါဘူးအေ၊ တစ်ချိန်က ကိုယ့်ကျွေးမွေးစောင့်ရှောက်လာတဲ့ တူတစ်ယောက်ဆီမှာ အလုပ်သမားအဖြစ် ပြန်လုပ်နေရတာ ဘယ်လောက် အောက်ကျနောက်ကျနိုင်လိုက်သလဲလို့"

"ငွေရှိရင်သာ အရာရာကို ကိုယ်က လွှမ်းမိုးနိုင်ခဲ့တာ၊ ဟော . . . အခု ငွေမရှိတော့ အရာရာက ကိုယ့်ကို ပြန်ပြီး လွှမ်းမိုးနေပြီ၊ အဲဒီလောကဓံကို အမေတို့က ခံနိုင်ရည်ရှိပေမယ့် သမီးလေး ခံနိုင်ရည် မရှိမှာ စိုးတယ်၊ ဒါကြောင့် ငါ့သမီးဘဝကို အမေက အရမ်းမြင့်မားစေချင်တာ"

အမေ့ကို ပြန်ပြီးချွေးသိပ်လိုက်သည်။

"ဖြစ်လာမှာပေါ့ အမေရယ်၊ ဖြစ်အောင်လည်း သမီး ကြိုးစားမှာပါ။ ဒါနဲ့ အဖေနဲ့ ကိုလေးတို့ ဘာကြောင့် စကားများကြတာလဲဟင်"

အမေက ဆေးလိပ်ခွက်ထဲမှ ဆေးပြင်းလိပ်တိုကို ယူကာ မီးညှိဖွာရှိုက်လိုက်ပြီး . . .

"ထုံးစံအတိုင်း ညည်းအဖေရဲ့ ဘယ်တော့မှ မစွန့်လွှတ်နိုင်တဲ့ အရက်ကြောင့်ပေါ့၊ ညည်းအစ်ကို ယူမယ့်မိန်းမက ဒီနေ့ အလုပ်





ရုံကို လိုက်လာတယ်တဲ့၊ ညည်းအဖေကို သူ့ကောင်မလေးက ဦးလေးတော်မှန်းမသိ၊ ဆိုင်က ငှားထားတဲ့ ကားပြင်ဆရာ ထင်ပြီး ညည်းအဖေ အလုပ်ချိန်မှာ အရက်သောက်ရမလားဆိုပြီး ဆူပူကြိမ်းမောင်းသွားလိုက်တာ ရစရာ မရှိဘူးဆိုပဲ"

ရိုးရာရဲ့ဒေါသတွေက ဝေါက်ခနဲ ထောင်ထလာပြန်ပြီ။

"အောင်မာ . . မာ . . လူပါးဝလိုက်တာ၊ သူ ဒီလို အဖေ့ကို ပြောနေတာကို ကိုလေးက ဘာမှ ပြန်မပြောဘူးလား၊ အနည်းဆုံးတော့ ဒါဟာ ငါ့ဦးလေးလို့ ပြောသင့်တာပေါ့၊ ဒီမိန်းမ ယူတောင် မယူရသေးဘူး၊ လုပ်ငန်းခွင်မှာ လာခြယ်လှယ်ချင်နေပြီ၊ ဒီကိစ္စကို သမီး မကျေနပ်ဘူး အမေ၊ ကိုလေးဆီကို သမီး သွားတွေ့မယ်"

အမေက တားသည်။

"မသွားနဲ့ သမီး၊ ညည်းအဖေလဲ အဲဒါမှ မှတ်မှာ၊ နို့မို့ဆို ဒီအရက်နွံထဲမှာပဲ သူ့ဘဝကို ပျော်မွေ့ခိုင်းပြီး သူ့အနာဂတ် ပျောက်မှန်းမသိ ပျောက်နေတာကို သူ နည်းနည်းမှ မရိပ်မိဘူး၊ အဲဒီလို သူများက ပြောမှ ဒင်းမှတ်မှာ၊ ဘယ့်နှယ့်တော် . . . အရင်ကဆို ညနေ ပြန်လာမှ သောက်နေကျကို အခုမှ စတန့်ထွင်ပြီး မနက်ခင်းပါ သောက်လဲမသိဘူး"

"ရှုပ်ပါတယ် အမေရာ၊ အဖေ့ကို အဲဒီကို မသွားခိုင်းနဲ့တော့၊ သမီးတို့ မိသားစုမှာ ငွေမချမ်းသာပေမယ့် မာနချမ်းသာ ဘယ်ဆိုတာ ဒင်းတို့ သိအောင် ပြရမယ်"

အမေက ခေါင်းကို ခပ်ဖြေးဖြေး ခါယမ်းရင်း . . .

"မဖြစ်သေးပါဘူး သမီးရယ်၊ ဆိုက်ကားတစ်စီး ထောင်ထားတဲ့ဝင်ငွေက တစ်နေ့မှ နှစ်ထောင်ရယ်၊ ညည်းလစာနဲ့ အိမ်စရိတ် ဘယ်ကာမိမှာလဲ၊ အမေတို့မှာ အိမ်ဂရန် ပေါင်ထားတဲ့ကိစ္စက



www.burmeseclassic.com

www.burmeseclassic.com



လည်း ရှိသေးတယ် မဟုတ်လား၊ ညည်းအဖေမှာ သူများ ပြောဆိုရှုံ့ချဖို့ ကံပါလာလို့ အပြောခံရတယ်လို့ပဲ သဘောထားလိုက်ပါ။ ဒါမှ ဒင်းလဲ မှတ်မှာ"

အမေက ဆေးလိပ်ပြာကို ဆေးလိပ်ခွက်ထဲ ခြွေထည့်ရင်း ဆက်ပြော၏။

"ပြန်လာရင် ဒီကိစ္စကို မဟနဲ့၊ တို့သားအမိနှစ်ယောက် ဘာမှ မသိသလို နေမှ၊ တော်ကြာ ရှက်ရမ်းရမ်းပြီး ကလေးပုကို သွားပြီး ပြဿနာရှာအုံးမယ်၊ ဟိုခမျာ သိစေချင်လို့ ပြောပြရှာတာ"

သားအမိနှစ်ယောက် အိမ်တွင်းရေးပြဿနာကို အပြန်အလှန် ဆွေးနွေးနေကြစဉ်အချိန်မှာပဲ အိမ်ရှေ့သို့ စက်သံညက်သော ကားတစ်စီး ငြိမ့်ခနဲ ရပ်သွား၏။

"အမေ. . . အိမ်ရှေ့မှာ ကားသံကြားတယ်၊ ဘယ်သူလဲ မသိဘူး"

ရိုးရာ ပြောလိုက်သဖြင့် အိမ်လယ်ခန်းမှာ ထိုင်ပြီး ဆေးပြင်းလိပ် ဖွာနေသောအမေ အိမ်ရှေ့ကို ကဲကြည့်လိုက်သည်။ အမေ့မျက်နှာ ပြုံးလင်းလင်းလေး ဖြစ်သွား၏။

ပြီးတော့ အမေ အိမ်ရှေ့ကို သုတ်ခနဲ ထသွားပြီး သိပ်မကြာလိုက်၊ အမေ့ရဲ့ပြုံးရွှင်ချိုမြိန်သော စကားသံအချို့က ရိုးရာ ထိုင်နေရာ နောက်ဖေးခန်းထဲသို့ ပျံ့လွင့်လာသည်။

"ဩော်. . . မောင်ခနောင်းမင်း၊ လာ. . လာ. . သား၊ မင်းသူငယ်ချင်းတောင် အလုပ်က ပြန်လာတာ မကြာသေးဘူး"

ခနောင်း အိမ်ပေါ် တက်လာသံ ကြားလိုက်၏။

"ဟုတ်ကဲ့ပါ အန်တီ၊ ဒါက အန်တီနဲ့ ဦးတို့ဖို့ပါ"

တရိုတသေ လှမ်းပေးလာသော လက်ဆောင်ထုပ်ကြီးကို





ကြည့်ပြီး ဒေါ်ယိမ်းရဲ့ရင်မှာ ပီတိလှိုင်းတွေ ထန်နေ၏။

"အို. . . အားနာစရာ သားရယ်၊ နောက်ဆို ဝယ်မလာပါနဲ့၊ အန်တီတို့အတွက် မလိုပါဘူးကွယ်၊ ဩော်. . . သမီးရေ၊ ဒီမှာ သမီးသူငယ်ချင်း မောင်ခနောင်း လာတယ်ကွယ်"

ဒီလူတော့ ခက်ရချေရဲ့၊ စောစောကပဲ သူ့ကို ကောင်းကောင်းပြောထားတာ၊ ဒါတောင် အမှတ်မရှိ၊ အိမ်အထိ လိုက်လာတယ်။

သူမ အိမ်ရှေ့ခန်းဆီသို့ မျက်နှာရှစ်ခေါက်ချိုးဖြင့် ထွက်လာပြီး ခနောင်းကို မျက်စောင်းရွယ်လိုက်ရင်း. . .

"ရှင် ဘာလာလုပ်တာလဲ"

ခနောင်းက ခေါင်းမှဆံပင်တွေကို အစိပ္ပါယ်မဲ့ သပ်တင်ရင်း ရယ်ကျဲကျဲမျက်နှာပေးဖြင့်. . .

"အဟဲ. . . လာလည်တာလေ၊ အန်တီက ကိုယ့်ကို တံခါးခေါ်ခိုင်းမရှိ ဝင်ထွက်ခွင့်ပြုထားတယ်၊ ဒါကြောင့် ခွင့်ပြုမိန့်နဲ့ လာတာပါ"

ဒေါ်ယိမ်းက အားနာစာနဖြင့် ဝင်ထိန်း၏။

"သမီးရယ်. . . မောင်ခနောင်းကို အားနာစရာကွယ်၊ အခုမှာ သမီးကို ခင်လို့ လာလည်တာ၊ အဲဒီလို ရင့်ရင့်သီးသီး ပြောရသလား၊ အဟင်း. . . သားရေ၊ မင်းမြင်တဲ့အတိုင်းပဲ၊ မင်းသူငယ်ချင်းက စကားပြောရင် ပြေပြေပြစ်ပြစ်ကို မပြောတတ်တာ၊ ရောက်တုန်းရောက်ခိုက် ထမင်းလေးဘာလေး စားသောက်ပြီးမှ ပြန်ပါကွယ်"

ခနောင်းက ငြင်းဆန်ခြင်း မရှိဘဲ ပြုံးဖြီးဖြီးနဲ့ ခေါင်းညိတ်ပြီး ရိုးရာကို မသိမသာ ခိုးကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အို. . . အမေကလည်း၊ အိမ်မှာ ဟင်းကောင်းတာလည်း မဟုတ်ဘဲနဲ့ စွတ်ခေါ်နေတယ်၊ သမီးတို့လို ဆင်းရဲသား ထမင်းဝိုင်း သူ စားနိုင်မယ် မထင်ပါဘူး"

သူမ စကားကို သူက မိန့်မိန့်ကြီး ပြုံးလျက်. . .

"ထမင်းဝိုင်းတစ်ဝိုင်းမှာ ဆင်းရဲခြင်း ချမ်းသာခြင်းတွေ မလိုအပ်ပါဘူး၊ အဓိက,က အဲဒီထမင်းဝိုင်းလေးမှာ စေတနာတွေ အပြည့်အဝ ပျော်ဝင်နေမယ်ဆိုရင် အဲဒီထမင်းဝိုင်းက ချမ်းသာတဲ့ ထမင်းဝိုင်းပါ"

ခနောင်းစကားကို ရိုးရာက ဆင်းရဲသားအိမ် လာပြီး စကားကြီး စကားကျယ် ပြောရန်ကော ဟူသောပုံစံဖြင့် မျက်နှာကို မဲ့ပစ်လိုက်သည်။

ပြီးတော့ ခနောင်းကို မျက်စောင်းချီလိုက်သည်။ အမေက ထမင်းပွဲပြင်ရန် အိမ်ထဲသို့ ဝင်သွားသည်။

နှစ်ယောက်သား အိမ်ရှေ့ခန်းတွင် ဘာစကားမှ မပြောကြဘဲ နှုတ်ဆိတ်နေကြရင်းမှ ရိုးရာက ထိုင်ရာမှ ဆတ်ကနဲ ထလိုက်သည်။

"ဘယ်သွားမလို့လဲ ရိုးရာ"

ရိုးရာကို သူ့အနားက မသွားစေချင်သည့်ဆန္ဒဖြင့် မေးလိုက်ခြင်းပင်။

"အမေ့ကို ထမင်းပွဲ သွားဝိုင်းပြင်ပေးမလို့ပေါ့"

"တဆိတ် ကိုယ့်အနားမှာပဲ ထိုင်နေပေးပါလား"

"အို. . . ဘာဆိုင်လို့လဲ၊ အိုကြီးအိုမနဲ့ ခူးခပ်ကျွေးတဲ့ ထမင်းဟင်းကို ကျွန်မ အခန့်သား မစားရက်ပါဘူး"

ထိုသို့ဆိုပြီး ခနောင်းမင်း ဘေးမှ ဘောက်ဆတ်ဘောက်





ဆတ်နှင့် ထလာကာ အမေရှိရာ အခန်းတွင်းသို့ ဝင်လာလိုက်၏။

အမေက သူမ မီးဖိုခန်းထဲ ဝင်လာတာ မြင်တော့. . .

"ဟဲ့. . . သမီး ဘာဝင်လုပ်တာလဲ၊ သွား. . . အိမ်ရှေ့မှာ သွားပြီး စကားပြောနေချေ၊ အမေ့ဘာသာ လုပ်မယ်"

ရိုးရာ စိတ်ပျက်စွာ ညည်းညူလိုက်ရင်း. . .

"အမေကလည်း. . . သူ့အနားမှာ မနေချင်ပါဘူး"

အမေက လေပြေလေးနဲ့ ချော့၏။

"သမီးရယ်. . . ကိုယ့်အိမ်လာတဲ့ဧည့်သည်ကို အဲဒီလို ဆက်ဆံရဘူးလေ၊ ခမျာလေးက သမီးကို အတော် သံယောဇဉ် ရှိလွန်းလို့ လာတယ်ဆိုတာကို သမီး အသိအမှတ်ပြုရမယ်လေ၊ သွား. . . အိမ်ရှေ့မှာ သွားပြန်ထိုင်နေနော်၊ အမေ့သမီးက လိမ္မာ တယ်. . . သွား. . သွား"

နောက်ဆုံးတော့ အမေ့စကားကို နားထောင်ပြီး အိမ်ရှေ့ ကို စိတ်လက်မပါစွာဖြင့် ပြန်ထွက်လာရတာပဲပေါ့။

ရိုးရာ ထွက်လာတာမြင်တော့ သူ့မျက်နှာ ပြုံးဖြီးဖြီး ဖြစ် သွား၏။

"အိမ်ရှင်ဆိုတာ အဲဒီလို ဧည့်ဝတ်ကျေရတယ်"

ဟု သူမ ကြားသာရုံလေး ပြောသေးသည်။

ထိုစဉ် အိမ်ပေါ်ကို အဖေ တက်လာတာ မြင်တော့ ရိုးရာ သဘောခွေ့သွားရသည်။ (ထူးဆန်းစွာဖြင့် အဖေ ဒီနေ့ မူးမလာပါ)

ကိုယ့်အိမ်ကို သူစိမ်းယောက်ျားလေး မလာဖူးတော့ အဖေ က သမီးဖောနဲ့ မင်း ဘယ်ကကောင်လဲ ဘာညာနဲ့ ဟောက်လွှတ်ပြီး ရင် သမီးနဲ့ ဘာပတ်သက်သလဲမေး၊ ရိုးရာက ဘာမှ မပတ်သက်ဘူး ပြောင်း၊ အဲဒီအခါ အဖေက မီးဝင်းဝင်းတောက်တဲ့ မျက်လုံးနဲ့ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ဒေါသတကြီး ပြူးကြည့်၊ သူက အဖေ့ကို မြင်ပြီး ကြောက်ဒူးတွေတုန်၊ အဖေက သူ့ရဲ့တုန်နေတဲ့ပုံစံကို မျက်လုံးထဲ မတွေ့တာနဲ့ လက်သီး ခပ်ပြင်းပြင်းတစ်လုံးကျွေး။

အဟိ. . . သူလဲ အဖေ့လက်သီးချက်ကြောင့် အိမ်ပေါ်က နေ ကြောင်ပြေး ဝက်ပြေး. . ပြေး။ မြင်ကွင်းလေးက စိတ်ကူးယဉ် ကြည့်ရှုံနဲ့တင် လှတော့လှသား။

အတွေးနဲ့အတူ အဖေ့ရဲ့မျက်နှာမှူ မျက်နှာမောင်းကို ရှိုးရာ ခမျာ မသိမသာ အကဲခတ်လိုက်သည်။

ဟော. . . အဖေ့ရဲ့အကြည့်တွေက ခနောင်းဆီကို တန်း ခနဲ ရောက်သွား၏။ အဖေ ဘာပြောမလဲဟု ရှိုးရာ နားစွင့်နေလိုက် ၏။

"ဟော. . . မောင်ခနောင်းမင်း ရောက်နေပါလား"

ဟယ်. . . ဘယ်လိုဖြစ်ရတာတုန်း။ အဖေက သူ့ကို ပျူပျူ ငှာငှာပင် နှုတ်ဆက်နေလိုက်သေး၏။ အံ့သြစရာ။

"ဟုတ်ကဲ့ အန်ကယ်လ်"

အဖေနှင့်သူက ဘယ်တုန်းက ရင်းနှီးသွားကြပါလိမ့်၊ သိချင်စိတ်တွေက ရင်ထဲမှာ တိုးဝှေ့တွန်းတိုက်နေကြ၏။

ဒီတော့ အဖေ့ရှေ့မှ ခပ်ကုတ်ကုတ်လေး ထွက်လာပြီး အမေ့ကို သိချင်တာတွေ အငမ်းမရ မေးလိုက်၏။

"အမေ. . . အဖေနဲ့ ခနောင်းမင်းနဲ့က ရင်းနှီးနေကြပါ လား၊ သမီး မရှိတဲ့အချိန်တွေမှာ အိမ်ကို သူ ခဏခဏ လာနေတဲ့ပုံစံ ပဲ၊ ဟုတ်တယ် မဟုတ်လား အမေ"

အမေက သူ့အမေးကို မဖြေပဲ မကြားဟန် အလုပ်ရှုပ်ဟန် ပြနေ၏။





"သမီး. . . အိမ်ရှေ့မှာ ထမင်းစားပွဲ သွားခင်းလိုက်တော့၊ စားပွဲခင်းလေးပါ ခင်းလိုက်နော်"

အမေ့စကားကြောင့် ရှိုးရာ မျက်နှာကြီး မှုန်တင်းသွားကာ

"စားပွဲခင်း မလိုပါဘူး အမေရာ၊ သူက အထူးဧည့်သည် သည်း မဟုတ်ဘူး၊ အဲဒီလောက်ထိ အရှိအသေပေးဖို့ မလိုပါဘူး"

ဟု ဆိုပြီး အိမ်ရှေ့ကို ဆောင့်ကြွားကြွားနှင့် ထွက်လာပြီး ခြေရင်းဘက်တွင် ထောင်ထားသော စားပွဲကို လှမ်းဆွဲလိုက်သည်။

ခနောင်းက အဖေနှင့် စကားထိုင်ပြောနေရာမှ ဆတ်ခနဲ ထလိုက်ပြီး. . .

"ရှိုးရာ ပေး. . ပေး. . ကိုယ်လုပ်လိုက်မယ်"

အဖေ့ရှေ့မှာမို့ ပနာဝင်ယူနေတယ်ဆိုတာ သိသားပဲ။

"အို. . . ရတယ် နေပါစေ"

"ပေးပါ. . . စားပွဲခုံ အလေးကြီး၊ မင်းခါးတွေ နာကုန်မှာ ပေါ့"

အမလေး. . . အဖြစ်သည်းနေတာ အဖြစ်သည်းနေတာ၊ အဖေ့ရှေ့မှာမို့ သည်းပြနေတာ။

အဖေက သူမနှင့် ခနောင်းတို့နှစ်ယောက် စားပွဲခုံတစ်ခု အလယ်မှာ ထောင်ပြီး သူချမယ် ကိုယ်ချမယ်နဲ့ အငြင်းပွားနေကြပုံ ကို အဖေက မိန့်မိန့်ကြီး ပြုံးကာကြည့်ရင်း. . .

"ထမင်းပွဲပြင်တုန်း ရေလေး တစ်မှုတ်နှစ်မှုတ်လောက် ချိုးလိုက်အုံးမယ်ကွာ"

ဟု ဆိုကာ ကိုယ်ပေါ်မှ ဝတ်ထားသောအကျႌကို ကြယ်သီး ဖြုတ်ရင်း အိမ်ထဲသို့ ဝင်သွားသည်။

ရှိုးရာကလည်း အဖေ ဝင်သွားသည်နှင့် ကက်ကက်လန်



www.burmeseclassic.com

www.burmeseclassic.com



အောင် ရန်တွေ့တော့၏။

"ရှင် ဘယ်လိုလူလဲ၊ ဟင်. . . အဖေ့ရှေ့မှာ စကားအပြော အဆို လေယူလေသိမ်းတွေက ပိုင်စိုးပိုင်နင်း နိုင်လှချေလား၊ ပြော စမ်း. . . ကျွန်မ မရှိတဲ့အချိန် အိမ်ကို ဘယ်နှစ်ခါလောက် လာပြီးပြီ လဲ"

ရိုးရာအမေးကို သူက မချိသွားဖြဲလေးနှင့် ခပ်ယဲ့ယဲ့ ရယ် ရင်း. . .

"သိပ်. . သိပ်မများပါဘူး၊ နှစ်ရက်ခြား တစ်ခါလောက်ပါပဲ အဟဲ"

"ရှင် သိပ်ပြီးမျက်နှာပြောင်တိုက်တာပဲ"

"အင်း. . . တိုက်တယ်၊ တိုက်တာပေါ့. . . ကိုယ်က ရေချိုး ရင်တောင် မျက်နှာကို ဆပ်ပြာတိုက်တာ နှစ်ခါ၊ Whitens သုံးတာ က တစ်ခါ၊ ဒါကြောင့် ကိုယ့်မျက်နှာပြောင်နေတာပေါ့"

"အမ်. . . ဘာတွေ လာပြောနေတာလဲ၊ ရှင့်ကို အဲဒီ ပြောင်တာ ပြောတာမဟုတ်ဘူး၊ အရှက်မရှိဘူးလို့ ပြောတာ"

"အရှက်မရှိပါဘူး. . . အရွယ်ရောက်ပြီးသား မိန်းမပျို တစ်ယောက်ကို အရှက်မရှိ လာပိုးတဲ့အလုပ်က ရှက်စရာမှ မဟုတ် တာ၊ ဒါ ကြိုးစားမှုတစ်ခုပဲ၊ အဓိက,က ကိုယ် မင်းကို ချစ်တယ်ဆိုတာ မင်းသိဖို့ပဲ"

သူ့စကားကြောင့် ရိုးရာရင်ထဲ ဖလမ်းဖလမ်း ထသွား သလို ခံစားလိုက်ရသည်။

မြန်လိုက်တာ။ အဲဒီလောက် မြန်စရာ လိုလားလို့။ ခုတော့ အဖေတို့ အမေတို့နဲ့ ရင်းနှီးကျွမ်းဝင်မှု ရှိသွားပြီဆိုပြီး လူကို အပိုင် တွက်ပြီး ရည်းစားစကား ပြောလိုက်တာ၊ အမှန်ဆို ကာယကံရှင်





မိန်းကလေးနဲ့ ရင်းနှီးမှု ရအောင် ကြိုးစား၊ ပြီးမှ ဖြည်းဖြည်းချင်း Intro ဝင်ပေါ့၊ ဟင်း. . . ရိုးရာကို ဘာများ မှတ်နေလဲ။ ဒီက အမှန်လေးရှင့်. . . အမှန်လေး။

"ရှင်ကြီးနော်. . . လူကို ခပ်ပေါပေါ မိန်းမများ မှတ်နေ သလား၊ နောက်ဆိုရင် ဒီအိမ်ကို လုံးဝ မလာပါနဲ့၊ ကျွန်မမိဘတွေကို သည်း စည်းရုံးရေးဆင်းဖို့ မကြိုးစားနဲ့"

သူမရဲ့ရန်စွယ်နဲ့ ငေါငေါ စကားလုံးတွေကြောင့် မရယ်ချင့် ရယ်ချင်ဖြင့် ခပ်ဟဲဟဲ ရယ်လိုက်ပြီး. . .

"မင်း ကိုယ်နဲ့ တွေ့ရင် ရင်မခုန်ဘူးလား"

"ခုန်ပါဘူး"

"ခုန်လိုက်ပါလား ရိုးရာရယ်၊ ကိုယ်က ရိုးရာကို ခုန်စေချင် သို့ပါ"

"အယ်. . . ဘယ့်နှယ် လူကို ဖွတ်ကို ခုန်ခိုင်းနေတော့တာ လဲ"

"သမီးရေ. . . ခုံချပြီးရင် ပန်းကန်တွေ လာသယ်တော့ လေ"

အမေ့အသံကြားတော့ ရိုးရာ ပျော်သွား၏။

ဒါကြောင့် အခန်းထဲကို လှစ်ခနဲ ပြေးဝင်သွားပြီး ဟင်း ပန်းကန်တွေကို အိမ်ရှေ့နှင့် အိမ်နောက်ဖေး ကယ်ရီရိုက်ပေးနေ လိုက်သည်။ သူကတော့ နေရာမှာတင် ခပ်ကုတ်ကုတ် ထိုင်ပြီး ရိုးရာရဲ့လှုပ်ရှားမှုတွေကို စောင့်ကြည့်နေလေရဲ့။ ဒီနေ့ မြင်ရတွေ့ရ သမျှ ထူးခြားလို့နေပါလား။

အရင်ကဆို ဆီပြန်ဟင်းတစ်ခွက်တောင် ဖြစ်ဖြစ်မြောက်မြောက် အောင် မချက်နိုင်တဲ့ ကိုယ့်အိမ်အခြေအနေက အခုမြင်တွေ့နေရတဲ့



www.burmeseclassic.com

www.burmeseclassic.com

ထမင်းဝိုင်းထက် အဆများစွာ ကွာဟလို့နေ၏။

ခနောင်းဟာ အဖေနှင့် အမေတို့ရဲ့ အာရုံမှာ အဲဒီလောက်တောင် စိုးမိုးနေပြီလား။ ချက်ထားလိုက်တာများ ဟင်းမျိုးကို စုံလို့ တစ်သက်နဲ့တစ်ကိုယ် ကြုံတောင် မကြုံဖူး။

ခနောင်း တော်တော်လည်တာပဲ။ ရှင်းကိုလည်း အဲဒီလို လည်စေချင်လိုက်တာ။ အမေတို့နဲ့ခနောင်း ရင်းရင်းနှီးနှီး ရှိနေသလို ရှင်းကိုလည်း အမေတို့နှင့် ရင်းရင်းနှီးနှီး ရှိစေချင်သည့် ဆန္ဒက ရင်ထဲမှာ လျှပ်တပြက် ပေါ်ပေါက်လာ၏။

သိပ်တော့ မမျှော်လင့်ရဲ။ ရှင်းက ခနောင်းလောက် ငွေကြေးပြည့်စုံမှု ရှိမနေတာ ရိုးရာ အသိဆုံး၊ ဒီအတွက် ရွေးချယ်ချင် ရွေးချယ် အမေတို့က ခနောင်းကိုပဲ ရွေးချယ်မှာပေါ့။

ကွယ်. . . ဘဝတွေမှာ ပြည့်စုံခြင်း မပြည့်စုံခြင်းတွေနဲ့ အားပြိုင်နေပါလားဆိုတာ ခုမှ တကယ့်လက်တွေ့၊ ငါမြင်နေရပါရောလား။

ရှင်းရယ်. . . ရှင်းသာ ပြည့်စုံသူစစ်စစ် ဧကန်ဖြစ်လိုက်ပါတော့လား။







## အပိုဒ်ခွဲ(၁၁)

အဖေ အရင်လို ညစဉ်ရက်ဆက် အရက်သောက်မလာတော့ပါ။

ဒီ့အတွက် ရပ်ကွက်ထဲမှာ ရိုးရာတို့ သားအမိ နည်းနည်းတော့ ဂုဏ်သိက္ခာ တက်လာသည်ပ။

အဲ. . . အပြင်မှာ မသောက်ခဲ့လို့ အရှင်းကြီး မသောက်တော့ဘူးလို့ မထင်လိုက်လေနဲ့၊ အိမ်မှာတော့ သောက်ပါ့။

သောက်တာတောင် အရင်လို မူးပေါက်လွှတ်ပဲစားအောင် သောက်တာမဟုတ်၊ ရက်လေဘယ်ဆိုလား ဘာလား၊ အကောင်း


www.burmeseclassic.com

www.burmeseclassic.com

တော့ အကောင်းစား အရက်ပဲ၊ အဲဒီအရက်တွေ သောက်လို့ အထင်တော့ မကြီးလေနဲ့၊ သူတို့ရဲ့ မတော်ရသေးတဲ့ သားမက်လောင်းက ဝယ်ဝယ်ပြီး ပို့ပိုးနေလို့။ အမြည်းဆိုတာလည်း ပြောမနေနဲ့၊ အလျှံပယ်။ ဦးရှိန်းတို့ ကောင်းစားနေပုံများ၊ ပြောကို မပြောချင်တော့ပါဘူး။

"ရှိးရာ. . . သမီးလေး"

ခေါ်တာတောင် အရင်လို သံပြတ်မဟုတ်တော့ဘူး၊ လေသံဖျော့လေးနဲ့ သမီးလေးတဲ့။

"ရှင်. . . အဖေ"

"လာပြန်ပြီ. . . ဒယ်ဒီလို့ ခေါ်ဖို့ သမီးကို ဘယ်နှစ်ခါ သင်ရမလဲ၊ ခေါ်. . . ဒယ်ဒီလို့ခေါ်"

အဖေတို့တော့ လုပ်ပြီ၊ မီးကတော့ နည်းနည်းမြင့်နေပြီ၊ ခေါ်တာတောင် ဒယ်ဒီလို့ ပြောင်းခေါ်ရအုံးမယ်တဲ့။

"ကျွတ်. . . အဖေကလည်း၊ လျှာယားကယားနဲ့၊ ခေါ်ချင်ပါဘူး ဒယ်ဒီလို့ "

ဟွန်း. . . အရင်တုန်းကတည်းက. . အဲ. . မွေးကင်းစကတည်းက ဒယ်ဒီမာမီလို့ သင်လာခဲ့ရင်တော့ တစ်မျိုးပေါ့၊ ဒါမှမဟုတ် ကိုယ့်အဖေက နိုင်ငံခြားမှာ လုပ်ငန်းအေးဂျင့်တွေ အများကြီး ပိုင်ဆိုင်ထားပြီး အမေကလည်း စိန်တိုက်အကြီးကြီး ဖွင့်ထားတယ်ဆိုရင်တော့ တစ်မျိုးခေါ်ရကျိုးနပ်ရဲ့။

ခုတော့ ကိုယ့်အဖေကလည်း ဘာအေးဂျင့်မှမပိုင်၊ ကိုယ့်အမေကလည်း စိန်ဆို၍ ဒညင်းသီး ဆားရည်စိမ်တောင် စိမ်ရောင်းတဲ့သူမဟုတ်၊ ဒီတော့ ခေါ်နိုင်ပေါင်။

"ခေါ်ဆို ခေါ်လိုက်နော်"





"အဟင့်. . . အဖေကလည်း ခေါ်ချင်ပါဘူးဆို၊ ဖွတ်ပဲ"

"မဖွတ်နဲ့. . . နောက်ဆို ညည်းကလည်း သူဌေးမယား ဖြစ်တော့မယ်၊ ဒယ်ဒီတို့ကလည်း သူဌေးယောက္ခမ ဖြစ်တော့မယ်၊ ဒါကြောင့် ခုကတည်းက အခေါ်အဝေါ်တွေ ကျင့်ထားမှ နောက်ဆို တစ်မိသားနဲ့ တစ်မိသား ပေါင်းစည်းတော့မှာဆိုတော့ အပြောအဆို အမူအကျင့် နေထိုင်မှု စရိုက်အားလုံး တပြေးညီ ဖြစ်ဖို့လိုတယ်၊ ဒါကြောင့် တို့မိသားစုရဲ့ လိုအပ်ချက်တွေကို ပြုပြင်ဖို့ အချိန်တန်ပြီ"

"အဖေ့ဟာက ခွေးတွေလို ကြီးမှ လက်ပေးသင်သလို ဖြစ်မနေဘူးလား"

အဖေ့မျက်နှာ ဒေါသရိပ် သန်းသွား၏။

"ဘာရယ်. . . ခွေးတွေလို လက်ပေးသင်တယ် ဟုတ်စ၊ ညည်း မိဘရဲ့စေတနာကို စော်ကားလိုက်တာလား"

ဦးရှိန်း ဒေါသတကြီး ပြောပြီးမှ အပြောနဲ့အလုပ် ညီစေရန် ပြင်းထန်တော့မယ့် ကိုယ်နှုတ်အမူအယာကို ကိုယ်ရှိန်သတ်လိုက်ပြီး

"အေးလေ. . . ဒီနေ့တော့ ဒီကိစ္စကို ဆက်မဆွေးနွေးတာ ကောင်းပါတယ်၊ ဒါကြောင့် ဒယ်ဒီတို့ နောက်ထပ် ခေါင်းစဉ်တစ်ခုကို ဆက်ပြီးဆွေးနွေးကြရအောင်"

"ဒယ်ဒီ သမီးကို မေးစရာ တစ်ခုရှိတယ်"

"ဆို. . ."

ပြောပုံကို တိုပြတ်ပြတ်။

"သမီး. . . ရပ်ကွက်ထဲက ကောင်လေးတစ်ယောက်နဲ့ တွဲနေတယ်ဆို ဟုတ်လား"

အဖေ့မေးခွန်းကို ဖြေရန် အသင့်အနေအထားဖြင့် အဖေ့ကို ဆတ်ခနဲ မော့ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘော်ဒါတွေပါ"

"ဘော်ဒါတွေတင်ပဲလား. . . ဘာဘာညာညာတွေရော မပါဘူးလား"

ဩော်. . . ခက်တော့ နေပြန်ပါပြီ၊ ဘော်ဒါတွေဆို။ ဟိုက ဖြင့် ကိုယ့်ကို အချစ်နဲ့ ပတ်သက်ပြီး သူ့ရင်ထဲက ခံစားချက်တွေကို ဒီက သိအောင် ဘာ Message မှတောင် မပို့သေးဘူး။

"ခုထိတော့ ဘာဘာညာညာ မပါသေးဘူး"

"နောက် ပါလာမယ်ဆိုတဲ့သဘောလား"

အဖေက ကုလားထိုင်ပေါ်မှာ ထိုင်နေသော သူ့ခန္ဓာကိုယ်ကို ကိုင်းညွတ်ပြီး လေသံခပ်တင်းတင်းဖြင့် စိုက်ကြည့်၍ မေး၏။

"ဒါတော့ ဘယ်သိမလဲလို့၊ သူက ခုချိန်ထိမှ သမီးကို ရည်းစားစကားမှ မပြောသေးတဲ့ဟာကို၊ သမီးက ဘယ်လိုဖြေရမှာ လဲ. . . တကယ့်ဖွတ်ပဲ"

အံ့မယ်. . . သူမက အဖေကိုတောင် အပြစ်တင်လိုက် သေးတယ်။

ဒီတော့မှ ဦးရှိန်းမှာ စိတ်ဆိုးရကောင်းမှန်း အစကနေ ပြန်ကောက်ရမှန်း မတွေးမိတော့ဘဲ သမီးဖြစ်သူရဲ့ခေါင်းလေးကိုသာ သပ်ပြီး. . .

"အေး. . အေး. . သမီး သူ ရည်းစားစကား ပြောတဲ့ အချိန်ကို စောင့်လိုက်ဦး၊ အဲဒီအချိန်ရောက်မှ ဒယ်ဒီလိုတဲ့အဖြေပေး ဟုတ်ပြီလား"

"ဟုတ်. . ."

"ကဲ. . ကဲ. . သမီး သွားနားတော့"

"ဟုတ်. . . ဒါဆို သမီး ဆွေဆွေတို့အိမ်ဘက် ခဏသွား





လိုက်အုံးမယ်"

"အေး. . အေး. . သွား သမီး၊ သမီးပြန်လာမှ ဒယ်ဒီနဲ့မာမီ ထမင်းစားမှာနော်၊ အလုပ်နားတဲ့ရက်မှာ မိသားစု ထမင်းဝိုင်းလေး စိုစိုပြည်ပြည် ဖြစ်အောင်လို့ပါ"

အဖေ့ထံမှ ထူးဆန်းသောစကားတွေကို ကြားနာရင်း အိမ်ထဲမှ ခပ်သွက်သွက်ခြေလှမ်းဖြင့် ဆွေဆွေတို့အိမ် ရှိရာသို့ လျှောက် လာလိုက်သည်။

"ရှိုးရာ"

ခေါ်သံကြောင့် အနောက်လှည့်ကြည့်တော့ စိတ်ပျက်ခြင်း က ရင်ကို အော်ဂလီ ဆန်စေပါသည်။ ထိုသူမှာ ရပ်ကွက်ထဲက ပွဲစားကြိုင်ဦး။

"ဘာလဲ"

"နင် ဘယ်သွားမလို့လဲ"

"ရေဝေး"

"ဟာ. . . မ. . မနောက်ပါနဲ့ဟာ၊ ငါက နင့်အရိပ်ကလေး ပါ၊ နင် ရေဝေးသွားရင် ငါပါ ရေဝေးကို လိုက်နေရမှာပေါ့"

ရှိုးရာ ဒီလောက် ရွဲ့ပြောနေတာတောင် နောက်က ပက်ကျိ လို လိုက်ချင်နေသေး၏။ ဘယ်လောက် ပိတ်ကန်ချင်စရာ ကောင်း လိုက်သလဲလို့။

"ကြိုင်ဦး. . . ကိုယ့်လမ်းကိုယ် သွားစမ်းဟာ၊ ငါ့ကို အာရုံ သာမစားစမ်းနဲ့၊ တစ်လမ်းတည်းသားချင်းဖြစ်လို့ နင့်ပါးပေါ်ကို ငါ့ သတ်ဝါး မရောက်သေးတာ၊ ဒါကို သဘာပေါက်"

ကြိုင်ဦးဆိုသူက သူ့ရဲ့နေလောင်ထားသောပါးကို ပြောင် သောင်မှားမှား ပွတ်လိုက်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ငါ သိပါတယ်ဟာ၊ ငါ့ဆန္ဒလေးကိုလည်း အားနာနာနဲ့ ဒီတစ်ခါတော့ လိုက်လျောပေးပါနော်. . နော်လို့"

"ဘာလဲ. . . ဘာဆန္ဒလဲ၊ နင်သေရင် ကျော်သူနဲ့ ခေါ်ချဖို့ မှတ်လား၊ စိတ်ချ. . . ငါ ဖုန်းနံပါတ် ရှာပြီး ဆက်သွယ်ပေးမယ်၊ အဲ. . . ရှာစရာတောင် မလိုဘူး၊ ဟိုတစ်နေ့က သေသွားတဲ့ အရက်သမား ကြွေးမိန်းမကို သွားမေးရုံပဲ၊ သူ့တုန်းက ကျော်သူနဲ့ ချတာ တဲ့"

ရိုးရာရဲ့ပေါက်ကရစကားတွေကြောင့် ကြိုင်ဦး နားကြော တွေရော တစ်ကိုယ်လုံး ရှိတဲ့အကြောတွေပါ ရှုံ့ကုန်၏။ ဖွဟဲ့. . . လွဲပါစေ ဖယ်ပါစေပေါ့။

"အဲ. . အဲဒါကို ပြောတာမဟုတ်ဘူး၊ နင့်ကို ငါချစ်နေတယ် ဆိုတာကို ပြောတာ"

ရိုးရာ ဒေါသတကြီးနဲ့ ဘာလိုက်၏။

"ဘာ. . ."

"အမလေး. . . လန့်လိုက်တာ"

ကြိုင်ဦးခမျာ ရိုးရာရဲ့အသံကြောင့် လန့်သွားရ၏။

"ဟင်း. . . နင့်ရုပ်ကို သေချာ မှန်ထဲရော ပြန်ကြည့်ခဲ့ရဲ့လား၊ ဟင်း. . . မပြောလိုက်ချင်ဘူး၊ နင့်နှာခေါင်းပေါ်ကို ပြောင်းဖူး အဖူးတစ်ရာလောက် နာရီဝက်အတွင်း တင်ပြီးတော့တောင် ဖုတ်လို့ရတဲ့ တဏှာမီးတောက်နေတဲ့ရုပ်က ငါ့ကို ချစ်တယ်ဟုတ်လား။ ဖြတ်ရိုက်လိုက်လို့ ပါးဆယ့်ခြောက်စိတ် ကွဲသွားမယ်"

ရိုးရာ ကက်ကက်,ကက်ကက်နဲ့ ရန်တွေ့လို့မှ မဆုံးသေး၊ ကြိုင်ဦးနဲ့ ဘာလိုလိုညာလိုလို တွဲနေတဲ့ အရက်ပုန်းရောင်းတဲ့ မိမာက သူနှင့် ကြိုင်ဦးရှိရာသို့ မီးဝင်းဝင်းတောက်သောမျက်လုံးဖြင့် ဒေါကြီး





မောကြီး လျှောက်လာ၏။

"အင်း. . . မလိုအပ်ဘဲ စကားတွေ အများကြီး ပြောရအုံး မယ်၊ လိုအပ်လာရင် ဖိုက်တင်ပါ ပလေးရအုံးမှာပါလား"

"ကိုဦး. . . ရှင်က ကျွန်မကွယ်ရာမှာ ဒီဟာမနဲ့ ကြိတ်ပုန်း ခုတ်နေတယ်ပေါ့လေ"

ကြိုင်ဦး မျက်ကလူးဆန်ပျာနဲ့ မိမာကို လှည့်ကြည့်လိုက် သည်။

"ဟင်. . . မာ. . မာ. ."

"ဟုတ်တယ်. . . ရှင်ချစ်လှပါပြီဆိုတဲ့ မာမာလေ၊ ခုတော့ ရှင်က ဒီလို အစိမ်းချိုး ချိုးလိုက်ပြီပေါ့"

ရိုးရာ ဆက်ပြီး ခေါင်းငုံ့မခံနိုင်တော့။

"ဒီမှာ မိမာ၊ နင်ထင်ရာကို အရှူးချေးပန်း စွတ်ပြောနေမယ် ဆိုရင် ငါ့လက်ဝါးနဲ့ နင့်ပါး မိတ်ဆက်မိတော့မယ်၊ နင့်အကောင်နဲ့ငါနဲ့ ဘာမှ မပတ်သက်ဘူး၊ ငါက ငါ့လမ်း ငါသွားတာ၊ နင့်အကောင် ဘာသာ နင့်အကောင် တဏှာမီး လိုက်ဟပ်နေတာတဲ့"

တဖန် ကြိုင်ဦးဘက် လှည့်ပြီး. . .

"ကြိုင်ဦး. . . နင့်ကိစ္စ နင်ရှင်းနော်၊ နင့်ဟာမ ငါ့ကို ဘာလိုင်းကြီး လာမာန်ဖီနေတယ်၊ ငါ သူ့ကို ချောင်ပိတ်မရိုက်မိခင် ငါ့ရှေ့က ခေါ်သွားတော့"

ကြိုင်ဦးမျက်နှာတောင် ဇီးဖြူရွက်သာသာပဲ ရှိတော့၏။

"မာမာ. . . လာပါဟာ၊ ငါ ရှင်းပြပါ့မယ်၊ လမ်းမကြီးမှာ ရှုတ်စရာကြီး"

"ဩော်. . . နင်တို့ ခွေးဇာတ်ခင်းနေတာတော့ မရှက်ဘူး လား"



www.burmeseclassic.com

www.burmeseclassic.com



ရိုးရာလက်တွေက မော်တာတပ်ထားသလို လျင်မြန်လွန်းစွာဖြင့် မိမာ၏ပါးပေါ်သို့ တရစပ် ကျသွား၏။

"ဟာ. . . တော်တော်လျှာရှည်တာပဲ၊ ကဲဟာ. . . ဖြန်း. . ဖြန်း. . ဖြန်း"

မိမာရဲ့ပါးတစ်ခုလုံး ရိုးရာရဲ့ ရိုက်ချက်ကြောင့် ဟိုဘက်ဒီဘက် လည်ထွက်သွား၏။ လူတောင် မူးနောက်သွားနိုင်တယ်။

အနားမှ လမ်းသွားလမ်းလာတချို့ပင် သူတို့သုံးဦးဆီ အာရုံတွေ စုပြုံလာကြ၏။

မလှမ်းမကမ်း တစ်နေရာမှာတော့ ရှင်းက ရိုးရာရဲ့ လှုပ်ရှားမှုတွေကို စောင့်ကြည့်နေမိ၏။ ကြည့်နေရင်းမှ ပွဲက ပိုကြမ်းလာ၏။ သူပင် နားကြောစိမ့်သွားရ၏။ လက်သံကတော့ ပြင်းပ၊ ရွှေမှုံရဲ့ညီမဆိုရင် ယုံလောက်တယ်။

စက်ဘီးကလေးကို တွန်းပြီး ရိုးရာ ရှိရာသို့ လျှောက်လာလိုက်သည်။ သူဝင်မှ ဒီရန်ပွဲက ပြီးသွားနိုင်သည်လေ။

"ရိုးရာ"

လူအုပ်ကြားမှ ကြားဖူးနေကျအသံကြောင့် ရိုးရာ လှည့်ကြည့်လိုက်သည်။ သူမ မျက်နှာ အနည်းငယ်တော့ ရှက်ရိပ်သန်းသွားပါ၏။ ဩော်. . . သူမ တဖြည်းဖြည်း မိန်းမဆန်လာပြီပဲ။

"ဘာဖြစ်နေတာလဲ"

"ဒီမှာလေ. . . ပြဿနာ လာရှာနေလို့"

တစ်ဖက်မှ မိမာကလည်း ရဲပဒေါင်းခတ်နေသော သူမရဲ့ပါးပြင်ကို နာကျင်စွာ ပွတ်သပ်ရင်း အကြောက ထောင်ထောင်ထသေး၏။

"ငါက ပြဿနာရှာတာ မဟုတ်ဘူး၊ နင်က သူများရည်းစားကို ကြောင်တောင်နိုက်တာဟဲ့"

ရန်ပွဲကို သူတို့ ဆွဲဆန့်နေကြလေ၏။

"လာ. . . ကျွန်တော်နဲ့ လိုက်ခဲ့"

ရိုးရာလက်ကို ဆွဲပြီး လူအုပ်ကြားထဲမှ တိုးထွက်လိုက်သည်။

"ကဲ. . . စက်ဘီးပေါ်တက်"

သူမ စက်ဘီးရဲ့နောက်ဘက် ကယ်ရီယာခုံပေါ် ထိုင်လိုက်သဖြင့် ရှင်းက စက်ဘီးလေးကို နင်းထွက်ခဲ့၏။

တော်တော်ဝေးဝေးရောက်မှ. . .

"ရိုးရာ ဘယ်သွားမလို့လဲ"

"စကြာဝဠာအပြင်ဘက် ရောက်မှ မေးပါတော့လားလို့"

"သိဘူးလေ. . . ခင်ဗျားလေးက ဘာမှမပြောတော့ ဒီကလည်း နင်းကောင်းကောင်းနဲ့ နင်းတာပေါ့"

"ဟင်. . . ဖြစ်ရမယ်၊ သူကဖြင့် အလိုက်တသိ မမေးဘဲနဲ့၊ စောစောက ဆွေဆွေတို့အိမ် သွားမလို့၊ ခုတော့ မသွားတော့ဘူး"

"ဒါဆို ကျွန်တော် အခု ဗိုက်ဆာနေတယ်၊ ကျွန်တော့်ကို တစ်ခုခု လိုက်ကျွေးမလား၊ လက်ထဲမှာ ငွေကလဲ ပြတ်နေတော့ အပြင်အစားအစာတောင် မစားရတာ ကြာနေပြီ"

"ဟယ်. . . သနားစရာပဲ"

"ဘာလဲ. . . မကျွေးချင်ဘူးလား"

"ကျွေးမှာပေါ့. . . သူများဆီက စားပြီးရင် ကိုယ့်ဆီကလည်း ပြန်ကျွေးနိုင်ရမယ်လေ၊ ဒါဟာ အတုံ့အလှည့်ပဲ"

ရှင်းက စက်ဘီးလေးကို ခပ်သွက်သွက် နင်းကာ ကော်ဖီဆိုင်လေး တစ်ဆိုင်သို့ ဦးတည်လိုက်၏။







www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ချစ်နေတဲ့ ကောင်မလေးရဲ့မျက်နှာကို တစိမ့်စိမ့်ကြည့်ပြီး ကော်ဖီတစ်ခွက်ကို အရသာခံ သောက်ရဦးပေမပေါ့။

ဘယ်လောက် ရင်ခုန်ကြည်မွေ့စရာ အတိပြီးတဲ့ ညနေခင်းလေးလဲလို့။

ထိုညနေခင်းလေးကပဲ လှပတဲ့ ဆည်းဆာရောင်နဲ့ ကိုယ့်ကိုအားပေးပြုံးပြနေလေ၏။





## အပိုဒ်ခွဲ(၁၂)

အလုပ်ပိတ်ရက်မို့ တစ်နေ့လုံး အမေ့ကို အိမ်အလုပ်တွေ ကူရင်း သူငယ်ချင်းတွေ လာမယ်ဆိုရင် လည်တဆန့်ဆန့်နဲ့ မ်းမကိုသာ မျှော်နေ၏။

ညနေစောင်းမှသာ ဆွေဆွေနှင့် မိုးအေးတို့ ရောက်လာကြ

"ဟယ်. . . နင်တို့ကလည်း၊ ငါက မနက်ကတည်းက မျှော်နေတာဟ"

"မျှော်စရာလား. . . မနက်ကတည်းက သတိတရနဲ့ မျှော်



www.burmeseclassic.com

www.burmeseclassic.com



နေတယ်ဆိုလည်း နင်ပဲ ငါတို့ဆီကို လာလိုက်ပါလားလို့၊ ငါတို့ကပဲ သူ့ကို အလုပ်ပိတ်တာနဲ့ လာပြီးဖူးမျှော်ရတယ်၊ သွေးတွေ စွတ်ကြီး နေတာလေ”

ဆွေဆွေက မကျေမနပ်နှင့် စူပွစူပွ ပြောလာ၏။ သူတို့ ပြောလည်း ပြောချင်စရာရယ်။ ကိုယ်ကလည်း တစ်ပတ်မှာ တစ် ရက်တည်း နားရတာ။ အဲဒီနားရတဲ့ ရက်ကလေးမှာ အမေ့ကို အိမ် အလုပ် ဝိုင်းကူဖြစ်နေတာနဲ့ပဲ အရင်လို သူငယ်ချင်းတွေနဲ့ လတ်လျား လတ်လျား အချိန်မဖြုန်းဖြစ်တော့။ ရှင်းနဲ့တောင် မတွေ့ဖြစ်တာ ကြာပြီ။

“ငါ သွေးမကြီးပါဘူးဟယ်၊ နင်တို့ဆီ လာဖို့ အချိန်မရလို့ ပါ”

ဆင်ခြေကို ရှာကြံပြီး ပေးလိုက်သည်။

မိုးအေးက ရိုးရာအား ခြေဆုံးခေါင်းဆုံး ကြည့်ပြီး. . .

“စာရေးမ လက်သစ်လေး. . . မတွေ့တာ ကြာတော့ ပိုလှ လာသလိုပဲ”

ရိုးရာ သဘောတကျနဲ့ ခစ်ကနဲ ရယ်လိုက်သည်။ ကိုယ့်ကို လှတယ်လို့ ပြောလို့ သဘောမကျတဲ့ မိန်းကလေး ဘယ်မှာလာ ရှိမှာလဲ။ လူဆိုတာ အမြှောက်ကြိုက်တဲ့အမျိုးလေ။ ရိုးရာတို့လို မိန်းကလေးတွေက အလှအပနဲ့ မြှောက်ရင် ပိုတောင် သဘောကျ တတ်သေး။

ကိုယ့်ရင်ထဲမှာ အချစ်ကလေး ရှိလာတော့ အလှကလေး ကလည်း မက်မက်လာတာပေါ့။

“လစာထုတ်တဲ့ရက်မို့လို့ ငါလှလာတာ ဖြစ်မှာပါ၊ မယုံရင် နင်တို့ကို ငါ မုန့်လိုက်ကျွေးမှာပါ”





“အံမယ်. . . ရိုးရာစုတ်မ၊ ဒီက တကယ်ပြောတာ၊ တော်ပြီ ဆိုတစ်ယောက် အမှာတော် ပါးလိုက်တဲ့ကိစ္စ နင့်ကို ပြောမပြတော့ ဘူး”

“ဟယ်. . . ဟိုတစ်ယောက်ဆိုတာ ရှင်းကို ပြောတာလား ဟင်၊ ပြော. . . သူ ငါ့ကို ဘာမှာလိုက်လဲဟင်”

မိုးအေးက နှုတ်ခမ်းစူပြီး. . .

“ပြောဘူး. . . သတ်ရင် သတ်ပစ်လိုက်”

“ကဲပါ. . . ပြောပါတော့၊ ရှင်းက ဘာမှာလိုက်လဲ”

ဆွေဆွေက ကြားထဲက မနေသာတော့ပဲ ရှင်း မှာလိုက်တဲ့ အကြောင်းအရာကို ပြောပြလိုက်သည်။

“လပြည့်နေ့ကျရင် သူ ဘုရားကို သွားမှာတဲ့၊ တကယ်လို့ နင် ဘုရားကို ရောက်လာမယ်ဆိုရင် ထိုင်နေကျနေရာမှာ သူရှိပါ မယ်တဲ့”

“သွားရမှာပေါ့. . . ငါက လပြည့်နေ့တိုင်း ဘုရားသွားနေ ကျပဲ”

“ဟင်း. . . အူမြူးသွားလိုက်တာ၊ တကတည်း. . . မပြော ဘဲ မနေချင်တော့ဘူး၊ နေပါအုံး. . . နင်နဲ့ရှင်းက ဘယ်အခြေ အနေ ရောက်နေပြီလဲ”

ဆွေဆွေ့အမေးကြောင့် ရင်ထဲမှာ အဖြေရှာမရဘဲ နင့် ဆင့်တင့် ဖြစ်သွားရ၏။

ဘယ်လိုအခြေအနေ ရောက်ပြီလဲတဲ့၊ ဒီမေးခွန်းက သူမ ဖြေချင်ဆုံး မေးခွန်းတစ်ခုပဲ။

အဲဒီမေးခွန်းကို ဖြေဖို့ သူမရဲ့ထွက်သက်ဝင်သက်တွေ မှန်သေး၊ နှုတ်ခမ်းတွေက အလိုမကျမှုတွေကြောင့် တွန့်တင်း



www.burmeseclassic.com

www.burmeseclassic.com



စေ့နေသည်။ ရင်ထဲမှာ အမည်ဖော်လို့ မတတ်တဲ့ လှိုင်းတွေက မုန်တိုင်းထန်သလို ထန်နေ၏။

"ဟဲ့. . . ဘာငိုင်သွားတာလဲ"

ဆွေဆွေ့အသံကြားမှ အာရုံထဲသို့ နိုးကြားမှုက ဖျတ်ခနဲ ပြန်လည်ခုန်ဝင်လာသည်။

"ဩော်. . . အင်း. . . ဘယ်အခြေအနေမှ မရောက်သေးဘူး"

မိုးအေးက နှုတ်ခမ်းကို ဂငယ်ကွေး ကွေးကာ မဲ့လိုက်ပြီး ဆွေဆွေ့ကို မျက်စပစ်ကာ. . .

"မယုံပါဘူး. . . ဘုရားကို လာဖို့တောင် ချိန်းနေတဲ့ဟာကို ဘယ်အခြေအနေမှ မရောက်သေးဘူးဆိုတော့ ဖြစ်နိုင်ပါ့မလား ငါတို့ကို လျှိုထားမယ်တော့ မကြံနဲ့နော်"

"ရော်. . . ခက်ရချေရဲ့၊ သူ့ဘက်က ဘာမှ ဇာတ်လမ်းမဖောက်ဘဲနဲ့ ငါက ဘယ်အခြေအနေကို. . အဲ. . နင်တို့ထင်တဲ့ အခြေအနေကို ဇွတ်အတင်း ဖန်တီးရမှာလဲဟဲ့၊ အဓိပ္ပါယ်မရှိ"

"ဒါဆို နင်က သူ့ကို ဇာတ်လမ်း စစေချင်တဲ့သဘောလား"

မိုးအေးစကားကြောင့် ရိုးရာ ပါးစပ်ကလေးကို လက်ဝါးလေးနှင့် အုပ်ပြီး ခစ်ကနဲ ရယ်လိုက်သည်။

"နင်တို့ကလည်း. . . ဘာတွေ လာမေးနေတာလဲ"

"အံမယ်. . . ခုမှ ရှက်မနေနဲ့၊ ငါတို့ကို နင့်ရင်ထဲမှာ ရှိတာတွေ အကုန်ဖွင့်ပြ"

ရိုးရာ ရင်ဘတ်ကလေးကို လက်ဖြင့် အလန့်တကြား အုပ်မိုးကာရံထားလိုက်ပြီး. . .

"ဟယ်. . . ငါ့ရင်ကို ဖွင့်ပြလို့ နှလုံးတွေ အဆုတ်တွေ





မြင်ရမှာပေါ့. . . ပြနိုင်ပါဘူး၊ ငါ့ကိုယ်ငါ အသေခံပြီး ဘာလို့ ဖွင့်ပြရမှာလဲ"

"ဩော်. . . ငတုံးမလေးရယ်၊ ငါတို့ပြောတာ ရှင်းနဲ့ ပတ်သက်တဲ့ နင့်ရင်ထဲက ခံစားချက်ကို ပြောတာ၊ နင့်ကို ဘုရားမှာ ချိန်းတယ်ဆိုတာ အကြောင်းမဲ့သက်သက်တော့ ချိန်းမှာ မဟုတ်ဘူး၊ ဟုတ်မှလွဲရော. . . နင့်ကို ရည်းစားစကား ပြောမယ်ထင်တယ်"

"အဟုတ်. . . ပြောရင် နားထောင်လိုက်မှာပေါ့"

ဆွေဆွေက ဆက်မေး၏။

"အဖြေတောင်းရင်ရော"

"စဉ်းစားအုံးမယ်ပေါ့"

"နင် သူ့ကို ဘယ်လိုမြင်လဲ"

"ခပ်ချောချော ခပ်ရိုးရိုး ကောင်လေးတစ်ယောက်"

"နင် သူနဲ့ ပတ်သက်ပြီး ဘယ်လိုခံစားရလဲ"

"ရင်ခုန်သလိုလိုတော့ ဖြစ်မိတယ်"

မိုးအေးက ရိုးရာနှင့် ဆွေဆွေရဲ့အင်တာဗျူးခန်းကို သဘောတကျဖြင့် ရယ်ရင်း. . .

"ခစ်. . ခစ်. . ခစ်. . နင်တို့နှစ်ယောက် ပုံစံက မော်ဒယ်ခင်းသမီးနဲ့ သတင်းယူတဲ့သူ ကျနေတာပဲ၊ အမေးနဲ့အဖြေက ထွက်တိ"

"ငါက တကယ်မေးနေတာဟ"

ရိုးရာကလည်း ပြန်ပြော၏။

"ငါကလည်း တကယ်ဖြေနေတာပါဟယ်၊ ဒါ ငါ့ရင်ထဲက ခံစားချက်အမှန်ပဲ"

"ဒါဆို နင့်အိမ်ကို ခြေချောင်းကျနေတဲ့ သူဌေးငနဲဟာရော"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါက ငါ့အမေ သဘောကျတဲ့လူ၊ ငါသဘောကျတဲ့လူမှ မဟုတ်တာ၊ နေစမ်းပါအုံး. . . ခနောင်းမင်း အိမ်ကို လာလာနေတဲ့ ကိစ္စကို ဘယ်လိုသိလဲ"

"ဟဲ့. . . နင့်အမေလူက မြေလျှိုးမိုးပျံပြီး လာတာမဟုတ်ဘူး၊ ဇိမ်ခံကားကြီးကို မိန့်မိန့်ကြီး မောင်းပြီး ရပ်ကွက်ထဲက ဝင်လာတာ၊ ဘယ်သူ မသိဘဲ ရှိမလဲ"

"အေးလေ. . . အားလုံးက နင့်ကို လာကြိုင်နေတယ်ပဲ ထင်ကြတာ၊ နင့်အမေကို လာကြိုင်နေတယ်လို့ မထင်ဘူး၊ နင့်အမေ ကရော ကြည်ဖြူလား"

မိုးအေးစကားကြောင့် ရိုးရာ မျက်လုံးပြူးသွား၏။

"ဟယ်. . . ပေါက်ကရ၊ ငါ့အမေလူလို့ ပြောတာနဲ့ ငါ့အမေကို လာကြိုင်ရောလားဟဲ့"

"ဟင်. . . မဟုတ်ဘူးလား"

"ဟုတ်ဘူး. . . ငါ့အမေက သူနဲ့ငါ့ကို သဘောတူနေတာ ဒါကို ပြောတာ"

"ဩော်. . . သိပါဘူး၊ အဟိ. . . ငါထင်တာ မှားသွားတယ်"

သူမက သူငယ်ချင်းနှစ်ယောက်ကို ခပ်တိုးတိုး ကျိန်ဆဲလိုက်ကာ မျက်စောင်း အတုံးလိုက် အတစ်လိုက် ထိုးပစ်လိုက်သည်။





# အပိုင်း(၁၃)

"သမီးရေ. . . ဒီနေ့ အမေတို့ မိသားစုသုံးယောက် ဘုရားသွားကြရအောင်"

အမေ့ထံမှ မထင်မှတ်သော အကြောင်းအရာတစ်ခု ထွက်ပေါ်လာသဖြင့် ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားရ၏။

"အမေကလည်း. . . သမီးက လပြည့်နေ့တိုင်း ဘုရားသွားနေကျပဲလေ အမေရဲ့၊ အမေတို့ လိုက်မယ်ဆိုရင်လည်း လိုက်ခဲ့ကြပေါ့"

အမေက နှစ်လိုသော အပြုံးဖြင့် ရိုးရာကို လှမ်းကြည့်ပြီးပြ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး. . .

"အခု အမေတို့ သွားမယ့် ဘုရားက ရွှေတိဂုံဘုရားနဲ့ ကျောက်တော်ကြီးဘုရားကို သမီးရဲ့"

"ဟင်. . . ကျောက်တော်ကြီးဘုရားက အဝေးကြီးပဲကို၊ ကားငှားသွားရမှာပေါ့၊နီးနီးနားနား ခြောက်ထပ်ကြီးဘုရားနဲ့ ရွှေတိဂုံပဲ သွားလိုက်ပါလား အမေရာ"

ရှင်းနှင့် ချိန်းထား၍သာ အမေ့ကို စောဒက တက်ကြည့်လိုက်ခြင်းဖြစ်သည်။ ဒါကို အမေက လက်မခံ။

"သမီးရယ်. . . ညည်းအဖေက ကျောက်တော်ကြီးဘုရားတည်ပြီးကတည်းက တစ်ခါပဲ သွားဖူးတာလေ၊ အဲဒါကြောင့် သူ့ကိုပို့ချင်တာ၊ သူကလည်း ခုတလောမှ ဘုရားသွားဖို့ စိတ်ကူးရတယ်နဲ့တူပါရဲ့အေ"

ရိုးရာ သက်ပြင်းလေး မသိမသာ ခိုးရှိုက်လိုက်သည်။ ရှင်းကတော့ သူမအလာကို စောင့်နေပေလိမ့်မည်။ ဘာတတ်နိုင်မှာလဲလေ။ သူမအတွက် မိဘက အရေးအကြီးဆုံးဆိုတော့ မိဘအကြိုက်လိုက်ရတော့မှာပေါ့။

ရင်ထဲမှာ ရှင်းနှင့် ပတ်သက်သော မျှော်လင့်ချက်တွေဖြင့် ဖြစ်တည်လာသော ခံစားချက်နုနုတို့က အမေ မသိအောင် ချလိုက်သော သက်ပြင်းခိုးလေးတွေနဲ့ ရောယောင်ပြီး အပြင်လောကကို ခုန်ပေါက်ထွက်ကျလုကုန်ပြီပေါ့။

နေသာ နေနေရသည်။ တစ်နေကုန် စိတ်နှင့်လူနှင့်မကပ်၊ ကိုယ့်ရင်ထဲက နှလုံးခုန်သံတွေက စည်းချက်မမှန်သော ဂီတဘေးသွားတစ်ပုဒ်လို ညီညာချောမွေ့မှု မရှိဘဲ ဖြစ်နေသည်။

"အမေ သမီးအတွက် ဝတ်စုံလေးတစ်စုံ ဝယ်ထားတယ်





ဝတ်စုံက ဈေးလည်းကြီးတယ်၊ လှလဲ လှတယ်၊ ငါ့သမီးလေးနဲ့ဆိုရင် အရမ်းလိုက်မှာ"

အမေ့ရဲ့အသံမှာ သိသိသာသာပင် ချိုမြိန်နေပြီး ပျော်ရွှင်ကျေနပ်အားရမှုတွေ ပျော်ဝင်နေသလိုပင် ထင်မိ၏။

"အမေက သမီးအတွက် ဝတ်စုံဝယ်ထားပေးတယ် ဟုတ်လား၊ အဟီး. . . မိုးတွေတော့ ရွာကုန်တော့မှာပဲ၊ အမေက ဘယ်ကဘယ်လို ထောနေတာလဲ၊ မဟုတ်မှလွဲရော. . . ဒေါ်ပုဆိုကနေ နေ့သွင်းတွေ ထုတ်ထားပြန်ပြီလား"

အမေက ပျာပျာသလဲဖြင့် မရမက ငြင်းပါ၏။

"အိုအေ. . . ဘယ်က ထုတ်ရမှာလဲ. . . မထုတ်ပါဘူး၊ တဲပါ သမီးရယ်၊ ရေချိုး. . . သွား၊ တော်ကြာ ညည်းအဖေ ပြန်လာတော့မယ်၊ သူပြန်လာလို့ အဆင်သင့် မဖြစ်ရင် ညည်းအဖေဒေါသလဲ သိရဲ့သားနဲ့"

"သိပါတယ် အမေရာ၊ ဩော်. . . အမေ၊ အဖေ့ကို ကြည့်ရတာ ခုရက်ပိုင်း ဒယ်ဒီရောဂါ သိပ်မထတော့သလိုပဲ၊ ခစ်. . ခစ်. . ခစ်. . သမီးကတော့ အဲဒီလို မခေါ်ချင်ပါဘူး၊ အရင်ခေါ်နေကျအတိုင်း အဖေလို့ ခေါ်ရတာကမှ ရင်ထဲမှာ ထိသေးတယ်"

အမေက စိတ်မရှည်ဟန်ဖြင့် ရိုးရာကို တွန်းလွှတ်ပြီး. . .

"အေးပါ. . . ထိမယ်ဆိုလည်း နောက်မှထိ၊ အခု ရေသွားချိုးတော့"

သူမ ရေချိုးရန် အိမ်ထဲသို့ ဝင်လာခဲ့လိုက်၏။ ရေချိုးပြီး အခန်းထဲ ပြန်ဝင်လာတော့ အမေက ဝတ်စုံအသစ်ကို အဆင်သင့် ထုတ်ပေးထား၏။

သူမ ရေကိုပင် စင်အောင် မသုတ်နိုင်ဘဲ ဝတ်စုံလေးကို



www.burmeseclassic.com

www.burmeseclassic.com



ဖြန့်ကြည့်လိုက်သည်။

အို. . . လှလိုက်တာ၊ ဒီလို အိစက်နူးဖတ်နေသော ဂါဝန်ရှည်လေးကို အမေ ဘယ်ကဘယ်လို ရှာဝယ်လာပါလိမ့်၊ ဒီဇိုင်းလေးက ဘိုဆန်လိုက်တာ။

တစ်ယောက်တည်း သဘောတကျ တီးတိုးဆိုနေမိသည်။

အမေ အခန်းထဲ ဝင်လာသည်။

"သမီး ဘယ်လိုလဲ၊ ဂါဝန်လေးကို သဘောကျရဲ့လား။ ရော့. . . ဒါက မိတ်ကပ်နဲ့ နှုတ်ခမ်းနီတောင့်တွေ၊ သနပ်ခါး မလိမ်းနဲ့နော်၊ အမေကြားဖူးတာက အထက်တန်းလွှာ အမျိုးသမီးတွေက အပြင်ထွက်ရင် သနပ်ခါး မလိမ်းကြဘူးတဲ့"

သူက အမေ့ကို နည်းနည်း စိုက်ကြည့်လိုက်ပြီး. . .

"အမေ နည်းနည်းတော့ ထူးဆန်းနေပြီနော်၊ သမီးကို ဘာဖြစ်လို့ ဒါတွေ ဝယ်ပေးရတာလဲ"

အမေက ဘာမှ ပြန်မဖြေဘဲ အခန်းထဲမှ ပြန်ထွက်သွားသည်။ အမေထွက်သွားပြီး မကြာလိုက်၊ အမေ့အသံကို ကြားလိုက်ရ၏။

"ဟော. . . မောင်ခနောင်းပါလား၊ ဟယ်. . . မင်းဦးလေးက ဘယ်လို မင်းကားနဲ့ ပါလာတာလဲ"

"အန်ကယ်က ဝပ်ရှော့ကို သွားရင်းနဲ့ အန်ကယ်က ဘုရားသွားမယ်ဆိုတာနဲ့ ကျွန်တော် လိုက်ပို့ချင်လို့ ဒီအထိ ပါလာတာ"

အပြင်က အသံတွေကို ကြားပြီး စိတ်ပူနေသူက ရှိုးရာရယ်ပါ။ သူ့ခမျာ သူ့မိဘတွေနဲ့ ခနောင်းမင်း ဤသို့ဤနှယ် စည်းဝါးရိုက်ထားပြီး သူ အခု ဝတ်မယ့်ဝတ်စုံ အလှပြင်ပစ္စည်းအားလုံးဟာ ခနောင်းမင်း ကြိုတင်ဝယ်ပေးထားတယ်ဆိုတာ မသိရှာဘူးလေ။





"ကျွတ်. . . အဖေတို့ကတော့ ကွိုင်ပဲ၊ သူနဲ့တော့ ဘုရားကို အတူမသွားချင်ပါဘူး၊ တကယ်ပါပဲ. . . ဟင်း"

ဒီလိုနှင့် ခနောင်းမင်းကားပေါ်ကို မျက်နှာမကြည်မသာနှင့် လိုက်ခဲ့ရပြီး ရွှေတိဂုံသို့ အရင်ဆုံး တက်ကြ၏။

ဘုရားပေါ် ရောက်တော့ အဖေနှင့်အမေက ပုတီးစိပ်မည်ဟု ဆိုကာ ဓမ္မစေတီဘက်သို့ ထွက်သွားကြသည်။

သူမက ဗုဒ္ဓဟူးနံထောင့်တွင် ရေသပ္ပါယ်ရင်း ကျန်ရစ်ခဲ့သည်။

ခနောင်းက သူမအနားတွင် မယောင်မလည်ဖြင့် နေခဲ့သည်။

ရေသပ္ပါယ် ဘုရားရှိခိုးပြီး ထလာတော့. . .

"ရှိုးရာ. . . ကိုယ်တို့ တစ်နေရာရာမှာ ထိုင်ရင်း အန်ကယ်နဲ့ အန်တီကို စောင့်ကြရအောင်"

သူမ စိတ်မပါ့တပါ အမူအယာဖြင့် ခေါင်းကို အသာညိတ်ပြလိုက်သည်။

နှစ်ယောက်သား လူရှင်းတဲ့နေရာမှာ ထိုင်လိုက်ကြသည်။

ခနောင်းက ရှိုးရာကို အသေအချာကြည့်လိုက်ပြီး. . .

"ရှိုးရာ အရမ်းလှတယ်"

"အို. . . ဘာမှလည်း မဆိုင်ဘူး"

"ဆိုင်တာပေါ့. . . ကိုယ့်မျက်စိထဲမှာတော့ ဆွဲဆောင်မှုအရှိဆုံး မိန်းခလေးကို ပြပါဆိုရင် ရှိုးရာကိုပဲ လက်ညှိုးထိုးမလွဲပြရမှာပဲ၊ အခုလို ရှိုးရာတို့ မိသားစုနဲ့ ဘုရားကို လိုက်လာမိတဲ့ ကိုယ့်ကြောင့် စိတ်အနှောင့်အယှက်တော့ မဖြစ်မိပါဘူးနော်"

ရှိုးရာ သူ့အမေးကြောင့် ခစိုးခနဲ့ ရယ်လိုက်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း. . . ဘာလို့ စိတ်အနှောင့်အယှက် ဖြစ်ရမှာလဲ၊ ရှင့်ရဲ့ဇိမ်ခံကားကြီးနဲ့ လိုက်လာတော့ တက္ကစီခတောင် အကုန်သက်သာသေးတယ်၊ ပြီးတော့ အဖေတို့ အမေတို့ကတောင် ရှင့်ကို ကြည်ဖြူနေတာ၊ ကျွန်မက ဘာပြောလို့ ရမှာလဲ"

"ဟုတ်တယ်နော်. . . အန်ကယ်နဲ့ အန်တီတို့က သဘောကောင်းတယ်၊ ရိုးရာနဲ့ ပတ်သက်ပြီး ကိုယ့်ဘက်က ကမ်းလှမ်းတာတွေကိုလည်း ကြည်ကြည်ဖြူဖြူ လက်ခံစဉ်းစားပေးတယ်"

ခနောင်း သူ့စကားကြောင့် ရိုးရာ ယဲ့ယဲ့ပြုံးလိုက်သည်။ စိတ်ထဲမှာတော့ ဒီငနဲ အခွင့်အရေးတွေ စတင်ယူနေပြီပေါ့။

ဟိုခမျာမှာလည်း သူမလေးမျက်နှာမှာ ရင်ခုန်ရိပ် အစွန်းအစကို တွေ့လိုတွေ့ငြား အလောတကြီး ရှာဖွေနေမိပါ၏။

သူ့ရဲ့ဂရုစိုက် ကြင်နာမှုတွေကြောင့် သူမလေး ရင်ထဲမှာ နွေးခနဲ လှုိက်ဖို ရင်ခုန်သွားစေချင်ပါသည်။

"ကိုယ့်ရင်ထဲမှာ ရိုးရာနဲ့ ပတ်သက်ပြီး ထူးဆန်းတဲ့ ခံစားမှုလေးတစ်ခု ဝင်ရောက်ခိုလှုံနေတယ်၊ အဲဒါကို ရိုးရာ သိချင်လား၊ ကိုယ်ပြောပြချင်တယ်၊ နားထောင်မယ် မဟုတ်လား"

နားထောင်ရုံသက်သက်နဲ့တော့ မိန်းမတစ်ယောက်ရဲ့ ဂုဏ်သိက္ခာ နည်းနည်းလေးမှ ကျဆင်းသွားမှာမှ မဟုတ်တာ။ အမိက,က သူပြောတဲ့စကားလုံး ခံစားမှုပေါ် မူတည်ပြီး ကိုယ့်ဘက်က ရင်ခုန်မခုန်ပဲ ကိုယ့်ကိုယ်ကို အသေအချာ ဆန်းစစ်ရမှာ။ ဒီတော့ ကိုယ့်နှလုံးသားကို ကိုယ်ကိုယ်တိုင် စောင့်ကြည့်ဖို့အတွက် အလိုက်သင့် နားထောင်ပေးလိုက်ရုံပေါ့၊ ဘာအပန်းကြီးမှာမှတ်လို့။

"အဟင်း. . . ကျွန်မ နားမထောင်ချင်ဘူး ပြောလည်း ရှင် ကျွန်မကို ပြောမှာပဲ မဟုတ်လား၊ ဒီတော့ ပြောပေါ့"





ရိုးရာရဲ့ ဘုဂလန့် ပြန်ပြောလိုက်သော အပြောရှင့်ရှင့်တွေကြောင့် ခနောင်း ပြုံးလိုက်ပြီး. . .

"ကိုယ်လေ. . . ရိုးရာနဲ့ တွေ့တဲ့ညက"

"သမီးနဲ့ မောင်ခနောင်းတို့ စောင့်နေရတာ ကြာပြီလားကွ"

အဖေနှင့်အမေ ရောက်လာသဖြင့် သူ့မှာ ပြောလက်စ တန်းလန်းကြီး ဖြစ်ကာ ပါးစပ်ကလေး အဟောင်းသား မျက်လုံးလေး ပေကလပ်ပေကလပ်နှင့် တကယ့်ကို ကြောင်သူငယ်ရုပ်ကလေးပုံ ပေါက်နေပြီ။

"ရပါတယ် အန်ကယ်. . . ကိစ္စမရှိပါဘူး"

"အဖေကြီး. . . ရှင်စောပု ဘုရားဘက်ကို မသွားရသေးဘူး"

ဒေါ်ယိမ်းတို့ သမီးလုပ်သူနှင့် ခနောင်းမင်း နှစ်ယောက် လွတ်လွတ်လပ်လပ် စကားပြောချိန် ရှိအောင် တမင်ရှောင်ပေးနေခြင်းဖြစ်၏။

"သြော်. . အေး. . ဟုတ်သားပဲ၊ သွားကြတာပေါ့"

ဦးရှိန်းကလည်း မိန်းမလုပ်သူရဲ့အထာကို နပ်ပြီးသား။

ရိုးရာတို့ကလည်း မိဘတွေ ဖုံးပေါလအော ပေးနေတဲ့ အခွင့်အရေးတွေကို အသုံးချဖို့ ဘယ်လိုမှ အာရုံမလာဘူး ဖြစ်နေ၏။

"အဖေ. . . ရိုးရာတို့လည်း လိုက်မယ်လေ"

ဟု ဆိုကာ အမေ့လက်ကို အတင်းပြေးဆွဲပြီး ကလေးငယ်တစ်ယောက်လို တွယ်ကပ်နေ၏။

ဒေါ်ယိမ်းကလည်း မရဲ အပြုံးကို ခါထုတ်နေ၏။

"သမီးရယ်. . . မောင်ခနောင်းတစ်ယောက်တည်း ပျင်း



www.burmeseclassic.com

www.burmeseclassic.com



နေမှာပေါ့၊ ဒီမှာပဲ စောင့်နေလိုက်ပါ”

ခနောင်းက အားနာစွာဖြင့်. . .

“ရပါတယ် အန်တီ၊ ကျွန်တော်ပါ လိုက်ပို့မယ်”

“အေးပါကွယ်. . . မကြာပါဘူး၊ ခဏလေးပါပဲ”

လူကြီးတွေဆိုတော့ ဘုရားရောက်တာနှင့် နေရာစုံမှာ ဘုရားရှိခိုး ပုတီးစိပ်မှ ဘုရားလာရကျိုးနပ်တယ်ဟု ယူဆကြသဖြင့် ခနောင်း ဒီလောက်တော့ လိုက်လျောပေးရမှာပေါ့။

ယောက္ခမလောင်းတွေ ဘုရားမှာ စိတ်တိုင်းကျ ဖူးပြီး ခြောက်နာရီလောက်မှာ ဘုရားမှ ပြန်ဆင်းလာကြသည်။

ကားကို ကျောက်တော်ကြီးဘုရားဘက်သို့ ဦးတည်မောင်းလိုက်ပြီး စားသောက်ဆိုင်တစ်ဆိုင်ရှေ့အရောက်တွင် ကားကို ရပ်လိုက်သည်။

“ကျွန်တော်တို့ ညစာကို ဒီဆိုင်မှာ စားကြရအောင်၊ အန်ကယ်တို့ မိသားစုကို ကျွန်တော် ဧည့်ခံပါရစေ”

ဒေါ်ယိမ်းက အားနာစွာနှင့် ငြင်း၏။ ဒီလို ခမ်းနားထယ်ဝါတဲ့ဆိုင်မျိုးကြီးမှာ သူတို့အဖို့ အထက်တန်းလွှာတွေလို ပုံစံမျိုး မစားတတ်တာတော့ အမှန်ပဲ၊ မတော် အရှက်တွေ ကွဲနေမှာဖြင့်။

“မောင်ခနောင်း စေတနာကို အန်တီတို့ အသိအမှတ် ပြုပါတယ်ကွယ်၊ ဒါပေမယ့် အန်တီတို့ မစားတော့ပါဘူးကွယ်၊ အိမ်မှာ အကုန်ချက်ပြုတ်ပြင်ဆင်ခဲ့ပြီးသားမို့ပါ”

“အားမနာပါနဲ့ အန်တီ၊ ကြုံကြိုက်တုန်း ဧည့်ခံရတာပါ”

ခနောင်းကလည်း မရဘူး။ တကယ့်ကို ဇွတ်။

“ရိုးရာရော ဒီဆိုင်လေးကို စိတ်ကျေနပ်မှု ရှိရဲ့လား”

ရိုးရာကလည်း ခပ်တည်တည်ပင် ငြင်း၏။





“ဟင့်အင်း. . . ကျွန်မ ဗိုက်မဆာလို့ မစားတော့ပါဘူး”

အဖေက ကြားထဲမှ အားနာစွာ ငြင်းနေခြင်းအပေါ် ဝင်ရောက်ဖြေသိပ်ရင်း. . .

“ကဲပါ သမီးရယ်၊ မောင်ခနောင်းက စေတနာနဲ့ ဧည့်ခံချင်တာကို အရမ်းငြင်းနေလို့ မကောင်းပါဘူး. . . ဆင်းလိုက်ပါ”

ဟု အဖေက ပြောတော့မှ မိသားစုအားလုံး အားနာပါးနာနှင့် စားသောက်ဆိုင်ထဲ လိုက်ဝင်လာရတော့၏။

စားသောက်ဆိုင် ခန်းမထဲ ဝင်တာနဲ့ အေးစိမ့်သော Air con အငွေ့အသက်ကြောင့် ဒေါ်ယိမ်း ကိုယ်လေး တွန့်ခနဲ ဖြစ်သွားရလေ၏။

ခနောင်း ခေါ်သွားသော သီးသန့်ခန်းလေးတစ်ခုထဲသို့ လိုက်သာ ဝင်လာရသည်။

အမေ့ပုံစံက မသွားဖူး မလာဖူးပုံဖြင့် လက်ဖျားလေးတွေ ဝင် အေးနေချေပြီ။ Aircon အအေးဒဏ်ကို အမေ သိပ်ခံနိုင်ပုံမပေါ်။ သမီးဖြစ်သူရဲ့လက်ကလေးကိုသာ အားကိုးတကြီး ဆုပ်ကိုင်လာသည်။

မီနူးကဒ်တွေကို ကြည့်ကာ မှာစရာရှိတာမှာပြီး အရင်ဆုံးလာချပေးသော ကုတ်ဘူးလေးကို ဖောက်လိုက်ပြီး ရိုးရာထံ လှမ်းပေး၏။

“ရိုးရာ ခေါင်းထဲမှာ မကြည်နေရင် ဒါလေး အရင်သောက်ထားလိုက်ပါလား”

သူလှမ်းပေးသော ကုတ်ဘူးကို လှမ်းယူလိုက်ပြီး အမေ့ကို အရင်တိုက်လိုက်၏။

တအောင့်နေတော့ Sea Food များကို ဗိတ်တာလေးများ



www.burmeseclassic.com

www.burmeseclassic.com



က လာချပေး၏။

ဘာပြောကောင်းမလဲ။ အဖေရော အမေရော စားလိုက်ကြတာ ခေါင်းတောင် သိပ်မဖော်ဘူး။

ရှိုးရာကတော့ ပဲလေးနဲ့ တို့ဂဏန်း ဆိတ်ဂဏန်းပေါ့။

စားသောက်နေစဉ် တစ်ချိန်လုံး ရှိုးရာအား လိုလေသေးမရှိ ဂရုစိုက်နေရှာသော ခနောင်းရဲ့ အရေးပေး ဆက်ဆံပုံကြောင့် အဖေရောအမေရော အတော်လေးကို သဘောတွေ့နေပုံရ၏။

ခနောင်းကိုသာ ရှိုးရာ လက်ခံခေါင်းညိတ်လိုက်ရင် သမီးရွေ့ရေးက ပူစရာ မလိုတော့ဘူးလေ။

ဒါကြောင့်လည်း သူတို့နှစ်ဦး နီးစပ်မှုတွေနဲ့ သံယောဇဉ်တွယ်သွားအောင် မိဘနှစ်ပါးတန်မဲ့ လူမသိသူမသိ ကြိတ်ပြီး ကြိုးစားနေရတာပေါ့။

ခုချိန်ထိတော့ သမီးက သိပ်ပြီးစိတ်ဝင်စားပုံ မပေါ်သေး။

စားသောက်ပြီးလို့ တစ်ခါ ကျောက်တော်ကြီးဘုရားကို မညည်းမညူ လိုက်ပို့ပေး၏။

အပြန်တွင်တော့ ကုန်တိုက်တစ်ခုရဲ့ ကားပါကင်တွင် ကားကို ဝင်ရပ်လိုက်ပြီး. . .

ခနောင်းက အရင်ဆုံး ကားပေါ်က ဆင်းလိုက်ကာ. . .

“အန်ကယ်နဲ့အန်တီ ကျွန်တော်နဲ့ ကုန်တိုက်ထဲ လိုက်ခဲ့ပေးပါ. . . ပလိစ်”

ဟု ရိုရိုသေသေဖြင့် ဖိတ်ခေါ်၏။

အဖေက အရင်ဆုံး ဆင်းသွား၏။

“ရှိုးရာရော ဆင်းပါအုံး”

“ဟင့်အင်း. . . မဆင်းချင်တော့ဘူး၊ ကျွန်မ ကားထဲကပဲ





စောင့်တော့မယ်”

ဒါကို အမေက ခနောင်း မကြားအောင် လေသံခပ်အုပ်အုပ်နဲ့. . .

“ဆင်းလိုက်ပါ သမီးရယ်၊ ဒီကုန်တိုက်ကို အမေတို့ တစ်ခေါက်မှ ရောက်ဖူးတာမှ မဟုတ်တာ၊ ရောက်တုန်းရောက်ခိုက် မျက်စိအစာကျွေးရတာပေါ့”

ဟု ဆိုလေ၏။

“ဟင့်အင်း. . . မဆင်းချင်ဘူး အမေရာ”

အဖေက အပြင်ကနေ လှမ်းခေါ်နေ၏။

“ဟိုသားအမိ လာကြလေကွာ၊ ဘာတွေ တတွတ်တွတ်ပြောနေတာလဲ”

“ကဲ. . . ကြားတယ်နော်၊ ညည်းအဖေအကြောင်း ညည်းလဲသိတာ မဟုတ်ဘူး၊ သူက ညည်းလိုပဲ နယ်ရွှေးမှာ မဟုတ်ဘူး”

နောက်ဆုံးတော့ ကိုယ်ကပဲ အလျှော့ပေးပြီး ကုန်တိုက်ထဲလိုက်ဝင်ရတော့၏။ ကုန်တိုက်ထဲ ရောက်တော့ အပေါ်ထပ်ကို Elevator ဖြင့် တက်လာကြသည်။

အပေါ်ထပ်ကို ရောက်ရောက်ချင်း ကော်ဖီဆိုင်လေး တစ်ဆိုင်ထဲသို့ ခနောင်းမင်းက ဦးဆောင်ပြီး ဝင်လိုက်၏။

ဆိုင်လေးထဲမှာ မိသားစုဝိုင်း ဟိုတစ်စု ဒီတစ်စုဖြင့် စုံတွဲစုံတွဲလောက်သာ ရှိသဖြင့် အနည်းငယ် လူရှင်းနေသည်။

ခနောင်းက ပြင်သစ်ကော်ဖီ မှာလိုက်၏။

ပြင်သစ်ကော်ဖီဆိုတာ ဘယ်လိုအရသာမျိုးပါလိမ့်ဟု ရှိုးရာ တွေးမိပါ၏။

အဖေနှင့်အမေမှာ တစ်ခါမှ မသောက်ဖူးသော ပြင်သစ်



www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီဆိုတာကို အရသာခံပြီး သောက်နေပုံကို ကြည့်ပြီး ရိုးရာရင်ထဲ စိတ်မကောင်း ဖြစ်သွားရသည်။

အဖေနဲ့အမေကို ဒီလိုဘဝမျိုး ရောက်အောင် သူ မနည်းရုန်းကန်ရအုံးမှာပါလား။

"ရိုးရာ ကော်ဖီသောက်လေ"

ခနောင်းက ခပ်တိုးတိုးလေး လှမ်းပြောလိုက်သဖြင့် ရိုးရာမှာ အတွေးတွေကို ရပ်ကာ ကော်ဖီကို ယူကာ တစ်ငုံ့ငုံ့လိုက်သည်။

"အန်ကယ်နဲ့အန်တီ လိုအပ်တာရှိရင် မှာပါနော်"

ခနောင်း၏ အလိုက်သိ ဂရုစိုက်မှုတွေကြောင့် ဦးရှိန်းနဲ့ ဒေါ်ယိမ်းမှာ အတော့်ကို အားနာနေရပေသည်။

"အိုကွယ် . . . အားလုံး ပြည့်စုံပါတယ်ကွယ်၊ အန်တီတို့က မင်းရဲ့လိုလေသေးမရှိ ဂရုစိုက်နေလို့တောင် မနေတတ်လောက်အောင် ပြန်ပြီးအားနာနေရတယ်ကွယ်"

"အားနာဖို့ မလိုပါဘူး အန်တီရယ်၊ ခုလို အန်ကယ်နဲ့ အန်တီတို့လို လူကြီးသူမတွေကို ပြုစုခွင့်ရလို့ ကျွန်တော့်အဖို့ မင်္ဂလာတောင် ရှိပါသေးတယ်၊ အန်ကယ်တို့ စိတ်ထဲမှာ ကျွန်တော့်ကြောင့် စိတ်အနှောင့်အယှက် တစ်စုံတစ်ရာ ရှိခဲ့မယ်ဆိုရင်လည်း ကိုယ့်တူကိုယ့်သားလို ပြောဆိုဆုံးမနိုင်ပါတယ်"

သူ့ရဲ့သနားစရာ မျက်ခွက်လေးနဲ့ ပြောနေပုံကို ကြည့်ပြီး ရိုးရာက နှုတ်ခမ်းလေးကို တွန့်ကွေးပြီး မဲ့လိုက်သည်။

အဖေကတော့ ဆင်းဒ်ဝစ်တစ်ခုကို ကောက်ကိုင်ကာ တစ်ကိုက်,ကိုက်လိုက်ပြီး . . .

"မင်းက ယဉ်ကျေးတဲ့ လူငယ်လေးတစ်ယောက်ပဲ၊ မင်းရဲ့ လုပ်ရပ်နဲ့ အပြုအမူတိုင်းမှာ အမြင်မတော်တာ တစ်ခုမှ မရှိပါဘူး





ကွာ၊ မင်းအနေနဲ့လဲ အန်ကယ်တို့ကို ကိုယ့်သွေးရင်းသားရင်းလို သဘောထားပေါ့၊ ရိုးရာကိုလည်း မင်းရဲ့တောင်းဆိုမှုအတိုင်း မင်းရဲ့ လက်ထဲကို အပ်ပါတယ်၊ အမြင်မတော်တာရှိရင် ဆုံးမပေါ့"

ရိုးရာ နားထောင်နေတာကို အကောင်းလို့ ထင်နေကြတယ်။ သူ့လက်ထဲကိုပဲ အဖေက ကိုယ့်ကို ရက်ရက်ရောရော အပ်နေသေးတယ်၊ အဖေတို့ကတော့ တကယ့်ဇွတ်။ ကိုယ့်သမီးကိုများ ဈေးထဲက တစ်ရာဖိုး သုံးစည်းတန် ကန်စွန်းရွက်များ မှတ်နေသလားမသိ။

"အဖေ ဘာတွေ ပြောနေတာလဲ"

"အဖေပြောနေတာတွေက အမှန်တရားတွေပဲလေ သမီးရဲ့၊ မဟုတ်ဘူးလား မောင်ခနောင်းရာ၊ ဟား . . ဟား . . ဟား . . ဟား"

ရိုးရာ မျက်နှာ စူပုတ်နေတော့ ခနောင်းမှာ ကော်ဖီဆိုင်ထဲမှာ အချိန်သိပ်မဆွဲရဲ။

ကော်ဖီဖိုးကို ကောင်တာမှ ရှင်းပြီး အရောင်းဆိုင်တွေဘက်ကို ခေါ်လာ၏။

ပြီးနောက် ဦးရှိန်းနှင့် ဒေါ်ယိမ်းတို့အတွက် လိုအပ်မယ် ထင်သော အသုံးအဆောင်များကို သူ့သဘောနှင့်သူ ဝယ်သည်။ ရိုးရာအတွက်လဲ ဝယ်နေသည်။

ကိုယ်က မဝယ်ပါနဲ့လို့ ဟန့်ရအောင်ကလည်း ကိုယ့်မိသားစုအတွက်လို့ နာမည်တပ်ပြီး ဝယ်နေတာ မဟုတ်တော့ ဘယ်လို သွားတားလို့ရမလဲ။ ဒီတော့ အသာပဲ လက်ပိုက်ကြည့်နေရုံပဲပေါ့။

ကုန်တိုက်ထဲက ထွက်တော့ သူ့ဆီမှာ ရှိနေသောအိတ်တွေက တပွေ့တပိုက်မို့ အဖေကတောင် ဝိုင်းဆွဲပေးလိုက်ရသေး၏။



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်ထိလည်း ဘယ်သူ့အတွက် ဘယ်ဝဲ့အတွက်ဟု မပြောဘဲ အိမ်ရောက်တော့မှ . . .

"ဒါတွေက အန်တီတို့ အန်ကယ်လ်တို့အတွက် လက်ဆောင်တွေပါ"

သူ မပြောလည်း အဖေနဲ့အမေက ကုန်တိုက်မှာကတည်းက ရိပ်မိသားပဲ။ မသိချင်ဟန်ဆောင်နေကြတာ။

သူ့ဘက်က စပြောတော့မှသာ အားနာသော မျက်နှာကြီးတွေနဲ့ . . .

"အို . . . အားနာစရာကွယ်၊ ဒီနေ့အဖို့ မင်း တော်တော်လေး ငွေတွေ ကုန်သွားမှာပဲနော်"

တဲ့။ မသကာဆို ငြင်းပါတော့လား၊ မယူချင်ပါဘူး . . ပါဘူးနဲ့။

အဖေနှင့်အမေတို့ကြောင့်တော့ ရိုးရာရဲ့မျက်နှာကို မြေကြီးမှာ တွင်းတူးပြီးတော့သာ ဖွက်ထားလိုက်ချင်တော့တာပါပဲ။





# အပိုဒ်ခွဲ(၁၄)

ဒီနေ့တော့ ထူးထူးခြားခြားဖြင့် ရှင်းသည် ရိုးရာရဲ့အလုပ်သို့ လာစောင့်နေ၏။

"ဟယ် . . . ရှင်း၊ ရိုးရာကို လာစောင့်နေတာလား"

"အင်းလေ . . . ကတိမတည်တဲ့ ကောင်မလေးကို လာပြီး သတိပေးတာ"

ရှင်းရဲ့စကားကြောင့် ရိုးရာ ဇက်ကလေး ပုကာ ခပ်လွင်လွင်လေး ရယ်လိုက်သည်။

ကိုယ့်အနားမှာ ကိုယ် မမျှော်လင့်ထားတဲ့အချိန်မှာ ရှင်းက



www.burmeseclassic.com

www.burmeseclassic.com



ပြုန်းကနဲ ရောက်လာ၍ ရင်ထဲမှာ နွေးထွေးနေမိ၏။ ထို့အတူ ကြည်နူးခြင်းတွေ ရင်ခုန်ခြင်းတွေက ရင်တစ်ခုလုံး ပျားပန်းခတ် အောင် လှုပ်ရှားလွန့်လူးနေ၏။

"လပြည့်နေ့က ကျွန်တော် အတော်မှောင်တဲ့အထိ စောင့် နေတာ၊ မလာနိုင်တဲ့အဆုံး ပြန်လာပြီး ရိုးရာတို့ အိမ်ရှေ့ဘက်တို တောင် လျှောက်လာကြည့်သေးတယ်၊ အိမ်တံခါး ပိတ်ထားပြီး တစ် အိမ်လုံးလည်း မှောင်နေတယ်"

"အင်း. . . ဟုတ်တယ်၊ အဲဒီနေ့ကလေ အဖေနဲ့အမေတ သူတို့လည်း ဘုရားလိုက်မယ်ဆိုပြီး ရွှေတိဂုံ တက်ဖြစ်ကြတာနဲ့ ရှင်း စောင့်တဲ့နေရာကို မရောက်ဖြစ်တော့တာ"

"သြော်. . ."

ဟု ခပ်တိုးတိုး ဆိုလိုက်ပြီး. . .

"အဲဒီလိုမှန်း သိရင် ရွှေတိဂုံကို လိုက်လာပါတယ်"

"ရှင်း လိုက်လာလဲ ကျွန်မနဲ့ စကားပြောလို့ ရတာမှ မဟုတ် တာ"

"စကားပြောချိန် မရှိလည်း ခပ်လှမ်းလှမ်းက လိုက်မှာပေါ့ ဘာဖြစ်သေးတုန်း၊ ဟို. . . ဒါနဲ့ ရိုးရာ အချိန်ရလား"

"ရတယ်လေ. . . ဘာဖြစ်လို့လဲ"

"ကိုယ်တို့ တစ်နေရာရာမှာ ဝင်ပြီး စကားအေးအေးဆေး ဆေး ပြောရအောင်လေ"

"ရတယ်. . . ရှင်ကြိုက်တဲ့နေရာ ရွေးလိုက်လေ"

နှစ်ယောက်သား ရန်ကင်းဘက်သို့ ကားငှားပြန်လာကြပြီး လူရှင်းသော ကော်ဖီဆိုင်ကလေးထဲသို့ ဝင်လိုက်ကြ၏။

ရင်ခုန်ရိပ် ထင်နေသော ခြေလှမ်းတွေက တိတ်ဆိတ်ငြိမ်





သက်နေသော ကော်ဖီဆိုင်ကလေးအတွင်းရှိ စားပွဲလွတ်တစ်ခုဆီသို့ ဦးတည်လိုက်ကြသည်။

စားပွဲမှာ ဝင်ထိုင်ကြပြီးပြန်တော့လည်း ကော်ဖီမှာရုံက လွဲ၍ တစ်ယောက်နှင့်တစ်ယောက် တော်တော်နှင့် စကားမဆိုဖြစ် ကြသေးဘဲ တိတ်ဆိတ်ခြင်းနဲ့ ရင်ခုန်သံတွေကို ကြီးစိုးခိုင်းနေ၏။

ရိုးရာရဲ့အတွေးထဲမှာ ရှင်းကိုသာ အားမလို အားမရ ဖြစ် နေတော့၏။

အမှန်ဆို သူ့အနေနဲ့ ဒီလို နှစ်ယောက်ထဲ တွေ့နေတဲ့ အချိန်မှာ ရင်ခုန်စရာ စကားလုံးလှလှလေးတွေနဲ့ ရိုးရာရဲ့နှလုံးသား နဲ့ စိတ်အာရုံကို ဖြားယောင်းရမှာလေ။ ခုတော့ ကြည့်ပါအုံး။ တေမိ ...င်းသားကို အရှေ့မှာ ထိုင်ခိုင်းထားရသလို ဖြစ်နေပြီ။

"ရိုးရာ. . ."

"ဟင်. . ."

"အလုပ်လုပ်တာ အဆင်ပြေရဲ့လား"

"ပြေပါတယ်"

"အလုပ်က အရမ်းဝေးနေတော့ ရိုးရာ ပင်ပန်းမှာကို ...ရိမ်နေတာ"

ရိုးရာ စိတ်ထဲမှာ မျှော်လင့်နေတဲ့ စကားလုံးတွေက အခု ...င်းနှုတ်က ထွက်ကျလာတဲ့ စကားလုံးမှ မဟုတ်တာ။

ရှင်းခမျာမှာလည်း ရိုးရာကို ရည်းစားစကားပြောမည်ဟု ...စည်ကာ ဤဆိုင်ကလေးသို့ ခေါ်လာပြီးကာမှ နှုတ်က ဆွံ့အလို့ ...သည်။ ကိုယ့်နှုတ်မှ ထွက်ကျလာသော စကားလုံးတွေကို ကိုယ်, ...ယ်တိုင် စိတ်တိုင်းကျသော စကားလုံးတွေမဟုတ်။

သူ အမှန်တကယ် ပြောချင်တာက ရိုးရာကို ချစ်သည့်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတွေ ဖောင်ဖွဲ့အောင် ပြောချင်နေတာ။

တကယ်တမ်းကျတော့ ရိုးရာ စိတ်ဆိုးသွားမလားဆိုသည့် စိုးရိမ်ကြောင့်ကြစိတ်ကသာ ရင်ထဲက စကားလုံးတွေကို ပိတ်ပင် ဟန့်တားခဲ့ကြသည်။

ကိုယ့်ကိုယ်ကိုသာ ဒေါသဖြစ်၍ မဆုံးတော့။

"ဟင်. . ."

ရုတ်တရက် ရိုးရာထံမှ တစ်စုံတစ်ဦးကို မြင်ပြီး အံ့ဩထိတ်လန့်သွားသဖြင့် ရိုးရာ ကြည့်နေရာဘက်ကို သူပါ လှည့်ကြည့်လိုက်ပြီး. . .

"ရိုးရာ ဘာဖြစ်လို့လဲဟင်"

"အစ်ကို့ကို တွေ့လိုက်လို့၊ သူ့ကောင်မလေးနဲ့ ဒီဆိုင်ထဲ ဝင်လာတာ၊ ကျွန်. . ကျွန်မ ထပ်မကြည့်ရဲတော့ဘူး"

မျက်စိမျက်နှာ ပျက်နေသော ရိုးရာကို ကြည့်ပြီး ရှင်း ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်နေရှာ၏။

"ရှင်း. . . ကျွန်မ လှည့်မကြည့်ရဲတော့ဘူး၊ ရှင် တဆိတ် ကြည့်ပေးစမ်းပါ၊ အကျီအပြာနဲ့စုံတွဲ ဘယ်ခုံမှာ ထိုင်သလဲဆိုတာ"

ရိုးရာရဲ့တောင်းဆိုမှုကြောင့် အပြာရောင်စုံတွဲကို ဝေ့ဝဲရှာလိုက်၏။

"သီးသန့်ခန်းလေးထဲ ဝင်သွားပြီ ရိုးရာ"

ဒီတော့မှ ရိုးရာ ဟင်းချနိုင်တော့၏။

"တော်ပါသေးရဲ့. . . ကျွန်မတို့ ဒီမှာ ဆက်ထိုင်လို့ မဖြစ်တော့ဘူး ထင်တယ်နော် ရှင်း"

ရှင်းမှာ အားပျော့သောလေသံဖြင့် ပြန်ရန် သဘောတူလိုက်၏။ သြော်. . . ကိုယ်ကတော့ ဒီနေ့တော့ ကိုယ့်ရင်ထဲက ခံစား





ချက်တွေကို အပီအပြင် ဖွင့်ဟပြီး ရိုးရာကို ချစ်တဲ့အကြောင်း ပြောတော့မယ်ပေါ့။

ထိုညနေခင်းလေးဟာ ရှင်းအတွက် အဓိပ္ပါယ်မဲ့ ဆိတ်သုဉ်းသွားခဲ့ပြန်ပါပြီ။

ကံကြမ္မာကပဲ ကိုယ့်ကို မျက်နှာသာ မပေးသေးတာလား၊ ကိုယ်ကပဲ ဝီရိယ အားနည်းတာလားလို့ ပြန်ပြီးတော့တောင် မဆန်းစစ်ချင်တော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



# အပိုဒ်ခွဲ(၁၅)

အိမ်ပြန်ရောက်တာနှင့် အိမ်ရှေ့ခန်းတွင် မိန့်မိန့်ကြီး ထိုင်နေသော ခနောင်းကို တွေ့လိုက်၍ ဘယ်သူမှ မကြားနိုင်သော သက်ပြင်းကို ဟင်းခနဲချပြီး အိမ်ပေါ် ကို လှမ်းတက်လိုက်သည်။

ခနောင်းမှာ ကိုယ့်ကို မြင်သည်နှင့် အူယားဖားယားဖြင့် ထလာပြီး. . .

"ရှီးရာ မောလာသလား၊ ကိုယ့်ကို ချိုင့်ပေးလေ"

"ရပါတယ်. . . အိမ်ပေါ် ရောက်နေပြီပဲ"

ဟု ဆိုကာ အိမ်ထဲသို့ တန်းဝင်လာလိုက်သည်။ သူ့ရဲ့





အလိုက်သိမှုကို အားနာပေမယ့် အမေရဲ့ရှေ့မှာ ဘာမှ မဖြစ်ကြသေးဘဲနှင့် သူ့ရဲ့ဂရုစိုက်မှုတွေကို မလိုအပ်ဘူးဟု ထင်မိ၏။

ပြီးနောက် သူမ အပြင်သို့ တော်တော်နှင့် ထွက်မလာဘဲ အခန်းလေးထဲမှာ အောင်းနေလိုက်သည်။

သူမ ထွက်မသွားတဲ့အဆုံး အမေ ဝင်လာ၏။

"သမီး. . . မောင်ခနောင်းကို သွားပြီး ဧည့်ခံစကား ပြောလိုက်ပါအုံးကွယ်၊ ခမျာလေးကို အားနာစရာ"

အမေက ထွက်တွေ့စေချင်သဖြင့် ရှီးရာ အဝတ်အစားလဲပြီး အိမ်ရှေ့သို့ ထွက်လာခဲ့လိုက်သည်။

"ရောက်နေတာ ကြာပြီလား ခနောင်း"

ခနောင်းက ရှီးရာရဲ့မျက်နှာကို ရွှန်းစားစွာ ကြည့်လိုက်ပြီး

"သိပ်မကြာသေးဘူး. . . ရှီးရာကို တွေ့ချင်လို့ လာစောင့်နေတာ"

ရှီးရာက ခနောင်းရဲ့စကားကို ဘာမှ တုန့်ပြန်ခြင်း မရှိဘဲ ခပ်လှမ်းလှမ်းတွင် ဝင်ထိုင်လိုက်သည်။

ခနောင်းက သူမအနားသို့ မသိမသာ တိုးကပ်လာပြီး သူမရဲ့လက်အစုံကို ဖျတ်ခနဲ လှမ်းယူဆုပ်ကိုင်လိုက်ရင်း. . .

"အို. . . လွှတ်ပါ၊ အမေ ထွက်လာရင် မြင်သွားအုံးမယ်"

"ကိုယ် ရှီးရာကို ချစ်တယ်. . . လက်ထပ်ပါရစေ"

ခနောင်းရဲ့တောင်းဆိုမှုတွေဟာ အချိန်ကာလအားဖြင့် အဲဒီလောက် မြန်မြန်ဆန်ဆန်ကြီး ဖြစ်လာလိမ့်မည်ဟု တွေးမထားမိခဲ့။

ရင်ထဲမှာ ဆို့နင့်လာသည်။ အာရုံအသိစိတ်ထဲမှာ ရှင်းရဲ့ ပုံရိပ်ကို ဖျတ်ခနဲ ထင်လာသည်။


www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းကို တွန့်ကွေးပြီး မဲ့လိုက်သည်။ အလကား သတ္တိကြောင်တဲ့လူ။

ဒီလိုစကားမျိုး ဒီလိုတောင်းဆိုမှုမျိုးကို ရှင်းဆိုကသာ ကိုယ်က တိတ်တခိုး မျှော်လင့်နေမိသူ။

သို့သော် အခြေအနေနှင့် အချိန်အခါက သူမရဲ့မျှော်လင့်ချက်တွေကို လှောင်ပြောင်နေကြပြီ။

ရှင်းရယ်. . . ရှင့်မျက်ဝန်းတွေက ရိုးသားလွန်းလိုက်တာ၊ ဒါဟာ ကျွန်မကို သူငယ်ချင်းအဆင့်ထက် မပိုတဲ့ ရှင်းရဲ့ခံစားမှုတွေကြောင့်လား၊ ဒါမှမဟုတ် ရင်ထဲက ဖြစ်တည်လာတဲ့အချစ်ကို မျိုးစေ့ချသလို ရာသီဥတု ရွေးနေတာလား။

ရှင်သာ ကျွန်မကို ခနောင်းထက်အရင် ဒီလိုစကားမျိုး ပြောသင့်တာပါ။

"ရိုးရာ. . ."

ခပ်တိုးတိုး ခေါ်လိုက်သံကြောင့် အတွေးက ဖြစ်တည်လာသော အသိစိတ်တွေကို အိန္ဒြေကြီးစွာ ပြန်မတ်လိုက်နိုင်ရင်း. . .

"ဟင်. . ."

"ကိုယ်ပြောတာ ဘယ်လိုသဘောရလဲ၊ ကိုယ့်ကို ချစ်ခွင့်ပေးမယ် မဟုတ်လားဟင်"

"ကျွန်မ စဉ်းစားပါရစေအုံး"

"စဉ်းစားပါ ရိုးရာ၊ ကိုယ်ဟာ ရိုးရာကို ကိုယ့်ဘဝထက်ပိုပြီး တန်ဖိုးထား ချစ်မြတ်နိုးတယ်ဆိုတာ ရိုးရာသိမယ်ဆိုရင် ကိုယ်ကျေနပ်ပါတယ်"

ဆုပ်ကိုင်ခြင်း ခံထားရသောလက်ကို သူမက ဖွတ်ရုန်းရင်း

"ကျေနပ်တယ်ဆိုရင်လည်း လွှတ်တော့လေ၊ အမေတို့





ထွက်လာလို့ မြင်သွားရင် ကျွန်မရှက်တယ်"

ရှက်မျက်နှာရဲရဲကလေးနှင့် မျက်လွှာကိုချ ခေါင်းကို ငုံ့လိုက်သော သူမရဲ့ရှက်သွေးကြွယ်နေသောဟန်က တကယ့်တောရိုင်းပန်းလေးသဖွယ် ရိုးသားတင့်တယ်နေ၏။

ခနောင်းမင်းရင်ထဲမှာ ထိုတောရိုင်းပန်းလေးကို ချစ်သောအချစ်တွေဟာ တစ်နေ့ထက်တစ်နေ့ ဒီရေတက်သလို တိုး၍သာလာနေ၏။



www.burmeseclassic.com

www.burmeseclassic.com



## အပိုဒ်ခွဲ(၁၆)

ဦးရှိန်းတစ်ယောက် အိမ်ကိုသာ ပြန်ချိန်တန်လို့ ပြန်ခဲ့ရသည်။ ရင်ထဲက အပူထုပ်ကို ဇနီးနှင့်သမီးအား မည်သို့ ဖွင့်ချပြရပါမလဲ။

ဒါဟာ လောကဓံပဲလို့ ကိုယ့်ရဲ့ကျဆင်းနေတဲ့စိတ်ဓါတ်တွေကို အတင်းဖိသိပ် တိုးတက်ခိုင်းပြီး ကိုယ့်စိတ်ကိုယ်ကို ရဲဆေးတင်နေမိတာတော့ အခါခါပါပဲ။

သူက ကြုံလာသမျှ လောကဓံကို တရားအသိလေး နှလုံးသွင်းပြီး. . . ဩော်. . . ဒါဟာ လောကဓံပါလား၊ လောကဓံဆိုတာ





ဘဝတွေကို ပိုင်ဆိုင်ထားတဲ့ သတ္တဝါမှန်သမျှ ကြုံကြဆုံကြရတာပဲလို့ နှလုံးသွင်းပြီး ရင်ဆိုင်နိုင်ပေမယ့် ဇနီးနဲ့သမီးက ဒီလောကဓံဆိုးကြီးကို ခံနိုင်ရည် ရှိပါ့အုံးမလား။

ဝူး. . . ရင်မောပေစွ။

ကောင်းကင်ပြင်ကြီးကို သက်ပြင်းမောတွေ အခါခါ မှုတ်ထုတ်ပြီး အားကိုးတကြီး မော့ကြည့်လိုက်တယ်ဆိုရင်ပဲ. . .

ကောင်းကင်ကြီးက ဘာပြောတယ် မှတ်သလဲ။

ငါ့အရိပ်အောက်မှာနေရင် ကိုယ့်ကိုယ်ကို ရင့်ကျက်အောင် နေထိုင်ပါတဲ့။ ပြီးတော့ ဘာပြောသေးတယ် မှတ်သလဲ။ 'ကဲ. . . ခုတော့ မှတ်ပြီလားတဲ့' ။ အဲဒီလိုပြောပြီး သူက တဟားဟားနဲ့ အော်ရယ်တာပေါ့။

အဲဒီတော့ ကိုယ်က မဲ့တဲ့တဲ့ မျက်နှာနဲ့ မျက်လုံးလေး ပေကလပ် ပေကလပ် လုပ်ပြီး ခေါင်းကို ပြန်ငုံ့ချပစ်လိုက်တယ်။

အဲဒီမှာတင် မြေကြီးက ထပ်ပြီး ခနဲ့သေးတယ်။

'ခုတော့ နင့်ဆီမှာ ခုခံဖို့ ဘာလက်နက်မှ မရှိတော့ဘူး မဟုတ်လား' တဲ့။ ပြီးတော့ သူကလည်း တဟားဟားနဲ့ ထပ်ပြီး လှောင်ရယ်ပြန်တယ်။

ဒီတော့ ကိုယ့်မျက်နှာကိုယ် လက်ဝါးနဲ့ အုပ်ပြီး (ရှက်တာကိုး) အိမ်ကို သုတ်ခြေတင်တော့တာပါပဲ။

ဒါဟာ အရက်ဖြတ်လိုက်လို့ အရက်ကြောင်,ကြောင်ပြီး ထင်ရာမြင်ရာတွေ စွတ်ပြီး မြင်နေထင်နေခြင်း မဟုတ်။

အာရုံနိမိတ်က သူ့အလိုလို ပေါ်လာသော ပုံရိပ်တွေသာဖြစ်သည်။ ဒီတော့ လူတစ်ကိုယ်လုံး ဇောချွေးတွေ ပြန်ပြီး ချောက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုရှိန်း. . . ကိုရှိန်း"

ကုလားထိုင်တွင် ငုတ်တုတ်ထိုင်ရင်း အိပ်ပျော်နေသော ဦးရှိန်းမှာ ဒေါ်ယိမ်းရဲ့ တကြော်ကြော် ခေါ်နှိုးသံကြောင့် မျက်လုံးတွေ ဖျတ်ခနဲ ပွင့်လာ၏။

"ဟင်. . . ငါ အိပ်ပျော်သွားတာလား"

ဒေါ်ယိမ်းက မဲ့ကာရွဲ့ကာဖြင့်. . .

"တော့်နှယ်တော်. . . အလုပ်က ပြန်လာလာချင်း ဘာစကားမှ မပြောမဆိုပဲ အိပ်နေလိုက်တာ၊ ညက အတော်အိပ်ရေးပျက်တာ ကျနေတာပဲ"

"မင်းနှယ်ကွာ. . . ငါ အိပ်ရေးပျက်တာ မင်းလဲ သိသားနဲ့ မင်းကော ညက အိပ်ရလို့လား"

ဒေါ်ယိမ်း မျက်လုံးပြူးသွားရ၏။

"တော် ဘာတွေ ပြောနေတာလဲ၊ လူကြားမကောင်း သူကြားမကောင်း ပေါက်ကရလေးဆယ် မပြောနဲ့၊ ကိုယ့်အမွှေး ကိုယ်ပြန်ကြည့်အုံး. . . ဖြူနေပြီ"

"အဲဒါ ခက်တာပေါ့၊ မင်းတို့ မိန်းမတွေ ကိုယ်လိုရာ ဆွဲပြောဖို့ဆိုရင် ကမ္ဘာ့စံချိန်တင်လောက်တယ်၊ ညက မင်းရောငါရော ရာသီဥတု အရမ်းပူလို့ အိပ်မပျော်ဘူးလေကွာ၊ ဒါကိုပြောတာ"

အဖေနှင့်အမေ စကားဝိုင်းနားသို့ ရှိုးရာ ရေချိုးပြီးစ သနပ်ခါးနံ့သင်းသင်းလေးနှင့် လာထိုင်ရင်း. . .

"အဖေ ထမင်းစားတော့မလား"

"မစားသေးပါဘူး သမီးရယ်"

အနားတွင် လာထိုင်နေသော သမီးနှင့် မိန်းမကို ကြည့်ပြီး စိတ်မကောင်းခြင်းကြီးစွာနှင့် မပြောမဖြစ်သော ကိစ္စရပ်ကို ဖွင့်ဟာ





လည်ချောင်းတစ်ချက်ရှင်းကာ စကားစလိုက်၏။

သူတို့လေးတွေကတော့ ဘာမှမသိရှာသေး။

"အဟမ်း. . အဟမ်း. . မင်းတို့သားအမိကို ငါပြောစရာရှိတယ်၊ ပြောမပြချင်ပေမယ့် ပြောရမယ့်ကိစ္စ ဖြစ်နေတော့"

"ပြောစရာရှိတာများ ပြောပေါ့တော့၊ ရှိတာဖြင့် ဒီမိသားစုလေး သုံးဦးထဲ ရှိတာ၊ ကျွန်မတို့သားအမိကို မပြောလို့ ရှင် ဘယ်သူ့သွားပြောမတုန်း၊ မဟုတ်မှလွဲရော. . . ရှင့်တူနဲ့ စကားများလာကြပြန်ပြီလား"

အဖေက အမေးကို ချက်ချင်းမဖြေဘဲ လမ်းမဘက်ကို ငေးကြည့်နေ၏။ ပြီးမှ အမေ့ကို လှည့်ကြည့်ပြီး. . .

"မယ်ယိမ်း. . . ငါတို့ ဒီအိမ်ကို ရောင်းလိုက်ကြရအောင်"

အဖေ့စကားကြောင့် အမေ အထိတ်တလန့် ဖြစ်သွား၏။

"အို. . . ဘာကြောင့် ရောင်းရမှာလဲ၊ တော် ဘာတွေဖြစ်လာလို့လဲ"

အမေက ထပ်မံပြီး မေးခွန်းတွေ ထပ်ထုတ်လိုက်ပြန်တယ်၊ ဒီတစ်ခါတော့ ရှိုးရာပါ အဖေ့ထံမှ အဆက်အစပ် မရှိသော စကားတွေရဲ့အဓိက အကြောင်းအရင်းကို သိချင်သွား၏။

"ငါ အခုပဲ ဟိုကောင်နဲ့ရော ဟိုကောင်မနဲ့ရော စကားအချေအတင် ပြောလာရတယ်"

"ဆုရီဆိုတဲ့ မိန်းမနဲ့လား"

"ဟုတ်တယ်. . . သူ ကားဝပ်ရှော့ကို ညနေက ရောက်လာတယ်၊ အလုပ်သမားတွေကို ဆူပူကြိမ်းမောင်းပြီး ငါ့ဘက်ကို လှည့်ငေါက်တော့တာပဲ"

"ဦးလေးတို့လည်း တစ်လအတွင်း အိမ်ကို အမြန်ရှာပါ



www.burmeseclassic.com

www.burmeseclassic.com



တော့၊ မရွေးနိုင်ရင်လည်း ဆုံးပြီလို့သာ မှတ်လိုက်တော့"

ဦးရှိန်း ဒေါသတကြီးဖြင့် လက်ထဲမှ ကိုင်ထားသော ကားဂျိုက်ကြီးကို မြေပြင်ပေါ်သို့ ဝုန်းခနဲ ပစ်ချလိုက်ပြီး. . .

"ငါ့တူနဲ့ လုပ်ထားတဲ့ကိစ္စ နင်နဲ့ ဘာဆိုင်လဲ"

ဆုရီက ခနဲ့တဲ့တဲ့ အမူအယာနဲ့. . .

"ဦးလေးတူနဲ့ဆိုင်ရင် ကျွန်မနဲ့လည်း ဆိုင်ရမှာပေါ့။ ဒါကြောင့် ကျွန်မမှာလည်း ပြောပိုင်ခွင့်ရှိတယ်"

ဆုရီနားတွင် ခပ်ကုတ်ကုတ် ရပ်နေသော ကိုလေးထံသို့ ဦးရှိန်းအကြည့်တွေကို ဒေါသဖြင့် လွှတ်လိုက်ပြီး. . .

"ဟေ့ကောင်. . . မင်းဘာရပ်ကြည့်နေတာလဲ၊ မင်းကောင်မ ပြောတာကို ကြားရဲ့လား"

"စိတ်. . စိတ်မဆိုးပါနဲ့ ဦးလေးရာ၊ ကျွန်တော်တို့မှာ မင်္ဂလာဆောင်ဖို့ ငွေလိုနေလို့ ဦးလေးအိမ်ကို အမြန်ဆုံး ရွေးခိုင်းရတာပါ"

ကိုလေးစကားကြောင့် ရင်နာရသည်။ အဘယ်ကြောင့်ဆိုသော် ကိုယ့်ကျေးဇူးရှင် ဦးလေးအား ကျေးစွပ်သည်ကတစ်ကြောင်း၊ (၆)လသားအရွယ်ထဲက အဖေရော အမေရော ဆုံးသွားလို့ လောကအလယ်မှာ မျက်နှာငယ် ဖြစ်ကျန်ခဲ့ရှာသော တူကို ကိုယ့်သားသမီးအရင်းနဲ့မခြား ကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ကျေးဇူးကိုမှ မထောက် ဟူ၍တစ်မျိုး၊ ဒီအရွယ် ဒီအခြေအနေ ရောက်အောင် ကိုယ်ကိုယ်တိုင် ပြုစုပျိုးထောင်ပေးခဲ့ရတဲ့အချိန်တွေ၊ ဆုံးရှုံးကုန်ကျခဲ့တဲ့ ငွေကြေးတွေဟာ ဒီလိုနေ့မျိုး ရောက်လာဖို့အတွက်လုံလောက်တဲ့ အကြောင်းပြချက်တွေလား။

ဒေါ်ယိမ်း ကြားလိုက်ရသော အကြောင်းအရာတွေ





ကြောင့် မျက်ရည်တွေပင် ကျဆင်းလို့လာသည်။

"တစ်သက်လုံး ပေးဆပ်ခဲ့ရတဲ့ ပေးဆပ်မှု အနစ်နာခံမှုတွေကို ဒီနည်းနဲ့ပြန်ပြီး ဆပ်လိုက်တာပေါ့လေ"

ရှိုးရာရဲ့ဒေါသက အသိစိတ်တွေကို ဝါးမျိုကာဖြင့် ထိုင်နေရာမှ ဝုန်းခနဲ ထရပ်လိုက်ပြီး. . .

"သမီး ကိုလေးဆီကို သွားလိုက်အုံးမယ်"

သူမ အိမ်ပေါ်မှ ဝရန်းသုန်းကား ပြေးဆင်းခဲ့၏။

ရှိုးရာအဖို့တော့ ဒီအိမ်ကို ဘယ်နည်းနဲ့မှ မရောင်းနိုင်ဘူး။

ဒီအိမ်လေးမှာ ရှိုးရာ ကြီးပြင်းခဲ့ရသလို ကိုလေးလဲ ရှိုးရာနဲ့အတူ ကြီးပြင်းခဲ့ရတာပဲ၊ သူမို့ ဒီစကားပြောထွက်ရက်တယ်။

သူမ ခြေလှမ်းတွေက နာကျင်ခြင်း ဒေါသတွေကြောင့် မြန်ဆန်လွန်းနေ၏။

အလုပ်ရုံရောက်တော့ ကိုလေးနှင့် သူ့ကောင်မ ရှိသေး၏။

ပြန်ဖို့ ကားပေါ်ကို တက်မည့်ဆဲဆဲမှာပဲ ရှိုးရာကို တွေ့လိုက်ရ၍ ကိုလေးရဲ့မျက်နှာ ချက်ချင်းညှိုးသွားသည်။

"ဘာလာလုပ်တာလဲ ရှိုးရာ"

ကိုလေးအမေးနှင့်အတူ ဆုရီရဲ့ ခပ်မဲ့မဲ့အကြည့်ကို ရင်ဆိုင်လိုက်ရင်း. . .

"ကိုလေး. . . ရှိုးရာတို့ စောစောက ကိစ္စကို ပြန်ဆွေးနွေးကြရအောင်"

ကိုလေးက ခေါင်းကို တွင်တွင်ကုတ်ရင်း. . .

"ငါလည်း ဘာမှ မတတ်နိုင်ဘူး ရှိုးရာရယ်၊ စောစောက ဦးလေးနဲ့ စကားအကုန်ပြောပြီးသွားပြီ၊ ငါလဲ စိတ်မကောင်းပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဆုရိက ဝင်၍. . .

"ကိုကို. . . စကားကို ဝေ့လည်ကြောင်ပတ် ပြောမနေနဲ့လေ၊ ပြဿနာတစ်ခုကို တစ်ခါတည်း ရှင်းဖို့ သင့်ပြီ"

ဟု ဆိုပြီး ရိုးရာဘက်ကို လှည့်ကာ ခပ်မဲ့မဲ့ မျက်နှာပေးဖြင့်

"ဒီမှာ ရိုးရာ၊ တကယ်တော့ နင်တို့ အိမ်ဂရံကို နင့်အစ်ကိုက ဟိုအရင် နင်တို့နဲ့ငါနဲ့ မတွေ့ဖူး မမြင်ဖူးခင်ကတည်းက ငါ့မိဘတွေဆီမှာ ပေါင်ထားတာ ခုဆို နှစ်နှစ်လောက်တောင် ရှိပြီ၊ အခုဒယ်ဒီက ပြန်ရွေးခိုင်းနေပြီလေ၊ အဲဒီက ပြန်ရွေးလို့ရတဲ့ငွေနဲ့ ငါတို့မင်္ဂလာစရိတ် လုပ်ရမယ်လို့ ပြောနေပြီ၊ အဲဒီအတွက် ငါတို့လည်း ဘာတတ်နိုင်မှာလဲ၊ ကဲ. . . ခု ငါပြောတာကို နင်ရှင်းတယ်နော်"

ဟု ဆိုပြီး ကိုလေးကို ကားပေါ် အတင်းတွန်းတင်ပြီး. . .

"တက်. . တက်. . သွားကြရအောင်"

ရိုးရာရဲ့မြင်ကွင်းရှေ့မှ ကားမောင်း၍ ထွက်သွားလေသည်။ နှုတ်ခမ်းကို ပြတ်လုမတတ် ကိုက်ရင်း ရိုးရာရဲ့ရင်ထဲမှာ သောကတွေ ဆင့်ကဲဆင့်ကဲ ဖြစ်လို့လာသည်။

ကံကြမ္မာ သူတို့မိသားစုအတွက် ဘာမှ စောဒကတက်ခွင့် မရှိတော့ဘူးတဲ့လား။

အရာရာက သူတို့ကို ဒီနည်းနဲ့ အနိုင်ပိုင်းသွားပြီလားဟု တွေးရင်း အင်အားမဲ့သော ခြေလှမ်းတွေဖြင့် အိမ်ကို ပြန်လာခဲ့၏။ ရင်ထဲမှာ မွန်းကျပ်မှုတွေနှင့် ပိတ်လှောင်တင်းခဲနေသည်။ ကိုယ့်ဘဝတွေ တစ်ဆစ်ချိုး ပြောင်းလဲဖို့ အချိန်တန်ပြီ ထင်ပါရဲ့။





# အပိုဒ်ခွဲ(၁၇)

"မင်းကြားခဲ့တဲ့သတင်းက သေချာရဲ့လား ဇင်ကိုရာ"

မေးသာ မေးလိုက်ရသည်။ ရင်ထဲမှာတော့ ဇင်ကို့ဆီမှ ထွက်ကျလာမယ့် စကားလုံးတွေအတွက် ခံနိုင်ရည် မရှိခြင်း အမှန်ပါ။

ရင်မှာ ခါးသီးလွန်းလှပေစွ။

"ငါလဲ ကြားကြားချင်း မင်းလိုပဲ မယုံဘူး ရှင်း၊ ဒါပေမယ့် နဲ့ ဆွေဆွေဆိုတာက ရိုးရာနဲ့ အရင်းနှီးဆုံး သူငယ်ချင်းတွေပေပဲ၊ တို့ဆီက ရိုးရာအကြောင်းကို အမှန်တကယ် မဟုတ်ဘဲ ပြောထွက်



www.burmeseclassic.com

www.burmeseclassic.com



ပါ့မလား"

ဇင်ကို ပြောတာလဲ သဘာဝ ကျပါသည်။ ဒါပေမယ့် ရိုးရာ လက်ထပ်မယ့်သူ ဆိုတဲ့လူက ဘယ်ကဘယ်လို ပေါ်လာတာလဲ။ ရိုးရာနဲ့ တွဲသွားတွဲလာ လုပ်ဖူးတယ်ဆိုရင်လဲ ထားတော့။

ထွန်းသက်က ကရုဏာဒေါသောနဲ့ အပြစ်ဖို့၏။

"ခုမှတော့ ကြွေမနေနဲ့တော့ ဟေ့ကောင်၊ ဟိုကဖြင့် မနက်ဖြန် တဘက်ခါဆိုရင် တူများရင်ခွင်ထဲ ရောက်တော့မယ်၊ ဖိတ်စာတောင် ရိုက်ပြီးနေပြီ၊ မင်းက အချိန်တွေကို မထိမ့်မြင် လုပ်တာကိုးကွ၊ ခုတော့ မင်းထက် ဦးတူ ရှိတွားတော့ မင်း ခံစားလိုက်ရပြီ မဟုတ်လား၊ ဒီတော့ ဘာမှ လုပ်မနေနဲ့၊ အိမ်ပြန်ပြီး တု ဖိတ်စာလာဖိတ်မယ့်အချိန်ကိုတာ အိပ်ပြီး စောင့်လိုက်တော့"

ထွန်းသက်ရဲ့အပြစ်ဖို့သော စကားတွေကိုပင် နားစည်က လက်မခံနိုင်လောက်အောင် အာရုံတွေက ဆုံးရှုံးကြေကွဲခြင်းတွေကို အပြည့်အဝ စားသုံးနေကြလေ၏။

မြတ်ကိုက အရာအားလုံးကို စီစစ်သည့်အနေနဲ့ . . .

"နေစမ်းပါအုံးဟယ် . . . ရိုးရာမှာ အဲဒီလို ပြုန်းစားကြီး ယူဖို့ ဖြစ်ရလောက်တဲ့ နောက ဘယ်တုန်းကတည်းက ရှိနေလို့လဲဟဲ့ ငါတော့ ယုံရခက်ခက်ပဲ၊ အဲ . . . မယုံလို့ကလည်း မဖြစ်ပြန်ဘူး ဖိတ်စာတောင် ရိုက်ပြီးနေပြီဆိုတော့ ပွဲတောင်သိမ်းတော့မယ်"

ဇင်ကိုက . . .

"မိုးပြောတာတော့ သူ ရှင်းနဲ့ စတွေ့တဲ့ည မတိုင်ခင် မိနစ်ပိုင်းလောက်အလိုမှာ အဲဒီလူနဲ့ တွေ့ခဲ့တာတဲ့၊ အဲဒီနောက်ပိုင်း အဲဒီ ငနဲက ရိုးရာကို သဘောကျသွားတော့ သူ့မိဘတွေကို အပီကပ်ပစ် လိုက်တာနဲ့ တူပါတယ်၊ ဟိုကလည်း သူ့သမီးကို တကယ်ကြွေပြနေ





တော့ သဘောတူလိုက်တာပေါ့၊ ရှင်းနဲ့စာရင်တော့ ဟိုက ပိုပြီးခိုင်တာပေါ့ကွာ၊ ကားတောင် ထည်လဲပြောင်းစီးနိုင်တဲ့ ဘော့စ်ပဲ"

ခြော် . . . ကံရယ်၊ ကိုယ့်ထက်အရင် နာရီပိုင်းလောက်စောတွေ့ခဲ့တဲ့လူကို ဦးရာလူ စနစ်နဲ့များ အသာစီး ပေးလိုက်တာများလား။

"နောက်ပြီး မိုးက ပြောသေးတယ်၊ ရိုးရာ ဒီလောက်မြန်မြန်ဆန်ဆန်ကြီး လက်ထပ်ဖို့ ဖြစ်သွားတာ သူတို့ရဲ့အိမ်တွင်းရေး အခက်အခဲတစ်ခုကြောင့်တဲ့၊ သူ ချစ်လို့ လက်ထပ်မှာ မဟုတ်ဘူးတဲ့"

ထွန်းသက်က စိတ်ဝင်တစားဖြင့် အားမလို အားမရ ဖြစ်ကာ . . .

"အင်း . . . ပြောစမ်းပါအုံး၊ ဘာအဆင်မပြေ ဖြစ်လို့လဲ"

"ငါလည်း အသေအချာတော့ မသိပါဘူး၊ သူတို့ ပေါင်ထားတဲ့အိမ်က ဆုံးခါနီးတဲ့အခါကျတော့ ပြန်မရွေးနိုင်ဘူးလေ၊ ဒါကြောင့် လက်ထပ်လိုက်ရတယ်ဆိုလားဘာလား မသိပါဘူးကွာ၊ ဇာတ်လမ်းက နည်းနည်းတော့ ရှုပ်တယ်ကွ"

ရှင်းသည် ကြေကွဲခြင်းတွေကို ခပ်ငြိမ်ငြိမ်ကလေး ပိုက်ထွေးထားရင်းမှ ဇင်ကိုရဲ့နောက်ဆက်တွဲ စကားလုံးတွေကြောင့် မျှော်လင့်ချက်ကလေးက ပြန်လည်နိုးထလာခဲ့ပြန်သည်။

"ရိုးရာက ဒီလူကို ချစ်လို့ လက်ထပ်တာ မဟုတ်ဘူးတဲ့၊ ဒါဆို ရိုးရာ ချစ်တာ ဘယ်သူလဲ . . . ငါများလား" ဟု တစ်ဖက်သတ်ကြိတ်တွေးရင်း . . .

"ဒါဆို အဲဒီအိမ် ပေါင်ထားတာ ဆုံးမှာစိုးလို့ ရိုးရာ လက်ထပ်လိုက်ရတယ်ဆိုတဲ့သဘောလား"

ဇင်ကိုက သူ့စကားကို ထောက်ခံ၏။



www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆုံးတော့ ဒါပဲပေါ့၊ အဲဒီငနဲက နည်းနည်းခိုင်တယ် ထင်တယ်၊ သူက ပြန်ရွေးပေးမှာမို့လို့ နေမှာပေါ့၊ ဒါကြောင့် သူ့မိဘ တွေက ဒီဘဲကို ယူဖို့ အတင်းတိုက်တွန်းတာပေါ့"

ရှင်းရဲ့ရင်ထဲကို မျှော်လင့်ချက်တွေက တရိပ်ရိပ် တက် လာအောင် ဇင်ကို့စကားအသွားအလာက တွန်းအားပေးလိုက် သည် ထင်၏။ ရှင်းရင်ထဲမှာ ရိုးရာကို မဆုံးရှုံးစေရဘူးဆိုတဲ့ ခိုင်မာ သော ဆုံးဖြတ်ချက်က ရှတ်ချည်းဆိုသလို အခိုင်အမာ ဝင်ရောက် လာသည်။

"အဲဒီလိုဆိုရင်. . . အင်း. . . မဟုတ်သေးဘူး၊ ငါ ရိုးရာနဲ့ တွေ့ချင်တယ်ကွာ၊ ဇင်ကို မင်း ငါ့ကို ကူညီပါ၊ ရိုးရာ အခု တည် ဆောက်မယ့် အိမ်ထောင်ရေးမှာ ရိုးရာရဲ့ဆန္ဒ ရိုးရာရဲ့အချစ်တွေနဲ့ တည်ဆောက်တာ ဟုတ်မဟုတ် ငါသိချင်တယ်"

"အဲဒါကို သိရရင် ငါ ရှေ့ကို ဘာဆက်လုပ်ရမယ်ဆိုတာကို ငါ အသေအချာ ဆုံးဖြတ်တော့မယ်၊ ရိုးရာ ချစ်နေတဲ့သူဟာ အဲဒီလူ မဟုတ်ဘူးဆိုရင် သူချစ်တာ ဘယ်သူ့ကိုလဲလို့ ငါ နှစ်ယောက်ချင်း တွေ့ပြီး အသေအချာ မေးမယ်"

ဇင်ကိုက စိတ်ပျက်စွာဖြင့် ခေါင်းကို ခါယမ်းလိုက်ပြီး. . .

"ဇာတ်လမ်းက ပြီးနေပြီပဲကွာ. . . မင်းကလည်း"

ရှင်းက ဖွဲ့မလျှော့သော အပြုံးတစ်ခုကို ပြုံးလိုက်ပြီး. . .

"ပြီးပြီဆိုရအောင် ငါနဲ့ ရိုးရာရဲ့ဇာတ်လမ်းက ဘယ်တုန်း ကမှ မစရသေးဘူးလေ၊ ရိုးရာ လက်မထပ်ခင်အချိန်အထိ ငါ့မှာ မျှော်လင့်ချက် ရှိနိုင်ပါသေးတယ်"

"အေးလေ. . . မင်းကြိုးစားကြည့်ပေါ့၊ ငါတို့ တူနဲ့ မင်းတို့ တွေ့နိုင်အောင် စီစဉ်ပေးမယ်"

☺ အောင်မြင်စာပေ ☺



ထွန်းသက်က ဖြေသိမ့်သည့်အနေဖြင့် အားပေးပါ၏။

ဇင်ကိုနဲ့ မြတ်ကိုက ဖြစ်နိုင်ပါ့မလားဆိုသော မရေရာ သောအကြည့်ဖြင့် ကြည့်လာသည်။

ထိုအကြည့်များကို ရှင်း မသိချင်ဟန်ဆောင်ပြီး လမ်းမ ဘက်မှ လူသွားလူလာများကို ခေတ္တငေးမောနေလိုက်၏။

လက်ဖက်ရည်ဆိုင်ကလေးထဲမှ ပျံ့လွင့်လာသော စိုင်းစိုင်း ခမ်းလှိုင်ရဲ့ ဂွတ်ဘိုင်ဆိုသော သီချင်းက သူ့ကို လှောင်ပြောင် သရော်နေသလိုပင် ခံစားနေရ၏။

သူမကို လက်လွှတ်မဆုံးရှုံးချင်သော ဆန္ဒတွေက ရင်ဘတ် တစ်ခုလုံးနှင့် အာရုံအသိစိတ်တွေထဲမှာ ယိမ်းထိုးတွန်းကန်နေကြ၏။

ကိုယ်က လွှတ်တဲ့ငါး ကြီးတာမှ မဟုတ်တာ၊ ကိုယ့်ရင်ထဲက ခံစားချက်ရင့်ရင့်တွေကို သူမလေး သိအောင် ဖွင့်ပြောဖို့ အခွင့် အရေးတွေ ကြံဖန်လွဲခဲ့ရတာပါ။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



# အပိုင်းခွဲ(၁၈)

"ကျွန်မကို ဒီနေရာကို လာဖို့ ဘာဖြစ်လို့ ချိန်းရတာလဲ ရှင်း"

သူမအမေးနဲ့ သူမရဲ့မျက်နှာသွင်ပြင် ပျော့ပျောင်းခြင်း မရှိသောဟန်တွေက သူတို့နှစ်ယောက်ကြားမှာ စည်းတစ်ခု ခြားလိုက်သလို ခံစားရ၏။

ထိုနည်းတူစွာပင် . . .

ဆုံးရှုံးရတော့မည်မှန်း ရှစ်ဆယ်ရာခိုင်နှုန်းလောက် ကျိန်း





သေနေသော ထိုဆုံးရှုံးမှုကို အလွယ်တကူ လက်မခံချင်သော လူ့သဘာဝအရ စိတ်ကို ရဲဆေးတင်ပြီး လည်ချောင်းဝမှ စကားလုံးတွေ ပွင့်အန်ကျလာအောင် အားယူလိုက်သည်။

"ကျွန်တော်မျှော်လင့်ခဲ့ရတဲ့ အခွင့်အရေးတစ်ခုကို ရှီးရာရှေ့မှာ ဖွင့်ပြောချင်လို့ပါ"

"ဒါဟာ . . . ကျွန်တော်ရဲ့နောက်ဆုံးတောင်းဆိုချက် တစ်ခုပါ။ တကယ်တော့ ကျွန်တော့်ရဲ့အားနည်းချက်တွေ ဖြစ်တဲ့ လူတစ်ဖက်သားကို ငဲ့ကွက်တဲ့စိတ် အားနာတဲ့စိတ် ကိုယ့်ကိုယ်ကို ယုံကြည်မှုနည်းခဲ့တဲ့စိတ်တွေဟာ နောက်ဆုံးတော့ ကျွန်တော့်ဘဝမှာ အကြီးစား ဆုံးရှုံးမှုတစ်ခုနဲ့ ရင်ဆိုင်စေခဲ့ရတယ်"

ရှီးရာထံမှ ခပ်တိုးတိုး ရယ်မောနေခြင်းဖြင့် သူမစိတ်ထဲမှ ခံစားချက် အစစ်အမှန်ကို ဟန်ဆောင်ဖုံးကွယ်ဖို့ ကြိုးစားနေလေ၏။

ဒါကို ရှင်း အမှန်တကယ် ရိပ်မိခဲ့ပါသည်။

တဆိတ် . . . ဖုံးကွယ်ဖို့ မကြိုးစားပါနဲ့။ မင်းရဲ့မျက်လုံးတွေက မင်းစိတ်ရဲ့ပြတင်းပေါက်တစ်ခုပဲ။ လူတစ်ယောက်မှာ မျက်လုံးဆိုတာ အိပ်ပျော်နေတဲ့အချိန်ကလွဲပြီး နိုးထနေချိန်တွေမှာ ရင်ထဲက စိတ်ခံစားမှုကို လုံခြုံအောင် ထိန်းမပေးနိုင်ပါဘူး။ အခု မင်းရဲ့မျက်လုံးတွေထဲကနေပြီး မင်းရဲ့ရင်တွင်းခံစားချက်တွေကို ငါမြင်နေရပြီ ရှီးရာ။ ဒီအတွက် ဆက်ပြီးရင်ဖွင့်ပါရစေတော့။

"ကျွန်တော် ရှီးရာကို ချစ်တယ်၊ အခုမှ ချစ်တာ မဟုတ်ဘူးနော်၊ ရှီးရာနဲ့ စတွေ့ကတည်းက ချစ်ခဲ့တာ"

ရှီးရာ ခပ်ဆွေးဆွေးလေး ရယ်လိုက်သည်။ ထိုရယ်ခြင်းမျိုးကို ရှီးရာထံမှာ တွေ့ရှိတာ ဒါဟာ ပထမဆုံးအကြိမ်ပါပဲ။

"အဟင်း . . . ဟင်း . . . ဟင်း . . . အဲဒါကို အခုမှ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ခါနီးမှာ ပြောရသလား ရှင်းရယ်၊ ကျွန်မ သားလေးတွေ သမီးလေးတွေ ပိုင်ဆိုင်လာတဲ့အချိန်ကျမှ လာပြောပါတော့လား"

ရိုးရာတို့ အပီအပြင်ကို ရွဲ့နေလေပြီ။ အင်းလေ. . . သူလဲ ခံစားချက် ရှိနှင့်နေသူတစ်ယောက်ပဲ။

"ကျေးဇူးပြုပြီး မရွဲ့ပါနဲ့ ရိုးရာရယ်၊ အဲဒီအတွက် ကျွန်တော့်ရဲ့အားနည်းချက်အမှားကို ရိုးရာရှေ့မှာ ဝန်ခံခဲ့ပြီးသားပါ"

"အခုမှ ဝန်ခံတော့ရော. . . အဲဒီဝန်ခံချက်တွေနဲ့ ရှင်ဖွင့်ပြောလာတဲ့ ချစ်တယ်ဆိုတဲ့ စကားလုံးကို ရောမွှေပြီး ကမ္ဘာအပြင်ဘက်ကို ပက်ဖြန်းပစ်ချင်လောက်အောင်ကို ကျွန်မ နာကျင်ခဲ့ရတယ်၊ ဒါကို ရှင်ကတော့ ဘယ်သိမှာလဲ ရှင်း၊ ကျွန်မက ရှင့်အချစ်ကို ရှင့်ထက် အရင်စောပြီး မျှော်လင့်ခဲ့ရတာပါ"

"ရှင်က မိန်းကလေးဖြစ်ခဲ့ပြီး ကျွန်မက အချစ်တွေကို တောင်းခံခွင့်ရှိတဲ့ ယောကျ်ားတစ်ယောက်သာဖြစ်ခဲ့ရင် ခုချိန်လောက်ဆို ကျွန်မတို့ ဘဝနှစ်ခု ပေါင်းစည်းနေလောက်ပြီလေ၊ ဒါပေမယ့် ကျွန်မက မိန်းမဖြစ်ခဲ့တော့ အဲဒီအခွင့်အရေးကို ရင်နာနာနဲ့ ဆုံးရှုံးခဲ့ရတယ်"

"ကျွန်တော်ကြားထားတဲ့သတင်းတွေက အမှန်တွေပဲလား၊ အဲဒါတွေသာ အမှန်တကယ်ဆိုရင် ရိုးရာ အဲဒီလူနဲ့ လက်ထပ်စရာမလိုဘူး၊ ရိုးရာတို့ရဲ့အခက်အခဲကို ကျွန်တော်တို့ အတူလက်တွဲပြီးဖြေရှင်းကြရအောင်၊ ကျွန်တော့်ကို ယုံပါ"

"ရှင်းရယ်. . . ရှင့်အဖြစ်က လွတ်တဲ့ငါးကြီးဆိုသလို ဖြစ်နေပါလား၊ အဟင်း. . . ဟင်း. . . ကျွန်မဝန်ခံပါတယ်။ တစ်ချိန်တုန်းက ရှင့်ဆီက တောင်းဆိုမှုတစ်ခုကို မျှော်လင့်ခဲ့တယ်၊ ကျွန်မဘက်ကလည်း ပေးဖို့ အဆင်သင့် ပြင်ဆင်ခဲ့တယ်၊ ဒါပေမယ့် ကျွန်မ





မျှော်လင့်ချက်တွေက ရှင့်ရဲ့ဥပေက္ခာပြုမှုတွေ၊ အေးတိအေးစက်မထုံတက်တေးနိုင်မှုတွေအောက်မှာ ပြိုဆင်းခဲ့ရတယ်၊ အဲဒီတော့ ကျွန်မရင်တွေ တဖြည်းဖြည်း နာကျင်လာတယ်၊ ကလေးတစ်ယောက်လို ငိုချင်ရက်လက်တို့ ဖြစ်နေတဲ့အချိန်မှာ ကံကြမ္မာက ကျွန်မဘဝကို တဆစ်ချိုး ပြောင်းလဲပေးခဲ့တယ်၊ အဲဒီအတွက် ကျွန်မမှာ ရွေးချယ်ပိုင်ခွင့် မရှိခဲ့ဘူး"

"ရိုးရာ လက်ထပ်မှာ ဘယ်သူလဲ၊ သူကရော ရိုးရာကို အချစ်တွေ အပြည့်အဝ ပေးနိုင်မလား၊ ပြီးတော့ ရိုးရာကို တစ်သက်လုံး စိတ်ချမ်းသာအောင် ထားနိုင်ပါ့မလား"

ရိုးရာအတွက် အမှန်တကယ် စိတ်ပူ၍ မေးလိုက်ခြင်းပါ။ ရိုးရာရဲ့ပွင့်လင်းတဲ့စိတ် ရဲတင်းသွက်လက်ပြီး မဟုတ်မခံ ဆတ်ဆတ်ကဲ့ စိတ်တွေကို ဒီလူက သိမထားတော့ ရိုးရာအပေါ် နားလည်စာနာမှုတွေ ကြင်နာမှုတွေ အပြည့်ပေးနိုင်မလား။ ပြီးတော့ ရိုးရာအတွက် အကောင်းဆုံး ကာကွယ်မှုတွေကို ပေးနိုင်မလား။ သူကတော့ ဒါတွေအားလုံးတင် မကဘူး။ ကိုယ့်ရဲ့အသွေးအသက် ဘဝကိုပါ ရိုးရာအတွက် ပေးဆပ်ရဲသူပါ။

"လောကမှာ ကြိုတင်မှန်းဆလို့မရတဲ့အရာတွေက ဒုနဲ့ဒေးပါ ရှင်းရယ်၊ ဖြစ်မလာသေးတဲ့အကြောင်းအရာတွေကို တွေးပူပြီးကျွန်မကတော့ ကိုယ့်စိတ်ကိုယ် ပြန်မညှဉ်းဆဲဘူး၊ လောကမှာ ကိုယ်သူ့ကို ပေးဆပ်သလောက်နဲ့ တန်တဲ့ မေတ္တာတရားကတော့ သူ့အလိုလို ပြန်လာမှာပါ၊ ကျွန်မ သူ့ကို မချစ်ပေမယ့် မယားကောင်းတစ်ယောက်အဖြစ်နဲ့ ရပ်တည်ပေးလို့ ရပါတယ်၊ ဒီအချစ်နဲ့တင် သူနဲ့ကျွန်မကြားက ခိုင်မာမှုအတွက် လုံလောက်တဲ့ အားသာချက်ပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"လူတိုင်းလူတိုင်း သူတို့ဘဝအတွက် သူတို့ ဘယ်လိုအာမခံချက်မှ မပေးနိုင်ပါဘူး၊ အဟင်းဟင်း. . . လောကမှာ အာမခံချက် ပေးနိုင်တဲ့အရာ တစ်ခုပဲ ရှိတယ် ရှင်းရဲ့၊ အဲဒါက ဘာလဲဆိုတော့ သူတို့ရဲ့အချစ်တွေ၊ သံယောဇဉ်တွေ၊ ပိုင်ဆိုင်မှုတွေ၊ နာကျင်ဝမ်းနည်းမှုတွေနဲ့ စုစည်းထားတဲ့ ဒုက္ခတွေ သုခတွေကို ကျော်ခိုင်းပြီး ငါသည် တစ်နေ့ သေရမည်ဆိုတဲ့ အာမခံချက်ပဲ ပေးနိုင်တယ်၊ အဲဒီသေခြင်းတရားကလွဲပြီး သူတို့ဘဝကို သူတို့ လုံခြုံအောင် မကာကွယ်နိုင်ကြပါဘူး"

"ကျွန်မနဲ့ လက်ထပ်မယ့်သူဟာ ဘယ်သူလဲဆိုတာတော့ ရှင်သိထားသင့်ပါတယ်လေ၊ Top Rose ဆောက်လုပ်ရေး ကုမ္ပဏီက ဒါရိုက်တာ ခနောင်းမင်းတဲ့"

ရိုးရာနှုတ်ဖျားမှ အစီစဉ်တကျ ထွက်လို့လာတဲ့ စကားအဆုံးမှာ လူက ရိုးရာရှေ့မှာ ပြိုလဲကျသွားရလောက်အောင် အံ့သြခြင်းတွေ မယုံကြည်နိုင်ခြင်းတွေက မျက်ဝန်းမှတဆင့် မျက်နှာပေါ်သို့ ပြိုဆင်းကျလာကုန်ကြ၏။

"ဘာ. . . ခနောင်းမင်း ဟုတ်လား"

"ဟုတ်တယ်လေ. . . ဘာလဲ. . ရှင်နဲ့ သိလို့လား၊ သိတယ်ဆိုရင်တော့ ကျွန်မအတွက် အခွင့်အရေး ရတာပေါ့၊ အဲဒီအခွင့်အရေးက ဘာလဲဆိုတော့ ရိုးရာကို တစ်သက်လုံး စိတ်ချမ်းသာအောင် ထားပါလို့ အပ်ပေးပေါ့၊ အဲဒီအခါကျရင် ရှင့်မျက်နှာနဲ့ ကျွန်မကို သူက တစ်ဘဝလုံးအတွက် စိတ်ချမ်းသာအောင် ထားမှာပါ"

ရိုးရာရဲ့ခနဲ့နေသော ရိသဲ့သဲ့ စကားလုံးတွေဟာ အဆိပ်လူးထားတဲ့ မြှားတစ်ချောင်းလို သူ့ရင်ကို ထုတ်ချင်းခတ် စူးရှ





နာကျင်စေ၏။

"ကိုယ်ပြောတာကို အလေးအနက် နားထောင်ပေးပါ ရိုးရာ၊ ဒီအချိန်ဟာ ရိုးရာတစ်ဘဝလုံးအတွက် အရမ်းကို အရေးကြီးနေတဲ့အချိန်ကို ရောက်နေပါပြီ၊ ဒါကြောင့် ကျွန်တော် ရိုးရာဆီက မဖြစ်မနေ အခွင့်အရေးတစ်ခု တောင်းချင်တယ်၊ အဲဒီအခွင့်အရေးကို ပေးလိုက်လို့ ရိုးရာတစ်ဘဝလုံးစာအတွက် ကျွန်တော့်ကို ကျေးဇူးတွေ တင်နေလိမ့်မယ်"

ရိုးရာရဲ့မျက်ဝန်းတွေက ကိုယ့်ရဲ့မျက်ဝန်းတွေကို ပုစ္ဆာတစ်ပုဒ်၏ အဖြေရှာသလိုပုံစံမျိုးနှင့် ကြည့်ကာ. . .

"ပြောကြည့်လေ. . . ကျွန်မ လိုက်လျောနိုင်မယ့် အခွင့်အရေးမျိုးကို တောင်းတာဆိုရင်တော့ မငြင်းပါဘူး"

"ကျွန်တော်နဲ့ တစ်နေရာကို ခဏလောက် လိုက်ခဲ့ပေးပါ၊ မကြာပါဘူး. . . နာရီဝက်လောက်"

လက်မှ နာရီကို ငုံ့ကြည့်ရင်း. . .

"အင်း. . . တစ်နာရီလောက်ဆိုရင် ပိုပြီးအဆင်ပြေမှာပါ"

ရှင်းရဲ့စကားကြောင့် ရိုးရာ အတွေးတစ်မျိုးပေါက်သွားကာ မျက်နှာတစ်ခုလုံး ဒေါသနှင့် ရဲရဲနီသွား၏။

"ဒါက ဘာသဘောလဲ ရှင်း"

ရိုးရာထံမှ သူ့ကို မယုံကြည်သော အကြည့်အပြောတွေ ထွက်ပေါ်လာသဖြင့် အချိန်မီ ရှင်းပြရန် ကြိုးစားလိုက်၏။

"ဟာ. . . မဟုတ်ဘူး ရိုးရာ၊ တလွဲမတွေးပါနဲ့၊ သေချာတာက ရိုးရာကို ကားတင်ပြေးမလို့ မဟုတ်ဘူးဆိုတာပဲ၊ ရိုးရာ မသိသေးတဲ့ မြှုပ်ကွက်တစ်ခုကို ကျွန်တော်က ဖော်ထုတ်ပေးရုံပါ၊ ရိုးရာဘဝအတွက် အချိန်လွန်နှောင်တတွေနဲ့ သောကမပွေစေချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ရှင်းစကားကြောင့် ရိုးရာ တစ်ချက်တွေဝေသွားပြီး ရှင်းအား စူးစမ်းသောအကြည့်ဖြင့် မသိမသာ အကဲခတ်လိုက်ရင်း. . .

"ကောင်းပြီလေ. . . ရှင်းကို ကျွန်မယုံပါတယ်၊ ရှင်းနဲ့ ကျွန်မဟာ အရင်ကလည်း သူငယ်ချင်းတွေ နောင်တစ်ချိန်လည်း သူငယ်ချင်းအဖြစ်' နေသွားကြရမှာပဲ၊ အဲဒီလောက်တော့ ကျွန်မဘက်က လိုက်လျောပေးရမှာပေါ့"

ရိုးရာရဲ့လိုက်လျောမှုတွေကြောင့် ရှင်းမျက်နှာမှာ မျှော်လင့်ချက်ဖြင့် အရောင်တွေ လဲ့ပြီးသွား၏။

ပြီးနောက်မှာတော့ ရိုးရာရဲ့လက်ကို ဆွဲပြီး ဘုရားကုန်းပေါ်ကနေ အသိစိတ် ကင်းမဲ့နေသူတစ်ယောက်လို အလျင်မြန်ဆုံးခြေလှမ်းတွေနဲ့ ဆင်းလာခဲ့၏။

သူဆွဲခေါ်ရာကို အနောက်က ဘုမသိဘမသိ ပါလာရတဲ့ ရိုးရာရဲ့မျက်ဝန်းမှ ကြွေလွင့်သွားသော မျက်ရည်စက်အချို့ကိုတော့ ရှင်း မတွေ့လိုက်ရပါဘူး။

ကားလမ်းမပေါ် ရောက်တော့ တက္ကစီတစ်စီးကို အမြန်လှမ်းတားလိုက်ပြီး. . .

"သံလွင်လမ်းကို မောင်းပါ အစ်ကို"

ဟု ကားဆရာကို ပြောလိုက်ပြီး ကားပေါ် တက်လိုက်ကြသည်။

ကားထွက်သည်နှင့် ရှင်းသည် ရိုးရာအား ဘာစကားမှဆိုခြင်းမရှိဘဲ ကားကူရှင်ကျောမှီကို မှီကာ မျက်စိစုံမှိတ်ပြီး လိုက်လာသည်။

ရှင်း တကယ်ခံစားနေရတာပဲဆိုတာကို သိတော့ ရိုးရာရဲ့ ရင်ထဲမှာ မကောင်း။ လောကကြီးမှာ ကိုယ်ဖြစ်ချင်တာတွေ ဖြစ်ခွင့်





မရတာလောက် ကြေကွဲထိခိုက်ဖို့ကောင်းတာ မရှိနိုင်တော့ဟု သိမြင်နိုင်သည်မှအပ ကိုယ့်မှာ ထွက်ပေါက်မရှိ။



www.burmeseclassic.com

www.burmeseclassic.com





# အပိုင်းခွဲ(၁၉)

ခြံဝင်းကျယ်ကြီးတစ်ခုရှေ့ကို ကားက ငြိမ့်ကနဲ ထိုးရပ်လိုက်သည်နှင့် ရှင်းမျက်လုံးများ ပွင့်လာသည်။

သူက ကားပေါ်မှ အရင်ဆုံး ဆင်းလိုက်ပြီး. . .

"ရောက်ပြီ ရိုးရာ. . . ဆင်းတော့"

ဟု ဆိုပြီး ကားဆရာကိုတက္ကစီခရှင်းပေးနေ၏။

ရိုးရာမှာသာ ခြံဝန်းကျယ်ကြီးနှင့် ခန့်ညားသောတိုက်ကြီးကို ကြည့်ပြီး ရင်ထဲမှာ နားမလည်နိုင်ခြင်းတွေ တသီတတန်းကြီးတိုးဝှေ့ဝင်ရောက်နေ၏။ ဘာတွေဖြစ်ကုန်လို့လဲ၊ ဘာကြောင့် ရှင်း





က သူမကို ဒီအိမ်ကြီးဆီကို ခေါ်လာရတာလဲ။

ဂနာမငြိမ်သောစိတ်တို့သည် စိတ်ဆတ်သော မြင်းရိုင်းတစ်ကောင်လို ခန္ဓာကိုယ်ထဲမှာ ဝုန်းဒိုင်းကြဲနေလေပြီ။

အိမ်ကြီးရဲ့အဝင်ဝ တံခါးဆီသို့ ရောက်တော့ အိမ်ထဲမှ အမျိုးသမီးကြီးတစ်ဦး ထွက်လာပြီး ရှင်းကို မြင်တော့ အံ့ဩဝမ်းသာသွားပြီး ပျာယာကို ခတ်သွား၏။

"ဟယ်. . . ရှင်း. . . ရှင်းပြန်လာပြီ"

"မမကြီးရော. . . အန်တီသက်"

"ရှိတာပေါ့ ရှင်းရဲ့၊ သူ့အခန်းထဲမှာလေ"

ဟု ပြောပြီး အားရဝမ်းသာဖြင့် အခန်းထဲကို အပြေးတစ်ပိုင်းဖြင့် အိပ်ပဲ့အိပ်ပဲ့ ဝင်သွားပြီး. . .

"ညီလေး. . . ညီလေးရေ. . . ရှင်း ပြန်လာတယ်တော့"

ဟု လှိုက်လှဲသော ဝမ်းခေါင်းသံကြီးနှင့် သတင်းသွားပို့၏။

"လာ. . . ရိုးရာ၊ ကျွန်တော်တို့ မမကို ဝင်တွေ့ရအောင်"

ရိုးရာလည်း ဘာမှန်းမသိ ညာမှန်းမသိနဲ့ လိုက်သာလာရသယ်။ ရှေ့ဆက် ဘာတွေဖြစ်လာမလဲဟု ရင်တထိတ်ထိတ်နဲ့ ဖြစ်နေရှာ၏။

အခန်းကျယ်ကြီးရဲ့အလယ်ဗဟိုတည့်တည့်တွင် ရှိနေသော ခုတင်ကြီးပေါ်မှာတော့ ရှင်းနှင့် ရုပ်ချင်း ခပ်ဆင်ဆင်တူသည့် အမျိုးသမီးတစ်ဦးကို ပက်လက်အနေအထားနှင့် တွေ့လိုက်ရ၍ သူ့မမာတစ်ယောက်ဟု စိတ်ထဲမှာ အလိုလို မှတ်ချက်ချလိုက်၏။

ညှိုးရော်နေသော ထိုအမျိုးသမီးမျက်နှာမှာ အပြုံးရိပ်ကလေးတစ်ခု ဖြတ်ပြေးသွား၏။

"မမကြီး"



www.burmeseclassic.com

www.burmeseclassic.com



"မောင်လေး. . . အခုတော့ မင်း အိမ်ပြန်လာပြီပေါ့နော်"

ရှင်းက အစ်မဖြစ်သူရဲ့ဘေးတွင် တစောင်း ဝင်ထိုင်လိုက်ပြီး အစ်မဖြစ်သူ့ရဲ့ဖြူဖွေးနေသော လက်အစုံကို ဆွဲယူဆုပ်ကိုင်လိုက်ပြီး. . .

"အပြီးပြန်လာတာ မဟုတ်သေးပါဘူး မမ၊ ကိစ္စရှိလို့ ခဏပြန်လာတာပါ၊ ဒါနဲ့ ဟိုကောင် ခနောင်းရော ပြန်မရောက်သေးဘူးလား"

ခနောင်းရဲ့နာမည်ကို ကြားတော့ ရိုးရာစိတ်ထဲ ထိတ်ခနဲဖြစ်ကာ စိတ်ထဲမှာ ဝေခွဲမရသော ခံစားမှုတစ်ခု လှစ်ခနဲ ဝင်လာသည်။

ခနောင်းနဲ့ သူတို့နဲ့ ဘာများ ပတ်သက်နေလို့လဲပေါ့။

"သူကတော့ ထုံးစံအတိုင်းပဲပေါ့ မောင်လေးရယ်၊ ဒီအိမ်ကြီးမှာ သူနေရတာ သူ့အတွက် ငရဲကျနေသလို ခံစားရလို့ ကုမ္ပဏီမှာပဲ အိပ်တာများပါတယ်"

ရှင်းမျက်နှာမှာ အစ်မဖြစ်သူရဲ့စကားကြောင့် တင်းမာသွားသည်ကို ရိုးရာ သတိထားမိလိုက်၏။

"မမကို ကွာရှင်းပေးဖို့ကိစ္စရော ခုထိ ပြောနေတုန်းပဲလား"

ရှင်းရဲ့မေးခွန်းကြောင့် ရိုးရာစိတ်တို့သည် လိပ်ပြာလွင့်သွားမတတ် တုန်လှုပ်ချောက်ခြားသွားရ၏။

ဘုရား. . ဘုရား. . ဒါတွေဟာ တကယ့်အမှန်တရားလား။

"ကွာရှင်းဖို့ကိစ္စကတော့ သူပြန်လာတိုင်း ကြားနေကျစကားတွေဖြစ်လို့ ရိုးအီနေပါပြီ မောင်လေးရယ်၊ ဒါပေမယ့် မမ ခနောင်းကို အပြစ်မတင်ပါဘူးကွယ်၊ ကျေးဇူးတရားတွေနဲ့ ငဲ့ညာ





ထောက်ထားစရာတွေကြောင့် မမဘဝထဲကို သူ ဝင်ခဲ့ရတာပဲ"

မမရဲ့အသံတွေက တိုးဖျော့တုန်ယင်နေသည်။

"မမ သူ့ရဲ့လွတ်လပ်မှုတွေကို ဘောင်တစ်ခုထဲမှာ ထပ်ပြီး ထည့်မထားချင်တော့ပါဘူး၊ ကိုယ့်ကိုယ်ကို မပိုင်တဲ့ ဒီခန္ဓာကိုယ်အပြင် တခြား ဘာကိုများ ဖက်တွယ်နေရအုံးမှာလဲ"

"ဒါကြောင့် မနေ့ကပဲ သူ့ရုံးခန်းကို ဆက်သွယ်လိုက်တယ်၊ ကွာရှင်းစာချုပ် လာယူဖို့ပေါ့၊ တအောင့်နေရင် သူလာယူတော့မယ်"

မမကြီးရဲ့မျက်ရည်ဝဲ့ မျက်ဝန်းကို ကြည့်ပြီး ရှင်း ရင်ထဲမှာ မကောင်း။

"မမကြီး ခံနိုင်ရည် ရှိလို့လား"

ရှင်းရဲ့အမေးကို မမကြီးက နွမ်းလျသော နှုတ်ခမ်းအစုံဖြင့် တွန့်ကွေး မဲ့ပြလိုက်ပြီး. . .

"ကိုယ့်ကို မခင်တွယ်တဲ့ ယောကျ်ားတစ်ယောက်ကို ဖက်တွယ်နေတဲ့အတွက် သူရော မမကြီးရော တစ်ယောက်မှ အကျိုးမရှိနိုင်ပါဘူး မောင်လေးရယ်၊ သူ့ဘဝကို သူ့စိတ်ကြိုက် ဖန်တီးခွင့်ပေးလိုက်ပါပြီ၊ ဒါမှလည်း မမကြီး အသေဖြောင့်မှာလေ"

မမကြီးရဲ့အကြည့်တွေက ရိုးရာဆီသို့ ဖျတ်ခနဲ ရောက်ရှိလာပြီး ခပ်ယဲ့ယဲ့လေး ပြုံးပြရှာ၏။

"သူလေးကရော ဘယ်သူလဲ ရှင်း"

"ကျွန်တော့်ရဲ့ Girl Friend ပါ မမ"

ရှင်းရဲ့အဖြေစကားကြောင့် မမကြီးက အသံခပ်တိုးတိုးလေး ထွက်အောင် ရယ်လိုက်ပြီး. . .

"အဟင်း. . ဟင်း. . ထူးတော့ ထူးဆန်းနေပါပြီ၊ ငါ့မောင်လေးက ဘယ်တုန်းကမှ Girl Friend မထားခဲ့ဘူးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အချိန်နဲ့အမျှ လူတွေရဲ့စိတ်တွေဟာ အမြဲတမ်း ပြောင်းလဲနေကြတာ မမကြီးရယ်၊ အဓိက,က အဲဒီပြောင်းလဲမှုက အမှန်တရားဘက်ကို ဦးတည်နေဖို့ပဲ မဟုတ်လား"

"အင်း. . . ငါ့မောင်လေး တော်တော်ရင့်ကျက်နေပြီပဲ၊ ဒါဆိုရင်တော့ ဒယ်ဒီတို့နဲ့ လှမ်းတိုင်ပင်ပြီး လုပ်ငန်းလွှဲပြောင်းဖို့ကိစ္စတွေ အကောင်အထည်ဖော်မှပဲ"

ရှင်းက မမကြီးစကားကို စိတ်မဝင်စားဟန်ဖြင့် ဘာမှ ပြန်၍တုန့်ပြန်ခြင်း မရှိဘဲ လက်မှ နာရီကို ငုံ့ကြည့်လိုက်ပြီး ရိုးရာထံသို့ လှမ်းကြည့်လိုက်သည်။

တစ်နာရီဆိုတဲ့အချိန်က မကြာခင် ပြည့်တော့မှာလေ၊ ရိုးရာကို ဒီကိုခေါ်လာရတဲ့ ရည်ရွယ်ချက်ဟာ ဘာလဲဆိုတာကိုလည်း သူမအနေနဲ့ သဘောပေါက်သင့်ပြီလို့ ရှင်း ယူဆလိုက်ပါ၏။

"ကဲ. . . ကျွန်တော် ပြန်တော့မယ် မမကြီး၊ နောက်မှ ကျွန်တော် ပြန်လာခဲ့ပါ့မယ်"

ရှင်းက အစ်မဖြစ်သူရဲ့နဖူးပြင်မှ ဆံစလေးတွေကို သပ်တင်ပေးပြီး ချွေးသိပ်လိုက်သည်။

ပြီးနောက် ထိုင်ရာမှ ထကာ အခန်းထဲမှ ပြန်ထွက်လာခဲ့လိုက်သည်။

ရိုးရာက ထင်မှတ်မထားသော ပြဿနာဆိုးကြီးကို ရင်ဝယ်ပိုက်ပြီး ရှင်းအနောက်မှ စိတ်နှင့်ကိုယ်နှင့် မကပ်စွာ ထွက်လာရ၏။

အခန်းအပြင်ရောက်တော့ စောစောက အမျိုးသမီးကြီးတို့ ရှင်းက. . .

"အန်တီသက်. . . ကျွန်တော့်ကားသော့ သွားယူပေးပါ"

ထိုအမျိုးသမီးကြီးက ရှင်းရဲ့စကားကို ပျာပျာသလဲဖြင့်. .





"အေး. . အေး. . သား၊ အန်တီသက် သွားယူပေးမယ်"

ဟု ဆိုပြီး အပေါ်ထပ်သို့ ကပျာကယာ တက်သွားပြီး တအောင့်ကြာတော့ ပြန်ဆင်းလာ၏။

"ရော့. . . သား"

ကားသော့ကို လှမ်းယူပြီး ရိုးရာဘက်ကို လှည့်ကာ. . .

"ခြံထဲမှာ စောင့်နေနော်၊ ကျွန်တော် ဂိုဒေါင်ထဲမှာ ကား သွားထုတ်လာခဲ့မယ်"

ဟု ဆိုပြီး ရိုးရာရှေ့မှ တည်ငြိမ်သောခြေလှမ်းတွေဖြင့် ထွက်သွားလေ၏။

အို. . . အဖြစ်တွေက ဆန်းကြယ်လိုက်တာ၊ မထင်ထားဘူး၊ ဒီလိုတွေ ဖြစ်လာလိမ့်မယ်လို့လည်း ထင်မထားခဲ့မိပါဘူး၊ ဒါဟာ ခနောင်းရဲ့ပိရိသေသပ်သော လှည့်ကွက်ကြောင့်လား၊ ဒါမှမဟုတ် ကိုယ့်ရဲ့မိသားစု အခက်အခဲ ပြဿနာတစ်ခုကို ဖြေရှင်းချင်တာနဲ့ တစ်ဘဝလုံးစာအတွက် ကိုယ့်နှလုံးသားထဲက ခံစားမှုတွေကို ဥပေက္ခာပြုပြီး ခနောင်းရဲ့လက်ထပ်ခွင့်ကို ခေါင်းညိတ်ခဲ့တဲ့ ကိုယ့်ရဲ့ အပေါ်စားဆန်လွန်းတဲ့ စိတ်ဓါတ်ညံ့ဖျင်းမှုတွေကြောင့်လား။

သေချာတာကတော့ လောကကြီးက ရိုးရာအတွက် တမင်အကွက်ချ ဖန်တီးပေးထားတဲ့ အင်မတန်မှ အရုပ်ဆိုး အကျည်းတန်လွန်းတဲ့ အဖြစ်ဆိုးကြီးတစ်ခုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



# အပိုဒ်ခွဲ(၂၀)

"အို. . . ဘုရား. . . ဘုရား၊ ကိုယ်ကျိုးတော့ နည်းကုန်ပါပြီ ကိုရှိန်းရေ၊ ကျုပ်တို့ကြောင့် ကျုပ်တို့သမီးလေး သူများအငယ်ဘဝကို ရောက်တော့မယ်"

အမေ့မှာ ရင်ဘတ်စည်တီး မျက်ရည်လည်ရွဲနဲ့ သောက ပရိဒေဝတွေကို သမီးဖြစ်သူအတွက် ရက်ရက်ရောရော တောက် လောင်နေရှာ၏။

အဖေ့မှာလည်း လက်သီးတဆုပ်ဆုပ် တောက်တခေါက် ခေါက်နဲ့ နတ်ဝင်သည်တစ်ယောက်လို ခန္ဓာကိုယ်က တဆတ်ဆတ်





တုန်လို့။ သူ့ရှေ့မှာ ခုနေ ခနောင်းမင်းဆိုတဲ့ကောင် ရှိနေလို့ကတော့ 'မင်းလားကွ. . . မယားကြီး ရှိရက်သားနဲ့ ငါ့သမီးကို လက်ထပ်ဖို့ မျက်နှာပြောင်တိုက်ပြီး ငါတို့ဆီမှာ ခွင့်တောင်းတာ' ဆိုပြီး မရေတွက်နိုင်သော လက်သီးချက်တွေကို ဒီကောင့်ပါးပေါ်ကို တရစပ် ပစ်သွင်းမိမှာ။

"တော်သေးတာပေါ့ကွာ. . . အချိန်တွေ မလွန်ခင် သိရလို့ နို့မို့ဆို ငါ့သမီးဘဝ မတွေးရဲစရာပဲ"

အဖေနှင့်အမေခမျာ သူ့ကြောင့် မချိတင်ကဲ ခံစားနေရ တာကို မြင်ရလေ သူမရဲ့ရင်တွေ ရှက်စိတ်ကြောင့် တဆစ်ဆစ် နာကျင်ရလေပါပဲ။

နာကျင်ခံခက်လွန်းသောကြောင့် နှုတ်ခမ်းတွေကို ပြတ်လု မတတ် ကိုက်ထားမိသည့်အဖြစ်။ ဆိုးဝါးလွန်းပေစွ။

"ဒီနေ့ညနေ ဒီကောင် အိမ်လာမယ့်ရက် မဟုတ်လား၊ သမီးရှောင်နေလိုက်၊ အဖေ ဒီကောင်နဲ့ အပြတ်ရှင်းမယ်"

အမေက သမီးဖြစ်သူ အရှက်တကွဲ အကျိုးနည်းဖြင့် ပတ် ဝန်းကျင်အလယ်မှာ တံတွေးခွက် ပက်လက်မျောရမယ့်အဖြစ် ရောက်မှာစိုး၍ တားသည်။

"ကိုရှိန်းရယ်. . . ပြဿနာတစ်ခုကို ဒေါသနဲ့ မဖြေရှင်းပါ နဲ့၊ ခေါင်းအေးအေးနဲ့ ဘာလုပ်သင့်တယ်ဆိုတာကို စဉ်းစားပါအုံး တော်"

"ဒီကိစ္စကို အဖေတို့ အမေတို့ ဝင်မပါနဲ့တော့၊ သမီးဘာ သာ သမီးရှင်းမယ် ဖေဖေ၊ သမီးတို့မိသားစု အရေးပြဿနာကို ပတ်ဝန်းကျင်တစ်ခွင်လုံး ဟိုးလေးတကျော်ကျော် ဖြစ်မှာကို မလို လားဘူး၊ အဲဒီလို ဖြစ်သွားမှာကိုပဲ သမီးရှက်တာ၊ ဒါကြောင့် သမီး



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာကို သမီးကိုပဲ ရှင်းခွင့်ပြုပါ အမေ"

မိဘနှစ်ပါးကို ထိုသို့ ချွေးသိပ်လိုက်ရ၏။

ထင်သည့်အတိုင်းပင်၊ ညနေလဲ ရောက်ရော ခနောင်းရဲ့ ကားလေးက အိမ်ရှေ့ကို ငြိမ့်ခနဲ ထိုးရပ်လိုက်သည်။

သူ ကားပေါ်မှ မဆင်းခင် ကိုယ်အရင်ဦးဆုံး သူ့ကားနား လျှောက်သွားလိုက်ပြီး. . .

"ခနောင်း. . . ကျွန်မတို့ တစ်နေရာမှာ အေးအေးဆေး ဆေး သွားစကားပြောကြရအောင်"

ရိုးရာဆီမှ တစ်ခါမှ မဘောင်းဖူးသော တောင်းဆိုမှု တစ်ခုကြောင့် ခနောင်းရင်ထဲ ငြိမ့်ငြိမ့်ကလေးနှင့် မြူးသွားရ၏။

သူက အဲဒီလို အခွင့်အရေးမျိုးကို မျှော်လင့်နေတာ ကြာပြီ ပဲ။

"OK ရိုးရာ၊ ဒါဟာ ကိုယ်သိပ်လိုချင်တဲ့ အခွင့်အရေး တစ်ခုပဲ၊ ကဲ. . . တက်၊ ကိုယ်တို့ ဘယ်နေရာမှာ ဆွေးကြမလဲ"

"ရှင့်ဘာသာပဲ ရွေးလိုက်ပါ"

"ကောင်းပြီလေ. . . ရိုးရာ စိတ်တိုင်းကျမယ့် နေရာ တစ်ခုခုကို သွားကြတာပေါ့"

ကားကို အိမ်ရှေ့မှ မောင်းထွက်ခဲ့၏။

"ရိုးရာ ကိုယ့်ကို ပြောစရာ တိုင်ပင်စရာတွေ ရှိနေတယ် ထင်တယ်၊ ဩော်. . . တိုင်ပင်စရာဆိုလို့ ကိုယ်တို့အပြန်ကျရင် ဖိတ်စာတွေ အပ်ထားတာ ဝင်ရွေးရမယ်နော်၊ ပြီးရင်ကိုယ်နဲ့ ရိုးရာတို့ မင်္ဂလာဆောင်ပြီးရင် နေဖို့ အိမ်ကလေး ဆောက်နေတာ အားလုံး လက်စသတ်ပြီးသွားပြီ၊ Decoration တွေ အရမ်းလှတယ်၊ အပြန် အဲဒီကို ဝင်ကြည့်ကြမယ်၊ လိုအပ်တာလဲ ရှိချင်ရှိနေမှာလေ၊ ရိုးရာ





မကြိုက်တဲ့ ဒီဇိုင်းတွေ ပြောင်းပေးမယ်၊ အိမ်လေးကို အီတလီ စတိုင် လေး ဆောက်ထားတာ၊ ရိုးရာတွေ့ရင် အရမ်းကို သဘောကျသွား မှာ"

ကားမောင်းနေရင်းနဲ့ စကားတွေကို သူတယောက်တည်း မမောတမ်း ဒိုင်ခံပြောလာသည်။

ကားလေးကို ကန်တော်ကြီးစောင်းထဲသို့ ချိုးကွေ့ဝင်လိုက် ပြီး အပင်ရိပ်ကြီးကြီးအောက်တွင် ကားကို ရပ်လိုက်ပြီး ရိုးရာအား အနည်းငယ် အသိမ်မွေ့ဆုံးအကြည့်ဖြင့် ကြည့်လိုက်ပြီး. . .

"ကိုယ်တို့ ကားပေါ်မှာပဲ အေးအေးဆေးဆေး ထိုင်မလား၊ ကိုယ် Aircon ဖွင့်လိုက်မယ်၊ ဒါမှမဟုတ် လေကောင်းလေသန့် ရှူချင်တယ်ဆိုရင်တော့ ဟောဟိုက ခုံတန်းလေးမှာ သွားထိုင်ကြရ အောင်"

အပြုံးမပါတဲ့ အေးစက်စက်အသံဖြင့် ငြင်းဆန်လိုက်သည်။

"ဟင့်အင်း. . . ကျွန်မ ကားပေါ်မှာပဲ ထိုင်ချင်တယ်"

တင်းမာအေးစက်သလောက် လှပလွန်းတဲ့ မျက်နှာလေး ကို တရှိုက်မက်မက် ငေးမောလိုက်ရင်း ခနောင်း စိုးရိမ်တကြီး မေးလိုက်သည်။

"ရိုးရာ ဘာဖြစ်နေတာလဲဟင်၊ ရိုးရာပုံစံ ကြည့်ရတာ တစ် ခုခုကို ဘဝင်မကျ ဖြစ်နေပုံပဲ"

ရင်ထဲမှာ နာကျင်စွာဖြင့် လှိုင်းထလာသောဒေါသတွေကို သူ မသိအောင် တိတ်တိဆိတ် ချွေးသိပ်ဖြေလျှော့လိုက်ပြီး. . .

ကားကို အုပ်မိုးထားသော အပင်ကြီးအထက်မှ ကျီးငှက်တို့ အော်သံတွေဟာ ကိုယ့်ရဲ့အဖြစ်ဆိုးကြီးကို ဝိုင်းပြီးလှောင်ပြောင် သရော်နေကြသည်ဟုပင် ထင်ရလောက်အောင် အရာရာဟာ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



အတွက်တော့ ငြိမ်းချမ်းမှုတွေ ဆိတ်သုန်းနေလေရဲ့။

"အဟင်း. . ဟင်း. . ရှင်ဟာ မိန်းမတစ်ယောက်ကို လက်ထပ်ဖို့အတွက် ကိုယ့်ရဲ့အတိတ်က ပုံပြင်တွေကို ဘာဖြစ်လို့များ လုံခြုံအောင် မထုပ်ပိုးမိခဲ့သလဲ ခနောင်းရယ်"

ရိုးရာရဲ့အပြောကြောင့် ခနောင်း မျက်စိမျက်နှာပျက်သွားရသည်။

ကိုယ့်ရင်ထဲက အပျော်တွေကို အတိတ်မှာ ချန်ထားခဲ့တဲ့ အမှန်တရားတစ်ခုက ချုံခိုတိုက်ခိုက်ကုန်ကြပြီ ထင်၏။ အားလုံး တစ်စစီ အငွေ့ပျံ ပျော်ကျကုန်၏။ ဒါပေမယ့် သူ သိပ်ချစ်ရသော ကောင်မလေးရှေ့မှာ သွေးပျက်ချောက်ခြားသွားဖို့ မလိုအပ်ဘူးဟု ထင်၍ သူ ဟန်မပျက် ပြုံးနိုင်အောင် ကြိုးစားလိုက်သည်။

"ရိုးရာ ပြောတာတွေ ကိုယ်တစ်ခုမှ သဘောမပေါက်ဘူး၊ အဟင်း. . . ကိုယ် ဉာဏ်မမီတာလဲ ဖြစ်မှာပါ"

"အိပ်ချင်ယောင်ဆောင်တဲ့သူက အနှိုးရခက်တယ်ဆိုတဲ့ စကားပုံက ရှင့်ကိုများ ရည်ရွယ်နေသလားဟင်၊ ဒီတော့ ကျွန်မ ပွင့်ပွင့်လင်းလင်းပဲ ပြောမယ် ခနောင်း၊ ရိုးရာဆိုတဲ့မိန်းမဟာ ဂုဏ်တွေ ငွေတွေ မချမ်းသာပေမယ့် အရှက်သိက္ခာတရားတွေကတော့ ကျွန်မရဲ့အိမ်တစ်လုံးအပြည့် ချမ်းသာတယ်ရှင့်"

"ကျွန်မဟာ ဂုဏ်သိက္ခာရှိတဲ့ အမျိုးသမီးတစ်ယောက်အဖြစ်နဲ့ လောကအလယ်မှာ ရပ်တည်နေသလို ကျွန်မ လက်ထပ်တဲ့ ယောကျ်ားတစ်ယောက်ဆီမှာလည်း အဲဒီဂုဏ်သိက္ခာတွေကို ခေါင်းပေါ် ရွက်ထားစေချင်တာ၊ ခုတော့ အဲဒါတွေ ရှင့်မှာ တစ်ခုမှ မရှိဘူး၊ အိမ်ထောင်ရှိရက်နဲ့ သူများ သားပျိုသမီးပျိုကို လက်ထပ်ရဲတဲ့ ရှင့်ရဲ့ညံ့ဖျင်းလွန်းတဲ့စိတ်ဓါတ်ကို ကျွန်မ အော်ဂလီဆန်တယ်"





ခနောင်းရဲ့ သွေးပျက်နေသော အမူအယာတွေကို သူမရဲ့ နာကျင်သောအကြည့်တွေက ရှုံ့ချကဲ့ရဲ့နေလေ၏။

သူမလေးရဲ့အမှန်တရားတွေကို သူက ဘယ်လိုအင်အား ဘယ်လိုသတ္တိမျိုးနဲ့ ချေဖျက်ပစ်ရပါ့မလဲ၊ ရင်ထဲမှာတော့ သူမကို အမှန်တကယ် ချစ်ခဲ့တာပါ။

"ကိုယ်. . ကိုယ်. . စိတ်ကူးလွဲသွားတာပါ၊ အမှန်တကယ်ဆို ဒီအတိတ်က ကျန်ခဲ့တဲ့ကိစ္စတွေကို ရိုးရာကို ကြိုပြောထားခဲ့ဖို့ ကောင်းတာ၊ ကိုယ့်ရဲ့ရည်ရွယ်ချက်က ကိုယ်တို့နှစ်ယောက်ရဲ့အချစ်တွေကို အခိုင်အမာ ချည်နှောင်ပြီးမှ ဒီကိစ္စတွေကို ရိုးရာ သိအောင် ဖွင့်ပြောပြမယ်"

"ကိုယ်တို့နှစ်ယောက်ရဲ့ချည်နှောင်ပြီးသား သံယောဇဉ်ကြိုးတစ်ချောင်းကို အဲဒီအရေးမပါတဲ့ အကြောင်းအရာ သေးသေးလေးက ဘယ်လိုအင်အားမျိုးနဲ့မှ မဖြတ်တောက်နိုင်ဘူးလို့ တွေးမိပြီး ရိုးရာဆီက အချစ်တွေကို အရင်ဆုံး ရအောင် ကြိုးစားယူခဲ့မိတာပါ၊ အဲဒီအတွက် ကိုယ့်ကို ခွင့်လွှတ်နားလည်ပေးပါလို့ ကိုယ်တောင်းပန်ပါရစေ"

"ရှင် သိပ်ကို အတ္တဆန်ပါလား ခနောင်း၊ ဒီနည်းလမ်းသုံးလိုက်လို့ မိန်းမတစ်ယောက်ရဲ့ဂုဏ်သိက္ခာ ဘယ်လောက်ကျဆင်းသွားသလဲဆိုတာ ရှင် နည်းနည်းမှ မတွေးမိဘူးလား၊ ဒီအကြောင်းအရာတွေကိုသာ ကျွန်မ စောပြီး မသိခဲ့ရင် ကျွန်မဘဝဟာ မယားငယ်ဘဝနဲ့ အများရဲ့ကဲ့ရဲ့ရှုတ်ချခြင်းတွေကို ခံရတော့မှာ"

ရိုးရာရဲ့တင်းမာပြတ်သားလွန်းသော စကားလုံးရင့်ရင့်တွေကြောင့် ခနောင်း ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး. . .

"ဟာ. . . ရိုးလေး ဘယ်လိုပြောလိုက်တာလဲ၊ ကိုယ့်ဘဝမှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိုးလေး ဘယ်လောက်အရေးပါသလဲဆိုတာ ရှိုးလေး သိရက်သားနဲ့ကွာ၊ ကိုယ် အရင်က အိမ်ထောင်ရှိခဲ့တယ်ဆိုတာ ဟုတ်တယ်၊ ကိုယ် မငြင်းဘူး၊ ဒါပေမယ့် အဲဒီအမျိုးသမီးကို ကိုယ် လုံးဝမချစ်ခဲ့သလို ကိုယ့်ရဲ့ဇနီးမယားတစ်ယောက်လို ဘယ်တုန်းကမှလည်း ပတ်သက်ဆက်နွှယ်မှု မရှိခဲ့ဘူး"

လျှာအရိုးမရှိတဲ့ သတ္တဝါတွေထဲမှာ ယောကျ်ားတွေလဲ ပါမယ့် ထင်ပါရဲ့၊ ပြောနေတဲ့ပုံစံကိုက ပြုံတော့မယ့်မိုးလို အုံ့မှိုင်းရီဝေဖျော့တော့နေသည်။

"သူ့ကို ကိုယ်လက်ထပ်ခဲ့တဲ့နေ့မှာပဲ သူ့ဆီမှာ B ပိုး ရှိနေတယ်ဆိုတာ ကိုယ်သိခဲ့ရတယ်၊ ဒါကြောင့် ကိုယ်တို့နှစ်ဦး မောင်နှမလိုပဲ နေထိုင်ခဲ့ကြတယ်၊ အရင်တုန်းကတည်းကလည်း ကိုယ့်ရင်ထဲမှာ မမညိုကို ချစ်တဲ့စိတ် နည်းနည်းလေးမှတောင် ရှိခဲ့တာမှ မဟုတ်တာ"

"ကိုယ်ဟာ သူ့မိဘတွေရဲ့ ဝန်ထမ်းတစ်ယောက် ဖြစ်ခဲ့သလို ငယ်စဉ်ကတည်းကလည်း ကိုယ့်ရဲ့ပညာရေးကို တာဝန်ယူခဲ့လို့ ဒီကျေးဇူးတရားတွေကို ထောက်ထားပြီး သူတို့ရဲ့ဆန္ဒအရ မမညိုကို လက်ထပ်ခဲ့ရတယ်၊ ကိုယ် မမညိုကို လက်ထပ်ပြီးမှ မမညိုရဲ့မိဘတွေက ကုမ္ပဏီကို ကိုယ့်ကို တာဝန်ပေးခဲ့ပြီး သူတို့က နိုင်ငံခြားကို ထွက်သွားကြတယ်"

"ပြည့်စုံချမ်းသာခြင်းတွေက ကိုယ့်လက်ထဲကို အလွယ်တကူ ရောက်လာပေမယ့် ကိုယ့်ဘဝ အထီးကျန်ခဲ့တယ်၊ ရှိုးလေးနဲ့တွေ့တော့မှ အထီးကျန်ခြင်းတွေထဲက ကိုယ် လွတ်မြောက်ခဲ့ရတာပါ၊ ကိုယ် ရှိုးလေးကို ချစ်တယ်၊ တစ်ခါမှ မချစ်ဖူးတဲ့အချစ်နဲ့ ချစ်ခဲ့တာပါ၊ အခု ကိုယ်လေ. . . မမညိုဆီမှာ ကွာရှင်းခွင့် ယူပြီးသွားပြီ၊





ကိုယ့်မှာ ကွာရှင်းပြတ်စဲခြင်းစာချုပ် ရှိတယ်၊ ရှိုးလေး မယုံရင် ကိုယ် ယူလာပြပေးပါ့မယ် ရှိုးလေးရယ်"

စကားဆုံးသည်နှင့် ခံစားမှုထဲတွင် ကြေကွဲခြင်းတွေက တုန်ခါပြီး ကျွန်ရစ်သဖြင့် အနားသတ်တွေက အင်အားမဲ့နေကြ၏။

ရှိုးရာရဲ့လက်အစုံကို ဆွဲယူဆုပ်ကိုင်လိုက်ပြီး နင့်သီး မောဟိုက်စွာ အသနားခံ၏။ ကတိတွေ ပေး၏။

"ရှိုးလေးရယ်. . . မင်းကို ဘယ်လိုနည်းနဲ့မှ ကိုယ့်ရဲ့ကီပင်တစ်ယောက်အဖြစ် လောကမှာ ရပ်တည်ခွင့် မပေးရက်ပါဘူး၊ ရှိုးလေးဟာ ကိုယ့်ရဲ့အချစ်ဦးပါ၊ ရှိုးလေး လက်ထပ်မယ့် ယောကျ်ားတစ်ယောက်ဟာ ဘယ်မိန်းကလေးကိုမှ မချစ်ခဲ့ဖူးတဲ့ ယောကျ်ားပျိုစစ်စစ်တစ်ယောက်ဆိုတာ စိတ်ချလက်ချ ယုံကြည်လိုက်ပါ"

သူ ဘယ်လောက်ပဲ အာပေါက်အောင် ရှင်းပြနေပါစေ၊ ရှိုးရာ သူ့ကို လက်မထပ်လိုပါ၊ သူ့ကို လက်ထပ်ရင် ရှင်းရဲ့အထင်သေး ရှုတ်ချသောအကြည့်တွေကို သူ့တစ်ဘဝလုံး အလူးအလှိမ့်ခံရတော့မှာ။ ဒါကို သူ နည်းနည်းမှ ခံနိုင်ရည်မရှိ။

"ဝမ်းနည်းပါတယ် ခနောင်းရယ်၊ ကျွန်မ ရှင့်ကို လက်ထပ်ဖို့ လုံးဝမဖြစ်နိုင်တော့ပါဘူး"

ရှိုးရာရဲ့ တုန့်ပြန်မှု စကားများသည် သူ့အတွက်တော့ သွေးအေးရက်စက်လွန်းသည်ဟု ခနောင်း ထင်မိပါ၏။

ချစ်သောသူနှင့် ကွေကွင်းရမည့်အရေးဟာ သူ့ခန္ဓာကိုယ်ထဲက နှလုံးသည်းဆိုင်များကို သွေးပျက်အေးခဲလွန်းသော ဝေဒနာအသစ်တွေ ဖြစ်ပေါ် စေ၏။

"ရှိုးလေးရယ်. . . တခဏ၊ ကိုယ့်ကို ရှုံးသွပ်သွားစေမယ့် စကားမျိုးတွေနဲ့ အနိုင်မယူပါနဲ့၊ ကိုယ်တောင်းပန်ပါတယ်၊ ဒီအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုးကြီးတွေက ကိုယ်လွတ်မြောက်အောင် ကြိုးစားခဲ့ရတဲ့ ရလာဒ်ဟာ ချစ်သူရဲ့လမ်းခွဲစွန့်ခွာခြင်း ဆိုတာကြီး မဖြစ်ပါရစေနဲ့”

ယောက်ျားတစ်ယောက်ရဲ့မျက်ရည်ကို မြင်ဖူးခြင်းဟာ သူမအတွက် ပထမဦးဆုံးအကြိမ် ဖြစ်ပါသည်။

အရူးတစ်ယောက်လို သွေးရူးသွေးတန်းနှင့် မျက်ရည်ကျကာ တောင်းပန်တိုးလျှိုးနေတဲ့ ခနောင်းရဲ့ပုံစံကို ကြည့်ပြီး အမှန်တကယ် ရင်နင့်ရပါသည်။ ဒါပေမယ့်ကွယ်. . . ကျွန်မ ရူးသွပ်စွဲလမ်းခဲ့ဖူးတဲ့ ရှင်းရဲ့အစ်မ ဖြစ်နေတာကိုက ကျွန်မတို့ရဲ့ခွဲခွာခြင်းကို ခိုင်မာစေတဲ့ တွန်းအားတစ်ရပ် ဖြစ်နေပါပြီ။

ရှင်းရဲ့အမြင်မှာ ကျွန်မဟာ ငွေမက်ပြီး အဖြစ်မှန်ကို သိသိကြီးနဲ့ ခနောင်းကို လက်ထပ်ပါတယ်ဆိုတဲ့ စွပ်စွဲချက်ကြီးရဲ့နောက်မှာ သူများရဲ့မယားငယ်တစ်ယောက်အဖြစ် လျှောင်ပြီး ထေ့လုံးတွေနဲ့ ကျွန်မရဲ့ဘဝကို ထိုးနှက်တော့မယ်။

ဒါဟာ ကျွန်မအကြောက်ဆုံး ထိုးနှက်စော်ကားမှုကြီးပါပဲ။





# အပိုဒ်ခွဲ(၂၁)

ကျွန်မဟာ ခနောင်းကို ရှောင်တဲ့အနေနဲ့ အမေ့ရဲ့ဇာတိမြို့လေးရှိ အမေ့ရဲ့ညီမဆီကို ခြေရာဖျောက်ပြီး လာနေလိုက်ပါတယ်။

ခနောင်းနဲ့ တစ်ဖက်သတ် လမ်းခွဲခဲ့ပြီးဖြစ်သလို ရှင်းနဲ့လည်း ထပ်ပြီးရင်မဆိုင်ချင်တော့၍ ဖြစ်သည်။

အိမ်ပေါင်ထားတဲ့ကိစ္စကတော့ အိမ်ကို ရောင်းပြီး ဆပ်စရာ ရှိသော အကြွေးတွေကို ဆပ်ခဲ့ပြီး အဖေတို့ အမေတို့ပါ ဒီမြို့လေးမှာ အခြေချဖို့ မကြာခင် လိုက်လာကြတော့မည်ဖြစ်သည်။

ဖြစ်ပျက်ခဲ့တဲ့ အကြောင်းအရာတွေဟာ မျက်စိတမှိတ်အတွင်းမှာ အပြောင်းလဲကြီး ပြောင်းလဲခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေသာ အိပ်မက်တစ်ခု ဖြစ်ခဲ့မယ်ဆိုရင် အဲဒီအိပ်မက်ဆိုးကြီးထဲကနေ အမြန်နိုးထချင်ပါသည်။ ဒါပေမယ့် ဒါတွေဟာ အိပ်မက်တစ်ခုမှ မဟုတ်ခဲ့ဘဲ။

အရာအားလုံးကို ကံကြမ္မာကိုသာ ရိုးမယ်ဖွဲ့လိုက်ချင်ပါသည်။ ကိုယ့်ရဲ့ကျန်ရှိနေသေးသော အနာဂတ်အတွက် ကိုယ့်ရဲ့ ယိုင်နဲ့နေတဲ့စိတ်တွေ ပြန်မတ်လာအောင် အင်အားအသစ်တွေ ထပ်ပြီးမွေးရအုံးမယ်လေ။

ခုတော့ အချစ်တွေက ကိုယ်နဲ့အဝေးဆုံးမှာ ကျန်ခဲ့ပြီး ကိုယ့်ကို စောင့်ကြည့် လှောင်ပြောင်နေကြပြီလားတောင် မသိ။

"ဆရာမ"

တပည့်လေးတစ်ယောက်ရဲ့ခေါ်သံကြောင့် အတွေးတွေကို ပြန်လည်စုရုံးသိမ်းဆည်းလိုက်ပြီး ကျောင်းသားလေးကို လှည့်ကြည့်လိုက်သည်။

"ဘာများလဲ မောင်ဇင်ယော်"

မောင်ဇင်ယော်ဆိုသော ကျောင်းသားလေးက ကျောင်းရဲ့ ပရိဝုဏ်အပြင်ဘက်ကို လက်ညှိုးလှမ်းထိုးပြပြီး. . .

"ဆရာမ ရှိလားလို့ ဟောဟိုက ဖွားဖွားကြီးက မေးနေလို့ပါ"

ကလေး ညွှန်ပြရာကို ကြည့်လိုက်တော့ ရင်ထဲမှာ ဝမ်းသာမှုတွေက လှိုက်ခနဲ ခုန်ထသွားသည်။

"ဟင်. . . အမေ"

ဝမ်းသာဝမ်းနည်း မျက်ရည်တွေကို ကျောင်းသားလေးတွေရှေ့မှာ မကျအောင် ထိန်းချုပ်ပြီး အမေ့ဆီကို အပြေးလေး ပြေးလာခဲ့လိုက်၏။





"သမီး. . . အမယ်လေး. . . လာကြည့်ပါအုံး၊ ငါ့သမီးပုံစံလေးက တကယ့်ကို ရင့်ကျက်သွားပါလားကွယ်၊ သမီးဒေါ်လေးက ရွာဦးကျောင်းမှာ လုပ်အားပေးဆရာမလေး ဝင်လုပ်နေတယ်ဆိုလို့ အမေက ဝမ်းသာနေတာ၊ ဘယ်လိုလဲ သမီး၊ ဒီမှာ နေသားကျသွားပြီလား"

"နေသားကျအောင် ကြိုးစားနေပါတယ် အမေရယ်၊ ဒါနဲ့ အဖေရောဟင်၊ ရန်ကုန်က အိမ်ကို တစ်ခါတည်း ရောင်းလာလိုက်ပြီလား"

အမေက သူမအမေးကို မိန့်မိန့်ကြီး ပြုံးပြီး ခေါင်းကို ခပ်ဖြေးဖြေး ခါလိုက်သည်။ အမေ့မျက်နှာမှာ သောကအရိပ်တွေ ထင်ဟပ်မနေတာကို သူမ သတိထား ကြည့်မိလိုက်၏။

"သမီးထင်သလို တစ်ခုမှ ဖြစ်မလာဘူး သမီး၊ အမေတို့ကို နတ်ကောင်းနတ်မြတ်တွေ ကြည့်ရှုစောင်မနေတယ် ထင်ပါရဲ့ကွယ်"

"ဘာတွေ ဖြစ်ကုန်လို့လဲ အမေ"

သိချင်စိတ်ဖြင့် အမေ့ကို အလောတကြီး မေးလိုက်သည်။

"အိမ်ကို ရောင်းစရာ မလိုတော့ဘူး သမီးရဲ့၊ ကိုလေးက အမေတို့အိမ်ကို သူ့ယောက္ခမတွေရဲ့လက်ထဲက ရွေးထုတ်ပေးလိုက်ပြီတဲ့."

ရင်မှာ အတိုင်းမသိ ဝမ်းသာသွားမိပါ၏။

"ဆွေဆွေလည်း ပါတယ်၊ ခရီးပန်းလာလို့ဆိုပြီး ကျန်ခဲ့တယ်၊ သမီး ကျောင်းဆင်းမှ အေးအေးဆေးဆေး ဆက်ပြောကြတာပေါ့၊ အမေ သွားပြီး အိမ်က စောင့်နေမယ်နော် သမီး"

"ဟုတ် အမေ"

ဝမ်းသာခြင်း ပီတိတွေကြောင့် စာသင်ရတာ[illegible] စိတ်



www.burmeseclassic.com

www.burmeseclassic.com



မဖြောင့်ချင်တော့။

ကျောင်းဆင်းတော့ အိမ်ကို အပြေးတစ်ပိုင်းဖြင့် ခပ်သွက်သွက် လျှောက်လာလိုက်၏။ အရပ်ထဲက လူတွေကတော့ ဒီဆရာမလေး ဘာဖြစ်လို့ ရေးကြီးသုတ်ပျာနဲ့ သွားနေပါလိမ့်။ ကေန္တ လမ်းလျှောက်ပြိုင်ပွဲအတွက် လေ့ကျင့်နေတယ်လို့ပင် ထင်လောက်၏။

အိမ်ရောက်တော့ ဆွေဆွေ့အသံကို စပြီးကြားရ၏။

"ဟယ်. . . ချာမကြီး ပြန်လာပြီ၊ မီးမီးကို တကြိမ်း. . ထမ်းတင်ပေးပါ ချာမကြီး၊ အဟင့်. . ခစ်. . ခစ်. . ခစ်"

ရိုးရာ အတည်ပေါက်နှင့် ပြန်နောက်လိုက်သည်။

"ငါ့ကို ဒီအထိအောင် လိုက်ပြီးနှောင့်ယှက်တယ်ပေါ့လေ"

ဆွေဆွေက ပြုံးဖြီးဖြီးလေးနှင့် ခေါင်းလေး ငုံ့ကာ ကလေးတစ်ယောက်လို အမူအယာနှင့်. . .

"လိုက်နှောင့်ယှက်တာ မဟုတ်ပါဘူး ချာမ၊ ချာမကို ဝမ်းသာစရာ သတင်းတစ်ခု တယ်လာပေးတာပါ"

"ဟယ်. . . ထွန်းသက်နဲ့ လိုင်းပူးသွားပြီ ထင်တယ်၊ ထွန်းသက်နဲ့ တစ်လေသံတည်း၊ အေးပေါ့လေ. . . ဒါမှ ရှေ့သွားနောက်လိုက် ညီမှာပေါ့"

"အမ်. . . မိန်းမနော်၊ ဘာစကားပြောတာလဲ၊ ဒီကောင့်ကိုများ မစဉ်းစားသေးဘူး သိလား၊ ငါက နိုင်ငံခြားမှာ အလုပ်သွားလုပ်ပြီး ဟောလိဝုဒ်က မင်းသားတွေကိုပဲ ယူမှာ"

ဆွေဆွေ့စကားကြောင့် အမေရော ဒေါ်လေးပါ သဘောတကျနဲ့ ရယ်လိုက်ကြ၏။ သူမမှာသာ အံ့ဩလွန်း၍ မရယ်နိုင်ဘဲ. .

"နင်က နိုင်ငံခြား သွားမလို့ ဟုတ်လား"

"ဟုတ်ပါ့. . . နင့်ကို အဲဒီသတင်းကောင်းလေးကို ငါက





အလေးခံပြီး သယ်လာပေးတာပါနော်၊ နင် အရမ်းကို အံ့ဩရင်ခုန်သွားစေရမယ်"

"အဟာ့. . . ငါတို့အိမ်မရောင်းရတော့ဘူးဆိုတဲ့ သတင်းလောက် ရင်ခုန်စရာ ကောင်းပါ့မလား"

"အမလေး. . . ရှိပါ့"

"အလဲ့. . . တယ်ဟုတ်ပါလား၊ လျှောက်တင်စမ်းပါအုံး"

သူမရဲ့ အထက်စီးနင်း လေသံကြောင့် မျက်စောင်းကို တပျာကယာ ထိုးလိုက်ပြီး. . .

"ငါ နိုင်ငံခြား ကုမ္ပဏီတစ်ခုမှာ အလုပ်သွားလုပ်ရမယ်၊ အဲဒါ နင်ပါ ငါနဲ့အတူလိုက်ခဲ့၊ နင် တစ်ချိန်က ပြောခဲ့ဖူးတဲ့စကားကို ငါ မှတ်မိသေးတယ် သိလား၊ ငါသာ နိုင်ငံခြား သွားခွင့်ရရင် အဲဒီအခွင့်အရေးကို ကောင်းကောင်းအသုံးချပြီး ငါ့မိဘတွေကို အဆင့်အတန်းမြင့်မြင့် ထားမယ်ဆိုတာလေ၊ အခု နင့်ဆီကို အဲဒီအခွင့်အရေးက တန်းတန်းမတ်မတ် ရောက်လာပြီလေ၊ ဘယ်လိုလဲ ငါနဲ့ လိုက်မယ် မဟုတ်လား"

ဆွေဆွေ့စကားကြောင့် သူမဟာ မဖြစ်နိုင်ပါဘူးဆိုတဲ့ မျှော်လင့်ချက်တွေ ဆိတ်သုဉ်းသော အပြုံးယဲ့ယဲ့ဖြင့် ခေါင်းကို ခပ်ဖြည်းဖြည်း ခါလိုက်သည်။

"အဟင်း. . . နင်က ပြောတော့သာ လွယ်တာ၊ နိုင်ငံခြားသွားတယ်ဆိုတာ ဟိုနားဒီနား သွားသလို ပိုက်ဆံ ငါးရာတစ်ထောင်လောက် ကိုင်ပြီး သွားလို့ရတာ မဟုတ်ဘူး၊ နင်နဲ့အတူ နိုင်ငံခြားကို လိုက်ဖို့. . . ဘယ်မှာလဲ ကုန်ကျစရိတ်ငွေ၊ အဟီး. . . ငါ့အဖေကို ငွေတွင်းတစ်တွင်း တူးခိုင်းလိုက်မယ်. . . OK"

"ကျွတ်. . . နင် အဲဒါတွေ ပူမနေပါနဲ့ဟာ၊ အလေးကြီးတာ



www.burmeseclassic.com

www.burmeseclassic.com



ငါနဲ့အတူ လိုက်မလား မလိုက်ဘူးလားဆိုတာပဲ ပြော"

သူမနှင့် ဆွေဆွေ ပြောနေသော အချေအတင် စကားဝိုင်းလေးကို အမေသည် ပြောင်းဖူးဆေးလိပ်ဖက်ကို ဖွာရှိုက်ရင်း နားထောင်နေ၏။ ပြီးတော့ အမေ့မျက်နှာမှာ အပြုံးယောင်ယောင်လေးတွေ ထင်ဟပ်နေ၏။ အမေလဲ သိနေပြီးသားပဲလေ။

သူမ အမေ့ကို လှမ်းကြည့်ကာ စစ်ကူတောင်းလိုက်သည်။

"ဟုတ်တယ် သမီးရဲ့၊ သမီးသာ လိုက်မယ်ဆိုရင် ဆွေဆွေ့အဖေက သူစိုက်ပြီး အကုန်အကျ ခံပေးမယ်တဲ့၊ နောက်မှ အရစ်ကျ ပြန်ဆပ်ပါတဲ့"

အမေကတော့ ဆွေဆွေ့လို ဝေ့လည်ကြောင်ပတ် မပြော၊ ဒဲ့ပဲ ပြောသည်။ အမေ ဒဲ့ပြောမှပဲ သူမလည်း ဇာတ်ရည်လည်တော့၏။

ဒီတော့မှ သူမမျက်နှာ အရောင်လေး ပြန်တောက်လာ၏။

"တကယ်. . . ဟား. . . ဒါဆို အရမ်းကို အဆင်ပြေတာပေါ့၊ သမီး သွားမယ် အမေ၊ ဒါမှ အမေတို့ကို သမီး ချမ်းချမ်းသာသာနဲ့ ထားနိုင်မှာ၊ သမီး လိုက်သွားမယ်နော် အမေ"

"သမီးကို မခွဲနိုင်ပေမယ့် မကန့်ကွက်ရက်ပါဘူး သမီးရယ်၊ သမီးရဲ့အနာဂတ်ကို သမီးစိတ်တိုင်းကျသာ ခြယ်လှယ်ပေတော့"

ဒါဆို သူမ ရန်ကုန်ပြန်လိုက်ရုံပဲ ရှိတော့တာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ရဲ့အနာဂတ်ကို ပုံစံတစ်မျိုးနဲ့ ဖန်တီးနိုင်ဖို့ အခွင့်အရေးက ပေးလာပြန်ပြီလေ။





# အပိုဒ်ခွဲ(၂၂)

ရန်ကုန်မြေကို ခြေနင်းမိတာနဲ့ ဒဏ်ရာတွေက အကင်းမသေသေးဘူးဆိုတာ ဘာသာ သိလိုက်ပါသည်။

နာကျင်လောင်မြိုက်ခြင်းတွေက ရန်ကုန်မြို့ရဲ့အေးမြလတ်ဆတ်တဲ့ လေပြေနှင့်အတူ ကိုယ့်ရင်ထဲ တိုးဝင်ကုန်ကြ၏။

ထင်ကျန်ရစ်ခဲ့သောအတိတ်သည် ပတ်ဝန်းကျင်တွင် ချပြစရာ လက်ဆုပ်လက်ကိုင် မဲ့နေလေပြီ။

ကိုယ့်အဖို့တော့ အိပ်မက်က နိုးလာသူတစ်ယောက်လို ကိုယ့်ရဲ့အတိတ်ကို လက်ဆုပ်လက်ကိုင် ပြစရာမရှိတဲ့ အိပ်မက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ ထားခဲ့ချင်ပါသည်။ ဖြစ်နိုင်မယ်ဆိုရင်ပေါ့။

ယိုင်နဲ့နဲ့ ခြေလှမ်းတွေဟာ ကိုယ့်ရဲ့အိမ်ရှေ့ရောက်သည်နှင့် အံ့သြခြင်းများစွာတို့ကြောင့် အားအင်ပြန်လည်ပြည့်တင်းလာသူလို စိတ်အာရုံတွေ အနည်းငယ် လန်းသွား၏။

ကြည့်စမ်း. . . အမေ ဘာကြောင့် အိမ်ရှေ့မှာ စတိုးဆိုင်လေး ဖွင့်ထားတယ်ဆိုတာ သူမကို မပြောခဲ့တာပါလိမ့်။

သိချင်ကြားချင်စိတ် ကြီးစိုးသော အာရုံတွေနှင့်အတူ အမေ့ဘက်ကို ဆတ်ခနဲ လှည့်လိုက်ပြီး. . .

"အမေ. . . ဒီ. . ဒီစတိုးဆိုင်လေးက ဘယ်သူဖွင့်ထားတာလဲ"

အမေက သူမ အမေးကြောင့် ပြုံးသည်။

"သမီးအဖေလေ. . . သူက သမီးကို မပြောပါနဲ့အုံးတဲ့၊ သူ ဒီကိုရောက်မှ တွေ့ပါစေတဲ့"

အဖေသည် ဆိုင်လေးထဲမှ ဝမ်းသာအားရ ထွက်လာပြီး ဖနီးနှင့်သမီးကို ပြေးကြိုသည်။

"သမီး. . . ငါ့သမီးက မမြင်တာကြာတော့ ဆံပင်ကြီးတွေ ရှည်ပြီး လူကြီးပုံ ပေါက်သွားသလိုပဲ"

"အဲဒါ ရင့်ကျက်တယ်လို့ ခေါ်တယ်တော့"

အမေက အမိပွါယ် ဖော်ပေး၏။ သူမ အိမ်ပေါ် တန်းပြီး မတက်သေးဘဲ သပ်သပ်ရပ်ရပ်လေး ပြင်ဆင်ဆောက်လုပ်ထားသော စတိုးဆိုင်လေးကို ကြည့်ပြီး ရင်ထဲမှာ ချမ်းမြေ့နေမိသည်။

ရှိုးကေ့စ်တွေထဲမှာ အစီအရီ ထည့်ထားသော အလှပြင်ပစ္စည်းမျိုးစုံ၊ ဖန်စီလေးတွေ၊ စာရေးကိရိယာ၊ ဖိနပ်မျိုးစုံ၊ ကုန်ခြောက်ပစ္စည်းအချို့၊ ၁၈ဝတ်အထည်၊ ယိုးဒယားမုန့်မျိုးစုံ။ အို. . .





အမျိုးကို စုံလို့ပါလား၊ ဒီလို ဆိုင်တစ်ဆိုင်ဖြစ်ဖို့ အရင်းအနှီးက သိန်းငါးဆယ်အထက်မှာ ရှိလောက်သည်။

ရင်မှာ တစ်ခုခုကို စိုးရိမ်လာသည်။ ဘုရား. . ဘုရား. . ဒါ ခနောင်းမင်းရဲ့လက်ချက်များလား။

"အမေ. . . ဒါတွေကို ခနောင်းမင်းများ စီစဉ်ပေးတာလားဟင်"

အမေ့ကို မရဲတရဲ မေးမိသည်။

"အို. . . မဟုတ်တာ၊ ခနောင်းကို မေမေတို့ လက်သင့်မခံတာ သမီးလဲ သိသားနဲ့ဟာကို၊ ဒါတွေက သမီးကိုလေး စီစဉ်ပေးထားတာတွေလေ"

"အဟုတ်. . . သမီးတော့ သိပ်တောင် မယုံချင်ဘူး၊ အရင်တုန်းက ဒီလိုတာဝန်မသိခဲ့ဘဲနဲ့ ခုကျမှ ဒါတွေ လုပ်ပေးတယ်ဆိုတော့ သူ့ကောင်မက မပြောဘူးလား. . . မကန့်ကွက်ဘူးလား"

"အမေတို့လည်း အရင်တုန်းက သမီးလိုပဲ တွေးမိတာပါပဲ၊ ဒါပေမယ့် သူ့ပုံစံက ကျေးဇူးတရားကို ပြန်ပြီး သတိရ ဆင်ခြင်မိသွားတယ်နဲ့ တူပါရဲ့၊ အရင်တုန်းက ဆုရိရဲ့စကားတွေကို နားယောင်ပြီး သူ့ဘက်က မိုက်ရိုင်းခဲ့တာတွေကို ဝန်ချတောင်းပန်တယ်လေ၊ ပြီးတော့ ဦးလေးနဲ့ ဒေါ်လေးတို့ အသက်ကြီးပြီမို့လို့ ငြိမ်းငြိမ်းချမ်းချမ်း နေနိုင်အောင်ဆိုပြီး ဒီဆိုင်လေးကို စီစဉ်ပေးခဲ့တာတဲ့၊ ညည်းအဖေလဲ သူ့ဝပ်ရှော့မှာ အလုပ်သွားလုပ်စရာ မလိုတော့ဘူးလေ

အတော်ကြီး ပြောင်းလဲသွားသော ကိုလေးရဲ့စိတ်နေစိတ်ထားတွေကို အံ့သြမိရင်း ကျေးဇူးတွေလဲ အထပ်ထပ် တင်နေမိပါ၏။

ဒီလိုပုံစံမျိုးနဲ့ဆိုရင်တော့ သူမ နိုင်ငံခြားထွက်သွားလည်း



www.burmeseclassic.com

www.burmeseclassic.com



မိဘနှစ်ပါးအတွက် စိတ်ချရမယ့် အနေအထားမှာ ရှိနေပါပြီ။

စိတ်တွေ အေးသွားရပေမယ့် လူကတော့ တစ်စက်ကလေးမှ မနားရ၊ ဆွေဆွေနှင့်အတူ ဗီဇာနှင့် ပတ်စပို့စ်ကိစ္စတွေ လျှောက်လုပ်နေရ၏။

တစ်ခုသော ညနေခင်းလေးမှာပင်. . .

ဆွေဆွေ သူမ ပတ်စ်ပို့ရုံးကအပြန် ကော်ဖီဆိုင်လေးတစ်ဆိုင်မှာ ကော်ဖီဝင်သောက်ကြ၏။

အနားကို လာရပ်သော လူရိပ်တစ်ခုကြောင့် ကော်ဖီသောက်နေရင်းမှ သူမရဲ့မျက်ဝန်းကို ဖျတ်ခနဲ ပင့်မော့ကြည့်လိုက်သည်။

ရင်အစုံက ဒိုင်းခနဲ ရင်ဘတ်နံရံတွေကို အရှိန်ပြင်းပြင်း ဆောင့်ခုန်နေကြ၏။

"ရိုးလေး နေကောင်းတယ်နော်"

အနည်းငယ် ပိန်သွားပြီး ပါးပြင်မှာပါ ပါးသိုင်းမွေး မုတ်ဆိတ်မွေးတွေပင် ခပ်ရေးရေးပေါက်နေသော စိတ်ဓါတ်ကျခြင်းတွေကို ပုံစံချထားသော ခနောင်းက သူ့ကို တိုးဖျော့ဖျော့အသံဖြင့် စတင်နှုတ်ဆက်လာ၏။

သူမလည်း အယောင်ယောင် အမှားမှားဖြင့် ခေါင်းညိတ်ရင်း. . .

"ကောင်းပါတယ် ခနောင်း"

ရင်ထဲမှာ အတိတ်က အကြောင်းခြင်းရာတွေကို လှစ်ဟပြမနေတော့ဘဲ မိတ်ဆွေတစ်ဦးကို ခရီးသွားဟန်လွှဲ တွေ့လိုက်ရသလို အမူအယာမျိုး ပေါ်လွင်အောင် တုန့်ပြန်လိုက်ခြင်းသာ။

"ရိုးလေး ပျောက်သွားတာ အတော့်ကို ကြာတယ်နော်၊





ကိုယ် တစ်နေ့တစ်နေ့ ကားတစ်စီးနဲ့ ရိုးလေးကို တွေ့လိုတွေ့ငြား လိုက်ရှာသေးတယ်၊ ပုန်းတဲ့သူက လုံအောင်ပုန်းတော့လည်း ရှာလို့ဘယ်လွယ်နိုင်မလဲလေ၊ ကိုယ့်မှာ အရူးတစ်ပိုင်းကို ဖြစ်ကျန်ခဲ့တာ၊ အန်ကယ်လ်နဲ့ အန်တီတို့ဆီကိုလည်း မသွားရဲဘူးလေ၊ ကိုယ်က မရည်ရွယ်ဘဲ အမှားတစ်ခု ကျူးလွန်ထားတာကိုး"

ခနောင်းဟာ စိတ်မထိန်းနိုင်ဘဲ ရိုးရာရဲ့လက်ကလေးကို အငမ်းမရ ဆုပ်ကိုင်လိုက်ပြီး. . .

"ကိုယ့်ကို စိတ်ကောက်ပြေပါတော့ ရိုးလေးရယ်. . . အချစ်ရယ်၊ ကိုယ်ကြာရင် ရူးရလိမ့်မယ်"

ဆောရီးပဲ ခနောင်းရေ၊ ရှင် ရူးမယ်ဆိုလည်း ကျွန်မက ရှင့်ကို စိတ်ကျန်းမာရေးဆေးရုံကို အခမဲ့တောင် ပို့ပေးလိုက်အုံးမယ် သိလားဟု ရင်တွင်းက ပြောလိုက်ပြီး ခနောင်းရဲ့လက်ထဲမှ ကိုယ့်လက်အစုံကို ရုန်းဖယ်လိုက်သည်။

"လူတွေကြားထဲမှာ ကျွန်မကို အဲဒီလိုပုံစံနဲ့ မဆက်ဆံပါနဲ့ ခနောင်း၊ ကျွန်မ မကြိုက်ဘူး၊ ပြီးပြီးသားကိစ္စတွေကို အနာဂတ်စာမျက်နှာတွေပေါ် ထပ်မတင်ချင်ပါနဲ့၊ ဘာမှ ထူးလာမှာ မဟုတ်ဘူး"

သူတို့နှစ်ဦးကြားထဲမှာ ဆွေဆွေက ထိုင်ရမလို ထရမလို ဖြစ်နေ၏။

"ရိုးရာ. . . ငါ ဟိုဘက်စားပွဲဝိုင်း ပြောင်းထိုင်လိုက်မယ်နော်"

သူ့ရဲ့သောက်လက်စ ကော်ဖီခွက်နဲ့ ဆင်းဒဝစ် မုန့်ပန်းကန်ကို ယူပြီး တစ်ဖက်ဝိုင်းကို ပြောင်းထိုင်လိုက်သည်။

"အဲဒါတွေ ကိုယ် နားမလည်ချင်ဘူး၊ ကိုယ်နားလည်တာက



www.burmeseclassic.com

www.burmeseclassic.com



ရိုးကို ချစ်တယ်. . . လက်ထပ်မယ်"

ရိုးရာ စိတ်ပျက်စွာ ခေါင်းကို ခါယမ်းလိုက်သည်။

"ရှင် တော်တော် ပြောရခက်ပါလား ခနောင်းရယ်၊ ရှင့်ကို ကျွန်မ ဘယ်လိုနည်းနဲ့မှ လက်ထပ်လို့ မဖြစ်လို့ပါ၊ အရင်က လက်ထပ်ဖို့ သဘောတူခဲ့တုန်းကလည်း ကျွန်မမိဘတွေရဲ့သဘောကို မလွန်ဆန်ချင်လို့၊ ရှင့်ကို ကျွန်မ ရင်ခုန်ခဲ့လို့မှ မဟုတ်တာ"

"နောက်ပြီး ရှင်သိသင့်တယ်ထင်တဲ့ ကိစ္စတစ်ခုကို ကျွန်မ ပြောပြခဲ့ရအုံးမယ်၊ ရှင် ကျွန်မနဲ့ စတွေ့ခဲ့တဲ့ညကိုပေါ့၊ အဲဒီညမှာ ရှင့်ကို တွေ့ခဲ့တဲ့အပြင် နောက်ထပ် ယောကျ်ားပျိုတစ်ယောက်နဲ့လဲ ထပ်ဆုံသေးတယ်၊ သူ့နာမည်က ရှင်းသန့်တဲ့၊ မမညိုရဲ့မောင်ပေါ့၊ သူတို့ကိုတော့ ရှင်သိမှာပါနော်"

ထိုနာမည်နှစ်ခုကို ကြားလိုက်၍ ခနောင်း အကြီးအကျယ် တုန်လှုပ်သွားရသည်။

"ဘာ. . . ရှင်းသန့်၊ ဒါ. . ဒါဆို ဒီကိစ္စတွေအားလုံးက ရှင်းသန့်ရဲ့စနက်တွေပေါ့. . . ဟုတ်လား၊ ပြောစမ်းပါ ရိုးလေး"

"အဲဒါကို ရှင် မမေးနဲ့၊ ကျွန်မမှာ အဖြေမရှိဘူး၊ သေချာတာက ရှင်နဲ့သူ ကျွန်မဘဝထဲကို တစ်ပြိုင်နက်တည်း ဝင်လာတယ်၊ ရှင် ကျွန်မကို ချစ်ခဲ့သလို ရှင်းကလည်း ကျွန်မကို ချစ်ခဲ့တယ်၊ ကျွန်မကလည်း ရှင်းအပေါ် ပြန်လည်ရင်ခုန်ခဲ့တယ်၊ ဒီလိုအခြေအနေမျိုးမှာ ကျွန်မက ရှင်းရဲ့အစ်မ မမညိုနဲ့ ပတ်သက်ခဲ့တဲ့ ယောကျ်ားတစ်ယောက်ကို ကျွန်မက ဘယ်လိုအရှက်သိက္ခာမဲ့တွေနဲ့ လက်ထပ်ဖို့ ခေါင်းညိတ်သဘောတူရမှာလဲ၊ ဒါကြောင့် မဖြစ်နိုင်တဲ့ အခြေအနေတစ်ခုထဲကို ကျွန်မတို့ ဇွတ်အတင်း တိုးဝင်လို့ မဖြစ်ပါဘူး ခနောင်း၊ ကျွန်မ သွားတော့မယ်၊ ရှင့်အတွက် သင့်တော်မယ့်





ဘဝအဖော်မွန်တစ်ယောက် လောကကြီးရဲ့တစ်နေရာမှာ ရှိနေမှာပါ"

ခနောင်းရှေ့မှ ထထွက်လာခဲ့၏။ အမြဲတမ်း အရိပ်အကဲကြည့်နေသော ဆွေဆွေက အနောက်မှ ကပျာကယာ ထလိုက်လာခဲ့၏။

ခနောင်းကတော့ ထိုစားပွဲတွင် ကျောက်ရုပ်တစ်ရုပ်လို ငူငူကြီး ထိုင်ကျန်ရစ်ခဲ့သည်။

သူ့မျက်ဝန်းအိမ်မှာ မျက်ရည်တွေ ဝေ့ဝဲနေ၏။ အချစ်က သူ့ခန္ဓာကိုယ်တစ်ခုလုံးကို ပြာဖြစ်မတတ် လောင်မြိုက်နေပေ၏။

လူ့ခန္ဓာကိုယ်မှာ လောင်ကျွမ်းမှုဒီဂရီ အမြင့်ဆုံးမီးက လူသားတွေ မမြင်နိုင်တဲ့ အချစ်မီးပင် ဖြစ်လိမ့်မည်ထင်၏။



www.burmeseclassic.com

www.burmeseclassic.com



# အပိုဒ်ခွဲ(၂၃)

မနက်ဖြန်ဆို ရိုးရာသည် မိဘနှစ်ပါးနှင့် ကိုယ့်မွေးရပ်မြေကို ခေတ္တခဏ စွန့်ခွာရတော့မယ်။ ရင်မှာ တစ်စုံတစ်ခုကို မတင်မကျ ဖြစ်နေသည်။

ရှင်းရယ်. . . ကျွန်မ ရှင့်ကို ရှောင်ပြေးလို့ စိတ်နာသွားတာများလား၊ ဒါပေမယ့် ကျွန်မတို့က သူငယ်ချင်းတွေလေ၊ သူငယ်ချင်းတစ်ယောက်အနေနဲ့တော့ လာနှုတ်ဆက်သင့်ပါတယ်ကွယ်။

ကျွန်မ ဒီက မထွက်ခင် ရှင့်ကို တစ်ကြိမ်လောက်တော့ တွေ့သွားချင်ပါတယ်ကွယ်၊ သူငယ်ချင်းတစ်ယောက်အနေနဲ့ပေါ့။

"သမီးရေ. . . မိုးအေး ရောက်နေတယ်"





ပါးပြင်မှ မျက်ရည်တွေကို သုတ်ပြီး အခန်းထဲမှ ထွက်ခဲ့သည်။ မိုးအေးက မျက်နှာငယ်ကလေးနှင့် အိမ်ရှေ့မှာ ထိုင်နေသည်။

"ဆွေဆွေရော မပါဘူးလား"

"သူ ဘယ်ပါမလဲ၊ နှင့်လိုပဲပေါ့. . . ပစ္စည်းတွေ ထုပ်ပိုးနေတယ်၊ ငါကသာ သူငယ်ချင်းနှစ်ယောက်အတွက် တစ်အိမ်တက်ဆင်း ပစ္စည်းတွေ လိုက်ပို့နေတာ၊ နင်တို့ သိပ်ရက်စက်တာပဲ၊ ငါ့ကိုတော့ တစ်ယောက်တည်း ထားသွားတယ်၊ အဟင့်. . ဟီး. . ဟီး"

မိုးအေး မျက်ရည်ပေါက်ကြီးငယ် ကျပြီး ငိုပါလေရော။ သူပါ ရောပြီး မျက်ရည်ဝိုင်းခဲ့ရ၏။

"သူငယ်ချင်းရယ်. . . ငါတို့လည်း ဘယ်ခွဲခဲ့ချင်ပါ့မလဲဟာ၊ ဒါပေမယ့် ငါတို့ဘဝတွေအတွက် အခွင့်အရေးပေးတုန်း အဲဒီအခွင့်အရေးကို အကျိုးရှိရှိ အသုံးချရုံလောက်ပါပဲဟယ်၊ ဟိုရောက်ရင် နင့်ကို အီးမေးလ် မှန်မှန်ပို့ပါ့မယ်ဟယ်"

မိုးအေးက မျက်ရည်တွေကို လက်ခုံနှင့် ပွတ်သုတ်ရင်း မျက်နှာက အနည်းငယ်လေး ပြုံးယောင်ယောင်လေးဖြစ်သွားပြီး. .

"အေးပါဟယ်. . . အခြေအနေကောင်းရင် ငါ့ကိုပါ လှမ်းခေါ်နော်"

"စိတ်ချ. . . ဟိုမှာ ငါတို့ အခြေအနေ ကောင်းတာနဲ့ နင့်အတွက်ပါ အလုပ်ရှာထားပေးမယ်"

သူငယ်ချင်းလေးကို မရေရာသော အကြောင်းပြချက်ကလေးနဲ့ ချွေးသိပ်လိုက်ပါ၏။

"အေးပါ. . . ငါလဲ မျှော်နေမှာပါ၊ ဒါနဲ့ နင် နိုင်ငံခြားသွားမယ်ဆိုတာ ရှင်း မသိဘူးထင်တယ်နော်၊ လာမနှုတ်ဆက်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



သူနေတဲ့အိမ်မှာလည်း မနေတာ ကြာပြီပဲ၊ နင် ထွက်သွားပြီး ကတည်းကပဲ"

"သူ့ဘဝထဲမှာ ငါဆိုတာ မလိုအပ်တော့လို့ နေမှာပေါ့ ဟယ်"

"ဩော် . . . ဒါနဲ့ ရှင်းရဲ့အစ်မ ဆုံးသွားပြီ သိလား"

မိုးအေးစကားကြောင့် ရိုးရာ အံ့ဩသွားရသည်။

"ဟယ် . . . ဟုတ်လား၊ ဘယ်တုန်းကလဲဟင်၊ ငါတောင် မသိလိုက်ဘူးဟယ်"

"နင် နယ်မှာ သွားနေတုန်းကပေါ့၊ ဆွေဆွေ မပြောပြဘူး လား"

အမှန်တကယ်ပင် သူမအား ထိုအကြောင်းအရာနှင့် ပတ်သက်ပြီး ဆွေဆွေ ပြောမပြခဲ့ပါ။

"ဟင့်အင်း"

"သူ မေ့နေလို့ နေလိမ့်မယ်၊ ငါတို့တောင် တစ်ဖွဲ့ကြီး သွားကြသေးတယ်"

"ရှင်းရဲ့အစ်မက လှတယ်နော်၊ ပစ်ရက်စရာကို မရှိဘူး၊ အိပ်နေတဲ့အတိုင်းပဲ၊ ရှင်းက တော်တော်လျှို့ဝှက်တယ်ဟ၊ သူ့ကို နားလည်ဖို့ အတော်ခက်တယ်၊ ဒီရပ်ကွက်ထဲမှာတော့ ငမွဲလေး ဟန်ဆောင်ပြီး လာနေတာ၊ သူ့အိမ်ရောက်သွားတော့ဟယ်၊ ငါဖြင့် အံ့ဩလွန်းလို့ စကားတောင် တော်တော်မပြောနိုင်ဘူး"

"ဘာဖြစ်လို့လဲ . . . အပမှီသွားလို့လား"

သူမ ရွှတ်နောက်နောက်လေး ပြောလိုက်သေးသည်။ ကိုယ်လဲ ရောက်ဖူးတော့ သူ့အိမ်အခြေအနေကို သိသည်လေ။

"အရေးထဲ နောက်နိုင်သေးတယ် ဟုတ်လား၊ ခု ငါပြောနေ





တာ အတည်ဟဲ့၊ သူ့အိမ်ကြီးက ဟိုတယ်ကြီးလိုပဲဟယ်၊ ဖိတ်ဖိတ်ကို တောက်နေတာပဲ၊ မြတ်ကိုဆိုရင် ကြမ်းပြင်ကို ခဏခဏ ငုံ့ကြည့် တော့ ထွန်းသက်က ပြောတာပေါ့၊ ဘာဖြစ်လို့ အောက်ကြီးပဲ ငုံ့ကြည့် နေရတာလဲ၊ အောက်မျှော်နေတာလားလို့ မေးတော့ သူက ဘာပြော တယ် မှတ်တယ်၊ ငါ့ဟာငါ မှန်ကြည့်တာ နင်နဲ့ ဘာဆိုင်လဲတဲ့၊ အဟိ . . . သူပြောလဲ ပြောချင်စရာ၊ ပါကေးကြမ်းခင်းတွေက ပြောင်လက်လွန်းလို့ မှန်တောင် ကြည့်ယူရတဲ့အဖြစ်၊ အဲ့ဒီလောက် ချမ်းသာရဲ့နဲ့ ငါတို့ရပ်ကွက်ထဲမှာ ပေပေတေတေ လာနေနိုင်သေး တယ်ဟယ်၊ ငါတို့တစ်ဖွဲ့လုံးဆို အံ့ဩလိုက်တာမှ ပြောမနေပါနဲ့ဟယ်၊ အဟီး . . . အဲဒါ နင့်ကြောင့် နေမှာပေါ့"

ရိုးရာက မိုးအေးစကားကြောင့် မျက်နှာလေးကို မဲ့လိုက်ပြီး

"မဆိုင်ပါဘူး . . . ငါနဲ့ မတွေ့ခင်ကတည်းက နေ့နေတဲ့ ဟာကို"

"ဟုတ်ပါတယ် . . . အဲဒါ သူ့ယောက်ဖ နင့်လူ ခနောင်းကို ကြည့်မရလို့ နေမှာပေါ့ဟယ်"

မိုးအေးက ခနောင်းအား နင့်လူဟု ပြောလိုက်သဖြင့် ရိုးရာ စိတ်တိုသွားကာ ပိုက်ခေါက်ကို လိမ်ဆွဲပစ်လိုက်ရင်း . . .

"မိုးအေးနော် . . . ဘာ . . နင့်လူ ခနောင်းလဲ၊ စကားကို ဆင်ခြင်ပြော"

"အား . . . နာတယ်ဟ၊ နင်ကလည်း စကားအဖြစ် ပြော တဲ့ဟာကို မလုံတုတ်ထိုး ဖြစ်နေရတယ်လို့"

"သူနဲ့ငါနဲ့ ဘာမှ မဆိုင်ဘူးနော်၊ နောက်တစ်ခါ အဲဒီလို မပြောနဲ့၊ အခု နာတာထက် ပိုပြီးနာမယ်မှတ်"

ရိုးရာလက်ချက်ကြောင့် ဆွဲလိမ်ခံရသော ပိုက်ဆံအားပြင်



www.burmeseclassic.com

www.burmeseclassic.com

လေးကို ပွတ်သပ်ရင်း. . .

"အား. . . နာလိုက်တာ၊ အေး. . . အေးပေါ့ဟာ ငါတနင် ရှင်းအောင် ပြောမိတာ၊ အပီ နောက်ဆို မစတော့ဘူး၊ ရှေ့ပဲစတော့မယ်၊ ကဲ. . . ငါပြန်တော့မယ်၊ နင်တို့ကို မနက်ဖြန် လေဆိပ်လိုက်ပို့ဖို့ ဘာဝတ်ရမလဲလို့ ပြန်ပြီး ပြင်ဆင်ရအုံးမယ်"

"ဇင်ကိုရော လိုက်ပို့မှာလား"

"ပို့မှာပေါ့ဟ. . . သူက သူ့ကားနဲ့တောင် လေဆိပ်ကိုလိုက်ပို့မယ်လို့တောင် ပြောနေတာ၊ ဟဲ့. . . ငါပြောထားတယ်၊ ကင်မရာ ယူလာခဲ့လို့၊ ငါတို့သူငယ်ချင်းတွေ လေဆိပ်မှာ အမှတ်တရ ဓါတ်ပုံရိုက်ကြရအောင်လို့လေ၊ ထွန်းသက်တို့ မြတ်ကိုတို့လည်း လိုက်ကြမှာဟ၊ ဆွေဆွေကလည်း သိရဲ့သားနဲ့၊ နင့်ကို ဘာမှကို ပြောမထားပါလား"

သူငယ်ချင်းတွေအားလုံး လေဆိပ်လိုက်ပို့မယ်ဆို၍ ရှင်းကိုပိုလို့တောင် သတိရသွား၏။

သူများ လာမလား မသိဘူး၊ ဇင်ကိုတို့က ရှင်းလိုက်ပို့တာကို လျှို့ဝှက်ထားပြီး လေဆိပ်ရောက်မှ သူမ အံ့ဩသွားအောင် ကြိတ်များ စီစဉ်နေကြသလား၊ အင်း. . . ဒါ ဖြစ်နိုင်တယ်၊ ဒီလိုဖြစ်ဖို့ကိုလည်း သူမရင်ထဲမှ ကြိတ်ပြီး ဆုတောင်းလိုက်မိတယ်၊ ရှင်းရယ် ကျေးဇူးပြုပြီး ကျွန်မကို နောက်ဆုံးအနေနဲ့ လာနှုတ်ဆက်ပါဟယ်၊ ကျွန်မ မျှော်နေမယ်နော်။

"ကဲ. . . ငါပြန်တော့မယ်၊ ညနေမှ ဆွေဆွေနဲ့ တစ်ခေါက်ပြန်လာခဲ့အုံးမယ်"

"အေးပါ. . . ငါ ညနေ နင်တို့ကို ရှောက်သီးသုပ် ကောင်းကောင်းလေး သုပ်ကျွေးမယ်"

☺ အောင်မြင်စာပေ ☺



ရိုးရာစကားကြောင့် မိုးအေး သွားတွေ ကျိန်းစက်သွားပုံဖြင့် မျက်နှာလေးကို မဲ့ပြီး. . .

"ဟယ်. . . သွားကျိန်းလိုက်တာ၊ တစ်ခြားဟာ လုပ်နော်၊ တော်ကြာ သူများနိုင်ငံ သွားခါနီးမှ နင်ရော ဆွေဆွေရော ချန်းပီးနေအုံးမယ်"

မိုးအေး သူ့အပြောနဲ့သူ သဘောတကျ ရယ်ရင်း အိမ်ပေါ်က ဆင်းသွားကာ အဖေနှင့်အမေ့ကို နှုတ်ဆက်သွား၏။

မိုးအေးပြန်သွားတော့ သူမလည်း အဖေနှင့်အမေ ရှိရာဆိုင်ကလေးထဲသို့ ဆင်းလာလိုက်သည်။

အဖေက ဆိုင်ထိုင်ရင်း တရားစာအုပ်တစ်အုပ်နှင့် ငြိမ့်နေသည်ကို တွေ့၍ ရင်ထဲမှာ အဖေ့အတွက် ငြိမ်းချမ်းသွားရသည်။

အမေက ပုံဆွဲစာအုပ် လာဝယ်နေသော ကလေးတစ်သိုက်ကို စိတ်ရှည်လက်ရှည်နှင့် ရောင်းနေသည်။

ရိုးရာတို့ မိသားစုလေးရဲ့ဘဝ တဖြည်းဖြည်း ငြိမ်းချမ်းခြင်းဘက်သို့ ကူးပြောင်းနေပါပြီ။

လူတိုင်းလူတိုင်း လူ့ဘဝတိုင်းမှာ လောကဓံရှစ်ပါးနဲ့ ရင်ဆိုင်ကြုံတွေ့ကြရမှာ မလွဲပါပဲ။

အခုတော့ အဲဒီလောကဓံ ရှစ်ပါးထဲကမှ အဆိုးလောကဓံတွေကို ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီးပါပြီ။

ဒါကြောင့် ကျန်ရှိနေသေးတဲ့ မိဘတွေရဲ့အနာဂတ်ကို သူမလှပအောင် ရေးခြယ်ဖို့ အခိုင်မာဆုံး သံမိဋ္ဌာန်ချလိုက်ပါသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



# အပိုဒ်ခွဲ(၂၄)

"တီ. . တီ. . တီ. . တီ"

"ဟော့. . . ရိုးရာ အဆင်သင့်ဖြစ်ပြီလား"

ကားဟွန်းသံနှင့်အတူ ဇင်ကိုရဲ့အော်သံကြောင့် ရိုးရာ အဝတ်သေတ္တာကို မနိုင့်တနိုင် မ,ပြီး အိမ်ပေါ်မှ ဆင်းလိုက်၏။

အဖေနှင့်အမေလည်း အဝတ်အစားသစ်တွေကို ကျော့ကျော့မော့မော့ ဝတ်ပြီး ရိုးရာနောက်မှ ပါလာကြ၏။

"ဝေး. . . ဟေး. . ဟေး ငါတို့ မင်းတမီးလေး ဆင်းလာပြီကွ၊ ဟော့ကောင် ဂျော်တကီး၊ မင်းတမီးလေးရဲ့ထမိန်ထုပ်ကို သွား





ထမ်းစမ်း"

ထွန်းသက်ရဲ့ ဖားဖားယားယား ပြောလိုက်သော အသံ ခပ်ကြောင်ကြောင်ကြောင့် မြတ်ကိုက မျက်စောင်းလှမ်းထိုးလိုက်ပြီး

"ဝေါ့. . . အော်ဂလီဆန်လိုက်တာ၊ နင့်အကြံ ငါမသိဘူး မှား မှတ်နေလားဟဲ့ ငနာရဲ့၊ ရိုးရာ နိုင်ငံခြား သွားတော့မှာမို့လို့ ဖော်လန်ဖားနေတာများ. . . ဟင်း"

မိုးအေးနှင့် ဆွေဆွေက ကားပေါ်မှာ ထိုင်နေကြရင်းမှ ဒီနေ့ ရိုးရာ အရမ်းလှနေသည်ဟု နှစ်ယောက်သား ကြိတ်ပြီး မှတ်ချက်ချနေကြ၏။

ကားပေါ်တွင် ဆွေဆွေ့မိဘတွေလည်း ပါလာကြ၏။

ဆွေဆွေ့အမေက ရိုးရာကို လှမ်းပြီးသတိပေးနေ၏။

"ရိုးရာ. . . စာရွက်စာတမ်းတွေရော အစုံပါရဲ့လား၊ လေဆိပ်ရောက်မှ အိမ်တစ်ခေါက် ပြန်ပြေးယူဖို့ မလွယ်ဘူးနော်"

ဦးရှိန်းက ရင်ကော့ပြီး. . .

"မစုံမှာတော့ မပူနဲ့ ဦးကျော်အောင်ရေ၊ ကျွန်တော်ကိုယ်တိုင်ကို သေသေချာချာ စစ်ဆေးပြီး ထည့်ထားတာ"

ရိုးရာကတော့ ဒါတွေထက် သူ စိတ်ဝင်စားသော အကြောင်းအရာတစ်ခု ရှိပါသည်။ ကားပေါ်သို့ အဝတ်သေတ္တာ လှမ်းတင်ပြီး ချက်ချင်း ကားပေါ် မတက်ဘဲ ကားမောင်းသူနေရာမှာ ရှိနေသော ဇင်ကိုထံသို့ သွားပြီး သူ့ရင်ထဲက မတင်မကျ ဖြစ်နေသောကိစ္စကို သွားမေးနေ၏။

"ဇင်ကို. . . နင် ရှင်းနဲ့ မတွေ့ဘူးလား၊ ငါ နိုင်ငံခြားထွက်မှာ သူ သိတယ် မဟုတ်လားဟင်"

ဇင်ကိုက ရိုးရာကို သနားသလို ကြည့်လိုက်ပြီး ခေါင်းခါနဲ့



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းချလိုက်ကာ. . .

"ငါနဲ့ဒီကောင်ကြီးနဲ့ မတွေ့တာ သူ့အစ်မ ဆုံးပြီးကတည်းကပဲ ဆိုပါတော့၊ အဲဒီတော့ နင်နဲ့ဆွေဆွေ နိုင်ငံခြား ထွက်မယ့်ကိစ္စ သူ ဘယ်သိနိုင်မလဲ၊ ဒါပေမယ့် မပူပါနဲ့၊ နင့်လိပ်စာကို ငါတို့ သိနေတာပဲ၊ သူ့ကို တွေ့တာနဲ့ နင့်ကို ငါ ဆက်သွယ်ခိုင်းလိုက်မယ်၊ မပူနဲ့. . . ဒီကောင် နင့်ကို အရမ်းချစ်တာ ငါတို့သူငယ်ချင်းတွေအကုန်သိတာပဲ"

ဇင်ကိုက သူမကို ထိုသို့ ဖြေသိမ့်ပါ၏။

သို့သော် မည်မျှပင် ဖြေသိမ့်ဖြေသိမ့် သူ့ရင်ထဲမှာတော့ ရှင်း အလာကို မျှော်ရလွန်းလို့ ပင်ပန်းလှပါပြီ။

ကိုယ့်အတွက် တောက်ပတဲ့ အနာဂတ်တွေ ဘယ်လောက်ပင် ပိုင်ဆိုင်ထားပါစေ၊ ကိုယ်ချစ်သောသူနှင့် ကွေကွင်းရခြင်းဆိုတဲ့ ခံစားချက်က အလင်းရောင် မရှိတဲ့ ပိန်းပိတ်အောင် မှောင်နေတဲ့ အခန်းလွတ်တစ်ခုထဲမှာ ကိုယ့်အနာဂတ်ကို ကုန်ဆုံးလိုက်သလိုပါပဲ၊ ကိုယ့်အတွက်တော့ ဘယ်မှာလာ အဓိပ္ပါယ်ရှိတော့မှာလဲလေ။

"လေယာဉ်ချိန် နီးနေပြီနော် ရှီးရာ. . . တွေမနေနဲ့တော့၊ နင်တို့နှစ်ယောက် ပြန်ဆုံတွေ့နိုင်အောင် ငါတို့သူငယ်ချင်းတွေ အထူးကြိုးစားပေးပါ့မယ်ဟာ"

မိုးအေးက အားပေးနှစ်သိမ့်၏။

သူမ ကိုယ်နေခဲ့တဲ့ အိမ်ကလေးကို တစ်ချက်ငေးကာကြည့်ပြီး နှုတ်ဆက်လိုက်သည်။

ကားပေါ်သို့ အင်အားမဲ့စွာ တက်လိုက်သည်။

ရင်ထဲမှာတော့ အချစ်ကြောင့် ကတုန်ကယင် ဖြစ်လို့နေပါ၏။





ကားလေးက တရိပ်ရိပ်နှင့် လေဆိပ်ဘက်သို့ ဦးတည်၍နေသည်။

စိမ်းလန်းစိုပြည်နေသော ကိုယ့်မြေကိုယ့်ရေကို တဝကြီးကြည့်သွားလိုက်သည်။

သူများနိုင်ငံရောက်မှ ကိုယ့်နေရာဒေသကို လွမ်းလို့ ကြည့်ချင်လို့ဆိုပြီး အိမ်ဦးနဲ့ ကြမ်းပြင်လို သွားလို့ရတဲ့ခရီးမဟုတ်။

ရင်ထဲမှာ နာကျင်ခြင်း၊ ဝမ်းနည်းခြင်း၊ မျှော်လင့်ခြင်းတွေက ရင်ထဲမှ လျှံတက်ကာနေသည်။

မျက်ဝန်းမှ မျက်ရည်မကျအောင် မျက်ဝန်းတွေကို ပုတ်ခတ်ထိန်းညှိလိုက်သည်။

နေရောင်ခြည် တောက်တောက်တွေအောက်မှ ခပ်နွေးနွေး လေပြည်အချို့က သူမ၏ပါးပြင်နှင့် ဆံနွယ်စလေးများကို နှုတ်ဆက်ကျီစယ်ရင်း ကကြိုးသစ်တွေ ဆင်နေကြသည်။

နှုတ်ဆက်ပါတယ်ကွယ်။

ငါ့ရင်ထဲမှာ အမြဲရှင်သန်နေမယ့် အချစ်တစ်ခုကို ရှင်းသိအောင် ပြောပေးကြပါ။

ငါ သူ့ကို ချစ်မိတဲ့အချစ်က ဘာနဲ့ မရောမနေတဲ့ အချစ်သီးသန့်လေးပါလို့။

ရှင်းကို ချစ်ခဲ့မိတဲ့ အချစ်အတွက် မျှော်လင့်ချက် တစ်ခုခုရှိခဲ့မယ်ဆိုရင်တောင် လရောင်ဖြန်းခံရတဲ့ ညလေးတစ်ညရဲ့ ဆုံစည်းမှုတစ်ခုလေးကိုပဲ ပြန်ပြီးတောင့်တနေအုံးမှာပါ။

"ကဲ. . . ရောက်ပြီ၊ ဖြေးဖြေးဆင်းကြနော်"

ဆွေဆွေ့အမေရဲ့ သတိပေးစကားသံကြားမှ အတွေးတွေကို ခေတ္တဖြတ်တောက်လိုက်ပြီး ကားပေါ်မှ ဆင်းခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



အဖေက ကားပေါ်မှ အဝတ်သေတ္တာကို ဆွဲယူပြီး ချဖို့ ဟန်ပြင်လိုက်သည်။

မြတ်ကိုက အလိုက်တသိဖြင့်. . .

"ဟယ်. . . ဦးလေး မဆွဲနဲ့၊ ကျွန်တော်ဆွဲမယ်၊ ကျွန်တော်ဆွဲမယ်"

ဟု ဆိုကာ အဖေ့နားသို့ ကန့်ကလန့် ပြေးသွား၏။

"ရပါတယ်ကွ"

"မရပါနဲ့ဦးလေးရယ်၊ အားမနာပါနဲ့၊ တကတည်းမှပဲ၊ ဒီလူနဲ့ဒီလူ အားနာစရာလားလို့"

ဆွေဆွေ့အထုပ်ကိုတော့ ထွန်းသက်က တာဝန်ယူပြီး ကူဆွဲပေး၏။

လေဆိပ်တာဝါထဲ ရောက်တော့ သူငယ်ချင်းတွေ မိသားစုတွေနဲ့ ဓါတ်ပုံရိုက်ကြ၊ ရယ်စရာမောစရာတွေ ပြောကြဆိုကြနှင့် တစ်ဖွဲ့လုံး ရယ်နေရသည်။

မြတ်ကိုနဲ့ ထွန်းသက်က ရယ်စရာမျိုးစုံ ထိုင်ပြောနေတာကိုး။

ရှိုးရာရဲ့မျက်ဝန်းတွေကတော့ ဂနာမငြိမ်ဘဲ ဟိုကြည့်ဒီကြည့်နှင့် ရှင်းများ လေဆိပ်ကို ရောက်လာပါမလားဆိုတဲ့ စိတ်ကူးယဉ်လေးနဲ့ပေါ့။

"ရှိုးရာ. . . နင် ဘာတွေ ငေးနေတာလဲ၊ နင်ကလည်းဟာ မလာတဲ့လူကို မျှော်နေတော့ရော နင့်မျှော်လင့်ချက်ကြီးက ဘယ်လိုလုပ် အဓိပ္ပါယ် ရှိတော့မှာလဲဟ၊ ရော့. . . ကင်မရာယူ၊ ဟိုမှာ ဆွေဆွေနဲ့ ထွန်းသက်ကို နှစ်ယောက်တွဲ ရိုက်ပေးလိုက်အုံး၊ မြန်မြန်လုပ်. . . သူ့အဖေနဲ့အမေ မရှိတုန်း"





မိုးအေးက သူမအား စိတ်အပြောင်းအလဲ ဖြစ်သွားအောင် အာရုံပြောင်းပေးနေခြင်း ဖြစ်သည်။

ဒါကြောင့် သူမကလည်း ဆွေဆွေနှင့်ထွန်းသက်တို့အတွဲကို ဓါတ်ပုံရိုက်ပေးလိုက်သည်။

သူတို့နှစ်ယောက်လည်း ချစ်သူတွေ ဖြစ်နေကြပြီလေ၊ ဆွေဆွေက ပြောတယ်။ အချစ်ကို အချိန်ဆွဲနေရင် အဲဒီအချစ်က ကိုယ့်ကို အိုမင်းရင့်ရော်ခြင်းဆီကို ခေါ်ဆောင်သွားလိမ့်မယ်တဲ့၊ သူ ဘာသဘောနဲ့ ပြောခဲ့သလဲ၊ ကျွန်မ စဉ်းစား၍ မရသေးတာတော့ အမှန်ပါပဲ။

ဘာဖြစ်လို့လဲဆိုတော့ အချစ်ကို ကျွန်မက အချိန်ဆွဲခဲ့တာမှ မဟုတ်ဘဲ။ အချစ် ကျွန်မဆီ ရောက်အလာကို မျှော်လင့်နေရတဲ့သူလေ။

"သမီး ဟိုရောက်ရင် ကျန်းမာရေး ဂရုစိုက်နော်၊ ဘုရားတရား မမေ့နဲ့"

အမေက မျက်နှာငယ်လေးနှင့် သမီးလုပ်သူကို မှာနေသည်။ အဖေကလည်း အမေ့နည်းတူပင်။

"ငါ့သမီးလေး လိမ္မာမှန်း အဖေတို့ သိပါတယ်ကွယ်၊ ဒါပေမယ့် ကိုယ်က မိန်းကလေးဆိုတော့ အနေအထိုင် အသွားအလာ ထိန်းပါ၊ မြန်မာမိန်းကလေးရဲ့ဂုဏ်ကို အခွင့်အရေးရတုန်း ပြခဲ့ပါသမီးရယ်၊ ရုပ်ကွက်ထဲမှာလို အော်ကြီး ကုလားပု သွားမလုပ်နဲ့နော်၊ သမီးသွားမယ့်နေရာက ဗိုလ်စိန်မှန်ရပ်ကွက် မဟုတ်ဘူး"

အဖေ့အပြောကြောင့် သူမ ခစ်ခနဲ ရယ်လိုက်သည်။

"စိတ်ချပါ အဖေရယ်၊ သမီးရဲ့စရိုက်တွေကို အဖေတို့အမေတို့ဆီမှာ အပ်ခဲ့ပါတယ်၊ စိတ်ချ. . . သမီးကြောင့်မြန်မာအမျိုး



www.burmeseclassic.com

www.burmeseclassic.com



သမီးတွေရဲ့ဂုဏ် မထိခိုက် မနစ်နာစေရပါဘူး"

အဖေနဲ့အမေကို ကတိကဝတ်တွေ ပေးပြီး သားအမိသားအဖတွေ အပြန်အလှန် နှုတ်ဆက်၊ သူငယ်ချင်းတွေကို နှုတ်ဆက်ပြီး အိတ်ချိန်တဲ့ဆီကို ထွက်လာကြ၏။

လေယာဉ်ပေါ် ရောက်တော့ ဆွေဆွေ့ဆီက ထူးဆန်းသောစကားများကို စတင်ကြားရလေသည်။

"ရိုးရာ. . . နင် ရှင်းကို အမှန်တကယ် မျှော်လင့်နေသလား"

မဆိုင်းမတွ မေးလိုက်သော ဆွေဆွေ့အမေးကြောင့် ရိုးရာ ဆွေဆွေ့ကို နားမလည်သော မျက်ဝန်းဖြင့် ကြည့်လိုက်၏။

"ဘာလို့ မေးတာလဲဟင်"

ဟု လေသံမျှသော စကားသံဖြင့် ပြောလိုက်သည်။

"ငါမေးတာပဲ ဖြေပါ"

သူမ သက်ပြင်းဖျော့လေးကို မှုတ်ထုတ်လိုက်သည်။ မျက်ဝန်းတွေက ချက်ချင်း မှိန်ဖျော့သွားသလို မြင်ကွင်းတွေက အားပျော့နေ၏။

"ငါ့ရဲ့နောက်ဆုံးထွက်သက်အထိ သူ့အချစ်တွေကို မျှော်လင့်နေမှာပါ"

"ဒါဆို ငါပြောမယ်နော်၊ နင့်စိတ်ကိုတော့ နည်းနည်းခိုင်ခိုင်ထားရမယ်၊ စိတ်လှုပ်ရှားပြီး ထမခုန်မိစေနဲ့၊ လေယာဉ်အမိုးပေါက်ထွက်သွားမှာစိုးလို့"

"အရူးမ. . . ငါက ဘာလို့ လေယာဉ်အမိုးပေါက်အောင် ထခုန်ရမှာလဲ၊ ဘာအကြောင်းလဲဆိုတာ ပြောမှာသာ ပြောစမ်းပါ"

သူမ ဆွေဆွေ့ဆီက ဘာစကားတွေများ ထွက်လာမလဲ





ဆိုပြီး ရင်တွေ ထိတ်နေရ၏။

"နင့်ဘဝ. . . ပြီးတော့ နင့်မိဘရဲ့ဘဝ တစ်ဆစ်ချိုး ပြောင်းသွားတာ ဘယ်သူ့ကြောင့်လို့ နင်ထင်လဲ ရိုးရာ"

"နင် ဘာကို ဆိုလိုတာလဲ၊ ငါ့ဘဝက နင့်မိဘတွေရဲ့ပံ့ပိုးမှုကြောင့် တစ်ဆစ်ချိုး ပြောင်းသွားမှာ၊ ငါ့မိဘ ကိုလေးကြောင့် ပြောင်းလဲသွားတာ၊ ဒါကို နင်သိရဲ့သားနဲ့ မေးနေရသေးလား"

"အင်း. . . ငါ နင့်ကို ပြောပြဖို့ အချိန်တန်ပြီ ရိုးရာ၊ ဒါမှ နင့်ရဲ့လှပတဲ့အနာဂတ်အတွက် ဒီခရီးစဉ်မှာ နင် စိတ်ချမ်းချမ်းသာသာနဲ့ ပုံဖော်လို့ရမှာပေါ့"

သူမ ရင်ခုန်သံတွေ တဒိတ်ဒိတ်နဲ့ အခုန်မြန်လာပြီး သိချင်စိတ်တွေက အာရုံတစ်ခုလုံးကို လွှမ်းမိုးလာသည်။

"ဘာတွေလဲဟ. . . ငါသိချင်ပြီ၊ ငါ့ကို ပြောပြတော့၊ စကားကို ဝေ့လည်လည် လုပ်မနေနဲ့"

ဆွေဆွေက ဆရာကြီးအိုက်တင်ဖြင့် ခပ်မိန့်မိန့် ပြုံးလိုက်ပြီး

"နင်တို့ အိမ်ဂရန်ကို ဆုရိတ်ဆွဲလက်ထဲကနေ ပြန်ရွေးပေးခဲ့တာတွေ၊ နင့်အဖေနဲ့အမေ လုပ်ငန်းလုပ်ဖို့ ငွေစိုက်ထုတ်ပေးခဲ့တာတွေ၊ ပြီးတော့ နင် ခုလို နိုင်ငံခြားထွက်ဖို့ကိစ္စတွေ. . အဲ. . ငါရောပေါ့ဟာ၊ ငါက ဆင်မြှီးတော်မှီပြီး ကြံစုတ်ရတာလေ၊ အင်း. . . အဲဒါတွေအားလုံးဟာ ရှင်းရဲ့လုပ်ဆောင်ချက်တွေပဲ"

ဆွေဆွေ့စကားအဆုံးမှာ သူမဟာ လိပ်ပြာလွင့်မတတ် တုန်လှုပ်သွားရပြီး သတိလက်လွတ် ထအော်မိသည်။

"ဘာ. . ."

သူမရဲ့ ဘာဟူသော အာမေဋိတ်သံကြောင့် တစ်ဖက်မှ ခရီးသည်အချို့ပင် လှည့်ကြည့်ကြ၏။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဆွေဆွေက ရှက်သဖြင့်. . .

"ဟဲ့. . . ဖြေးဖြေးအော်ပါဟာ၊ မြန်မာပြည်က အကျင့်တွေ ဖျောက်ဖို့လိုပြီနော်၊ ငါတို့ အခုသွားမှာ ဘူးသီးတောင် မောင်းတောာ မဟုတ်ဘူး၊ နိုင်ငံခြားကို သွားမှာ"

ဆွေဆွေပြောတာတွေ နားမဝင်တော့လောက်အောင် သူမ စိတ်တွေ မှုန်ထူမှုန်းကျပ်နေချေပြီ။

"ရှင်း. . . ရှင်းက ဘာဖြစ်လို့ ဒါတွေ လုပ်ပေးရတာလဲ၊ ငါလည်း ဘာမှ မသိရပါလား၊ ဒီကိစ္စတွေကို ငါ့မိဘတွေရော သိလား"

တုန်ရီလှိုက်မောသောအသံဖြင့် မေးလိုက်ခြင်းဖြစ်သည်။

"ဒီကိစ္စကို နင့်မိဘတွေလည်း မသိဘူး၊ နင် ရွာကို ထွက်သွားပြီး နောက်တစ်ရက်မှာ သူ ငါ့ဆီကို ရောက်လာတယ်၊ နင့်ရဲ့ အစ်ကိုလေးနဲ့ တွေ့ပေးဖို့ပေါ့၊ ငါလဲ ဘုမသိ ဘမသိနဲ့ ကိုလေးဆီကို ခေါ် သွားပေးလိုက်တယ်"

"အဲဒီမှာတင် ရှင်းက သူဟာ ရိုးရာရဲ့ချစ်သူပါလို့ ပြောတယ်၊ ပြီးတော့ နင်တို့ မိသားစု ရင်ဆိုင်နေရတဲ့ အခက်အခဲတွေကို သူ ရှင်းပေးချင်တဲ့အကြောင်းနဲ့ နင့်ကို သူ ချစ်နေပြီး တစ်ချိန်မှာ မိဿားဖသားပီပီ တောင်းရမ်းယူမယ်ဆိုတာတွေကိုပါ ကိုလေးကို သူပြောတယ်၊ ကြားကြားချင်း ငါလည်း အံ့သြလွန်းလို့ ယုံတောင် မယုံချင်ဘူး"

"ကိုလေးကလဲ သူက ငွေလိုနေတဲ့သူဆိုတော့ ရှင်း တောင်းတဲ့ အခွင့်အရေးတွေကို သင့်၏မသင့်၏ ဘယ်စဉ်းစားတော့မလဲ၊ ရှင်းတောင်းတဲ့ အခွင့်အရေးကို သဘောတူပြီး ပေးလိုက်တာပေါ့၊ ကိုလေးကို ကျေးဇူးတင်တဲ့အနေနဲ့ ရှင်းက မင်္ဂလာ အကြိုလက်ဖွဲ့





ဆိုပြီး ငါးသိန်းတောင် လက်ဖွဲ့သွားသေးတယ်၊ အဲဒီတုန်းက နင့် ကိုလေးနဲ့ ဆုရီတို့ မျက်နှာကြီးတွေကို နင့်ကို ပြချင်တယ်၊ တကယ့်ကို အော်ဂလီဆန်ချင်စရာကြီး. . . လောဘတွေ တက်နေတာလေ"

"မသိရင်တော့ ကိုလေးက နင်တို့အတွက် မဟာကျေးဇူး ရှင်ကြီးပေါ့လေ"

ရင်ထဲမှာ ဝမ်းသာရမည်လား၊ ဝမ်းနည်းရမည်လားဆိုတာ ခွဲပင် မခွဲခြားတတ်လောက်အောင် ကိုယ်သိနေရတဲ့ အဖြစ်အပျက် တွေက ပုံပြင်ဆန်လွန်းနေ၏။

ရှင်းရယ်. . . ကျွန်မအပေါ် မှာ ထားတဲ့ ရှင့်ရဲ့အချစ်တွေ က တည်ကြည်ခိုင်မတ်လွန်းပြီး စာနာခြင်းတွေနဲ့ လတစ်စင်းလို အေးမြလွန်းနေပါလား။

"အဲ. . . ကိုလေးကိစ္စလဲ ပြီးရော ငါ့ဆီက ထပ်ပြီးအကူ အညီ တောင်းပြန်ရော၊ သူ့အစ်မကလည်း ဆုံးသွားပြီဆိုတော့ သူ နိုင်ငံခြား ထွက်ရတော့မယ်တဲ့၊ ခနောင်းကိုတော့ ကုမ္ပဏီတစ်ခု လွှဲပေးပြီး ကျန်တဲ့ကုမ္ပဏီတွေကို ရောင်းလိုက်ပြီ၊ သူ့မိဘတွေ ရှိတဲ့ နေရာမှာပဲ လုပ်ငန်းသစ်တစ်ခု လုပ်တော့မှာမို့ ဒီက သူငယ်ချင်းတွေ ကိုလည်း သူ့ကုမ္ပဏီမှာ လာပြီးလုပ်စေချင်တယ်တဲ့"

"အရင်ဦးဆုံး နင်နဲ့ငါ့ကိုပေါ့ဟာ၊ နင်လိုက်လာအောင် ငါက ကြိုးစားပေးရမယ်၊ ပြီးရင် နင်နဲ့အတူ ငါပါ လိုက်ခဲ့ပေးစေချင် တယ်ပေါ့ဟယ်၊ ဒါကြောင့် နင်ယုံအောင် ငါ့မှာ ဇာတ်လမ်းတွေ ဆင်ပြီး လုပ်ဇာတ်တွေ ခင်းရတာ၊ ဘယ့်နှယ့်လဲ. . . ပီပြင်တယ် မဟုတ်လား"

လေယာဉ်ကြီးက လေထဲမှာ လွင့်မျောပျံသန်းနေသလို သူ့ခန္ဓာကိုယ်တစ်ခုလုံးဟာလည်း လေဟာနယ်ထဲမှာ လွင့်နေသလို



www.burmeseclassic.com

www.burmeseclassic.com



ခံစားနေရ၏။

ဒါနဲ့များကွယ်. . . နှလုံးသားတွေ ရေစုန်မျောမတတ် နှိုပ်စက်ရက်လေခြင်း။

"ဒါဆို သူက ငါတို့ အခုသွားမယ့်ဆီမှာ ကြိုရောက်နေပြီပေါ့"

"အေးပေါ့. . . နောက်ဆို နင်နဲ့ငါတင် မဟုတ်ဘူး၊ ဇင်ကိုတို့အတွဲရော ငါ့ရဲ့ချစ်ချစ်ရော မြတ်ကိုရော လိုက်လာကြရမှာ"

သူမမျက်နှာလေး ကြေကွဲရိပ်တွေကနေ တဖြည်းဖြည်း ကျေနပ်ရိပ်သို့ အရောင်ပြောင်းလာချေပြီ။

"ဟယ်. . . တကယ်"

"မယုံရင် စောင့်ကြည့်လိုက်ပေါ့"

ဆွေဆွေက ပခုံးလေး တွန့်ပြီးပြောရင်း တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့်. . .

"ဪ. . . နင့်ကို လေယာဉ်ပေါ် ရောက်ရင် ပေးဖို့ ဒီဂျစ်တယ် ကင်မရာလေးတစ်လုံး ပေးထားတယ်၊ အဲဒီအထဲမှာ သူ နင့်ကို အမြတ်တနိုးထားတာတွေ ရိုက်ထားတာ၊ ဘာတွေပါလဲဆိုတာတော့ ငါလည်း အသေးစိတ် မသိဘူး"

ဆွေဆွေက ဒီဂျစ်တယ်ခလုတ်ကို ဖွင့်ပြီး ရုပ်ပုံပေါ်လာမှ ရိုးရာထံသို့ လှမ်းပေးပြီး. . .

"အဟီး. . . ငါလည်း အရင်က မဖွင့်တတ်ဘူး၊ ထွန်းသက်ဆီကနေ ဖွင့်နည်းကို ကြည့်ထားရတာ"

ဆွေဆွေ့ဆီက ဒီဂျစ်တယ်ကင်မရာလေးကို လှိုက်ခုန်သောရင် တုန်ယင်သော လက်အစုံဖြင့် လှမ်းယူလိုက်သည်။

ချစ်လိုက်တာ ရှင်းရယ်။





"ဟဲလို. . . ရိုးရာ၊ ကိုယ် မင်းကို အချိန်တိုင်း အချိန်တိုင်း သတိရနေပါတယ်၊ အချိန်အပိုင်းအခြားတစ်ခုမှာ အခြေအနေအရ အဆက်အသွယ် ဖြတ်ထားမိတဲ့အတွက် ကိုယ့်ဆီကို ရောက်မှ အတိုးချပြီး တောင်းပန်တော့မယ်"

ဟင်. . . လူပုံကြည့်တော့ မထုံတက်တေးနဲ့။ ဒီလို စိတ်ကူးသစ်မျိုးကျတော့ ကြံတတ်တယ်၊ အဟိ. . . အရှူးမရဲ့လက်ထဲကကျတော့ လွတ်အောင် မရုန်းတတ်ဘူးဟု ကြည်နူးစိတ်နဲ့ လှောင်နေမိသည်။

"ရိုးရာ လေယာဉ်ပေါ်က ဆင်းတာနဲ့ ရိုးရာ အတွေ့ချင်ဆုံးသူဟာ ကိုယ်ပဲဖြစ်လိမ့်မယ်လို့ပဲ ကိုယ်တစ်ဖက်သတ် တွေးနေမိတယ်၊ ကိုယ့်အတွေး မှန်လားမမှန်လား ရိုးရာသာလျှင် အသိဆုံးပေါ့။

ကိုယ် မင်းကို သိပ်ချစ်တယ်၊ ဘယ်လိုမှ လက်လွတ်ဆုံးရှုံးမခံနိုင်လို့ မင်းရဲ့ဘဝ တစိတ်တဒေသမှာ ကိုယ် ပါဝင်စွက်ဖက်ခဲ့မိပါတယ်။ အဲဒီအတွက် ကိုယ့်ကို နားလည်ပေးပါ၊ ကိုယ်တို့ရဲ့ကျန်ရှိနေတဲ့ အနာဂတ်ကို အချစ်တွေနဲ့ ခရီးဆက်ကြရအောင်နော်၊

ကိုယ် မင်းရောက်လာရင် နေဖို့ တိုက်အိမ်လှလှလေး ပြင်ဆင်ထားတယ်၊ ကိုယ်ပြမယ်နော်၊ မင်း သိပ်ပြီးအံ့ဩသွားစေရမယ်"

မြင်ကွင်းလှလှလေးတစ်ခုက ဖျတ်ခနဲ ပြောင်းသွားပြီး ထိုလှပသောမြင်ကွင်းထဲမှာ အိမ်လှလှလေးတစ်လုံးကို ကဗျာဆန်စွာဆောက်ထား၏။

ဘေးကနေ ကြည့်နေသော ဆွေဆွေပင် ရင်ဘတ်ကလေးဖိကာ ရင်သပ်ရှုမောစွာဖြင့်. . .

"ဟယ်. . . လှလိုက်တာဟယ်၊ ရိုးရာ နင်ဟာ အရှင်းကို ကံကောင်းတဲ့ မိန်းမတစ်ယောက်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု အားကျစိတ်လေးဖြင့် ပြော၏။

ထိုမြင်ကွင်းထဲသို့ ရှင်း ဝင်လာပြီး. . .

"ရိုးရာ သဘောကျရဲ့လားဟင်၊ အဲဒီအိမ်ကလေးက ရိုးရာအတွက် ကိုယ့်ရဲ့ ချစ်လက်ဆောင်ပေါ့"

အို. . . ရင်ခုန်စရာ ကောင်းလွန်းပေစွ။

"အချစ်ရယ်. . . ခါးသီးစွာ မက်ခဲ့ရတဲ့ မင်းရဲ့အတိတ်ကို အမှောင်ချခဲ့ပြီး ကိုယ့်ရင်ခွင်မှာ လုံခြုံစွာနဲ့ ကွန်းခိုဖို့ပဲ လိုတော့တယ် မဟုတ်လား"

ရင်မှာ ချစ်သူကို တွေ့ချင်စိတ်တွေက တားမရ ဆီးမရ တွန်းထိုးရုန်းကန်နေကြချေပြီ။

သူမအဖို့ လေယာဉ်ရဲ့ပျံသန်းနှုန်းက သိပ်ကို နှေးကွေးလွန်းနေတယ်လို့ပင် ထင်နေတော့၏။

ရှင်းရယ်. . . ဟော်ဒီလေယာဉ်ပေါ်ကနေ ခုန်ပျံပြီး ချစ်သူရှိတဲ့နေရာကို တိမ်တိုက်တွေ စီးပြီး အမြန်ဆုံး ရောက်ချင်လှပါပြီ။

စည်းချက်မမှန်သော ရင်ခုန်သံတွေနဲ့အတူ သူမရဲ့ခန္ဓာကိုယ်တစ်ခုလုံး ပျော်ရွှင်လှိုက်ဖိုခြင်းတွေနဲ့ လှပတဲ့ အနာဂတ်တွေကို ပွေ့ဖက်ရင်း ချိုမြိန်သော ကာလသစ်ဆီသို့ တရိပ်ရိပ် တိုးဝင်မိန်းမောလို့နေပါ၏။

ဒီဂျစ်တယ်မှ ဖျတ်ကနဲ ပေါ်လာသော ခံစားမှုလေးတစ်ခုက. . .

ကောင်မလေးရေ...မင်းရဲ့နူးညံ့
ဖြူစင်လွန်းတဲ့ဘဝထဲကို...ငါ့ရဲ့ဆန္ဒမဲ့
နှလုံးသားတစ်စုံကို...ထာဝရ အပ်နှံခွင့်ပြုပါ။
အဲဒီနှလုံးသားတစ်စုံမှာ





မင်းတို့ ချစ်တဲ့အချစ်တွေနဲ့ လှပစွာ
တန်ဆာဆင်ထားတယ်။
မင်းတွေ့ညီဖြူမယ်ဆိုရင် ငါ့ရဲ့
အတွင်းနာ နွေးနွေးတွေနဲ့ မင်းရဲ့ပါးပြင်မို့မို့ကို
စတ္တန့်အနည်းငယ်လောက်
ထိတွေ့ခွင့်ပြုပါ၊ အဲဒီနောက်မှာတော့
အနာဂတ်ရဲ့ဇာတ်ခုံပေါ်မှာ
အတွင်းနာမီးရောင်တွေ
ထွန်းညှိပြီး ငါနဲ့မင်း အတူတွဲပြီး
လှပစွာ တလိုက်တြုရအောင်

# ပါးလိပ်ခင်ခင်



www.burmeseclassic.com